
http://www.dhammadownload.com

## တိပိဋကဓရအရှင်မြတ်များ၏ ဖခင်

# ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်



## ဆရာတော်ဘုရားကြီး

# သက်တော်ရာပြည့် အထိမ်းအမှတ်

## (၁၂၇၃-၁၃၇၃)

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

ရေးဖွဲ့ပူဇော်သည်

http://www.dhammadownload.com


## တိပိဋကဓရအရှင်မြတ်များ၏ ဖခင်

# ကမ္ဘာကျော် မင်းကွန်းဆရာတော်ဘုရားကြီး

‘တစ်ခေတ် တစ်ယောက်၊
ပေါ်ပေါက်ခဲ့သည်၊ အာဇာနည်’ ဟု၊
ဂုဏ်ရည်တင့်စွာ၊ ထေရ်မဟာ၏၊
ကြောင်းရာဌုပ္ပတ်၊ ဘဝဇာတ်ကို၊
ဖတ်–မှတ်ပြီးကာ၊ နမူနာဖြင့်၊
ရှုကာဆင်ခြင်၊ ကျင့်ကောင်းတင်လျက်၊
ထေရ်ရှင်စိတ်မျိုး၊ စွမ်းရည်မျိုးဖြင့်၊
ကိုယ်ကျိုး–သူကျိုး၊ ဆင့်ဆင့်တိုးအောင်၊
သယ်ပိုးနိုင်ကြ စေသတည်း။

http://www.dhammadownload.com

# တိပိဋကဓရအရှင်မြတ်များ၏ဖခင်
# ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်



## ဆရာတော်ဘုရားကြီး

## သက်တော်ရာပြည့်အထိမ်းအမှတ်
## ( ၁၂၇၃ - ၁၃၇၃ )

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ရေးဖွဲ့ပူဇော်သည်။

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးခွင့်ပြုချက်အမှတ် · ၆၀၀၄၁၅၀၆၁၁

စာမူခွင့်ပြုချက်အမှတ် · ၆၀၀၃၅၉၀၆၁၁

စီစဉ်သူ · ဦးသိန်းဝင်း

ပုံနှိပ်သူ · ဦးသုတော် (ယာယီအမှတ် ၆၆၄၇)
တိပိဋကနိကာယ(ပုံနှိပ်တိုက်)
၁၂ ကောဓိလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့

ကွန်ပျူတာစာစီ · ဘဒ္ဒန္တသီလက္ခာဘိဝံသ

အတွင်းအပြင်ဒီဇိုင်း · နေမျိုးဝင်း(တိပိဋက - နိကာယပုံနှိပ်တိုက်)

တန်ဖိုး · ၄၀၀ိ/-

ဖြန့်ချိရေး · (တပေ) Asia Plaza Shopping
Center ပ-ထပ်၊ အခန်း(၄၆)၊ အမှတ်(၂၇)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၇-လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၇၃၀ ၅၆၈၇၂၊ ၀၁-၃၉၁၀၇၀(လိုင်းခွဲ-၆၂၇)

၂၉၁.၆

- ဘဒ္ဒန္တသီလက္ခာဘိဝံသ
- တိပိဋကဓရ အရှင်မြတ်များ၏ဖခင်
  ကမ္ဘာကျော်မင်းကွန်းထေရ်ရှင်

၁၄.၅ × ၁၉.၅ စင်တီ

http://www.dhammadownload.com

# နိဒါန်း

သုံးဆယ့်တစ်ဘုံ ဘဝသံသရာ ကျင်လည်နေကြသော သတ္တဝါများ အနေဖြင့် လူ့ဘုံလူ့ဘဝ ရောက်ဖို့ လူဖြစ်ဖို့ အင်မတန် ခဲယဉ်းလှသည်၊ ထိုအကြောင်းကို “မနုဿတ္တဘာဝေါ ဒုလ္လဘော”ဒေသနာတော်များအရ လည်းကောင်း “ဖြဟ္မာ့ပြည်က အပ်ကိုချ မြေကအပ်တစ်စင်း၊ အပ်သွား ချင်းသာ ထိဖွယ်ရာ ပမာမှတ်ကြမင်း”ဟူသော ထွဋ်ခေါင်ဆရာတော်၏ ကမ္မဋ္ဌာန်းသံပေါက်များအရလည်းကောင်း သိနိုင်ကြလေသည်။

ထိုကဲ့သို့ ရခဲသော လူ့ဘဝကို ရရှိ၍ တစ်ခေါက်တစ်ခါ လူရယ်လို့ ဖြစ်လာရသောဘဝဝယ် လူသားတို့သည် လူ့ဘဝမှတ်တိုင်များကို အမှတ် တရ စိုက်ထူသွားသင့်ကြသည်၊ “ဘယ်ခေတ် ဘယ်အခါက ပေါ်ပေါက် ခဲ့သူ ဘယ်ပုဂ္ဂိုလ်က လောကကောင်းကျိုး အများကောင်းကျိုး ဘယ်လို လုပ်ငန်းမျိုးကို လုပ်ဆောင်သွားသည်”ဟူသော မှတ်တိုင်မျိုး ရေးထိုး စိုက်ထူသွားသင့်ကြပေသည်၊ စိုက်ထူသင့်သော်လည်း အများစုသော လူသားတို့မှာ မည်သည့်မှတ်တိုင်မှ မစိုက်နိုင်ဘဲ လူ့ဘဝမှ မထင်မရှား ပြန်လည်ထွက်ခွာသွားကြရသည်က များလေသည်။

အချို့ကမူ ဘဝမှတ်တိုင် စိုက်ထူနိုင်ကြသော်ငြား ကိုယ်စိုက်လိုက် သည့် ဘဝမှတ်တိုင်မှာ မကောင်းသည့်မှတ်တိုင်, အများဒုက္ခရောက်မည့် မှတ်တိုင် ဖြစ်နေတာမျိုးလည်း ရှိလေသည် (ဥပမာ- နာဇီအာဏာရှင် ဟစ်တလာ, အိုက်ခ်မန်းတို့လို ပုဂ္ဂိုလ်မျိုး)။

အချို့ကား စောစောပိုင်းက ဘဝမှတ်တိုင်ကောင်းတွေ စိုက်ထူနိုင် ခဲ့သော်ငြား နောက်ပိုင်းတွင် အယူအဆတွေ လွဲမှားပြီး မကောင်းသည့် မှတ်တိုင်များကို ပြောင်းလဲစိုက်ထူသွားကြတာလည်း ရှိသည် (ဥပမာ-

http://www.dhammadownload.com



လူ့သေလူ့ဖြစ် အရှင်ဉက္ကဋ္ဌလို ပုဂ္ဂိုလ်မျိုး။ အရှင်ဉက္ကဋ္ဌသည် စောစော ပိုင်းက ဗုဒ္ဓဘာသာ၏ အာဇာနည်သူရဲကောင်းတစ်ဦး ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ ဗုဒ္ဓဘာသာကို ပြန်လည် အန္တရာယ်ပေးသည့်ပုဂ္ဂိုလ် ဖြစ်သွားခဲ့လေသည်)။

ဘဝမှတ်တိုင် စိုက်ထူနိုင်သည့်အပြင် စိုက်ထူလိုက်သည့် မှတ်တိုင် ကလည်း ကောင်းသည့်မှတ်တိုင် ဖြစ်နေသူ လူသားကား အလွန်ရှားပါး လှသည်၊ ထိုရှားပါးသူများထဲတွင် ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်သည် ထိပ်ဆုံးက ပါဝင်သူ စံပြလူသားကြီးတစ်ဦး ဖြစ်လေသည်။

မှန်၏၊ မင်းကွန်းထေရ်ရှင်သည် ၈၂-နှစ်တာမျှသော မိမိ၏ ဘဝ တစ်သက်တာတွင် မိမိအသက်ထက်ပင် ပိုသော မှတ်တိုင်ပေါင်းများစွာ ကို စိုက်ထူသွားသည်၊ စိုက်ထူသွားသည့် မှတ်တိုင်တွေကလည်း မှတ်တိုင် ကောင်းတွေချည်း ဖြစ်သည်၊ သာသနာအကျိုးပြု၊ လောကအကျိုးပြု၊ အများအကျိုးပြု မှတ်တိုင်များနှင့် နောင်လာနောက်သားတို့ အတုယူစရာ မှတ်တိုင်များချည်း ဖြစ်သည်၊ ကမ္ဘာပေါ်တွင် မှတ်တိုင်ကောင်းအများဆုံး စိုက်ထူသွားသူ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်။

ထိုပုဂ္ဂိုလ်ထူးကြီးသည် ယခု (၁၃၇၃-ခုနှစ်တွင်) နှစ်တစ်ရာ ပြည့် တော့မည်ဖြစ်ရာ ရာပြည့်အထိမ်းအမှတ်အဖြစ်ဖြင့် ဤထေရုပ္ပတ္တိကျမ်း စာကို အမှတ်တရ ရေးသား၍ ပူဇော်လိုက်ပါသည်၊ မှတ်တိုင်ကောင်း အများဆုံး စိုက်ထူသွားသူ ပုဂ္ဂိုလ်ထူးကြီးဖြစ်၍ အကြောင်းအရာများထဲ တွင် မပြည့်စုံမှု အများအပြား ရှိနေမည်ကား သေချာပါသည်၊ ထိုကဲ့သို့ မပြည့်မစုံ ဖြစ်ခဲ့ပါက စာရေးသူ၏ ဗဟုသုတ နည်းပါးမှု၊ သတိချွတ်ယွင်း မှုနှင့် ဉာဏ်ရည်နုနယ်မှုဟုသာ မှတ်ယူ၍ သည်းခံဖြည့်စွက် ဖတ်မှတ်ကြ ပါရန် တောင်းပန်ပါသည်။

http://www.dhammadownload.com



## နိဒါန်း

တစ်ခေတ် တစ်ပါး၊ ပြိုင်ဘက်ရှား၍၊
ထူးခြားခဲ့သည်၊ အာဇာနည်-ဟု၊
ဂုဏ်ရည်ထွန်းပေါ်၊ ထေရ်ဘုန်းမော်၏၊
သက်တော်တစ်ရာ၊ ပြည့်ချိန်ခါဝယ်၊
ကျောင်းရာ ဌပွတ်၊ ဘဝဇာတ်ကို၊
အမှတ်တရ၊ ရေးစီသ-၍၊
ညွှတ်ခ ဝန္ဒနာ၊ ပူဇော်ပါ၏။

ကျောင်းရာလွဲမှား၊ ကျန်ခဲ့ငြား၍၊
ထေရ်ဖျားဂုဏ်ဝါ၊ မြင့်မြတ်စွာနှင့်၊
ကွဲကာ လွဲဘိ၊ မဟပ်မိသော်၊
သတိလွတ်ကင်း၊ ချွတ်ယွင်းသုတ၊
ဉာဏရည်နု၊ မမှီမှုဟု၊
ရေးသူဝန်တာ၊ ခံယူပါ၏။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# တိပိဋကဓရအရှင်မြတ်များ၏ဖခင်
# ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်
## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကိုယ်ရေးအကျဉ်း | ၁ |
| သူတော်ကောင်းများ ထွန်းကားပေါ်ရာ ဇမ္ဗူဒီပါ | ၆ |
| မြန်မာနိုင်ငံတော် | ၇ |
| မန္တလေးတိုင်းဒေသကြီး | ၇ |
| ပညာရှိများ ထွန်းကားပြည့်လျှံ မြို့မြင်းခြံ | ၈ |
| မွေးမြေရပ်ရွာ မွေးချိန်ခါ | ၁၁ |
| ဇာတာတော် | ၁၂ |
| ဖခင်ဦးဆုံ ကွယ်လွန် | ၁၃ |
| ငယ်စဉ်ထူးခြား ဖြစ်ရပ်များ | ၁၄ |
| မြင်းခြံမြို့ မင်းကျောင်းတိုက်သို့ | ၁၅ |
| သာမဏေဘဝ ရှင်ဝိစိတ္တသာရ | ၁၆ |
| သဒ္ဒါ-သင်္ဂြိုဟ် အာဂုံပြန် | ၁၇ |
| ရှင်ဝိစိတ္တသာရနှင့် ပိဋကတ်ကျမ်းစာများ | ၁၇ |
| ကဗျာဉာဏ်နှင့် ပါဠိဉာဏ် | ၁၈ |
| ကျေးဇူးသိတတ် ကျေးဇူးဆပ် | ၁၉ |
| မင်းကွန်းသို့ ရောက်ရှိပြီ | ၂၀ |
| မင်းကွန်းဒေသ သဘာဝ | ၂၁ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မင်းကွန်းဟူသောအမည် | ၂၂ |
| မွေးစားမိခင် ကျေးဇူးရှင် | ၂၂ |
| သစ္စဝါဒီဋီကာ | ၂၄ |
| မန္တလေးဒတွင် စာမျိုးစုံသင် | ၂၅ |
| ရဟန်းဘောင် ရောက်ရှိတော်မူ | ၂၆ |
| ပဥ္စမကျော် အရှင်ဝိစိတ္တသာရ | ၂၇ |
| ငယ်-လတ်-ကြီး-ကျော် စာပေလေ့လာပုံ | ၂၈ |
| သကျသီဟစာမေးပွဲ | ၂၉ |
| အရှုံးအတွက် ခံယူချက် | ၂၉ |
| သကျသီဟမွေ့စရိယ ဝင်္ခသကာ | ၃၀ |
| သကျသီဟ ဝင်္ခသကာ အရှင်မြတ်များ | ၃၁ |
| ရွှေတံဆိပ်များ ဘုရားလှူ | ၃၂ |
| ဆရာသမားအတွက် ကလျာဏမိတ္တ ဖြစ် | ၃၂ |
| မန္တလေးဒဆရာတော် ပျံလွန် | ၃၅ |
| မန္တလေးဒဆရာတော် | ၃၆ |
| ဘာသန္တရ လေ့လာ | ၃၇ |
| သာသနဓဇ သိရိပဝရ မွေ့စရိယ | ၃၉ |
| လွတ်လပ်ရေးနှင့် ဆန္ဒမွန် | ၄၀ |
| တိပိဋကရေရွေးချယ်ရေး စာမေးပွဲကြီး | ၄၀ |
| ကျင်းပရခြင်း အကြောင်းရင်း | ၄၁ |
| တိပိဋကရေဖြေရန် စိတ်အကြံ | ၄၂ |
| ဉာဏဗလ ပဓာန | ၄၃ |

http://www.dhammadownload.com

# ကမ္ဘာကျော် မင်းကွန်းထေရ်ရှင် မာတိကာ


| | |
|---|---|
| ပစ္စယ-ဓမ္မ ပြိုင်ပွဲကြီး | ၄၄ |
| ဝိနယဓရလမ်းစဉ် | ၄၅ |
| ထူးထူးခြားခြား ဇာနည်ဖွား | ၄၇ |
| ကျော်တာက နည်းပါသေးတယ် | ၄၉ |
| နတ်စောင်းသံမွန် ရေတံခွန် ဆိုင်းသံပမာ | ၄၉ |
| ထောမနာတေးထပ် | ၅၂ |
| ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ | ၅၃ |
| သာသနာ့အောင်လံတော် | ၅၄ |
| ဝိသိဋ္ဌ+မဟာ အဘိဓမ္မာ | ၅၅ |
| ဘုရားတ ၅-ဂါထာ | ၅၅ |
| ပဋ္ဌာန်းတရားတော်၏ တန်ခိုးအာနိသင် | ၅၇ |
| ဝန်ကြီးချုပ်လျှောက်ထား | ၅၉ |
| ပိဋကတ်သုံးပုံ ဂုဏ်ထူးစုံ | ၆၁ |
| တိပိဋကဓရ ပေါ်ထွက်လာပြီ | ၆၃ |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက | ၆၆ |
| တိပိဋကဓရ ဖြစ်ရတဲ့အာနိသင် | ၆၈ |
| ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် | ၆၈ |
| ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇက | ၇၀ |
| ပဋ္ဌာန်းဆရာတော်၏ ချီးမွမ်းခန်း | ၇၁ |
| အမျိုးမျိုးအဖုံဖုံ ချီးမွမ်းပုံ | ၇၃ |
| အထူးခြားဆုံး အချက်များ | ၇၄ |
| ပါဠိအသံထွက်ပြဿနာ | ၇၅ |
| ‘ပတ်ကျယို’မဟုတ်သည့် “ပစ္စယော” | ၇၇ |

http://www.dhammadownload.com



| | |
|---|---|
| သာသနာ့မိခင်ကြီး၏ သတိပေးစာ | ၇၈ |
| ထူးထူးခြားခြား ဂါရဝတရား | ၈၀ |
| ခါတော်မှီ တိပိဋကဓရ မဟုတ် | ၈၁ |
| အဋ္ဌကထာ-ဋီကာ သင်္ဂါယနာ | ၈၃ |
| မဟာဗုဒ္ဓဝင် ကျမ်းပြုရှင် | ၈၄ |
| ထူးခြားသော အပွိစ္ဆဂုဏ်ရှင် | ၈၅ |
| စာပေပို့ချ ဟောညွှန်ပြ | ၈၆ |
| ထူးခြားသည့် တရားဟောစဉ် | ၈၇ |
| အမှားရှာရင်း ကြည်ညိုသွားသူ | ၈၉ |
| သာသနာပြုဖော် တိုက်အုပ်ဆရာတော် | ၉၀ |
| မေတ္တာအဆောင် အမြဲဆောင် | ၉၁ |
| မေတ္တာတရား ကြိုတင်ပွား | ၉၂ |
| မိုးမိတ်စေတီတော်ကြီးများကို ပြုပြင် | ၉၄ |
| မဟောသဓာသုခမိန် | ၉၅ |
| တိပိဋကဖခင် ကျေးဇူးရှင် | ၉၆ |
| တိပိဋကအတွက် ညွှန်ကြားချက် | ၉၈ |
| အာဂုံပြန်ဝယ် လိုက်နာဖွယ် | ၉၉ |
| ရေးဖြေရာဝယ် လိုက်နာဖွယ် | ၁၀၁ |
| ရပြီးဂုဏ်ကို မပျက်အောင် ထိန်းသိမ်း | ၁၀၃ |
| စိတ္တဝိဝေကဖြစ်အောင် ကျင့်ဆောင် | ၁၀၅ |
| လာရင်းရည်ရွယ်ချက် မပျောက်ရေး | ၁၀၆ |
| စာကျက်မှ စကြာရမှာ | ၁၀၆ |
| မကြည့်သင့်တာတွေ မကြည့်ကြနဲ့ | ၁၀၇ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မဟာန အကျိုးတော်ဆောင်ချုပ် | ၁၀၉ |
| ရန်ကုန်မြို့ တိပိဋကကျောင်းတော် | ၁၀၉ |
| အချိန်မကျသေး၍ အဘိဓဇဘွဲ့ လက်မခံ | ၁၁၀ |
| သက်တော်အငယ်ဆုံး အဘိဓဇ | ၁၁၀ |
| န–ပ–သ များ ဦးစီးတည်ဆောက်ပေး | ၁၁၁ |
| ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ | ၁၁၃ |
| သာသနာရေး အားပေးမှုများ | ၁၁၃ |
| လူမှုရေး အားပေးမှုများ | ၁၁၄ |
| စိန်ရတုပူဇော်ပွဲ | ၁၁၅ |
| တိပိဋကအတွက် တပ်လှန့်ခြင်း | ၁၁၆ |
| အဘိဓမ္မာအသင်းအား–အားပေး | ၁၁၇ |
| ဓမ္မသံဝေဂ ပွားများတော်မူ | ၁၁၉ |
| ပတ္တမြားရတုနှင့် အဘိဓမ္မာစာဝါ | ၁၂၀ |
| ဝါဆိုဝါခေါင် တစ်ရက်ရှောင် | ၁၂၂ |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက | ၁၂၃ |
| ကျန်းမာရေး ချွတ်ယွင်းစ ပြုလာ | ၁၂၄ |
| ဗိုလ်ချုပ်မှူးကြီးအား တရားဂါထာ မိန့်ကြား | ၁၂၆ |
| ရောဂါဝေဒနာ စွဲကပ်လာ | ၁၂၆ |
| ရှာပနပူဇော် မှာတမ်းတော် | ၁၂၈ |
| သွေးအန်ဝေဒနာ ဖြစ်ရရှာ | ၁၂၉ |
| နည်းမျိုးစုံဖြင့် ကုသပေးကြ | ၁၃၁ |
| တစ်ဘဝဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူပြီ | ၁၃၂ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကမ္ဘာပျက်သည့်ပမာ | ၁၃၃ |
| စာကျက်နည်းများ မေးလျှောက်ထား | ၁၃၅ |
| စိတ်တံခါးကို ပိတ်ထား | ၁၃၆ |
| နိကာယ်ထဲမှာ စိတ်ကိုထား | ၁၃၇ |
| အသက်ရှည်ရန် နည်းတစ်တန် | ၁၃၇ |
| ရဟန္တာပြဿနာ | ၁၃၈ |
| ဆေးလိပ်သောက်ရခြင်းအကြောင်း | ၁၃၉ |
| ပွဲလမ်းသဘင် ကြည့်မှု | ၁၄၀ |
| သိက္ခာထပ်ကိစ္စ | ၁၄၁ |
| ရဟန်းလောင်းဆုံးမမှု | ၁၄၂ |
| သာသနာ့ဝန်ထမ်း ဖြစ်ပါစေ | ၁၄၃ |
| ပဋိပတ်ပါသော အောင်မြင်မှု | ၁၄၄ |
| ဓမ္မနာဒသဘော | ၁၄၅ |
| အသက်ပေး၍ ရင့်ကျူး | ၁၄၇ |
| လက်နှိပ်စက်ရိုက်၍ စာဖြေ | ၁၄၇ |
| ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး | ၁၄၈ |
| မိခင်ကြီးကို ဂရုစိုက်ပုံ | ၁၄၉ |
| မိဘကို မသေခင် လုပ်ကျွေး | ၁၅၁ |
| ဘာသာရေးအတွက် မိန့်ကြားချက် | ၁၅၂ |
| စိတ်ဓာတ်ကိုမြှင့် မြတ်အောင်ကျင့် | ၁၅၃ |
| ခြသေ့်ကြီးမှ ဆေးပေးခန်းသို့ | ၁၅၄ |
| ဓမ္မနာဒမှ ရွှေရေးဆောင်သို့ | ၁၅၅ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘုန်းကြီးမို့ ဘုန်းကြီးအလုပ် လုပ်တာ | ၁၅၇ |
| ရောင်းကောင်းလို့ စိတ်ပျက်သလား | ၁၅၈ |
| အလုပ်များများလုပ်မှ ကျန်းမာ | ၁၅၉ |
| အဓိပတိတပ်ပြီး အလုပ်လုပ် | ၁၅၉ |
| ကိုယ်နားမလည်သောအလုပ်ကို မလုပ် | ၁၆၂ |
| နိဿရ ဏာတ္တပရိယတ္တိဖြစ်ပါစေ | ၁၆၃ |
| မအပ်စပ်သောပစ္စည်း လက်မခံ | ၁၆၃ |
| ပြည်တွင်း၌သာ သာသနာပြု | ၁၆၄ |
| ပေါ်များလျှင် အဖိုးမတန် | ၁၆၅ |
| ဘုရားထက် ပိုတက်ချင်သူ | ၁၆၅ |
| ခက်တာဘဲ ခက်တာဘဲ | ၁၆၉ |
| ရှေးထုံးကို မပယ် | ၁၇၁ |
| အနုဋ္ဌရတနာစာတမ်းလွှာ | ၁၇၂ |
| ပညာနောက်သို့ သဒ္ဓါလိုက် | ၁၇၄ |
| အပြစ်မရှာ ထေရ်ဆရာ | ၁၇၅ |
| အတက်စုံလင် တတ်ကျွမ်းကျင် | ၁၇၆ |
| တပေါ်သုခ ရအောင်ယူ | ၁၇၇ |
| အလုပ်လုပ်နိုင်တုံး ကြိုးစားလုပ် | ၁၇၈ |
| မပူအောင်နေ | ၁၈၀ |
| ခွက်ထိုးခံစဏ္ဍာလ မဖြစ်လို | ၁၈၁ |
| နေမကောင်းစဉ် သံဝေဂလင်္ကာစီရင် | ၁၈၂ |
| သပ္ပမာဒ ဓမ္မဂါထာ | |
| လေးကောင်ဓါတ်မြေ | ၁၈၅ |
| တစ်ရာနှင့် တစ်ရက် | ၁၈၆ |

http://www.dhammadownload.com





| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိဏှာရာဟုလောဝါဒ | ၁၈၆ |
| သမဏသုခ ၈-ပါး | ၁၈၇ |
| ပရိတ်ရွတ်သူ၏ အင်္ဂါ | ၁၈၇ |
| မြေလှုပ်ကြောင်း ၈-ပါး | ၁၈၇ |
| ချမ်းသာကြောင်းတရား | ၁၈၈ |
| အောင်ခြင်းရှစ်ပါး | ၁၈၈ |
| အကျဉ်းချုပ် မေတ္တာပွား | ၁၉၀ |
| သံဝေဂဂါထာ | ၁၉၁ |
| အရှုံးသမား | ၁၉၂ |
| ဝိပဿနာမွေလက်ာ | ၁၉၂ |
| ကိသာဂေါတမီ မျက်ရည်သိမ်းလင်္ကာ | ၁၉၃ |

**နောက်ဆက်တွဲ**

| | |
|---|---|
| ကျေးဇူးရှင်များ | ၁၉၅ |
| ရစနာ ၅-ဂါထာ | ၂၀၃ |
| ဆရာတော်ဘုရားကြီးဇာတာတော် | ၂၀၅ |
| အံ့ဖွယ် ဝေဒပညာ | ၂၀၆ |
| စိတ်ဓာတ်အင်အား | ၂၀၇ |
| ဘဝနတ်ထံ စံလွန်တော်မူပြီးနောက် | ၂၀၈ |
| အမှတ်တရ ပူဇော်မှုများ | ၂၀၉ |
| သက်တော်တစ်ရာ ပြည့်ချိန်ခါ | ၂၁၃ |
| သားတပည့် တိပိဋကဓရအရှင်မြတ်များ | ၂၁၄ |


ကမ္ဘာကျော်မင်းကွန်းထေရ်ရှင် မာတိကာ ပြီးပါပြီ။

http://www.dhammadownload.com



ပဌမတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ လက်ရေးမူ

ကမ္ဘာတနယ်ဝင် သူတော်စင်အပေါင်းတို့...။

ဒါဒါတို့မှာ ရှေးကုသိုလ်ထောက်မကြ၍ လူ့ဘဝ ဖြစ်ကို ရပြီး ကြုံဖူးပြင် ဘုရားသာသနာ ပွင့်လင်းချိန် အခါ ဖြစ်ပါသည်။ ဤသို့ပြီး ၂၀ဝ၀ အာ ...ကောင်းရှင်သန်ဆဲဦး ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရပေပြီ...။

"သစ္စာယင်ကောင်း ငှက်ဝါသော ...ဦး" ဆိုသလို သို့သာသနာတော် ဖြစ်အောင်ကြိုးစား သစ္စာဂိုဏ်ဝင်တို့ ထက် အဆများစွာ ပွားမြင်ကောင်း သာယာအောင် ဖြစ်ပါသည်။

ကမ္ဘာ့အ ကမ္ဘာ့သား သတ္တဝါများ ဖြစ် ဦးကိုးပြု အောင်ကြိုးစား ကြီး ဖြစ်သည့်အတိုင်း ဆိုသာ သနာ ကြိုးကြီး ပွါးမြိုး အောင် ကိုယ်အား ဥာဏ်အား အကြံအား တို့ဖြင့် အားပေးကူညီ ဆောင်ရွက်ကြ မိမိအတွက် ပါး နှစ်ဦး သား၏ အမျိုးအမြိုးကို ကျင့်သည့် ဥာဏ ပါတ ပန့် ပွား မှုကုသိုလ် များ ဖြစ်ကြပါကုန်လော့ - ဟူ၍ ကိုက်ညွှန်းသြဝါဒ ပေးလျှောက်ထားရှိ ကြော်ကြား အပ်ပါသည် ကမ္ဘာတ နယ်ဝင် သူတော်စင်အပေါင်းတို့...။

ဦးဝိစိတ္တသာရာဘိဝံသ

တိပိဋကဓရ ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

## တိပိဋကဓရအရှင်မြတ်များ၏ဖခင်

# ကမ္ဘာကျော် မင်းကွန်းဆရာတော်ဘုရား

(၁၂၇၃ - ၁၃၅၄)

### ကိုယ်ရေးအကျဉ်း

ဖွားရာဇာတိ- မန္တလေးတိုင်း မြင်းခြံမြို့နယ် ကျည်းပင်ရွာ၊

ဖွားသက္ကရာဇ်- ၁၂၇၃-ခု တန်ဆောင်မုန်းလဆန်း ၁၁ (၁-၁၁-၁၉၁၁) ဗုဒ္ဓဟူးနေ့၊

မိဘအမည်- ဦးဆုံ+ဒေါ်ဆင်၊

မွေးချင်း- ၃-ဦး (ဒုတိယသား)

တိပိဋကဓရဖြစ်ချိန် သက်တော်- ၄၂-နှစ်၊

တိပိဋကစာမေးပွဲဝင် သက်တမ်း- ၄-နှစ်၊

အခြားဘွဲ့ထူးဂုဏ်ထူးများ- ပဌမကျော်၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက။

သာသနာပြုလုပ်ငန်းများ- မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ စာပေများပို့ချ၊ ဆဋ္ဌသင်္ဂါယနာအဖြေ၊ မဟာဗုဒ္ဓဝင်ကျမ်းကြီးပြု၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည် တရားဟော၊

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ မင်းကွန်း မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်၍ တိပိဋကဓရအရှင်မြတ်များ စဉ်ဆက်မပြတ် ပေါ်ထွက်အောင် ကြိုးပမ်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ, အဆင့်မြင့်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ, ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတော်ကြီးများ တည်ထောင်ပေး၊ မိုးမိတ်စေတီတော်, စက်တော်ရာစေတီတော်နှင့်တကွ မင်းကွန်းတောင်ရိုးရှိ စေတီပုထိုးများကိုပြုပြင်-ထီးတော်တင်၊ ပျံလွန်တော်မူခါနီး အဘိဓမ္မာအဋ္ဌကထာ-မူလဋီကာ-အနုဋီကာစာဝါများပို့ချ။

ရေးသားပြုစု ကျမ်းစာ- မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆-တွဲ ၈-အုပ်၊ ဟောစဉ်တရားတော်များ၊ ပရမတ္ထသံခိပ်အဖြေ စကားပြေကျမ်း၊ အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများ၊ ပြဟ္မဃာစနကထာ သခေ်ပဝိတ္ထာရ ဝိဿဇ္ဇနာကျမ်း၊ ဌာပနာပုံကျမ်း၊ ၃၇-ခန်း ကမ္မဝါစာ နှင့်ဓမ္မဂီတိအမျိုးမျိုး။

ထူးဆန်းအံ့ဩဖွယ်ရာများ- မာန်မာန တက်ကြွထောင်လွှားခြင်း မရှိ၊ ဂါရဝနိဝါတတရား အမြဲလက်ကိုင်ထား၊ ဝိနည်းလေးစား၊ လေးစားသော်လည်း တယူသန်ဆန်မှုမရှိ၊ ငယ်စဉ်က ပွဲလမ်းသဘင် ကြည့်ရှုခဲ့သော်လည်း ပညာရအောင် ကြည့်ခဲ့၊ အနုပညာ ဝါသနာပါ၊ ဆဋ္ဌသင်္ဂါယနာ တင်စဉ်က ပိဋကတ်တော်လာ

http://www.dhammadownload.com



အကြောင်းအရာ ပေါင်းစုံကို ၂-နှစ်တိုင် ရွတ်ဆို ဖြေကြားနေခဲ့သော်လည်း အသံဝင်သွားမှု မရှိ၊ နဘေ ကာရန် အသံအနိမ့်အမြင့်တို့ဖြင့် နာယူသူများ ကြည်ညိုဖွယ်ဖြစ်လောက်အောင် ဖြေဆို၊ သူတပါးပြုခဲ့ဖူးသော ကျေးဇူးကို အထူးသိတတ်၊ ဖွားရာဇာတိမြေ၌ ဘုန်းတော်ကြီးကျောင်း, စာသင်ကျောင်း, ကျန်းမာရေးဆေးခန်း, လမ်းတံတား စသည်တို့ကို ဆောက်လုပ်လှူဒါန်း၊ မိခင်ကြီး ဒေါ်ဆင်နှင့် ကျွေးမိခင် ဆရာကြီး ဒေါ်ခမွှစာရီတို့အား ဂရုတစိုက် ပြုစုစောင့်ရှောက်၊ ပိဋကတ်သုံးပုံလုံးကို အာဂုံရော ရေးဖြေပါ ဂုဏ်ထူးဖြင့် ချည်း ထူးခြားစွာအောင်မြင်၊ သူတပါးကို အလွန်ငဲ့ညှာ၊ မင်းကွန်းလမ်းကို ကတ္တရာလမ်းခင်းရန် လျှောက်ထားသည့်အခါ မင်းကွန်းသားများ လှည်းဖြင့် အသက်မွေးမှု ထိခိုက်သွားမည်စိုး၍ ခွင့်မပြုခဲ့၊ မင်းကွန်းရွာ၌ စာကြည့်တိုက်, မီးစက်များ တည်ထောင်ပေး၊ မင်းကွန်းတောင်ရိုး ရေရရှိရေး ဆောင်ရွက်၊ ဗုဒ္ဓဘာသာလူအိုရုံအတွက် အစစ တာဝန်ယူ၊ မေတ္တာတရား အလွန်ကြီးမား၊ ဖူးမြင်လိုက်ရလျှင်ပင် ငြိမ်းချမ်းသည့်အရသာကို သိသိသာသာ ခံစားကြရ၊ ပါဠိတော်ဟောစဉ် အတိုင်း ဇာတ်တော်ကြီးများကို ပြီးစီးအောင် ဟောကြား၊ တရားနာသူများ သိနားလည်စေလိုမှု (ဝိမုတ္တာယတန)ကို ဦးစားပေး ဟော၊ ဣဿာ-မစ္ဆရိယ အထူးကင်းရှင်း၊ ဖွဲ့လုံ့လ ဝီရိယ အလွန်

http://www.dhammadownload.com



ကြီးမား၊ မည်သည့်ကိစ္စတွင်မဆို တစ်ဖက်စွန်း မရောက်စေဘဲ မဇ္ဈိမပဋိပဒါကျကျ ကျင့်ဆောင်၊ ဓမ္မစာပေကိစ္စသာမက လောကီကိစ္စများ၌လည်း ကျွမ်းကျင်တတ်မြောက်၊ အလိုနည်းမှု အပ္ပိစ္ဆဂုဏ်နှင့် အထူးပြည့်စုံ၊ အစိုးရလှူဒါန်းသည့် သံမဏိကျည်ကာ မော်တော်ကားကို လက်မခံပဲ ပြန်ပေး၊ နိုင်ငံခြားသို့ မကြွ၊ ပညာ အလွန်ကြီးမားသော်လည်း မကောက်ကျစ်၊ ပညာနောက်သို့ သဒ္ဓါလိုက်၊ ဟန်ဆောင်မှုကင်း၊ ပျံလွန်တော်မူခါနီး သွေးအန်၍ အောက်သွေးသုည ဖြစ်သွားသော်လည်း သတိမလစ် မငြီးမငြူ ဝေဒနာကို သိမ်းဆည်း သည်းခံတော်မူ။

**နမူနာယူစရာများ-** မာနမကြီး၊ ဂါရဝထား၊ ဝိနည်းလေးစား၊ ကျေးဇူးသိတတ် ကျေးဇူးဆပ်၊ လူကြီးသူမ အဆုံးအမကိုနာခံ၊ သူတပါးကို သနားငဲ့ညှာ၊ မေတ္တာပွားများ၊ ဇွဲ လုံ့လ ဝီရိယ အလွန်ကြီးမား၊ အလိုနည်းပါး၊ စကားပြောရာ၌ ယဉ်ကျေးသိမ်မွေ့၊ မကောက်ကျစ်၊ ဟန်မဆောင်၊ အစားအစာ သင့်တင့်မျှတရုံစား၊ ကိုယ့်မွေးရပ်ရွာနှင့် နေထိုင်ရာဒေသများကို ကျေးဇူးပြန်ပြု၊ မည်သည့်ကိစ္စ၌မဆို တစ်ဖက်စွန်းမရောက်၊ တရားလက်ကိုင်ထား။

**တိပိဋကဓရဘဝဖြင့် နေခဲ့ရသည့်နှစ်-** ၃၉-နှစ်။

မြတ်ဗုဒ္ဓသာသနာတော်တွင်းဝယ် နှစ်ပေါင်း၃၆ဝ ကျော်မျှ တိမ်မြုပ်ပျောက်ကွယ်နေသော ပိဋကတ်သုံးပုံ အာဂုံဆောင်ခေတ်ကို တစ်ခေတ်

http://www.dhammadownload.com



ဆန်းသစ်အောင် စွမ်းဆောင်တော်မူခဲ့သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ် ထူးကြီးကား ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးပင် ဖြစ်ပေသည်၊ ဆရာတော်ဘုရားကြီး တိပိဋကဓရ မဖြစ်သေးမီက 'ယခုလို သာသနာနောက်ပိုင်းကာလမှာ ပိဋကတ်သုံးပုံကို အာဂုံဆောင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး'ဟု အားလုံးက ထင်ခဲ့ကြသော်လည်း ဆရာတော်ဘုရားကြီးက အဓိပတိတပ်ပြီး တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်ကြောင်း ကောင်းကောင်းကြီး ပြသနိုင်ခဲ့ပေသည်၊ ဆရာတော်ဘုရားကြီးသည် တိပိဋကဓရအဖြစ်ရောက်ရှိချိန် ၁၃၁၅-ခုနှစ်၌ ဝါတော် ၂၃-ဝါမျှ ရနေပေပြီ၊ ယခု မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် ကျောင်းထိုင်၍ သာသနာပြုနေခဲ့သည်မှာပင် နှစ်ပေါင်း ၁၆-နှစ် ရှိပြီဖြစ်၏။

ဆရာတော်ဘုရားကြီးသည် တိပိဋကဓရ စာမေးပွဲများကို ပြန်ဆိုဖြေကြားခဲ့ရာ၌ စာကိုချည်း သက်သက် စိတ်အေးလက်အေး ကျက်မှတ်လေ့လာခဲ့ရသည် မဟုတ်ပေ၊ ကျောင်းထိုင် ပဓာနနာယက ဆရာတော်ဖြစ်နေခြင်းကြောင့် မိမိလက်အောက် တပည့်တပန်း ရဟန်း-သာမဏေ စာသင်သား သံဃာများကို စာပေပို့ချပေးရခြင်း, ဩဝါဒပေး ထိမ်းသိမ်း ကွပ်ကဲရခြင်း, အခြားဒါယကာဒါယိကာမများအား တရားဟောပြရခြင်း, ရေစက်ချပေးရခြင်း, ကျောင်းတိုက်ကိစ္စ အဝဝကို တာဝန်ယူဆောင်ရွက်ရခြင်းစသော သာသနာ့တာဝန်များကိုပါ ထမ်းဆောင်နေရသည်ဖြစ်ရာ သည်ကြားထဲမှ ပိဋကတ်သုံးပုံအလုံးစုံကို ၄-နှစ်တည်းဖြင့် (ဆရာတော်ဘုရားကြီးအလို စတင်ကျက်မှတ်သည့်နှစ်ကိုပါ ထည့်ရေတွက်၍ ၅-နှစ်ဖြစ်သည်၊ တိပိဋကဓရ အမျှဝေစာတမ်း၌ '၅-နှစ်'ဟု ဖော်ပြထားသည်) အပြီးဖြေဆိုနိုင်ရုံမက အာဂုံ-ရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးများဖြင့်ချည်း

http://www.dhammadownload.com



အောင်မြင်တော်မူခဲ့သည်မှာ လွန်စွာ အံ့ဩချီးမွမ်းဖွယ် ကောင်းလှပေ သည်၊ သို့ကလောက် အံ့ဩချီးမွမ်းဖွယ် ကောင်းလှသော ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးကြီး၏ ကြောင်းရာအဋ္ဌုပ္ပတ် တစ်ဘဝဇာတ်ကို မကျဉ်းမကျယ် မှတ်တမ်းတင်ရမည်ဆိုသော် ---

## သူတော်ကောင်းများ ထွန်းကားပေါ်ရာ ဇမ္ဗူဒီပါ

မြင်းမိုရ်တောင်မင်းကြီးကို ဗဟိုပြုထားသည့် ကျွန်းကြီးလေးကျွန်း (လေးကျွန်းတစ်မြင့်မိုရ်) ကို စကြာဝဠာတစ်ခုဟု ခေါ်ဆိုရာ ထိုသို့သော စကြာဝဠာတွေ အများအပြား ရှိသည့်အနက် ဤငါတို့ စကြာဝဠာ၌သာ ဘုရား, ပစ္စေကဗုဒ္ဓါ, (လူသား)အရိယာသူတော်ကောင်းကြီးများ ပွင့်ပေါ် ဖြစ်ထွန်းလေ့ရှိသည်၊ အခြားတပါးသော စကြာဝဠာတို့၌ ဖြစ်ပေါ်လေ့ မရှိကြပေ၊ ဤစကြာဝဠာ၌လည်း ကျွန်းကြီးလေးကျွန်းအနက် ငါတို့နေ ထိုင်ရာ ဤဇမ္ဗူဒိပ်ကျွန်းကို ဇမ္ဗူသပြေပင်ကြီး ပေါက်ရောက်နေသည့်ပြင် မြင်းမိုရ်တောင်ကြီး၏ လက်ျာဘက်၌ တည်ရှိနေသည့်အတွက် "ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၊ အတိတ်ဩဘာနိမိတ် ထွန်းသည့်ကျွန်း" ဟု ခေါ် ကြသည်၊ အဆိုပါ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းသည် ယူဇနာတစ်သောင်း ကျယ်ဝန်းသည်၊ ယူဇနာတစ်သောင်းအနက် လေးထောင်မှာ သမုဒ္ဒရာ ရေပြင်ကြီး ဖြစ်ပြီး သုံးထောင်က ဟိမဝန္တာတောင်ကြီး ဖြစ်သည်၊ လူနေ အိမ်ခြေ တည်ရာအရပ်သည် ယူဇနာသုံးထောင်သာ ရှိသည်၊ ဤသည် ကို "လူနေ သုံးထောင်၊ တောနေ သုံးထောင်၊ ရေနေ လေးထောင်" ဟု ဆိုစမှတ် ပြုကြသည်။

ဤသည့် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌သာလျှင် ဘုရား, ပစ္စေက ဗုဒ္ဓါ, (လူသား)အရိယာသူတော်ကောင်းကြီးများ, စကြာမင်းများ ပွင့်ထွန်း ဖြစ်ပေါ်လေ့ရှိသည်၊ ကျန် ကျွန်းကြီးသုံးကျွန်းတို့၌ ဖြစ်ပေါ်လေ့ မရှိပေ။

http://www.dhammadownload.com



## မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်သည် ဗုဒ္ဓမြတ်စွာ သာသနာရောင် တောက်ပြောင်လင်းလက်ရာ ဌာနမွန်ဖြစ်၍ ဖော်ပြပါ ဇမ္ဗူဒီပါလကျွာတောင်ကျွန်းတွင် ထင်ရှားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်၊ အာရှတိုက် အိန္ဒိယကျွန်းဆွယ် အရှေ့ဘက်၌ တည်ရှိရာ အရှေ့ဘက်၌ ထိုင်းနိုင်ငံ၊ အနောက်ဘက်၌ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်၌ မုတ္တမပင်လယ်ကွေ့နှင့် မလေးရှားနိုင်ငံ၊ အရှေ့မြောက်ဘက်၌ တရုတ်နိုင်ငံတို့ တည်ရှိကြသည်၊ အကျယ်အဝန်း စတုရန်းမိုင် ၂၆၁၇၁၉-ဖြစ်ပြီး အလျားမိုင် ၉၀၀-ကျော် ရှည်သော ဧရာဝတီ မြစ်နဒီသည် မြောက်မှ တောင်သို့ ဖြတ်ဆင်းလျက် ဘင်္ဂလားပင်လယ်အော်အတွင်း စီးဝင်လေသည်၊ ၎င်းပြင် အရှေ့ရိုးမ, အနောက်ရိုးမ, အလယ်ရိုးမ တောင်တန်းကြီးများသည် စဉ်တန်းလျက် နိုင်ငံတော်ကို တန်ဆာဆင်ထားသကဲ့သို့ ရှိနေသည်၊ မြန်မာနိုင်ငံတော်သည် အလျားမိုင် ၁၂၀၀-ရှည်ပြီး အနံမိုင် ၅၇၅-မိုင် ကျယ်ပြောကာ လောကီ-လောကုတ္တရာ ရတနာမျိုးစုံတို့ တည်ရှိထွက်ပေါ်ရာ နိုင်ငံဖြစ်လေသည်။

## မန္တလေးတိုင်းဒေသကြီး

မြန်မာနိုင်ငံတော်၌ ကချင်ပြည်နယ်, ကယားပြည်နယ်, ချင်းပြည်နယ်, ကရင်ပြည်နယ်, မွန်ပြည်နယ်, ရခိုင်ပြည်နယ်, ရှမ်းပြည်နယ်ဟူသော ပြည်နယ်ကြီး ၇-ခုနှင့် စစ်ကိုင်းတိုင်း, တနင်္သာရီတိုင်း, ပဲခူးတိုင်း, မကွေးတိုင်း, မန္တလေးတိုင်း, ရန်ကုန်တိုင်း, ဧရာဝတီတိုင်းဟူသော တိုင်းဒေသကြီး ၇-ခုတို့ ရှိကြရာ မန္တလေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ အလယ်ဗဟိုတည့်တည့်လောက်တွင် တည်ရှိပြီး တိုင်းရုံးစိုက်ရာ မန္တလေးမြို့ကြီးသည် ရဟန်းသံဃာတော် အများအပြား သီတင်းသုံး၍ သာသနာတော်

http://www.dhammadownload.com



အထူးစည်ပင်ထွန်းကားသည့် "သာသနာ့မြို့တော်ကြီး" ဖြစ်နေရုံမျှမက ကုန်းဘောင်ခေတ် တစ်ချိန်တစ်ခါက မင်းတုန်းမင်းနှင့် သားတော်သီပေါ မင်းတို့ ထီးနန်းစိုးစံခဲ့ရာ ရတနာပုံနေပြည်တော်ကြီး ဖြစ်ခဲ့သည်၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်းမှာ "မြန်မာအစ တကောင်းက" ဟု ဆိုရိုးပြုရသည့် မြန်မာအစ တကောင်း အဘိရာဇာ တို့၏ ထီးနန်းစိုက်ရာ ဌာန ဖြစ်ခဲ့သည်၊ ညောင်ဦးမြို့နယ်ရှိ ပုဂံမြို့မှာ ပထမမြန်မာနိုင်ငံတော်၏ မြို့တော်ကြီး ဖြစ်ခဲ့ပြီး တံတားဦး မြို့နယ်ရှိ အင်းဝမြို့မှာ ဒုတိယမြန်မာနိုင်ငံတော်၏ မြို့တော်ကြီး ဖြစ်ခဲ့ သည်၊ တံတားဦးမြို့နယ်အတွင်းမှ အင်းဝမြို့၏ တောင်ဘက် ၅-မိုင်ခန့် အကွာတွင်ရှိသော ပင်းယမြို့မှာ တစီးရှင်သီဟသူ-မှစ၍ မင်း ၆-ဆက် စိုးစံခဲ့ရာ မြို့တော်ဖြစ်ခဲ့ပြီး အင်းဝမြို့တောင်ဘက် ၁၉-မိုင်အကွာတွင် ရှိ သော မြင်စိုင်းမြို့မှာလည်း အသင်္ခယာ၊ ရာဇသင်္ကြန်တို့၏ ထီးနန်းစိုက် ရာ နေပြည်တော် ဖြစ်ခဲ့သည်၊ အမရပူရမြို့မှာ ကုန်းဘောင်ခေတ် ပဒုံ မင်း၊ မြေးတော်-သာယာဝတီမင်း၊ မြစ်တော်-ပုဂံမင်းတို့၏ ထီးနန်းစိုက် ရာ နေပြည်တော် ဖြစ်ခဲ့လေရာ မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ တော်တွင် ထူးခြားသော နေရာဌာနတစ်ခုဟု ဆိုရမည် ဖြစ်ပေသည်။

## ပညာရှိများ ထွန်းကားပြည့်လျှံ မြို့မြင်းခြံ

မြင်းခြံမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ထဲတွင် တစ်မြို့အပါအဝင် ဖြစ်ပြီး မန္တလေးမြို့နှင့် ရေလမ်းမိုင် ၈၀-ခန့်၊ ရန်ကုန်မြို့နှင့် ရေလမ်းမိုင် ၅၁၅-မိုင်ခန့် ကွာဝေးသည်၊ ၃၇၄-စတုရန်း မိုင် ကျယ်ဝန်းပြီး စစ်ကိုင်းမြို့နယ်နှင့် မိုင် ၂၀, တောင်သာမြို့နယ်နှင့် ၁၅. ၉-မိုင်, နွားထိုးကြီးမြို့နယ်နှင့် ၂၈. ၇-မိုင်, ဧရာဝတီမြစ်နှင့် ၂၈. ၆-မိုင် ထိစပ်နေသည်။

http://www.dhammadownload.com



မြင်းခြံနယ်ပယ် မြင်းခြံဒေသသည် သာသနာ့ဝန်ထမ်း ရဟန်းပညာရှိ, လူပညာရှိများ ထွန်းကားပေါ်ပေါက်ရာဌာန ဖြစ်လေရာ မြင်းခြံနယ်မှ ပေါ်ပေါက်ခဲ့သော ပညာရှိပုဂ္ဂိုလ်အချို့မှာ—

၁။ ပရမတ္ထဗိန္ဒုနိသျ, ဘိက္ခုပါတိမောက်နိသျ, ဝုတ္တောဒယ(ဆန်း) နိသျစသော ကျမ်းပေါင်းများစွာကို ပြုစီရင်တော်မူခဲ့သော သမ္မာသမ္ဗောဓိ ဆုကြီးပန် နွားပြင်းဆရာတော် အရှင်မုနိန္ဒသာရ၊ (မြင်းခြံ နွားပြင်းရွာ)

၂။ သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု, သုဒဿန အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်ရ စံကျောင်းဆရာတော် အရှင်သုဒဿန၊ (မြင်းခြံ နွားပြင်းရွာ)

၃။ ရဟန္တာဟု ကျော်ကြားထင်ရှားသော စွန်းလွန်းဆရာတော်ကြီး ဦးကဝိ၊ (မြင်းခြံ စွန်းလွန်းရွာ)

၄။ အဘိဓာန်နိသျသစ်, မောဂ္ဂလ္လာန်နိသျ, ဟိတောပဒေသနိသျ, အမရကောသနိသျစသော ကျမ်းပေါင်းများစွာကို ပြုစုတော်မူသွားသော အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်ရ အဘယာရာမဆရာတော် အရှင် အဂ္ဂဓမ္မာဘိဝံသ၊ (မြင်းခြံ ဗလုံရွာ)

၅။ မဟာရူပသိဒ္ဓိနိသျ, ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ဋီကာ စသော ကျမ်းဂန်များကို ပြုစီရင်ခဲ့သည့် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ၊ (မြင်းခြံ လယ်ကြီးရွာ)

၆။ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော်ရ ပခုက္ကူ မဟာဝိဇယာရာမတိုက် ဆရာတော် အရှင်ဇောတိက၊ (မြင်းခြံ သိမ်တော်ရွာ)

၇။ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော်ရ မန္တလေးမြို့ အနောက်ခင်မကန် တိုက် သူဌေးကျောင်းဆရာတော် အရှင်ရေဝတ၊ (မြင်းခြံ အင်းကန်ရွာ)

၈။ အာဘောဂါဒိဒီပနီကျမ်း, ကစ္စာယနပဥ္စာဗျာကရဏဝိလာသိနီ ကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော်ရ

http://www.dhammadownload.com



မန္တလေးမြို့ မစိုးရိမ်တိုက် စာချနာယကဆရာတော် အရှင်စန္ဒောဘာသာဘိဝံသ၊ (မြင်းခြံမြို့ လမ်းသစ်ရပ်)

၉။ လက္ခဏာတ္တယဝိနိစ္ဆယကျမ်း, ဝါကျသင်ခန်းစာ, မူလဋီကာဂဏ္ဌိကျမ်း စသည်တို့ကို ပြုစုစီရင်တော်မူသွားသော ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပ၊ (မြင်းခြံ ဖက်ပင်အိုင်ရွာ)

၁၀။ ဓာတ်ခြောက်ပါး သိမ်းဆည်းပုံကျမ်းစသည်ကို ပြုစီရင်တော်မူသွားသော မင်းကွန်း ပဌမဓမ္မနာဒဆရာတော် အရှင်ပညာစက္က၊ (မြင်းခြံမြို့ သပြေပင်ရပ်)

၁၁။ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော်ရ မင်းကွန်း တတိယဓမ္မနာဒဆရာတော် အရှင်သုစိတ္တ၊ (မြင်းခြံမြို့)

၁၂။ နဝမမြောက် ရွှေစင်တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ၊ (မြင်းခြံ လေးအိမ်တန်းရွာ)

၁၃။ ကာယာနုပဿနာကျမ်း, ဥတုဘောဇနသင်္ဂဟကျမ်း, ရာဇဓမ္မသင်္ဂဟကျမ်း, လိပိဒီပိကာကျမ်း, မဟာသမထဝိနိစ္ဆယကျမ်း, ဝိမုတ္တိရသကျမ်း, လောကဓာတ်ဆေးကျမ်း, နဝသိဒ္ဓန္တကျမ်း စသည်တို့ကို ပြုစီရင်ခဲ့သော ယောအတွင်းဝန် ဦးဘိုးလှိုင်၊ (မြင်းခြံ တလုပ်မြို့)

၁၄။ ရှေးခေတ် စာဆိုတော်ကြီး ဦးသံမှူ၊ (မြင်းခြံ ကျောက်ဆောက်မြို့ ရွာသာရွာ)

၁၅။ ကဗျသင်္ဂဟမေဒနီကျမ်းပြု ပညာအုပ်မင်း ဦးလွင်၊ (မြင်းခြံမြို့)

၁၆။ ရှေးခေတ် စာဆိုတော်ကြီး ဆရာခိုင်၊ (မြင်းခြံမြို့)

၁၇။ ရှေးခေတ် စာဆိုတော်ကြီး ဆရာဟင်း၊ (မြင်းခြံမြို့)

၁၈။ ရှေးခေတ် စာဆိုတော်ကြီး ဆရာအေး၊ (မြင်းခြံမြို့)

၁၉။ နိုင်ငံကျော်ဂီတစာဆိုတော် ရွှေခြံထွန်း (မြင်းခြံမြို့) တို့ ဖြစ်ကြပေသည်။

http://www.dhammadownload.com



## မွေးမြေရပ်ရွာ မွေးချိန်ခါ

ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်လောင်းလျာသည် ပညာရှင်အများ အပြား ထွန်းကားပေါ်ပေါက်လေ့ရှိရာ အဆိုပါ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျည်းပင်ရွာ၌ ဖွားမြင်ခဲ့သူ ဖြစ်သည်၊ မိဘများမှာ သူကြီး ဦးဆုံ+သူကြီးကတော် ဒေါ်ဆင်တို့ ဖြစ်ပြီး မွေးဖွားချိန်ကား ၁၂၇၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၁-၁၁-၁၉၁၁) ဗုဒ္ဓဟူးနေ့ ဖြစ်သည်၊ တိုင်းရေးပြည်ရာဘက်တွင် မိစ္ဆာမျိုးခြား အင်္ဂလိပ်များ အုပ်ချုပ်စိုးမိုးနေ ချိန် ဖြစ်သော်လည်း သာသနာတော်ဘက်တွင်မူ ဗုဒ္ဓစာပေပါရဂူ ဒီလစ် ဘွဲ့ရ တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး ကြီးမှူးအုပ်ချုပ်၍ သာသနာ့အလုပ် အားထုတ်ကြိုးပမ်းတော်မူနေချိန် ဖြစ်ပေသည်။

ဆရာတော်လောင်းလျာ ဖွားမြင်ရာမာသ တန်ဆောင်မုန်းလ-ကား သာယာလှသည့်အပြင် ရှေးဘုရင်များလက်ထက်က ဆီမီးရောင်စုံများ ထွန်းညှိကာ ကြတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ၍ တိုင်းသူပြည် သားတို့ အေးချမ်းစွာ ပျော်ရွှင်မြူးထူးကြသည့် အခါသမယ ဖြစ်သလို မဟာကထိန် အလှူတော်ပွဲကြီးများကို ဆင်နွှဲကျင်းပ လှူဒါန်းနေကြသည့် အခါသမယလည်း ဖြစ်သည်၊ သာသနာတော်ထမ်း ရှင်ရဟန်းများအနေ ဖြင့်လည်း ရာသီဥတု မပူမအေး သမသီတ သမဥဇု ဖြစ်၍ ခုရနှစ်ပါး ကို ချမ်းသာစွာ ပွားများအားထုတ်ကြသည့် အခါသမယ ဖြစ်ပေသည်။

သားသမီးသုံးယောက် ရှိသည့်အနက် သားလတ်ဖြစ်ပြီး ငယ်စဉ်က ပင် လူချစ်လူခင် ပေါများလှသည့်အတွက် မိဘများက 'မောင်ခင်' ဟု အနွတ္ထနာမည် ခေါ်တွင်ခဲ့ကြသည်၊ ဇာတာ၌မူ ဘေးရန်အန္တရာယ်များ ကင်းရှင်းရမည်-ဟူသော အတိတ်ကောင်း နိမိတ်ကောင်းဖြင့် နေ့သင့် နံသင့် 'မောင်ရန်ရှင်း' ဟု နားမည်ပေးခဲ့ကြလေသည်။


http://www.dhammadownload.com




## ဇာတာတော်

ဇေယျတု။ သက္ကရာဇ် ၁၂၇၃-ခု၊ ဒီဃကလိယုဂ် ၅၀၁၂-နှစ်ကြွင်း၊ မြင်းခြံ ရဝိဖုဋ္ဌ တူရာသီ ဝေါဟာရ တန်ဆောင်မုန်းလဆန်း ၁၁-ရက် ၄-ဟူး နေ့ ညနေ စက် ၃-နာရီ ၁၅-မိနစ်၊ မြန်မာ နေ့ ၃-ချက်တီးကျော် ၁-နာရီ ပါဒ်ပြည့် ၅-ဗီဇနာ ၃-ပြန် ၅-ခရာ ကုံရာသီ သုဒ္ဓလဂ် ကုံစန်း ၂-လ်ာ ဟောရတ် ၆-ကြာ တြင်း ၄-ဟူး နဝင်း စနေ ဒွါဒသင်း ၆-ကြာ တိံသင်း လဂ်စီးနက္ခတ် ၂၄-လုံး ၂-ပါဒ် ၁၃-ဃဋီ ၂၆-ဝိဃဋီ ၃၀-အနုဃဋီထက် လဂ်စီးလျက် ထိုနာရီ၏ ဆာယာ ဣဋ္ဌဘဝါးသော်ကား ၁၂-ဘဝါး ၁၆-မုယော ၄၈-ဆံခြည်တွင် ကြည်လင်သဒ္ဓါ ရတနာသုံးပါး ဦးထိပ်ထားလျက် ဘုန်းပညာနှင့် ပြည့်စုံသော သတို့သား သန္ဓေစင်သည်၊ နာမသညာ မောင်ရန်ရှင်း ဇာတာ၊ တက္ကာလဘုတ္တိ အာယု ၁၂၀-ရှည်စေသော်။


(၁)
ဘာဝစက်




(၂)
ရာသီစက်




(၃)
အံသာစက်



http://www.dhammadownload.com



## ဖခင်ဦးဆုံ ကွယ်လွန်

မောင်ခင် လေးနှစ်သား အရွယ်တွင် မောင်ခင့်ဖခင် ကျည်းပင်ရွာ သူကြီးဦးဆုံ ကွယ်လွန်သွားသည်၊ သူကြီးပီပီ မှန်မှန်ကန်ကန်လုပ်သဖြင့် မကျေနပ်သော ဒမြအဖွဲ့က လုပ်ကြံသတ်ဖြတ်လိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်၊ ဖခင် ကွယ်လွန်မှုနှင့် ပတ်သက်၍ ဆရာတော်ကြီးက အလွန် ရင်းနှီးသော တပည့်များအား "ငါ့အဖေက လူမိုက်ကွ၊ လူမိုက်ဆိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတာပေါ့၊ အဖေက မိုက်ပေမယ့် ငါကတော့ မမိုက်ပါဘူးကွာ" ဟု မိန့်ကြားတတ်သည်၊ (လူမိုက်- ဆိုသည်မှာ ခိုး ဆိုး သောင်းကျန်းနေ၍ ပြောသည်မဟုတ်၊ ရွာလူကြီး လုပ်သဖြင့် လူမိုက် ဟု ပြောခြင်း ဖြစ်ပါသည်။)

ဖခင် သူကြီး ဦးဆုံ ကွယ်လွန်သွားသဖြင့် မိခင် ဒေါ်ဆင်သည် သူမ ၏ မိဘများဖြစ်ကြသည့် ဦးပေါ်+ဒေါ်ကျန်တို့ရှိရာ သဲဖြူဝရွာသို့ ပြောင်း ရွှေ့သွားရာ မောင်ခင်မှာ မိခင်နှင့်အတူ လိုက်ပါမသွားဘဲ ဖခင်ဘက်မှ အဖိုး-အဖွားများ ဖြစ်ကြသော ကျည်းပင်ရွာ ဆေးဆရာကြီး ဦးချယ်+ ဒေါ်အုံ့တို့အိမ်၌ နေရစ်ခဲ့သည်၊ ထို့ကြောင့် မောင်ခင်သည် အဖိုး-အဖွား တို့၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်၊ ခြောက်နှစ်သားအရွယ် ရောက် သည့်အခါ အဖိုးဦးချယ်က မောင်ခင့်ကို ကျည်းပင်ကျောင်းဆရာတော် ဦးသာသနထံ ပို့အပ်ခဲ့သည်၊ ကျောင်းသွား-ကျောင်းပြန်တိုင်းပင် အဖိုး ဦးချယ်က မောင်ခင့်ကို ထမ်းပို့-ထမ်းကြို ပြုလုပ်ပေးခဲ့သည်၊ ညနေ ဘုန်းကြီးကျောင်းမှ အိမ်ပြန်ရောက်သည့် အခါတွင်လည်း အဖိုးဦးချယ် သည် သူ၏သမီးငယ် (မောင်ခင်၏ ဒေါ်လေး) မငွေပေါ်နှင့်အတူ မြေး ကလေး မောင်ခင်အား တစ်ယောက်က "ကကြီး ဘယ့်နှယ်ရေးပါ့မယ်"၊ တစ်ယောက်က "ကကြီးရေ က" စသဖြင့် မေးဖြေပြုလုပ်စေခဲ့သည်။

http://www.dhammadownload.com



## ငယ်စဉ်ထူးခြား ဖြစ်ရပ်များ

နောင်တစ်ချိန် ထူးထူးခြားခြား ဖြစ်မည့်သူများသည် ငယ်စဉ်ကပင် သူတို့၏ ဘုန်းကံပါရမီကြောင့် သူတကာထက် ထူးခြားနေတတ်လေရာ တိပိဋကဓရဆရာတော်လောင်းလျာ မောင်ခင်မှာလည်း သူတကာထက် ထူးခြားသော ဖြစ်ရပ်များ ရှိခဲ့ပေသည်။

မောင်ခင် ၇-နှစ်သားအရွယ် အဒေါ် မယုံ နှင့် နွားကျောင်း လိုက်သွားစဉ် ညနေ နွားများရေသောက်အဆင်း ရှေ့ဆုံးမှ သန်ရောင်အမည်ရှိ နွားနက်ကြီးကို စီးလာစဉ် မြစ်ဆိပ်ရောက်ခါနီး နွားနက်ကြီးပေါ်မှ လိမ့်ကျသွားသောအခါ နွားနက်ကြီးသည် မောင်ခင့်အား အခြားနွားများ မနင်းမိစေရန် ဝမ်းဗိုက်အောက် တည့်တည့်ထား၍ ရပ်နေပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်၊ အခြားနွားများအားလုံး သွားပြီး၍ ရှင်းသွားပြီဆိုမှ မောင်ခင့်ကိုယ်ပေါ်မှ ဖယ်ပေးပြီး သူကိုယ်တိုင် ရေသောက်ဆင်းသွားခဲ့သည်၊ ထူးထူးခြားခြား သာသနာပြုရမည့်သူ ဖြစ်၍ တိရစ္ဆာန်များကပင် ဘေးအန္တရာယ်မရောက်အောင် ကာကွယ်စောင့်ရှောက်ပေးရခြင်း ဖြစ်ပေလိမ့်မည်၊ ၎င်းဖြစ်ရပ်သည် ဘုန်းရှင်ကံရှင် ပါရမီရှင်အား အသက်အန္တရာယ်ပြု၍ မရနိုင်-ဟု ညွှန်ပြနေသလိုလည်း ဖြစ်ပေသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ– ကျည်းပင်ကျောင်းတွင် နေစဉ် ကျောင်းလှေခါး အနီးရှိ ရှောက်ချိုပင်ကြီးပေါ်၌ တစ်လုံးတည်း ကျန်ရှိနေသည့် ရှောက်ချိုသီးကြီးကို အခြားကျောင်းသားများ ဆူးစူး၍ ခူးမရ ဖြစ်နေစဉ် မောင်ခင်သည် ဆူးများကို ကွေ့ကာရှောင်ကာ သစ်ပင်ပေါ်သို့ ခက်ရာခက်ဆစ် တက်ပြီး ရှောက်ချိုသီးကြီးကို ရအောင်ခူးယူနိုင်ခဲ့သည်၊ ရသည့်အခါတွင်လည်း သူတစ်ဦးတည်း မစားဘဲ အဖော်ကျောင်းသားများနှင့်

http://www.dhammadownload.com



အတူ ဝေငှစားခဲ့သည်၊ သူတကာတို့ ရယူနိုင်ခဲသည့် 'တိပိဋကဓရ'ဘွဲ့တော်ကြီးကို အရယူပြီးနောက် နိုင်ငံအနှံ့အပြား ဓမ္မရသများ ဖြန့်ဝေပေးမည့် အတိတ်နိမိတ် ဖြစ်နိုင်ပေသည်။

မည်သူနှင့်မျှ ခိုက်ရန်ဒေါသ မဖြစ်ပဲ အေးအေးဆေးဆေး နေတတ်ခြင်း, သည်းခံတတ်ခြင်း, အခြားကလေးများလို ဆော့ကစား မမက်ခြင်း, အားအားရှိလျှင် စာကိုသာ ဖတ်နေတတ်ခြင်း, အခြားသူများ စာအံသံကြားသည်နှင့် ၎င်းစာကို ရပြီးဖြစ်နေတတ်ခြင်း, အလိုက်သိ အကင်းပါးခြင်း, မိမိ၏ဝတ္တရားကို ကျေကျေပွန်ပွန် မခိုမကပ် လုပ်ဆောင်တတ်ခြင်း စသော ထူးခြားချက်များလည်း ရှိပေသေးသည်။

ဤသို့ဖြင့် ကျည်းပင်ကျောင်း ဆရာတော်ထံတွင် တစ်နှစ်ကျော်မျှ နေပြီးသောအခါ မောင်ခင်သည် ပရိတ်ကြီး ၁၁-သုတ်လုံးကို ကောင်းစွာ သင်ကြားရရှိပြီးပေပြီ။

## မြင်းခြံမြို့ မင်းကျောင်းတိုက်သို့

မောင်ခင် ခုနစ်နှစ်သားအရွယ်တွင် မိခင် ဒေါ်ဆင်နှင့် ဦးလေးဖြစ်သူ ဦးကောက်တို့က ဆရာတော်ဦးသာသနနှင့် တိုင်ပင်၍ မောင်ခင့်ကို မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း စာချအကျော် ဆရာတော် ဦးသောဘိတထံသို့ ပြောင်းရွှေ့ပို့ဆောင်အပ်နှံခဲ့ကြသည်၊ မောင်ခင်သည် ထိုစဉ်ကတည်းကပင် "ရုပ်သွင်ကလျာ၊ ပြည့်စုံပါလည်း၊ နံ့သာကြိုင်သင်း၊ ဂုဏ်မှကင်းမူ၊ အဆင်းလှဆန်း၊ လှူပေါက်ပန်းတည်း"ဟူသည်နှင့်အညီ အဆင်းသာ လှပပြီး ပညာမတတ်မည်ကို မလိုလားခဲ့ချေ၊ ထို့ကြောင့်လည်း ပညာတတ်ကြီးဖြစ်စေရန် စာကိုကြိုးစားကျက်မှတ်သည်၊ တစ်နေ့ ကျက်ရမည့် စာကို တစ်နေ့ မရမချင်း နေရာမှ ထလေ့ မရှိခဲ့ပေ။

http://www.dhammadownload.com




ဥယျာမေနေဝ သိဇ္ဈန္တိ၊ န စိန္တာယ ကတာနိ ဝေ။
န ဟိ သုတ္တဿ သီဟဿ၊ ပဝိသန္တိ မုခေ မိဂါ။

(လုပ်ငန်းကိစ္စများသည် ကြိုးစားလုပ်ဆောင်မှသာ ပြီးစီးသည်၊ ကြံစည်နေရုံမျှဖြင့် မပြီးစီးနိုင်၊ အိပ်နေသော ခြင်္သေ့ကြီး၏ ပါးစပ်ထဲသို့ သားကောင်ငယ်များ သူ့အလိုလို ဝင်လာကြမည်မဟုတ်) ဟူသော ရှေးပညာရှင်များ၏ အဆိုအမိန့်အရ ကျက်မှတ်စရာ စာပေများသည် ကျက်မှတ်မှသာလျှင် နှုတ်ဖျားပေါ် ရောက်လာမည်၊ မကျက်မှတ်ပဲ ဒီအတိုင်း ထားလျှင်တော့ သူ့အလိုလို ရောက်လာလိမ့်မည်မဟုတ်သည်ကို နားလည်သည်၊ ထို့ပြင် အပျင်းနှင့် အဖျင်း အချင်းချင်းလည်း ပစ္စည်းတပ်ကြသည်ကို (ပျင်းလျှင် ဖျင်းတတ်သည်ကို) မောင်ခင် ရိပ်မိသည်၊ စာကျက်ဖို့ ပျင်းသောအခါဟု တစ်ခါမှ မရှိခဲ့ဖူးချေ၊ စာကိုသာ တကုပ်ကုပ်နှင့် ကြိုးစားကျက်မှတ်နေခဲ့သည်၊ သို့ဖြစ်၍လည်း မောင်ခင်၏ ဇွဲလုံ့လ ဝီရိယကို အတူနေ ကျောင်းသားများကသာမက ဆရာသမားများကပင် အသိအမှတ်ပြု ချီးကျူးခဲ့ကြရလေသည်။

## သာမဏေဘဝ ရှင်ဝိစိတ္တသာရ

မောင်ခင် ဆယ်နှစ်သားအရွယ်တွင် မိခင် ဒေါ်ဆင်က ရှင်ပြုပေးခဲ့သည်၊ မောင်ခင့်အဖို့ ဒုတိယအကြိမ် ရှင်ပြုမင်္ဂလာပွဲ ဖြစ်၏၊ ပထမအကြိမ်ကား ၆-နှစ်သားအရွယ်တွင် အဖိုး ဆရာကြီးဦးချယ်က သင်္ကန်းဝတ်ဖြင့် မြင်ချင်သည်ဆို၍ အေးမင်္ဂလာပ်ဖြင့် ရှင်ပြုပေးခဲ့သည်၊ သို့ရာတွင် ထိုစဉ်က သင်္ကန်းမနိုင်သေးသည့်အရွယ်ဖြစ်၍ ခေတ္တမျှသာ သင်္ကန်းဝတ်ပေးခဲ့ကြသည်၊ ဥပဇ္ဈာယ်ဆရာမှာ မြင်းခြံမြို့ မင်းကျောင်းတိုက်ဆရာတော် ဦးသောဘိတပင် ဖြစ်သည်၊ မောင်ခင်၏ ဉာဏ်အမြင် ဆန်းကြယ်မှုကို သတိပြုမိသော ဆရာတော်ဦးသောဘိတက မောင်ခင်၏ ရှင်ဘွဲ့အမည်

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ကို ရှင်ဝိစိတ္တသာရ (ဆန်းကြယ်သော ဉာဏ်အမြင် အနှစ်သာရရှိသူ) ဟု ပေးတော်မူခဲ့လေသည်။

## သဒ္ဒါ သင်္ဂြိုဟ် အာဂုံပြန်

ကျက်ဉာဏ်ရော မှတ်ဉာဏ်ပါ ကောင်းလှသူ ရှင်ဝိစိတ္တသာရသည် ၁၂၈၆-ခုနှစ် ၁၃-နှစ်သားအရွယ်တွင် မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီ အသင်းက ဦးစီးကျင်းပသော စာပြန်ပွဲ၌ ကစ္စည်းသဒ္ဒါကြီးရှစ်စောင်ပါဠိ ကို အထောက်လွတ် ပြန်ဆိုအောင်မြင်ခဲ့ပြီး ၁၂၈၇-ခုနှစ် ၁၄-နှစ်သား အရွယ်တွင် အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ် ၉-ပိုင်း)ပါဠိကို ပြန်ဆိုအောင် မြင်ခဲ့ပြန်သည်၊ ရှင်ဝိစိတ္တသာရကား ငယ်စဉ်ကပင် ပညာရဲရင့် ပွဲလယ် တင့်သူ ဖြစ်ခဲ့သည်။

"နရတ္တံ ဒုလ္လဘံ လောကေ၊ ဝိဇ္ဇာ တတြ သုဒုလ္လဘာ။

ကဝိတ္တံ ဒုလ္လဘံ လောကေ၊ သတ္တိ တတြ သုဒုလ္လဘာ" ဟူသော ကဝိဒပ္ပဏနီတိစကားအတိုင်း (၁) လူ့အဖြစ်၊ (၂) အတတ်ပညာ၊ (၃) ပညာရှိမှု၊ (၄) ရဲရင့်မှုသတ္တိ ဆိုသည့် ဒုလ္လဘတရား ၄-ပါးကို ငယ်စဉ် ကပင် ပိုင်ပိုင်မိမိ ရရှိတော်မူခဲ့လေသည်။

## ရှင်ဝိစိတ္တသာရနှင့် ပိဋကတ်ကျမ်းစာများ

ရှင်ဝိစိတ္တသာရ ၁၄-နှစ်သားအရွယ်ရောက်သောအခါ ဆရာတော် ဦးသောဘိတက သင်ရိုး ပါဠိတော် အဋ္ဌကထာ ကျမ်းများကို ပေးအပ်ခဲ့ သည်၊ ဦးလေးဖြစ်သူ ဦးဖြူလွင်ကလည်း သင်ရိုးဋီကာကျမ်းအစုံ လှူဒါန်း ခဲ့သည်၊ ဤသို့ဖြင့် ရှင်ဝိစိတ္တသာရသည် ၁၄-နှစ်သားအရွယ် သာမဏေ ငယ် ဘဝကတည်းကပင် သင်ရိုး ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများ ကို လက်ဝယ်ရရှိပြီးသား ဖြစ်နေပေပြီ။

http://www.dhammadownload.com



စာအုပ်ဗီရိုကလေးက ရှင်ဝိစိတ္တသာရ၏ခေါင်းရင်းတွင် အခန့်သား နေရာယူလျက်ရှိသည်၊ ရှင်ဝိစိတ္တသာရသည် စာအုပ်ဗီရိုကလေးကို နေ့စဉ်ကြည့်ပြီး ပီတိဖြာနေသည်၊ နေ့စဉ်နေ့တိုင်းလည်း ထိုစာအုပ်ဗီရိုလေးထဲမှ စာအုပ် တစ်အုပ်မဟုတ် တစ်အုပ်ကိုတော့ ထုတ်ယူကြည့်နေခဲ့သည်၊ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများတွင် ပါရှိသည့် ပါဠိပုဒ်အားလုံးကို မသိရှိသေးသော်လည်း တစ်ပုဒ်သိသိ နှစ်ပုဒ်သိသိ သိသမျှ အမြတ်ပဲဟု ကြည့်ရှုနေခြင်း ဖြစ်ပေသည်၊ ဤနည်းအားဖြင့် ရှင်ဝိစိတ္တသာရသည် ထို စဉ်ကပင် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် များစွာရင်းနှီးနေပြီး ဖြစ်သည်၊ ယင်းသည်ပင်လျှင် တိပိဋကဓရ၏ ရှေ့ပြေးနိမိတ်များဟု ဆိုနိုင်ပေသည်။

## ကဗျာဉာဏ်နှင့် ပါဠိဉာဏ်

ရှင်ဝိစိတ္တသာရ ၁၄-နှစ်သားအရွယ်မှာပင် ဆရာတော် ဦးသောဘိတက ပေါရာဏဒီပနီကျမ်းစာအုပ်နှစ်အုပ်ကို ပေးအပ်ခဲ့သည်၊ ထိုစာအုပ်နှစ်အုပ်က ရှင်ဝိစိတ္တသာရအား ကဗျာမျိုးစေ့ဗီဇကို ချပေးခဲ့လေသည်၊ ရှင်ဝိစိတ္တသာရသည် ထိုစာအုပ်နှစ်အုပ်ကို ရရှိပြီးနောက် စာပေဝါသနာရှင်ပီပီ ကဗျာရေးခြင်း စာရေးခြင်းတို့ကို အခါအခွင့်သင့်တိုင်း လေ့ကျင့်ခဲ့သည်၊ ဆရာတော်ဦးသောဘိတကလည်း စာပေးစာယူကိစ္စရှိလျှင် ရှင်ဝိစိတ္တသာရကိုပင် ရေးခိုင်းလေ့ရှိသည်။

၁၄-နှစ်သားအရွယ် သာမဏေငယ်ဘဝကပင် ရှင်ဝိစိတ္တသာရသည် သုဝဏ္ဏသာမဇာတ် ပီဠိယက္ခမင်းအကြောင်းကို ရေးသားရာ၌—

“သမင်ကိုမျှ မပစ်အားဘဲ နဂါးလေလော သိကြားလေလော တွေးတောသံသယ နှစ်ဝသော အာဝဇ္ဇန်းသဘောဖြင့် ဝုဒ္ဓေါတိုင် မရောက်လာ၊ တဒါရုံဘွင်မကျ၊ သုဝဏ္ဏသာမ ဘုရားအလောင်း၌သာ အကြောင်း

http://www.dhammadownload.com



ကို သိချင်သော”စသဖြင့် ဆုံးဖြတ်ချက်မချနိုင်သော အဘိဓမ္မာသဘာဝ တဒါရုံမကျသည့် စိတ်ဝီထိဖြစ်ပုံကို လေးနက်စွာ တင်ပြနိုင်ခဲ့သည်။

ယင်းကာလမှာပင် မိမိတပည့်ကို ဘက်ပေါင်းစုံမှ တော်စေတတ်စေလိုသော ဆရာတော် ဦးသောဘိတက ရှင်ဝိစိတ္တသာရကို ပါဠိဉာဏ်ပါရင့်သန်စေရန် ဇိနာလင်္ကာရဋီကာ ဇာတတ္တကီ သောတတ္တကီ စသော စာအုပ်များကို သုဓမ္မဝတီပုံနှိပ်တိုက်မှ တကူးတက မှာယူကာ ကြည့်ရှုစေခဲ့ပြန်သည်။

## ကျေးဇူးသိတတ် ကျေးဇူးဆပ်

ရှင်ဝိစိတ္တသာရသည် ၁၅-နှစ်သားအရွယ် ၁၂၈၈-ခုနှစ်တွင် အစိုးရ ပထမငယ်တန်းစာမေးပွဲကိုဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည်၊ ၁၆-နှစ်အရွယ် ၁၂၈၉-ခုနှစ်တွင် ပထမလတ်တန်းစာမေးပွဲကို ဆက်လက်ဖြေဆို အောင်မြင်ခဲ့သည်၊ ပထမလတ်တန်း အောင်ပြီးနောက် ပထမကြီးတန်း စာပေများ ကြိုးစားအားထုတ်နေစဉ် ၁၇-နှစ်သားအရွယ်မှာပင် ဥပဇ္ဈာယ် ဆရာတော် ဦးသောဘိတ ကိုယ်တစ်ခြမ်းလေဖြတ်သွားသဖြင့် မိမိစာပေ ကိစ္စများကို အသာဖယ်ထားကာ ကျေးဇူးသိတတ်သော တပည့်လိမ္မာပီပီ ဂိလာနဖြစ်နေသော ဥပဇ္ဈာယ်ဆရာတော်ကိုသာ ၃-နှစ်တိုင်တိုင် ကိုယ်ဖိ ရင်ဖိ ပြုစုပေးခဲ့လေသည်၊ ယင်းသို့ ပြုစုနေရင်းနှင့်ပင် ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတ ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်။

> “ပညာရှိသူ၊ မရှိသူဟူ၊ ကြီးသူ ငယ်သူ၊ ဘယ်မဟူပဲ၊ ဗိုလ်လူခပင်း၊
> ထိုတသင်းကား၊ သေမင်းနိုင်ငံ၊ လိုက်ရမှန်၍၊ ဧကန်မုချ၊ အနိစ္စသည်၊
> ဒုက္ခ အနတ္တပါတကား”

ဟူသော ဓမ္မသံဝေဂကို ရှင်ဝိစိတ္တသာရ ကောင်းကောင်းကြီး ရယူနိုင်ခဲ့လေသည်။

http://www.dhammadownload.com



ရှင်ဝိစိတ္တသာရသည် ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ဈာပနကိစ္စကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးခဲ့သည်၊ အထူးသဖြင့် ဥပဇ္ဈာယ်ဆရာတော် မျိုးစေ့ချ လမ်းဖွင့်ပေးခဲ့သော ကဗျာဉာဏ်ကို အခြေခံ၍ ဥပဇ္ဈာယ်ဆရာတော်၏ ဈာပနပူဇော်ပွဲတွင် ရွတ်ဖတ်ရန် ကောင်းကင်ကြိုး, လေ့လော့သံ, ရတု, တေးထပ်, ဂါထာစသည်တို့ကို အရွယ်နှင့်မလိုက်အောင် ပြောင်မြောက်စွာ ရေးသားပြီး ဥပဇ္ဈာယ်ဆရာတော်အား ကျေးဇူးဆပ်ခဲ့လေသည်။

## မင်းကွန်းသို့ ရောက်ရှိပြီ

ဈာပနပွဲ အပြီးတွင် ဆရာတော် ဦးသောဘိတ၏ တပည့်ကြီးများ အစည်းအဝေးက ရှင်ဝိစိတ္တသာရကို မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ပို့အပ်ရန် ဘုန်းကြီး ဦးဣန္ဒာလောကအား တာဝန်ပေးကြသည်၊ သို့ဖြင့် ရှင်ဝိစိတ္တသာရသည် ၁၂၉၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် လိုက်ပါ ပို့ဆောင်ပေးသူ ဦးဣန္ဒာလောကနှင့် အတူ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက် ဆရာတော် ဦးပညာစက္က၏ ထံတော်မှောက်သို့ ရောက်ရှိသွားတော့သည်၊ ထိုအချိန်တွင် ရှင်ဝိစိတ္တသာရ၏ အသက်မှာ ၁၉-နှစ် ရှိနေလေပြီ။

ည ၉-နာရီခန့် မင်းကွန်းဘက်ကမ်း ရောက်၍ ကမ်းနားမှ ဓမ္မနာဒတိုက်သို့ လှည်းဖြင့် သွားကြစဉ် လိုက်ပို့ပေးသူ ဦးဣန္ဒာလောကက ရှင်ဝိစိတ္တသာရကို မေးသည်-

"ကိုရင် --- မင်းကွန်းတောရကတော့ ခပ်ခေါင်ခေါင်ပဲနော်၊ ကိုရင်နေရတာ ပျော်ပါ့မလား"

"တပည့်တော်အဖို့တော့ နတ်များက ပို့လိုက်လေသလားလို့တောင် အောက်မေ့မိပါတယ်ဘုရား"

http://www.dhammadownload.com



သည်စကားဖြင့်ပင် ဆိတ်ငြိမ်သောဝိဝေကအရပ်ကို နှစ်သက်သော ရှင်ဝိစိတ္တသာရ၏ စိတ်နေသဘောထားမှာ ပေါ်လွင်နေတော့သည်။

## မင်းကွန်းဒေသ သဘာဝ

မင်းကွန်းဒေသကား ဘိုးတော်ပဒုံမင်းတရားကြီး၏ ကောင်းမှုတော်များ ဖြစ်သည့် ပုထိုးတော်ကြီး, ခေါင်းလောင်းတော်ကြီး, ကန်တော်ကြီး, ခြင်္သေ့ကြီး ဆိုသော ကြီး ၄-ကြီးတို့အပြင် မြေးတော် စစ်ကိုင်းမင်းသား မောင်ရွှေစင် (ဘကြီးတော်) မင်းမဖြစ်မီ မြောက်သားတော် ဆင်ဖြူမယ် ကွယ်လွန်အနိစ္စရောက်သည်တွင် လွမ်းဆွတ်သတိရသည့်အထိမ်းအမှတ် အဖြစ်ဖြင့် တည်ထားခဲ့သည့် မြသိန်းတန်စေတီ (လွမ်းစေတီ) တည်ရှိရာ သမိုင်းဝင်ဒေသဖြစ်ပြီး မင်းကွန်းရွာ၏အရှေ့ဘက်တွင် မြစ်မင်းကြီးဧရာဝတီ၏ ရေအလျဉ်က ရွှေသားသင်ဖျူးလားသို့ ထင်ယောင်မှားလောက်အောင်ပင် တည်တည်ငြိမ်ငြိမ် ကြည်ကြည်လင်လင် တသွင်သွင် စီးဆင်းနေသည်၊ မြစ်အလယ်တွင် ဘိုးတော်ဘုရား ခေတ္တ ထီးနန်းစိုးစံခဲ့သည့် အလယ်ကျွန်း ခေါ် နန်းတော်ကျွန်းရွာကလေး၊ အရှေ့ဘက်ကမ်းတွင် မန္တလေးတောင် ရန်ကင်းတောင် နှင့် သခင်မတောင်တော်များ၊ ထိုမှ အရှေ့ဘက်သို့ ဆက်လက် ရှုမျှော်ကြည့်လိုက်ပါက လွမ်းမောဘွယ်ရာ ရှမ်းရိုးမ တောင်တန်းပြာကြီးများကို တွေ့မြင်နိုင်သလို အနောက်ဘက်တွင်မူ "မင်းဝံတောင်ပေါင်း ခြောက်သောင်း တောမြိုင်"ဟု တင်စားခဲ့ရသည့် မင်းကွန်း-မင်းဝံတောင်တန်းကြီးများနှင့် ရွှေမြင်တင်တောင်တန်းကြီးများကို တမျှော်တခေါ် တွေ့မြင်နိုင်ပေသည်၊ တောင်သေလာကြီးများကာရံဆီးပြီး မြစ်ကြီး ဧရာဝတီ၏ ရေသီတာစမ်းတို့ဖြင့် အုံ့မခန်းပြန်ကာ မြိုင်ယံတောထူ လူသူ အရောက်အပေါက် နည်းပါးလှသဖြင့် ဝိဝေကခင် သူတော်စင်များနှင့် အလွန်သင့်လျော်သောဒေသပင် ဖြစ်ပေသည်။

http://www.dhammadownload.com



မျိုးကို ရှေးရှေးသူတော်ကောင်းကြီးတွေ ဒီပုံဒီနည်း ဆောင်ရွက်လေ့ရှိကြတယ်" စသည်ဖြင့် သားအရင်းပမာ ညင်ညင်သာသာ နားဝင်အောင် ပြောပြပေးလေ့ရှိသည်၊ တေးထပ်လင်္ကာများဖြင့်လည်း ဆုံးမလေ့ရှိရာ ဆရာကြီးရေးစပ်ဆုံးမခဲ့သည့် တေးထပ်တစ်ပုဒ်မှာ–

**မောင်ဆန်းကြွယ် တယ်မဆန်းချင်နဲ့ အရွယ်တန်း ငယ်သည်၊**
**တကယ်ဆန်း ကြွယ်ပလီလျှင် မဖွယ်မည်အရေး၊**
**မကြုံသင့် ကြုံရမည်ကို တုန်လှုသည် သည်းဖိုလှိုက်အေး၊**
**မြတ်ဗုဒ္ဓသာသနာမှာ အရာရာလိုသေး၊**
**ပမာဒါ ခိုမမွေးစေနဲ့ ကိုယ်ရေးကို ကိုယ်မျှော်၊**
**သံသရာ ဘုံဝလေ့ကိုဖြင့် ကြုံမတွေ့ ဝေးကရှောင်နော်၊**
**သာကီဇာတ် တစ်ပါးအမော်ရယ် တရားတော် အခြေမြင့်စေဖို့**
**အဆွေနှင့် ဆရာရှင် ဆုံးမသွန်သင်၊**
**ပြောသမျှ သောတဆင်လျှင်**

**လောကတွင် မောင်တင့်ပါလိမ့်လေး-ဟူ၍** ဖြစ်သည်၊ ရှင်ဝိစိတ္တသာရကလည်း သားတော်ရာဟုလာကဲ့သို့ အဆုံးအမကို လိုလားသူပီပီ မွေးစားမိခင် သွန်သင်ဆုံးမသမျှကို တစ်သွေမတိမ်း လိုက်နာမှတ်သားလေ့ရှိလေသည်၊ "ပြောသမျှ သောတဆင်လျှင် လောကတွင် မောင်တင့်ပါလိမ့်လေး" ဆိုသည့်အတိုင်း မွေးစားမိခင် သွန်သင်သမျှ သောတဆင်ခဲ့သဖြင့် လောကအလယ်တွင် အတင့်တယ်ကြီး တင့်တယ်ခဲ့ခြင်း ဖြစ်ပေသည်။

## သစ္စဝါဒီဒိုင်္ဂကာ

၁၂၈၈-ခုနှစ်က ရန်ကုန်မြို့ မင်းတိုင်ပင်အမတ် သူဌေးဦးလွန်းသည် 'သစ္စဝါဒီ'ဆိုသော သတင်းစာတိုက်ကို တည်ထောင်၍ သတင်းစာ ထုတ်ဝေဖြန့်ချီခဲ့သည်၊ ဦးလွန်းသည် ပါဠိစာပေ, မြန်မာစာပေတို့ကို မြတ်နိုး

http://www.dhammadownload.com



သည်စကားဖြင့်ပင် ဆိတ်ငြိမ်သောဝိဝေကအရပ်ကို နှစ်သက်သော ရှင်ဝိစိတ္တသာရ၏ စိတ်နေသဘောထားမှာ ပေါ်လွင်နေတော့သည်။

## မင်းကွန်းဒေသ သဘာဝ

မင်းကွန်းဒေသကား ဘိုးတော်ပဒုံမင်းတရားကြီး၏ ကောင်းမှုတော်များ ဖြစ်သည့် ပုထိုးတော်ကြီး, ခေါင်းလောင်းတော်ကြီး, ကန်တော်ကြီး, ခြင်္သေ့ကြီး ဆိုသော ကြီး ၄-ကြီးတို့အပြင် မြေးတော် စစ်ကိုင်းမင်းသား မောင်ရွှေစင် (ဘကြီးတော်) မင်းမဖြစ်မီ မြောက်သားတော် ဆင်ဖြူမယ် ကွယ်လွန်အနိစ္စရောက်သည်တွင် လွမ်းဆွတ်သတိရသည့်အထိမ်းအမှတ် အဖြစ်ဖြင့် တည်ထားခဲ့သည့် မြသိန်းတန်စေတီ (လွမ်းစေတီ) တည်ရှိရာ သမိုင်းဝင်ဒေသဖြစ်ပြီး မင်းကွန်းရွာ၏အရှေ့ဘက်တွင် မြစ်မင်းကြီးရောဝတီ၏ ရေအလျဉ်က ရွှေသားသင်ဖျူးလားသို့ ထင်ယောင်မှားလောက်အောင်ပင် တည်တည်ငြိမ်ငြိမ် ကြည်ကြည်လင်လင် တသွင်သွင် စီးဆင်းနေသည်၊ မြစ်အလယ်တွင် ဘိုးတော်ဘုရား ခေတ္တ ထီးနန်းစိုးစံခဲ့သည့် အလယ်ကျွန်း ခေါ် နန်းတော်ကျွန်းရွာကလေး၊ အရှေ့ဘက်ကမ်းတွင် မန္တလေးတောင် ရန်ကင်းတောင် နှင့် သခင်မတောင်တော်များ၊ ထိုမှ အရှေ့ဘက်သို့ ဆက်လက် ရှုမျှော်ကြည့်လိုက်ပါက လွမ်းမောဘွယ်ရာ ရှမ်းရိုးမ တောင်တန်းပြာကြီးများကို တွေ့မြင်နိုင်သလို အနောက်ဘက်တွင်မူ "မင်းဝံတောင်ပေါင်း ခြောက်သောင်း တောမြိုင်" ဟု တင်စားခဲ့ရသည့် မင်းကွန်း-မင်းဝံတောင်တန်းကြီးများနှင့် ရွှေမြင်တင်တောင်တန်းကြီးများကို တမျှော်တခေါ် တွေ့မြင်နိုင်ပေသည်၊ တောင်သေလာကြီးများ ကာရံဆီးပြီး မြစ်ကြီး ဧရာဝတီ၏ ရေသီတာစမ်းတို့ဖြင့် အံ့မခန်းပြန်ကာ မြိုင်ယံတောထူ လူသူ အရောက်အပေါက် နည်းပါးလှသဖြင့် ဝိဝေကခင် သူတော်စင်များနှင့် အလွန်သင့်လျော်သောဒေသပင် ဖြစ်ပေသည်။

http://www.dhammadownload.com



## 'မင်းကွန်း'ဟူသောအမည်

မင်း-ဆိုသည်မှာ ရှင်ဘုရင်ဟု အဓိပ္ပါယ်ရသည်၊ အထူးသဖြင့်ကား (အံ့ဩလှိုင်စွာ ရာဇာဘွန်းလျှံ ထီးနန်းစံ-အရ) ၁၁၄၃-ခုနှစ်တွင် ထီးနန်း စိုးစံခဲ့သော ကုန်းဘောင် ၆-ဆက်မြောက် ပဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်း ကို ဆိုလိုခြင်းဖြစ်သည်၊ ကွန်း-ဆိုသည်မှာကား ခေတ္တခဏ ခိုနားရာဌာန ဟု အဓိပ္ပါယ်ရသည်၊

"စိမ်းလဲ့ယယ်တဲ့ ညိုမှောင်
ပင်ဝါးရှုံ လေယူသွဲ့တယ် ယိမ်းနွဲ့မြောက်တောင်၊
မြူခိုးငယ်မှောင် ဟိုတောင်ကြော့ခါးပန်း
ရွှေဥဒေါင်းငယ်တို့
မြိုင်စောင်းမှာ တွန်သံချိုလှတယ် ကွယ်
ကွန်းခိုတဲ့ နန်း"

ဟူသော ရှေးကဗျာနှင့်အညီ ကွန်း-ဆိုသည်မှာ ခေတ္တခိုနားရာဌာနကို ဆိုခြင်း ဖြစ်သည်၊ ထို့ကြောင့် မင်းကွန်း-ဆိုသည်မှာ ရှင်ဘုရင်၏ ခေတ္တ ခိုနားရာဌာနဟု အဓိပ္ပါယ်ရလေသည်။ (ဘိုးတော်ဦးဝိုင်းသည် ၁၁၅၀-ခုနှစ် ဝန်းကျင်တွင် မင်းကွန်းဒေသ၌ ခေတ္တ ခိုနားခဲ့သည်။)

## မွေးစားမိခင် ကျေးဇူးရှင်

ရှင်ဝိစိတ္တသာရ ဓမ္မနာဒသို့ရောက်ပြီး နောက်တစ်နေ့မှာပင် ဓမ္မနာဒ ကျောင်းတိုက်ကို ကျောင်းမြေနေရာနှင့်တကွ စတင်ပြုစု ပျိုးထောင်ခဲ့သူ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် သိကျွမ်းခဲ့ရသည်၊ ဆရာကြီးဒေါ်ဓမ္မ စာရီက ရှင်ဝိစိတ္တသာရကို မေးမြန်းလျှောက်ထားသည်—

"ကိုရင်လေးဘွဲ့အမည်က ဘယ်လိုခေါ်ပါသလဲဘုရား"

http://www.dhammadownload.com



မျိုးကို ရှေးရှေးသူတော်ကောင်းကြီးတွေ ဒီပုံဒီနည်း ဆောင်ရွက်လေ့ရှိကြတယ်” စသည်ဖြင့် သားအရင်းပမာ ညင်ညင်သာသာ နားဝင်အောင် ပြောပြပေးလေ့ရှိသည်၊ တေးထပ်လင်္ကာများဖြင့်လည်း ဆုံးမလေ့ရှိရာ ဆရာကြီးရေးစပ်ဆုံးမခဲ့သည့် တေးထပ်တစ်ပုဒ်မှာ–

မောင်ဆန်းကြွယ် တယ်မဆန်းချင်နဲ့ အရွယ်တန်း ငယ်သည်၊
တကယ်ဆန်း ကြွယ်ပလီလျှင် မဖွယ်မည်အရေး၊
မကြံသင့် ကြံရမည်ကို တုန့်လှသည် သည်းဖိုလှိုက်အေး၊
မြတ်ဗုဒ္ဓသာသနာမှာ အရာရာလိုသေး၊
ပမာဒါ ခိုမမွေးစေနဲ့ ကိုယ်ရေးကို ကိုယ်မျှော်၊
သံသရာ ဘုံဓလေ့ကိုဖြင့် ကြုံမတွေ့ ဝေးကရှောင်နော်၊
သာကီဇာတ် တစ်ပါးအမော်ရယ် တရားတော် အခြေမြင့်စေဖို့
အဆွေနှင့် ဆရာရှင် ဆုံးမသွန်သင်၊
ပြောသမျှ သောတဆင်လျှင်

လောကတွင် မောင်တင့်ပါလိမ့်လေး-ဟူ၍ ဖြစ်သည်၊ ရှင်ဝိစိတ္တသာရကလည်း သားတော်ရာဟုလာကဲ့သို့ အဆုံးအမကို လိုလားသူပီပီ မွေးစားမိခင် သွန်သင်ဆုံးမသမျှကို တစ်သွေမတိမ်း လိုက်နာမှတ်သားလေ့ရှိလေသည်၊ “ပြောသမျှ သောတဆင်လျှင် လောကတွင် မောင်တင့်ပါလိမ့်လေး” ဆိုသည့်အတိုင်း မွေးစားမိခင် သွန်သင်သမျှ သောတဆင်ခဲ့သဖြင့် လောကအလယ်တွင် အတင့်တယ်ကြီး တင့်တယ်ခဲ့ခြင်း ဖြစ်ပေသည်။

## သစ္စဝါဒီဋီကာ

၁၂၈၈-ခုနှစ်က ရန်ကုန်မြို့ မင်းတိုင်ပင်အမတ် သူဌေးဦးလွန်းသည် ‘သစ္စဝါဒီ’ဆိုသော သတင်းစာတိုက်ကို တည်ထောင်၍ သတင်းစာ ထုတ်ဝေဖြန့်ချိခဲ့သည်၊ ဦးလွန်းသည် ပါဠိစာပေ, မြန်မာစာပေတို့ကို မြတ်နိုး

http://www.dhammadownload.com



"ရှင်ဝိစိတ္တသာရလို့ ခေါ်ပါတယ် ဒကာမကြီး"

"ဝိစိတ္တ-သဒ္ဒါက ဆန်းကြယ်ခြင်း အနက်ကို ဟောတော့ ကိုရင့်ဘွဲ့ အမည်ကို မြန်မာလိုခေါ်ရင် 'ကိုရင်ဆန်းကြယ်' လို့ ခေါ်သင့်ပါသလား ဘုရား"

"ဒါကတော့ ဒီလိုရှိပါတယ် ဒကာမကြီး၊ နာမည်က ဆန်းကြယ်ပေမယ့် လူက ဆန်းကြယ်ချင်မှ ဆန်းကြယ်တာပါ။ 'မောင်ချမ်းသာ' ဆိုပေမယ့် သူချမ်းသာချင်မှ ချမ်းသာသလိုပေါ့"

"ဟုတ်လိုက်လေ ကိုရင်၊ ဇာတ်တော်တွေထဲမှာလဲ ဇီဝက (မောင်သက်ရှည်)လို့ အမည်ရှိပေမယ့် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ဘဲ ကွယ်လွန်သွားကြောင်း၊ ဓနပါလီ (မငွေရှင်) ဆိုတဲ့ အမျိုးသမီးလေးတစ်ယောက်လဲ အမည်ကသာ 'မငွေရှင်' ဖြစ်ပေမယ့် သူမမှာ သူတပါးကြွေးမြီ မပေးဆပ်နိုင်လို့ အနှောင်အဖွဲ့ ခံရတဲ့အကြောင်း၊ ပန္ထက (လမ်းဗိုလ်) ဆိုတဲ့သူငယ် မျက်စိလည်လမ်းပျောက်နေကြောင်း စသည်ဖြင့် ဘုရားရှင်က စုပေါင်းပြီး ဟောထားတဲ့ နာမသိဒ္ဓိဇာတ်တော် ရှိတာဘဲဟာ၊

ဇီဝကဉ္စ မတံ ဒိသွာ၊ ဓနပါလိဉ္စ ဒုဂ္ဂတိံ ။
ပန္ထကဉ္စ ဝနေ မူဠံ၊ ပါပကော ပုနရာဂတော" တဲ့။

သီလရှင်ဆရာကြီးဒေါ်ဓမ္မစာရီသည် ယင်းကာလနောက်ပိုင်းမှစ၍ ဓမ္မနာဒဆရာတော်ထံ ခွင့်ပန်ကာ ရှင်ဝိစိတ္တသာရကို မွေးစားမိခင်ပမာ ဆွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် စောင့်ရှောက်လာခဲ့သည်၊ ဆရာကြီး ဒေါ်ဓမ္မစာရီသည် 'သစ္စဝါဒီဋီကာ' ကျမ်းကိုပင် ဆရာတော်များနှင့် ယှဉ်ပြိုင် ရေးသားပြုစုနိုင်သည့် ပညာရှိပုဂ္ဂိုလ် ပီပီ ရှင်ဝိစိတ္တသာရ အတွက် ပြောစရာ ဆိုစရာ ကြုံတွေ့လာလျှင် "ကိုရင်၊ ဒီလိုကိစ္စမျိုးကို ရှေးရှေးသူတော်ကောင်းကြီးတွေ ပြုလုပ်လေ့မရှိဘူး ရှောင်ကြဉ်ကြတယ်၊ ဒီအလုပ်

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



သည့် မျိုးချစ်ဗုဒ္ဓဘာသာတစ်ဦး ဖြစ်၏၊ သူ၏ သတင်းစာကိုလည်း သစ္စဝါဒီဟု အမည်ပေးထား၏၊ သူ့သတင်းစာ၌ မုသားစကား မပါ၊ မှန်တာကိုသာ ရေးသားမည်-ဟု ဆိုလိုခြင်းဖြစ်သည်၊ နာမည်နှင့် လိုက်အောင်လည်း မှန်တာကိုသာ ရေးသားခဲ့သည်၊ သို့အတွက် သူ၏သတင်းစာကို ဂုဏ်ပြုသောအားဖြင့် သစ္စဝါဒီသတင်းစာနှင့် သက်ဆိုင်သော 'သစ္စဝါဒီစာကိုယ်ပါဠိ' စာတန်းတစ်စောင် ပါဠိဘာသာဖြင့် ရေးသားပေးပါရန် မြန်မာပညာရှိအသင်းသို့ တောင်းပန်ခဲ့သည်၊ ဦးလွန်း၏ တောင်းပန်ချက်အရ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း, လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ ခေါင်းဆောင်သော မြန်မာပညာရှိအသင်းကြီးက "သစ္စဝါဒီတိ နာမေန" အစချီ ကျမ်းဦးဂါထာဖြင့် 'သစ္စဝါဒီ စာကိုယ်ပါဠိ'ကို ပါဠိဘာသာဖြင့် ရေးသားပြုစုပေးခဲ့သည်။

သူဌေးဦးလွန်းသည် အဆိုပါ သစ္စဝါဒီစာကိုယ်ပါဠိကို သတင်းစာ၌ ထည့်သွင်းဖော်ပြပြီးနောက် ထိုစာကိုယ်ပါဠိကို ဋီကာကျမ်းကြီးများ ဖွင့်နည်းအတိုင်း ဖွင့်ဆို၍ 'သစ္စဝါဒီဋီကာကျမ်း'တစ်စောင် ပါဠိဘာသာဖြင့် ရေးသားပြုစုပေးရန်နှင့် အကောင်းဆုံး ရေးသားနိုင်သူအား ရွှေဒင်္ဂါးနှင့် ရွှေတံဆိပ်ဆု ပေးမည့်အကြောင်း သတင်းစာတွင် ကြေညာခဲ့သည်၊ ထိုကြေညာချက်အရ ပါဠိပညာရှင်များ ယှဉ်ပြိုင်ရေးသားခဲ့ကြရာ ဆရာကြီးဒေါ်ဓမ္မစာရီသည် တတိယဆုအဖြစ် ရွှေဒင်္ဂါး ၂-ပြားနှင့် ရွှေတံဆိပ်ဆုတို့ကို ရရှိခဲ့လေသည်။

## ဓမ္မနာဒတွင် စာမျိုးစုံသင်

ရှင်ဝိစိတ္တသာရသည် မင်းကွန်းဓမ္မနာဒတိုက်သို့ ရောက်ရှိချိန်မှစ၍ ဓမ္မနာဒဆရာတော်ထံတွင် မောဂ္ဂလ္လာန်ဗျာကရိုဏ်းကျမ်း, ဆန်း အဘိဓာန် အလင်္ကာကျမ်းများနှင့် အလင်္ကာစာကိုယ် ဋီကာသစ်ကျမ်းများကို နေ့စဉ်

http://www.dhammadownload.com



နေ့စာဝါများအဖြစ် သင်ကြားရသည်၊ ညဝါအဖြစ် ပဋ္ဌာန်းကျမ်းကို ဦးအဂ္ဂဝံသထံတွင် သင်ကြားရပြီး ဘေဒစိန္တာ နှင့် ကစ္စာယနသာရ ကျမ်းတို့ကို ဓမ္မနာဒဆရာတော့်ထံတွင် ညစဉ် သင်ကြားရသည်၊ ဝိနည်းသဒ္ဒါသင်္ဂြိုဟ် ယမိုက်စသောကျမ်းများကိုလည်း သင်ကြားရသည်၊ ဓမ္မနာဒဆရာတော်၏ စနစ်တကျ စီစဉ်ညွှန်ကြားချက်အရ ဥပုသ်နေ့များတွင် သင်္ဂဇာဆရာတော်၏ ဓမ္မပဒနိဿယအကျဉ်း၌ ပါရှိသည့် ဝတ္ထုကြောင်းများကို ပါဠိဘာသာဖြင့် စီကုံးရသည်၊ စာစီစာကုံးဘက်တွင် တော်စေရန် 'မဃဒေဝလင်္ကာသစ်' စာအုပ်ကိုလည်း ကြည့်ရှုရန် ညွှန်ကြားထားသည်၊ ကဗျာရတုနှင့် ဩဘာစာများကိုလည်း အခါအားလျော်စွာ ရေးသားစေတော်မူခဲ့သည်။

## ရဟန်းဘောင် ရောက်ရှိတော်မူ

ရှင်ဝိစိတ္တသာရသည် ၁၂၉၂-ခုနှစ် နှောင်းတန်ခူးလဆန်း၆-ရက်နေ့ (အသက် ၁၉-နှစ် ၅-လ) တွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓမ္မနာဒဆရာတော် ဦးပညာစက္ကကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ် ရောက်တော်မူခဲ့သည်၊ ရဟန်းဒါယကာ-ဒါယိကာမများမှာ ဆရာကြီး ဒေါ်ဓမ္မစာရီ နှင့် ရန်ကုန်မြို့မှ သူဌေးကြီး ဆာဦးသွင်+သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ ဖြစ်ကြသည်၊ ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဆက်သွယ်ဆောင်ရွက်ပေးမှုကြောင့် ရှင်ဝိစိတ္တသာရ နှင့် ဆာဦးသွင်တို့ ဇနီးမောင်နှံ တွေ့ဆုံဖြစ်ကြခြင်း ဖြစ်ပေသည်။

ရှင်ဝိစိတ္တသာရ ရဟန်းပြုရာ၌ မန္တလေးမြို့မှ ရွှေရေးဆောင်ဆရာတော်၊ ညောင်ကန်ဆရာတော်၊ မစိုးရိမ်ဆရာတော်၊ စစ်ကိုင်းမြို့မှ ရန်အောင်မင်္ဂလာ ဘုရားကြီးဆရာတော်၊ သမ္ဗာသတိဆရာတော်၊ မဟာသစ်ဝင်ချောင်ဆရာတော်၊ မြင်းခြံမှ ကျည်းပင်ဆရာတော်၊ မင်းကွန်းမှ

http://www.dhammadownload.com



ချမ်းသာကြီးဆရာတော်၊ ပေါင်းတောင်ကူဆရာတော်၊ ငွေတောင်တောရ ရွှေကျင်ဆရာတော် စသည့် အကျော်အမော် ဆရာတော်ကြီးများက ဝိုင်းဝန်းချီးမြှောက်တော်မူခဲ့ကြသည်၊ ထိုဆရာတော်ကြီးများသည် သာသနာတော်၌ နေလအသွင် ထင်ရှားကျော်ကြားကြသည့် ဆရာတော်ကြီးများ ဖြစ်ပေသည်။

ထိုဆရာတော်ကြီးများသည် အရှင်ဝိစိတ္တသာရ ရဟန်းခံပွဲပြီးသည့်နောက်၌ ထိုမျှလောက် စုံစုံညီညီ မစည်းဝေးမိကြတော့၊ ထို့ကြောင့်ပင် စစ်ကိုင်း ဘုရားကြီးဆရာတော်က "ဇရာမ မင်္ဂလာရှိသည့် ပွဲကြီး ဖြစ်ပေသည်၊ မောင်ပဋ္ဌင်းကို အကြောင်းပြု၍ ငါတို့ နောက်ဆုံး စည်းဝေးရပါပေသည်" ဟု ဝမ်းမြောက်စကား မိန့်ကြားသည့်ပြင် နောက်ထပ် ၂-ရက်ခန့် ဆက်လက်သီတင်းသုံးကာ တရားစကား ပြောဆိုဆွေးနွေးတော်မူခဲ့ကြလေသည်။

## ပဋ္ဌမကျော် အရှင်ဝိစိတ္တသာရ

အရှင်ဝိစိတ္တသာရသည် ရဟန်းဖြစ်ပြီး၍ ဝါမရမီ ၁၂၉၃-ခုနှစ်တွင် အစိုးရ ပဋ္ဌမကြီးတန်း အောင်မြင်တော်မူသည်၊ ထိုခေတ် စာမေးပွဲစနစ်အရ ပဋ္ဌမကြီးတန်းကို သာမန်အောင်မြင်ပြီးဖြစ်သော်လည်း ပဋ္ဌမကျော်ဖြစ်လိုလျှင် ပဋ္ဌမကြီးတန်းကို ထပ်မံဖြေဆိုခွင့်ရှိသည်၊ ထို့ကြောင့် အရှင်ဝိစိတ္တသာရသည် ပဋ္ဌမကြီးတန်းကို သုံးကြိမ် ဝင်ရောက်ဖြေဆို၍ 'ပဋ္ဌမကျော်' အောင်ပန်း ဆွတ်လှမ်းခဲ့သည်၊ ပထမအကြိမ် (၁၂၉၃-ခုနှစ်) ၌ ပဋ္ဌမကြီးတန်းကို ရိုးရိုးအောင်မြင်မြင်၍ ဒုတိယအကြိမ် (၁၂၉၄-ခုနှစ်) ၌ ခရေပွင့်ပြ ထူးခြားချက်အမှတ်အသားဖြင့် အောင်မြင်ပြီးလျှင် တတိယအကြိမ် (၁၂၉၅-ခုနှစ်) ၌ကား ပဋ္ဌမကြီးတန်းကို အမှတ်အများဆုံးဖြင့် ဖြေဆိုအောင်မြင်၍ ပဋ္ဌမကျော်-ဘွဲ့ကို ရရှိတော်မူသည်။

http://www.dhammadownload.com



သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀-ပြည့် နှစ်က ပင် ပထမပြန်စာမေးပွဲများကို စတင်ကျင်းပခဲ့ပြီး ပဋ္ဌမကျော် ပြန်ဆိုပွဲနှင့် ပဋ္ဌမကျော်အောင်မြင်သူများ ရှိခဲ့သော်လည်း စာရင်းဇယား အတိအကျ မရှိခဲ့ပေ၊ အင်္ဂလိပ်အစိုးရလက်ထက် ၁၂၆၂-ခုနှစ်ကျမှ စာမေးပွဲပုံစံဖြင့် ကျကျနန ကျင်းပပေးခဲ့ရာ ပထမဆုံးသော ပဋ္ဌမကျော်မှာ မော်လမြိုင်မြို့ ရတနာဘုံပျံကျောင်းမှ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အရှင်ကေတု-မာလာ ဖြစ်ပြီး အရှင်ဝိစိတ္တသာရမှာ ၃၁-ပါးမြောက် ပဋ္ဌမကျော် ဖြစ် လေသည်။

## ငယ်–လတ်–ကြီး–ကျော် စာပေလေ့လာပုံ

အရှင်ဝိစိတ္တသာရ၏ ငယ်-လတ်-ကြီး-ကျော် စာပေများ လေ့လာပုံ မှာ လွန်စွာ စိတ်ဝင်စားစရာ ကောင်းလှသည်၊ မေးခွန်းဟောင်းများကို စုဆောင်းလေ့လာကြည့်ရှု၍ "နံပါတ် ၁-ပုစ္ဆာ၌ ဤအချက်မျိုး မေးတတ် သည်၊ နံပါတ် ၂-ပုစ္ဆာ၌ ဤအချက်မျိုး မေးတတ်သည်" စသည်ဖြင့် ရှေး ဦးစွာ အတန်းအလိုက် ပုစ္ဆာအကဲကို ဖြတ်ကြည့်သည်၊ ထို့နောက်မှ ဆိုင်ရာ ကျမ်းစာများကို ကြည့်ရှုရင်း ဤအချက်မျိုးကို မေးတတ်သည်ဟု သတိ ပြု၍ နှုတ်တက်ဆောင်တန်လျှင် နှုတ်တက်ဆောင်, ထုတ်နုတ်၍ ရေးမှတ် သင့်လျှင် ထုတ်နုတ်ရေးမှတ်သည်၊ ပဋ္ဌမငယ်တန်း ဝင်ချိန်၌ ပဋ္ဌမလတ် တန်း မေးခွန်းဟောင်းများကို ဖြေဆိုနိုင်သည်အထိ လေ့လာထားသည်၊ ပဋ္ဌမလတ်တန်း ဝင်ချိန်၌ ပဋ္ဌမကြီးတန်း မေးခွန်းဟောင်းများကို ဖြေဆို နိုင်သည်အထိ လေ့လာထားသည်၊ ပဋ္ဌမကြီးတန်း ဝင်ချိန်၌ ပဋ္ဌမကျော် မေးခွန်းဟောင်းများကို ဖြေဆိုနိုင်သည်အထိ လေ့လာထားသည်၊ မေးခွန်း ဟောင်းများကို စုဆောင်းရှာဖွေလေ့လာပြီးနောက် မိမိစိတ်ကူးဖြင့် ပုစ္ဆာ ဆင်ထုတ်ကြည့်ပြီး စမ်းသပ်ဖြေဆိုကြည့်လေ့ ရှိပေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



## သကျသီဟစာမေးပွဲ

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက ၁၂၆၅-ခုနှစ်တွင် စတင်ကျင်းပခဲ့သော ပရိယတ္တိသာသနဟိတ စာမေးပွဲကြီးမှာ သာသနာတော်လောက၌ အထူးထင်ရှားသော စာမေးပွဲကြီး ဖြစ်သည်၊ သကျသီဟဘုရားဝင်းအတွင်း ကျင်းပခြင်းဖြစ်သဖြင့် သကျသီဟစာမေးပွဲဟု လူသိများသည်၊ ကျမ်းဂန်တိုက်ရိုက် အဆိုအမိန့်များအပြင် နောက်ဆရာတော်များ၏ အာစရိယဝါဒများကိုပါ ထည့်သွင်းမေးမြန်းလေ့ရှိသဖြင့် အောင်မြင်ရန် အလွန်ခက်သောစာမေးပွဲကြီး ဖြစ်သည်၊ စာသင်တန်းနှင့် စာချတန်းဟူ၍ ၂-တန်း ခွဲခြားကျင်းပရာတွင် စာသင်တန်းကို ရဟန်းဝါ ၇-ဝါ အတွင်းသာ ဖြေခွင့်ရှိသဖြင့်လည်း ပို၍ခက်ခဲရသည်၊ စာသင်တန်းတွင် အာဂုံပြန် နှင့် ရေးဖြေဟု ထပ်ခွဲလိုက်သေးသည်၊ စာသင်တန်း နှင့် စာချတန်း ၂-တန်းလုံးအောင်မြင်သူ အရှင်မြတ်များအား **“အဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ”**ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

## အရှုံးအတွက် ခံယူချက်

အရှင်ဝိစိတ္တသာရသည် ၁၂၉၄-ခုနှစ်တွင် ယင်းသကျသီဟစာမေးပွဲ၏ စာသင်တန်းကို ဝင်ရောက်ဖြေဆိုရာ ကျရှုံးခဲ့သည်၊ (မင်းကွန်းဆရာတော်ဘုရားကြီး၏ဘဝတစ်သက်တာတွင် တစ်ခုတည်းသော အရှုံးပွဲဖြစ်လေသည်၊) အရှုံးနှင့် ကြုံတွေ့နေကျ မဟုတ်ပဲ ကြုံတွေ့လိုက်ရသော်လည်း အရှင်ဝိစိတ္တသာရသည် တုန်လှုပ်မှု မရှိခဲ့၊ အပြုံးလည်း မပျက်ခဲ့ပေ၊ **“ဒီနှစ် စာမေးပွဲကျရှုံးခြင်းသည် နောက်နှစ် ဒီစာမေးပွဲမှာ ပထမရဖို့ ဖြစ်သည်”**ဟု ခံယူတော်မူခဲ့သည်၊ အသင်းလူကြီးများအားလည်း **“နောက်နှစ်ဒကာကြီးတို့စာမေးပွဲမှာ ပထမဂုဏ်ထူးရှင်အဖြစ်နှင့် ပြန်လာခဲ့မည်”**ဟု

http://www.dhammadownload.com



မိန့်ကြားတော်မူခဲ့သည်၊ စိတ်ဓာတ်ကျနေမည့်အစား ယခုနှစ် မိမိ ကျရှုံးထားသော စာမေးပွဲ၌ နောင်နှစ်ဝယ် ထူးထူးခြားခြား အောင်မြင်နိုင်ရန် အဖက်ဖက်မှ ကြိုတင်ပြင်ဆင်ထားတော်မူသည်၊ စာသင်တန်းအောင်ပြီးလျှင် စာချတန်းကို အဆင်သင့် ဆက်လက်ဖြေဆိုနိုင်အောင် အဋ္ဌကထာကျမ်းကြီးများကိုပါ ကြိုတင်၍ ကြည့်ရှုလေ့လာထားသည်။ (စာမေးပွဲသမားများ အတုယူဖွယ်ပင်တည်း။)

## သကျသီဟာဓမ္မာစရိယ ဝဋံသကာ

အရှင်ဝိစိတ္တသာရသည် ၁၂၉၅-ခုနှစ်တွင် သကျသီဟ စာမေးပွဲ၏ စာသင်တန်းကို အောင်မြင်ပြီးနောက် ၁၂၉၆-ခုနှစ်တွင် စာချတန်း အဋ္ဌကထာကြီး ၃-ကျမ်းကို နှစ်မခြားဘဲ ဆက်လက်အောင်မြင်ရာ မကြုံစဖူး ထူးထူးခြားခြားဖြစ်သွားသည်၊ ၁၂၆၅-ခုနှစ်မှ ၁၂၉၅-ခုနှစ်အထိ နှစ်ပေါင်း ၃၁-နှစ်အတွင်း သကျသီဟဓမ္မာစရိယအောင် ၁၁၆-ပါး ပေါ်ပေါက်ခဲ့သော်လည်း အဆိုပါ စာသင်တန်းနှင့် စာချတန်း ၂-တန်းကို ဆက်တိုက်အောင်မြင်သူဟူ၍ တစ်ပါးမျှ မပေါ်ပေါက်ခဲ့သေးပေ၊ စာမေးပွဲသက်တမ်း ၃၂-နှစ်ကြာမှ ထူးခြားစွာ ပထမဆုံး အောင်မြင်ပေါ်ပေါက်လာသော အရှင်ဝိစိတ္တသာရအား ရိုးရိုး အဘိဝံသဓမ္မာစရိယ-ဘွဲ့အပြင် 'ဦးဆောက်ပန်း' ဟု အဓိပ္ပါယ်ရသည့် 'ဝဋံသကာ' ဆိုသော ဘွဲ့အသစ်ကို တီထွင်၍ **"ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာ"** ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်၊ ရန်ကုန် ပါဠိဆရာ မြန်မာပညာရှိအသင်းကြီးက **"အဋ္ဌကထာပြန်အကျော်"** ရွှေတံဆိပ်နှင့် အခြားအသင်းအဖွဲ့ပေါင်းစုံကလည်း ရွှေတံဆိပ်အမျိုးမျိုးကို ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ကြီးကျယ်ခမ်းနားစွာ လှူဒါန်းခဲ့လေသည်။

http://www.dhammadownload.com



## သကျသီဟ ဝင်္ဂသကာ အရှင်မြတ်များ

ထိုကဲ့သို့ သကျသီဟ စာသင်တန်းနှင့် စာချတန်း ၂-တန်းကို အရှင်ဝိစိတ္တသာရာဘိဝံသ ဆက်တိုက်အောင်မြင်တော်မူပြီးမှ အခြားအရှင်မြတ်များလည်း အတုယူ ကြိုးစား အားထုတ်ခဲ့ကြသဖြင့် စာမေးပွဲသက်တမ်းနှစ် ၁၀၀-ကျော်လာသည့် ယခုအချိန်တွင် ဝင်္ဂသကာ-ဘွဲ့ရှင် သာသနာ့အာဇာနည် ၉-ပါး ပေါ်ပေါက်လာခဲ့သည်၊ ၎င်းတို့မှာ —

၁၊ အရှင်ဝိစိတ္တသာရာဘိဝံသ၊ ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း။ (၁၂၉၆)

၂၊ အရှင်ဥတ္တမာဘိဝံသ၊ မိုးကောင်းတိုက်၊ မန္တလေး။ (၁၂၉၉)

၃၊ အရှင်လက္ခဏာဘိဝံသ၊ မိုးကောင်းတိုက်၊ မန္တလေး။ (၁၃၀၉)

၄၊ အရှင်သုမနာဘိဝံသ၊ ထီးလင်းတိုက်၊ မန္တလေး။ (၁၃၁၄)

၅၊ အရှင်ကုမာရာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေး။ (၁၃၁၅)

၆၊ အရှင်သုနန္ဒာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေး။ (၁၃၁၅)

၇၊ အရှင်နာရဒါဘိဝံသ၊ မြင်းဝန်တိုက်၊ မန္တလေး။ (၁၃၁၅)

၈၊ အရှင်ကစ္စာယနာလင်္ကာရာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေး။ (၁၃၁၇)

၉။ အရှင်ကေသရာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ။ (၁၃၄၈) တို့ ဖြစ်ကြပေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပထမဆုံးသော သကျသီဟ ဝင်္ဂသကာဘွဲ့ရှင် ဖြစ်သဖြင့် တစ်ခါတရံ ကဗျာလင်္ကာများ ရေးသားသည့်အခါ "မင်းကွန်း အာဒိဝင်္ဂသကာထေရ်" ဟု ကလောင်နာမည် တပ်လေ့ရှိပေသည်။

http://www.dhammadownload.com



## ရွှေတံဆိပ်များ ဘုရားလှူ

အရှင်ဝိစိတ္တသာရာဘိဝံသသည် အသင်းအဖွဲ့များနှင့် စေတနာရှင် အသီးသီးတို့ ဂုဏ်ပြုပူဇော်ကြသော ရွှေတံဆိပ် ၁၇-ခုအနက် ၁၄-ခုကို လှပတင့်တယ်စွာ မှန်ကလာပ်ကဲ့သို့ မှန်ဘောင်အတွင်း၌ ချိတ်ဆွဲပြင် ဆင်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှူဒါန်းပူဇော်ခဲ့သည်၊

ဗောဓိယာ ပစ္စယော ဟောတု၊ ဣဒံ မေ ပုညမင်္ဂလံ။

သုမနေန ပသန္နေန၊ အတ္တမနေန သဒ္ဓိတံ-ဟုလည်း ဆုတောင်း ပတ္တနာပြုခဲ့သည်၊ အဓိပ္ပါယ်မှာ-'ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် ဆည်း ပူးပြုလုပ်အပ်သော ကျွန်ုပ်၏ ဤကောင်းမှုမင်္ဂလာသည် ဗောဓိဉာဏ်၏ အကြောင်းအထောက်အပံ့ ဖြစ်ပါစေသတည်း' ဟု ဆိုလိုပေသည်။

## ဆရာသမားအတွက် ကလျာဏမိတ္တဖြစ်

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပဌမကျော်, သကျသီဟမွေ့စရိယ ဝင့်သကာဘွဲ့များကို ရထားပြီးဖြစ်သော်လည်း **'ဆရာသမား ထင်ရှားရှိ နေသေးသမျှ ဆရာသမားကို လက်မလွှတ်ပဲ ဆရာသမားထံမှ ပညာယူ၍သာ နေရမည်'** ဆိုသည့် ရှေးမထေရ်မြတ်ကြီးတို့၏ အဆိုအမိန့်အတိုင်း ဆရာတော် အရှင်ပညာစက္ကထံ၌ အထက်တန်းစာဝါများကို သင်ကြား အားထုတ်လျက်ပင် ရှိသေးသည်၊ ထိုသို့ သင်ကြားနေရင်း လက်ထောက် စာချအဖြစ်ဖြင့် တပည့်သံဃာများအားလည်း စာဝါများ ပို့ချပေးတော်မူ လေသည်။

ထိုသို့နေရင်းမှ ၁၂၉၉-ခုနှစ်အရောက်တွင် ဆရာတော်အရှင်ပညာ စက္က၏ လည်ချောင်း၌ ကင်ဆာရောဂါ ဖြစ်ပွားလာသည်၊ တစ်နေ့တခြား သွေးသားများ လျော့ပါးလာပြီး နားထင်ခွက်၍ မျက်တွင်းဟောက်ပက်

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ဖြစ်လာသည်၊ ကမ္ဘဇရုပ်များ သိသိသာသာ ညှိုးနွမ်း၍ သေမည့်နိမိတ်လက္ခဏာများ အထင်းသား ပေါ်လွင်လာလေသည်။ (ဆရာတော်အရှင်ပညာစက္ကသည် ကိုယ်ကျင့်သီလ ပြည့်ဝဖြူစင်ပြီး ပိဋကသုံးပုံ ပါဠိတော်ကြီးများကို အစ-အဆုံး အခေါက်ပေါင်း ၄၀-ကျော် ရွတ်ဖတ်ပူဇော်ခဲ့သူဖြစ်သည်၊ ဆရာတော်၏နှုတ်ဖျားမှ တရားစကားသံများသာ အမြဲတန်းထွက်ပေါ်နေခဲ့သည်၊ ထိုသို့ တရားတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခဲ့သူ ဆရာတော်ဘုရား၌ လည်ချောင်းကင်ဆာဆိုသော ရောဂါဆိုးကြီးဖြစ်လာရသည်မှာ အံ့ဩစရာ ကောင်းလှတော့သည်၊ "ဤကဲ့သို့သော သူတော်ကောင်းကြီးများ၌သော်မှ ဘဝနောက်ဆုံးအချိန်ဝယ် ဤသို့သော ရောဂါဆိုးကြီးတွေ ဖြစ်လာတတ်သေးသည်၊ မာဒိသေသု ကထာဝ ကာ။ ငါတို့လို သာမန်ပုဂ္ဂိုလ်တွေ ဆိုလျှင်ကား ဘာပြောစရာ ရှိတော့မှာလဲ" ဟု ဓမ္မသံဝေဂယူကြရန် ဖြစ်ပေတော့သည်။)

'ရောဂါနှိပ်စက်မှုဒဏ်ကြောင့် ငါ့ဆရာတော် သတိလက်လွတ် ဖြစ်လေမည်လား' ဟု အရှင်ဝိစိတ္တသာရာဘိဝံသ တွေးတောပူပန်မိသည်၊ ဆရာသမားဖြစ်၍ တိုက်ရိုက်လည်း မလျှောက်ရဲ၊ ပရိယာယ်ဖြင့်သာ လျှောက်ထားရသည်—

| | |
|---|---|
| တပည့်- | ဆရာတော်ဘုရား၊ အသညသတ်ဘုံ ရောက်သွားကြတဲ့ ဗြဟ္မာတွေက နာမ်တရားကို ရွံရှာမုန်းတီးတာဟာ လမ်းမှန်ပဲမဟုတ်လားဘုရား။ |
| ဆရာ- | အေး မှန်တယ်ကွ။ |
| တပည့်- | အရူပဘုံ သွားကြတဲ့ ဗြဟ္မာတွေလဲ ရုပ်တရားကို ရွံရှာမုန်းတီးတာဟာ လမ်းမှန်ဘဲမဟုတ်လားဘုရား။ |
| ဆရာ- | အိမ်း မှန်တယ်ကွ။ |

http://www.dhammadownload.com



တပည့်- ဒါဖြင့်ရင်ဘုရား အဲဒီ အမှန်နှစ်ခုကို စုပြီးတော့ 'ဓိ နာမရူပံ၊ ဓိ နာမရူပံ-နာမ်ရုပ်တရားနှစ်ပါးသည် စက်ဆုပ်ဖွယ် ကြောက်လန့်ဖွယ်ပါတကား' လို့ နှလုံးသွင်းရင် ပြည့်စုံနိုင်တယ်မဟုတ်လား ဘုရား။

ဆရာ- အေး ဟုတ်ပါတယ်ကွာ၊ ဝဇိရာထေရီ ဘိက္ခုနီမကလေးက မာရ်နတ်ကို ပြန်ပြောတဲ့ 'ဒုက္ခမေဝ ဟိ သမ္ဘောတိ' ဂါထာ ရတယ်မဟုတ်လား၊ မင်း ရွတ်ကြည့်စမ်း။

တပည့်- ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဆရာ- အေး သူတို့မှာတော့ ရဟန္တာဖြစ်လို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဒုက္ခလို့ဘဲ ထင်နေတဲ့အတွက် 'ဒုက္ခမေဝ ဟိ သမ္ဘောတိ' စသည်ဖြင့် ရွတ်ဆိုကြတာ၊ ငါတို့ ပုထုဇဉ်များအဖို့က နာမ်ရုပ်တရားထင်မှ ပိုပြီးကောင်းတယ်၊ ဒီတော့-

နာမရူပံဝ သမ္ဘောတိ၊ တံဝ တိဋ္ဌတိ ဝေတိ စ။
နာညတြ တမှာ သမ္ဘောတိ၊ နာညံ တမှာ နိရုဇ္ဈတိ-လို့ ဆိုမှ ပိုပြီးကောင်းတယ်ကွ။

ဆရာတော်အရှင်ပညာစက္က မထေရ်မြတ်ကား တပည့်အရှင်ဝိစိတ္တသာရာဘိဝံသ ထင်သလို သတိလက်လွတ် ဖြစ်မနေသည့်အပြင် ရောဂါဝေဒနာ အပြင်းအထန် ခံစားနေရသည့်ကြားမှ တပည့်ဖြစ်သူအား တရားနှလုံးသွင်းနည်းကိုပင် နောက်ဆုံးအနေဖြင့် ပေးလိုက်ချေသေး၏၊ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆရာသမား၏ နောက်ဆုံးမှာတမ်း ဆုံးမစကားကို တစ်သက်မမေ့နိုင်အောင် ကဗျာလင်္ကာဖြင့် ဤသို့ မှတ်တမ်းတင်ခဲ့လေသည်—

http://www.dhammadownload.com



ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝ နာမ်ရုပ်၊ ဖြစ်၍ချုပ်၏။
နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကား
ငါတည့်၊ ဤမှာ ဇီဝ၊ ဤ အတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊
ခန္ဓာ နာမ်ရုပ်မျှသာတည်း။

နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြ
ဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊
သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊
ဒုက္ခ အနတ္တချည်းသာတည်း။

## ဓမ္မနာဒဆရာတော် ပျံလွန်

ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကသည် လည်ချောင်းကင်ဆာရောဂါဖြင့်ပင် ၁၂၉၉-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်၊ နတ်တော်လဆန်း ၁၃-၁၄-ရက်နေ့များတွင် အန္တိမဈာပန သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် တမ်းချင်းဂါထာ, တေးထပ်, သိင်္ဂါသံစသည့် ဘုန်းကြီးပျံဆိုင်ရာ ဓမ္မဂီတိများကို နောက်ဆုံးရေးသား၍ ဆရာသမားကို ပူဇော်ခဲ့သည်၊ ထိုအထဲမှ ထူးထူးခြားခြား ၄-ပါဒလုံး ဤ-ကာရန္တဖြင့် အဆုံးသတ်ထား၍ လက်ရာမြောက်စွာ ရေးဖွဲ့ခဲ့သည့် ဓမ္မသံဝေဂဂါထာ တစ်ပုဒ်မှာ ဤသို့ဖြစ်ပေသည်—

ပိဋကာရညသဏ္ဍာရီ၊ ဓမ္မနာဒဂုဟာသယီ။
မစ္စုဝိဒ္ဓသလ္လာပါတီ၊ ဟာ ပတီ ထေရကေသရီ။

ပိဋကာရညသဏ္ဍာရီ- ပိဋကတ်ဂနိုင် မဟာမြိုင်ဝယ် ပိုင်ပိုင်လူးလွန့် ဉာဏ်ထူးညွန့်ဖြင့် မြူးကွန့်ကျက်စား ပျော်ပါးတော်မူလေ့ရှိထသော၊ ဓမ္မ

http://www.dhammadownload.com



နာဒဂုဟာသယီ-ဓမ္မနာဒ အာရာမဟု သောဏ္ဏာရောင်လူ စံရှေ့ဂူ၌ လေးဆူယာပိုထ် နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူလေ့ရှိထသော၊ ထေရ ကေသရီ- သီလသမာ ဓိပညာဟု သိက္ခာသုံးပါး စွမ်းပကားဖြင့် မားမား မတ်မတ် ခိုင်တည်လတ်သား ထေရ်မြတ်သနင်း ကေသရာ ခြင်္သေ့မင်း ကြီးသည်၊ မစ္ဆုဝိဒ္ဓသလ္လာပါတီ- သေမင်းမုဆိုး အယုတ်မျိုး၏ အုပ်စိုးပိုင် နက် သူ့စားကျက်ဝယ် ဆင်းသက်မိငြား ဂတိလား၍ တအားပစ်ချိန် ဗျာဓိ တည်းဟူသော မြှားဒဏ်ရှိန်၏ ဇီဝိန်ထွင်းဖောက် အသဲရောက်အောင် ကျရောက်စူးဝင်ခြင်းရှိသည်ဖြစ်၍၊ ဟာ ပတီ- တပည့်အများ ကြည့်စဉ် အားပင် တားခွင့်မပိုင် စစ်လုံးယိုင်သို့ မခိုင်တော့ဘဲ ထူမဆဲတွင် ဩော် အလဲကြီး လဲတော်မူခဲ့ရလေပြီတကား။

## ဓမ္မနာဒဆရာတော်

ဓမ္မနာဒဆရာတော်၏အန္တိမစျာပနပွဲ ပြီးသည့်နောက် ၁၂၉၉-ခုနှစ် နတ်တော်လပြည့်ကျော် ၁-ရက်နေ့တွင် ညောင်ကန်ဆရာတော်ဘုရားကြီး အမှူးပြုသော ဓမ္မနာဒသာသနာပြုသံဃာ့အစည်းအဝေးက အရှင်ဝိစိတ္တ သာရာဘိဝံသအား ဓမ္မနာဒကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဖြစ်ဖြင့် တင်မြှောက်ကြောင်း တညီတညွတ် ဆုံးဖြတ် တင်မြှောက်ကြ သဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် သက်တော် ၂၇-နှစ်အရွယ်မှာပင် ဓမ္မနာဒကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်အဖြစ်သို့ ရောက်ရှိ တော်မူခဲ့သည်၊ ဓမ္မနာဒကျောင်းတိုက်၏ ပဓာနနာယက ကျောင်းထိုင် ဆရာတော် ဖြစ်သွားသော်လည်း အရှင်ဝိစိတ္တသာရာဘိဝံသသည် စာပေ လေ့လာအားထုတ်မှုကို မရပ်ဆိုင်းဘဲ တပည့် စာသင်သားများအား စာ ပေ ပို့ချပေးနေသည့်နည်းတူ မိမိကိုယ်တိုင်လည်း ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို ကြည့်ရှုလေ့လာလျက်ပင် ရှိပေသည်။

http://www.dhammadownload.com



## ဘာသန္တရ လေ့လာ

ဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် သက္ကတဘာသာ, အင်္ဂလိပ်ဘာသာ စသော ဘာသန္တရများကို သင်ကြားရန် စိတ်ဝင်ဝင်စားမှု နည်းပါး၏၊ ဘုရားဟော ပိဋကတ်ပါဠိတော်များကို ကျွမ်းကျင်စွာ တတ်မြောက်ရန်သာ လိုလား၏၊ **"ပိဋကပင်လယ် နယကျယ် အလွယ်တတ်ပြီ မထင်နှင့်"** ဟူသော ရှေးဆရာတော်ကြီးများ၏ ဆုံးမဩဝါဒကိုလည်း သတိရနေ၏၊ သို့အတွက် ပိဋကတ်ပါဠိတော်ကြီးများ၏ သဘောအဓိပ္ပါယ်များကို ဖောက်ထွင်းသိရှိနိုင်ရန်သာ စိတ်ဝင်စားတော်မူ၏။

သို့ရာတွင် ရွှေစေတီဆရာတော်ဘုရားကြီးက- "သက္ကတဘာသာသည် ပါဠိဘာသာ ကျွမ်းကျင်ရန်အတွက် များစွာ အထောက်အကူ ပြုကြောင်း၊ ထို့ကြောင့် သက္ကတဘာသာကိုလည်း လေ့လာသင့်ကြောင်း၊ အရှင်ဝိစိတ္တသာရတို့လို ဉာဏ်ကောင်းသောပုဂ္ဂိုလ်များ သက္ကတဘာသာ သင်ကြားပါက အလွယ်တကူနှင့် တတ်မြောက်နိုင်ကြောင်း" မကြာခဏ တိုက်တွန်းလေ့ရှိ၏၊ သို့အတွက် အရှင်ဝိစိတ္တသာရာဘိဝံသသည် ရွှေစေတီဆရာတော်ဘုရားကြီး၏ ဩဝါဒကို လေးစားသည့်အနေဖြင့် သက္ကတဘာသာကို ခဏတာမျှ လေ့လာကြည့်ခဲ့ဖူး၏။

ရဟန်း ၇-ဝါအရ ၁၂၉၉-ခုနှစ်တွင် ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္က လည်ချောင်းကင်ဆာရောဂါ ပြင်းထန်စွာ ခံစားလာရသဖြင့် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သိရီဝေပုလ္လကျောင်း၌ ခေတ္တသီတင်းသုံးကာ ဆရာဝန်ကြီး ဒေါက်တာဂျုန်း၏ အကုအသကို ခံယူနေစဉ်က ဖြစ်၏၊ ဥပဇ္ဈာယ်ဆရာသည် ဝေဒနာကို အပြင်းအထန် ခံစားနေရကား အချိန်ရှိသမျှ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းလျက်ရှိသည်၊

http://www.dhammadownload.com



အရှင်ဝိစိတ္တသာရာဘိဝံသသည် အချိန်အနည်းငယ် အားလပ်နေသည့်အတွက် ဆရာတော့်ကို အတူပြုစုဖက် ဟိန္ဒူကုလားကိုရင်ကြီး ရှင်ဉာဏထံ၌ သက္ကတဘာသာကို တစ်ရက်တာမျှ လေ့လာကြည့်ခဲ့သည်။

နံနက်ပိုင်းတွင် သက္ကတအက္ခရာတို့၏ ပုံသဏ္ဍာန် ရေးဟန်ရေးနည်း ဘယ်ဆွဲ-ညာဆွဲ စသည်တို့ကို မှတ်မိအောင် အပြီးလေ့ကျင့်၏၊ သက္ကတအက္ခရာ ရေးနည်းနှင့်တကွ အသံထွက်တို့ကို တိတိကျကျ မှတ်မိသောနေ့လယ်ပိုင်းတွင် သက္ကတသိက္ခာမဥ္စရီခေါ် သက္ကတဘာသာသင်ဖတ်စာအုပ်ကို စ၍ဖတ်လေတော့၏၊ စာသင်ရာ၌ ဖွဲ့သန်လှသည့်အားလျော်စွာမထတန်း ဖတ်ခဲ့ရာ နေကုန်သောအခါ ထိုဖတ်စာအုပ် ကုန်ခါနီးပေပြီ၊ စာသင်ပေးသော ကုလားကိုရင်ကြီးမှာ လက်ဖျားတခါခါနှင့် “ဘုရားမှ ဘုရားပါပေ” ဟု နှုတ်မှ အာမေဍိတ်သံများ ပွင့်ထွက်လာသည်အထိ အံ့အားသင့်သွားရသည်၊ အကြောင်းမှာ- ယင်းဖတ်စာအုပ်ကို ဟိန္ဒူလူမျိုးများပင် ၆-လခန့် သင်ယူမှ တတ်မြောက်ကြသောကြောင့်ပါတည်း။

ထို့ပြင် အများတကာ အထင်တကြီး သင်ယူနေကြသည့် အင်္ဂလိပ်စာကိုလည်း မိမိဉာဏ်ကို စမ်းသပ်သည့်အနေဖြင့် ၄-နာရီကြာမျှ သင်ယူကြည့်ခဲ့ဖူး၏၊ သက်တော် ၂၈-နှစ်အရွယ်တွင် ဓမ္မနာဒကျောင်းတိုက်သို့ ခဝါသက်နီး လာကောက်သည့် ဒကာတစ်ဦးနှင့် စကားစပ်မိ၍ ထိုဒကာအင်္ဂလိပ်စာတတ်ကြောင်း သိရှိသွားကာ သင်ယူခဲ့ခြင်းဖြစ်၏၊ သက္ကတဘာသာ သင်စဉ်ကလိုပင် အက္ခရာအရေးအသားနှင့် အသံထွက်များကိုတိကျအောင် ရှေးဦးစွာ သင်ယူလေ့ကျက်ပြီးမှ အခြေခံဖတ်စာကို မနားတမ်း ဖွဲ့ကောင်းကောင်းနှင့် ဖတ်၏၊ နေ့လယ် ၁၂-နာရီမှစ၍ လေ့ကျင့်သင်ယူခဲ့ရာ ညနေ ၄-နာရီထိုးသောအခါ အခြေခံဖတ်စာအုပ် တစ်အုပ်ကုန်လေသည်။

http://www.dhammadownload.com



ဘာသန္တရများကို ဉာဏ်စမ်းသဘောမျှသာ သင်ယူခဲ့ခြင်းဖြစ်သည်၊ ပိဋကတ်ပါဠိတော်ကြီးများ သင်သလို ကျကျနနသာ သင်ခဲ့မည်ဆိုပါက ဘာသန္တရပါရဂူပင် ဖြစ်နိုင်လောက်ပေသည်၊ သို့ရာတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဘုရားဟော ဗုဒ္ဓပါဝစနများကိုသာ အလေးဂရုပြု၍ ဘာသန္တရများကိုမူ စိတ်မဝင်စားလှပေ။


## သာသနဓဇသိရိပဝရဓမ္မာစရိယ

၁၃၀၂-ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချတန်းစာမေးပွဲကို စတင်ကျင်းပသည်၊ ဓမ္မနာဒဆရာတော်လေး အရှင်ဝိစိတ္တသာရာဘိဝံသသည် ပထမဆုံး စတင်ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူးသုံးကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်းလုံး ပြီးစီးအောင်မြင်သဖြင့် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့သည်၊ အရှင်ဝိစိတ္တသာရာဘိဝံသသည် သကျသီဟ ဝဋံသကာဘွဲ့ကို ပထမဆုံးရရှိခြင်းဖြစ်သလို အစိုးရဓမ္မာစရိယဘွဲ့ကိုလည်း မြန်မာနိုင်ငံတွင် ပထမဆုံး ရရှိခြင်းပင် ဖြစ်သည်၊ ထူးခြားသောပုဂ္ဂိုလ်၏ ထူးခြားချက်များဟု ဆိုနိုင်ပေသည်။

ပထမဆုံး စတင်ကျင်းပသော အစိုးရဓမ္မာစရိယစာမေးပွဲ၌ အောင်မြင်သူ ရဟန်းတော် ၅-ပါးရှိ၍ ထို ၅-ပါးလုံးမှာ သကျသီဟစာမေးပွဲ အောင်မြင်ပြီး အဘိဝံသဘွဲ့ ရရှိပြီးကြသော ပုဂ္ဂိုလ်များသာ ဖြစ်ကြောင်း အရှင်နန္ဒမာလာဆိုသော ရဟန်းတော်က ဂါထာဖြင့် မှတ်တမ်းတင်ထားခဲ့လေသည်—

> ဣန္ဒကော မာတင်္ဂေါ စေဝ၊ ဝိစိတ္တော ရေဝတော တထာ။
> သဒ္ဓမ္မသိရီ ပဉ္စေက-မဘိဝံသိကဓာရိနော။

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



## လွတ်လပ်ရေးနှင့် ဆန္ဒမွန်

၁၃၀၉-ခုနှစ် ပြာသိုလဆုတ် ၉-ရက် (၄-၁-၁၉၄၈) တနင်္ဂနွေနေ့ နံနက်တွင် မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရပြီဖြစ်ကြောင်း ကြေညာ လိုက်သည်နှင့် အရှင်ဝိစိတ္တသာရာဘိဝံသမှာ ဝမ်းသာလွန်းသဖြင့် ဂါထာ, လင်္ကာများဖြင့် ရေးသားမှတ်တမ်းတင်ခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ် ပေသည်—

ဘုဇိဿတ္တ မဝိညာယ၊ ရမေ မရမ္မရဋ္ဌိကာ။
သကံ ဓုရံ သန္ဓာရေန္တု၊ သော အဿာက ပတ္ထနာ။

သာသနာစက်ရောင်၊ ထက်ယခေါင်မှ၊ လက်ပြောင်ဝေပ၊ အောင်မြေချမ္မူ၊ ဆွဆွနုပျို၊ လန်းလန်းစိုသား၊ နဂိုမူလ၊ သဘာဝ ဖြင့်၊ မြ ပန်းချီဆေး၊ ကံရှိန်ရေး၍၊ သွေးဖြင့်တည်ထောင်၊ ကိုယ့် ပြည်ထောင်ကို၊ နောင်တဖန်ခေတ်၊ ပြန်မနစ်ဖို့၊ အားသစ်မွေးမြူ၊ အလေးမူလျက်၊ ရှင်လူနှစ်ခန်း၊ ကိုယ့်ဝန်လမ်းကို၊ ထမ်းမှ တော် မည်၊ ချစ်သွေးရည်တို့၊ ကြည်တမြမြ၊ ကိုယ့်ငန်းမှလျှင်၊ မချသော စိတ်၊ မမှိတ်မျက်စိ၊ သတိခိုင်ကြည်၊ လုံ့လစည်လျက်၊ ဉာဏ်ရည် လင်းပွင့်၊ ကပ်လုံးတင့်အောင်၊ ဆင့်ဆင့် ကြိုးအား သန်ကြစို့။

## တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး

၁၃၀၉-ခုနှစ် ပြာသိုလဆုတ် ၉-ရက် (၄-၁-၁၉၄၈) တနင်္ဂနွေနေ့ နံနက်တွင် မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် တစ်နှစ်ခန့်အကြာ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက် (၃-၂-၄၉) နေ့တွင် နိုင်ငံတော်အစိုး ရ၏ အထောက်အပံ့ကို ရယူ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို စတင်ကျင်းပသည်၊ (နိုင်ငံတော်လွတ်လပ်ရေး

http://www.dhammadownload.com



ရပြီး၍ ၁-နှစ်ပြည့်သည့်အချိန်တွင် စာမေးပွဲကြီးကို ပထမအကြိမ် စတင်ကျင်းပခြင်းဖြစ်သဖြင့် ဤစာမေးပွဲကြီးကို **"လွတ်လပ်ရေး၏ဖွားဖက်တော်စာမေးပွဲကြီး"** ဟု မင်းကွန်းဆရာတော်ဘုရားက နောက်ပိုင်းတွင် ကင်ပွန်းတပ်တော်မူခဲ့သည်၊) အာဂုံပြန်နှင့် သဘောရေးဖြေ ဟု ၂-ပိုင်း ဖြေဆိုရသော စာမေးပွဲဖြစ်သည်၊ အာဂုံပြန်အပိုင်းတွင် တစ်နေ့ ၄-နာရီခန့် ပြန်ဆိုမှုအတွက် အလွန်ဆုံး ၅-ကြိမ်အထိသာ ထောက်ပေးနိုင်ပြီး ထို့ထက်ပိုထောက်ပေးရပါက ကျရှုံးသည်ဟု သတ်မှတ်သည်၊ သဘောရေးဖြေအပိုင်းတွင် ကျမ်းတစ်ကျမ်း (ဘာသာရပ်တစ်ခု) အတွက် မေးခွန်း ၁၂-ပုဒ် မေးပြီး ကြိုက်ရာ ၁၀-ပုဒ်ကို ဖြေဆိုရသည်၊ တစ်ပုဒ်လျှင် ၁၀-မှတ်စီသတ်မှတ်ထား၍ အမှတ် ၁၀၀-တန် မေးခွန်းဝယ် ၇၅-မှတ် ရမှ အောင်မြင်သည်၊ စာမေးပွဲလောက ရှိရှိသမျှ စာမေးပွဲများတွင် **"အခက်ခဲဆုံးစာမေးပွဲကြီး"** ဖြစ်ပေသည်။

## ကျင်းပရခြင်း အကြောင်းရင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၀-နှစ်ခန့်အလိုက သူဌေးကြီးဆာဦးသွင်+ဒေါ်ဒေါ်သိန်း မိသားစုတို့သည် သီဟိုဠ်ကျွန်းရှိ ဘုရားရှင်၏စွယ်တော်မြတ်ကို သွားရောက်ဖူးမြော်ကြသည့်အခါ နှုတ်ဆက်ပွဲတစ်ခု၌စွယ်တော်အမတ်ကြီးနှင့် သာသနာရေး ဘာသာရေးစကားများ ပြောကြစဉ် အမတ်ကြီးက "ခင်ဗျားတို့ မြန်မာပြည်မှာ စာတတ်ပုဂ္ဂိုလ် ကျမ်းပြုပုဂ္ဂိုလ်တွေတော့ ပေါပါရဲ့၊ တိပိဋကဓရပုဂ္ဂိုလ်ရယ်လို့တော့ မကြားဖူးပါ" ဟု ပြောလေသည်၊ သူဌေးကြီးစိတ်တွင် အလွန်ခံပြင်းစွာဖြင့် စွယ်တော်မြတ်ကို ဖူးမြော်ပြီးနောက် "တပည့်တော်တို့ မြန်မာပြည် လွတ်လပ်ရေးရရှိပါက အမြင့်ဆုံးဖြစ်သော တိပိဋကဓရ စာပြန်ပွဲတော်ကြီး ကျင်းပ၍ပူဇော်ပါမည်" ဟု အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့လေသည်။

http://www.dhammadownload.com



ထို့နောက်ပိုင်းတွင် သူဌေးကြီး ဆာဦးသွင်၏စိတ်ထဲ၌ တိပိဋကဓရ ပုဂ္ဂိုလ်ထူးတွေ ဖော်ထုတ်ပေးနိုင်ဖို့သာ စိတ်စောနေတော့သည်၊ "ပိဋက သုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ် ရွေးချယ်ချင်တယ်၊ ပိဋကသုံးပုံပြန် စာမေးပွဲ ကျင်းပပေးချင်တယ်၊ ဘယ်လိုလုပ်ရမလဲ အကြံဉာဏ်ပေးပါ" စသည်ဖြင့် မိတ်ဆွေများအား ပြောခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရလာသည့်အခါ သာသနာ တော်နှစ်လည်း ၂၅၀၀-ပြည့်ခါနီးသဖြင့် သာသနာ ၂၅၀၀ ပြည့်ချိန်တွင် အထိမ်းအမှတ်အဖြစ် ဆဋ္ဌသင်္ဂါယနာ တင်ကြရန်၊ တင်မည်ဆိုလျှင်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော် အထွန်းကားဆုံးဖြစ်သည့် မြန်မာနိုင်ငံ၌ တင်ကြရန် ဗုဒ္ဓဘာသာနိုင်ငံခေါင်းဆောင်များ တိုင်ပင်ကြရာ သင်္ဂါယနာ တင်ရန် အစီအစဉ်ကို လက်ခံ သဘောတူကြသော်လည်း "သင်္ဂါယနာ တင်သည်' ဆိုသည်မှာ တိပိဋကဓရပုဂ္ဂိုလ်ရှိမှ တင်၍ရကြောင်း၊ မြန်မာ နိုင်ငံ၌ တိပိဋကဓရ မရှိသေးသဖြင့် တိပိဋကဓရ ရှိလာအောင် အရင် အားထုတ်သင့်ကြောင်း" ပြောလာကြသည့်အခါ တိပိဋကဓရစာမေးပွဲ ကျင်းပပေးရန် သူဌေးကြီး ဆာဦးသွင်၏ စိတ်အကြံသည် ပိုမိုပြင်းထန် လာခဲ့ရသည်၊ ဤပြင်းထန်သော စိတ်အကြံဖြင့် တိပိဋကဓရရွေးချယ်ရေး အဖွဲ့ကို ၁၃၀၉-ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး စာမေးပွဲကြီးကို ၁၃၁၀-ခုနှစ် စတင်ကျင်းပခဲ့ခြင်း ဖြစ်လေသည်။

## တိပိဋကဓရမြေဆိုရန် စိတ်အကြံ

၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ စတင်ကျင်းပသည့် တိပိ ဋကဓရရွေးချယ်ရေးစာမေးပွဲကြီးသို့ အရှင်ဝိစိတ္တသာရာဘိဝံသ ကြွရောက် ခဲ့ရသည်၊ ပင့်သံဃာ ၁၀၀-ကျော်တွင် တစ်ပါးအပါအဝင်အဖြစ် ကြွရခြင်း

http://www.dhammadownload.com



ဖြစ်သည်၊ စာမေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက် သံဃာတော်များအား လက်အုပ်ချီပြီး တက်ရောက်လာသည်ကို အရှင်ဝိစိတ္တသာရာဘိဝံသက သာမန် ချီရိုးချီစဉ် လက်အုပ်ဟု မယူဆပဲ **"တိပိဋကဓရ ရှာပုံတော် လက်အုပ်"** ဟု မှတ်ယူကာ 'ဤလက်အုပ်ကြွေးကို တစ်နေ့ ငါ တိပိဋကဓရဖြစ်အောင် ကြိုးစားပြီး ပြန်ဆပ်ရမည်' ဟု ခံယူတော်မူခဲ့လေသည်။

ထိုနှစ် ကျင်းပသော ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ၆-ပါး ဝင်ရောက်ဖြေဆိုသော်လည်း အောင်မြင်သူ တစ်ပါးမျှမရှိပဲ သုညဖြစ်ခဲ့သည်၊ ထိုအကြောင်းကို အရှင်ဝိစိတ္တသာရာဘိဝံသ တည်းခိုနေထိုင်သည့် အောင်မြေသုခကျောင်းတိုက်သို့ ဆရာကြီးဒေါ်ဓမ္မစာရီ၊ ဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့ ရောက်ရှိလာပြီး စိတ်မသက်မသာဖြင့် လျှောက်ထားကြသည်၊ ဤတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် "ယခု သာသနာ့ဒါယကာကြီးသန္တာန် ဖြစ်ပေါ်နေသော စိတ်မသက်သာမှုများနေရာဝယ် ပီတိသောမနဿများဖြင့် ငါ အစားထိုးပေးမည်" ဟု ကြံစည်လိုက်ပြီးနောက် "သာသနာ့မယ်တော်ကြီးနှင့် လောကုတ္တရာ ခမည်းတော်-မယ်တော်ကြီးများ ဦးပဥ္စင်းကို ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးများကို အနည်းဆုံး 'ဝိနယဓရ' ဘွဲ့တံဆိပ်ဖြင့် ကျေးဇူးဆပ်ပါမည်၊ ကျန်းမာရေး ကောင်းမွန်လျှင် 'တိပိဋကဓရ' အဖြစ်ဖြင့်ပင် ကျေးဇူးဆပ်ရန် ရည်ရွယ်ထားပါသည်" ဟု ရဲရင့်စွာ ဝန်ခံကတိစကား မိန့်ကြားခဲ့လေသည်။

## ဉာဏဗလ ပဓာန

ထို့နောက် မိမိ၏ခန္ဓာကိုယ် ပိန်ပိန်လေးကို ကြည့်ပြီး မေးခွန်းထုတ်ကြည့်မိသည် "ငါ့ရှင်ဝိစိတ္တ၊ တိပိဋကဓရအဖြစ်ဖြင့် ကျေးဇူးဆပ်ချင်တာ

http://www.dhammadownload.com



တော့ ဟုတ်ပါပြီ၊ သို့ရာတွင် ငါ့ရှင်၏ခန္ဓာကိုယ်သည် ကြုံလှီပိန်ချုံးလှချေ၏၊ ဤခန္ဓာကိုယ် ပိန်ပိန်လေးဖြင့် ပိဋကတ်ပင်လယ်ပြင်ကြီးကို ကူးခတ်နိုင်ပါ့မလား ?"

အဖြေက ထွက်လာသည် "ပိဋကတ်ပင်လယ်ပြင်ကြီးကိုကူးခတ်ရာ၌ ကာယဗလသည် မပြဋ္ဌာန်း၊ ဉာဏဗလသာ ပြဋ္ဌာန်းသည် (ခန္ဓာကိုယ် ဝ-ဖို့ အရေးမကြီး၊ ဉာဏ်ဝီရိယစသည် ပြည့်ဝနေဖို့သာ အရေးကြီးသည်)၊ ငါ့မှာ ထိုဉာဏဗလ ဗိုလ်ငါးပါး အပြည့်အဝရှိသားဘဲ၊ ကူးနိုင်ပါတယ်"။

"ဒါဖြင့် ပိဋကတ်ပင်လယ်ပြင်ကြီးကို ကူးခတ်ရင်း သေသွားမယ်ဆိုရင်ရော အသေခံနိုင်တယ်ပေါ့" ထပ်မေးကြည့်ပြန်သည်။

"အသေခံနိုင်ပါတယ်၊ သံယုတ်ပါဠိတော်မှာ တရားအားထုတ်ရင်း ဘဝဇာတ်သိမ်းသွားတဲ့ သမဏနတ်သားဝတ္ထု ရှိသားဘဲ၊ ဒီကိစ္စမျိုးကို အလုပ်ခွင်မှာ ဘဝဇာတ်သိမ်းခြင်းလို့ အဋ္ဌကထာဆရာတော်များကပင် ချီးကျူးခဲ့ကြတယ်၊ ငါလဲ သာသနာ့စစ်မြေပြင်မှာ သူရဲကောင်းပီသစွာ ကျဆုံးသွားခြင်းလို့ မှတ်ယူပါ့မယ်"

ဤသို့ အပြန်ပြန်အလှန်လှန် မေးခွန်းထုတ်ဖြေကြည့်ပြီး၍ ကျေနပ်အားရပြီဆိုမှ တိပိဋကဓရစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

## ပစ္စယ-ဓမ္မ ပြိုင်ပွဲကြီး

နိုင်ငံတော်သမ္မတကြီး၏ လက်အုပ်ကို 'တိပိဋကဓရရှာပုံတော်လက်အုပ်' ဟု ထူးခြားစွာ ခံယူခဲ့သော အရှင်ဝိစိတ္တသာရာဘိဝံသသည် အခြား ခံယူမှုတစ်ခုကိုလည်း စာမေးပွဲအောင်မြင်ကြောင်း လက်နက်ကောင်းအဖြစ် အသုံးပြုခဲ့သည်ကို တွေ့ရသည်၊ ထိုခံယူမှုမှာ–

http://www.dhammadownload.com



"ယခု တိပိဋကရေစာမေးပွဲကြီး ကျင်းပတယ်ဆိုတာ ဒကာနဲ့ဆရာ ပြိုင်တာတော့မဟုတ်ဖူး၊ ဒါပေမယ့် နှလုံးသွင်းနည်းက ဒီလိုလာရမယ်၊ အရှင်ဘုရားတို့ဘက်က တိပိဋကရေကိုယ်တော် ဖော်ပေးနိုင်ရင် ပေးပါ၊ ပေးနိုင်ရင် တပည့်တော်တို့ ဒကာတွေဘက်က ထိုက်တန်တဲ့ပူဇော်မှုနဲ့ ပူဇော်မယ်၊ အဲဒီလို ဆရာနဲ့ဒကာ ပြိုင်ရတာ၊ တိပိဋကရေကိုယ်တော် တစ်ပါးမှ မထုတ်ပေးနိုင်ရင် ကျုပ်တို့ဘက်က ရှုံးတယ်၊ ဒကာနဲ့ဆရာ ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟ တိုက်ပွဲ ပြိုင်ခွဲတဲ့ပွဲကြီး ဖြစ်တယ်"။

## ဝိနယရေလမ်းစဉ်

ပြောသလိုလုပ်တတ်သည့် ယထာဝါဒီတထာကာရီပုဂ္ဂိုလ်မျိုးဖြစ်သူ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဝိနည်းပါဠိတော်ကြီးများကို အကြမ်း လေ့လာပြီးနောက် 'ဝိနယရေလမ်းစဉ်' ဆိုသော စာကျက်နည်း လမ်းစဉ် တစ်ခုကို စဉ်းစားချမှတ်တော်မူသည်။

၁၊ ဝိနည်း ပါရာဇိကဏ်ပါဠိတော်၌ ဝိနီတဝတ္ထုဥဒ္ဒါနဂါထာများကို နောက်ကထားရမည်ဖြစ်ပါလျက် ဝတ္ထုတို့၏ရှေ့၌ထားခြင်းကား- နောက် နောက်ပါဠိတော်ကြီးများ၌ ဥဒါန်းဂါထာများကို ကျက်ပြီးမှ ဝတ္ထုစာသား ကို ကျက်ဖို့ သံဂါယနာတင် ရဟန္တာမထေရ်တို့ ထားခဲ့သောဥပဒေသ ဖြစ်သည်။

၂၊ ဧတဒဝေါစနှင့် ဧဝမာဟတို့ကို ဟောပုံမှာ- နားထောင်သူ ကံ ဝိသေသ ထင်ရှားရာ၌ 'ဧတဒဝေါစ' ဟု ဟောတတ်သည်၊ ကံဝိသေသ မထင်ရှားရာ၌ 'ဧဝမာဟ' ဟု ဟောတတ်သည်။

၃၊ စာကျက်စကပင် သရုပ်ပြသော နေရာ၌ သရုပ်ပေါင်း မည်မျှ, ဝိသေသနများစွာ လာသောနေရာ၌ ဝိသေသနပုဒ်ပေါင်း မည်မျှရှိသည် ကို အကျင့်ပါ အသားကျအောင် လက်ချိုးရေတတ်ရမည်။

http://www.dhammadownload.com



၄၊ ရပြီးသောစာကို ပြန်သောအခါ ငါ့ဟာငါ ဟုတ်လှပြီ-ထင်ပြီး တစ်ယောက်တည်း မပြန်နှင့်၊ ဘေးက စာထောက်တစ်ပါးပါး ထားပြီး စာပြန်လေ့ကျင့်ပါ။ ကိုယ်တစ်ယောက်တည်း စာပြန်က စာတစ်ရွက်-နှစ်ရွက် ကျော်သွားသော်လည်း ကျော်မှန်းမသိ၊ အမှန်ချည်း ထင်တတ်သည်၊ ကိုယ့်အမှန်ကား ပွဲဝင်သောအမှန် မဟုတ်၊ စာအုပ်ထဲကအတိုင်း မှန်မှသာ အမှန်ဖြစ်သည်။ (ဤမူအရ မင်းကွန်းဆရာတော်လေး အရှင်ဝိစိတ္တသာရာဘိဝံသသည် စာကြည့်ပေးသူထံမှာသာ တစ်လျှောက်လုံး စာပြန်ခဲ့ရာ ဆရာတော့်အား အများဆုံးစာကြည့်ပေးခဲ့သူမှာ **တောင်ရင်းဆရာတော် ဦးကောဏ္ဍည** ဖြစ်ပေသည်။)

၅၊ ရှေးဦးစွာ ဝတ္ထုကြောင်းကိုဖတ်ပြီး စာအုပ်ကိုပိတ်၍ မိမိဉာဏ်၌ ဝတ္ထုကြောင်းဝါကျအစုံပေါ်အောင် စဉ်းစားပါ။ မြန်မာလို ဝတ္ထုကြောင်း မှန်ကန်အောင် စဉ်းစားပြီးမှ ခက်လျှင် ခက်သလို လွယ်လျှင် လွယ်သလို ဝါကျ တစ်ခုတစ်ခု စကား တစ်ရပ်တစ်ရပ် ကန့်သတ်၍ ပါဠိတော်ကို ကျက်ပါ။

၆၊ ၅-ခေါက်လောက် ကျက်မိလျှင် စာအုပ်ကို မပိတ်ပဲ မျက်စိမှိတ်၍ စမ်းပြန်ကြည့်ပါ၊ မရတတ်သေးလျှင် နောက်ထပ် ၅-ခေါက်လောက် ထပ်ကျက်ပါ၊ အလွတ်ရသွားလျှင် စာအုပ်ပိတ်၍ အနည်းဆုံး ၁၀-ခေါက်လောက် ပြန်ပါ။ (ဉာဏ်ကိုချည်း အားမကိုးခဲ့ကြောင်း ထင်ရှားသည်။)

၇၊ စာပြန်သော အခါမှာလည်း မိမိ ရပြီးသော စာအုပ်တိုင်း နှံ့စပ်အောင် ပိုင်း၍ပိုင်း၍ ပြန်ပါ၊ ဥပမာ- ဝိနည်း ၃-အုပ် ရပြီဆိုပါစို့၊ စာပြန်ချိန် ၃-ချိန်ထား၍ တစ်ချိန်တွင် တစ်အုပ်မှ, နောက်တစ်ချိန်တွင် နောက်တစ်အုပ်မှ, နောက်တစ်ချိန်တွင် နောက်တစ်အုပ်မှ ပြီးသမျှ ပြန်ပါ၊ ဤနည်းဖြင့် မိမိဉာဏ်ကို စာအုပ်အနှံ့အပြားသို့ နေ့စဉ် စေလွှတ်ထားပါ။

http://www.dhammadownload.com



၈၊ အကယ်၍ စာကျက်စဉ်မှာ စာခက်၍ဖြစ်စေ ပင်ပန်း၍ဖြစ်စေ အားလျှော့လိုစိတ်များ ပေါ်ပေါက်လာပါက—

- အသင့်အဖို့ မြတ်စွာဘုရားက ဤတရားများကို ဟောခဲ့ခြင်းဖြစ်သည်၊ အသင် မသိအပ်သည့်တရားများကို အသင့်ဆရာ မြတ်စွာဘုရားက ဟောခဲ့သည်မဟုတ်၊ အသင်ကဲ့သို့သော ဘုရားသားတော်တစ်ပါးကမှ အဖဘုရား၏စကားတော်အစဉ်ကို မဆောင်လျှင် အဘယ်သူ သူစိမ်းပြင်ပက ဆောင်အံ့နည်း ?၊ အသင့်တာဝန်ကား ဝိမုတ္တိရသ ပုဒ်တိုင်းမှာ ပါရှိသည့် ချိုမြိန်လှသော မြတ်စွာဘုရား၏စကားတော်ကို စောင့်ထိန်းရန် ဖြစ်သည်။

- သီဟိုဠ်ကျွန်း၌ သဲစိုကိုပင် ရင်ပတ်ပေါ်တင်၍ ပိဋကတ်တော်ကို မပျောက်ပျက်အောင် စောင့်ရှောက်ခဲ့သော သင့်နောင်တော်ကြီးများ၏ ထုံးကို နှလုံးပိုက်ပါ-ဟု မိမိကိုယ်ကို ဖွဲလုံ့လဝီရိယ တိုးတက်လာအောင် အားပေးပါ။

ဤနည်းလမ်းဥပဒေသ ၈-ချက်ကို အရင်းတည်လိုက်နာအားထုတ်ပါက မုချ ဝိနယရေ ဖြစ်ရမည်-ဟု ယုံကြည်စဉ်းစားမိလေသည်။

## ထူးထူးခြားခြား ဓာနည်းမှား

ဝိနယရေလမ်းစဉ် ၈-ချက်ကိုချကာ အရင်းတည်လိုက်နာ၍ ဝိနည်း ၅-ကျမ်းပါဠိတော်များကို ကျက်မှတ်သည်၊ လမ်းစဉ်က မှန်သဖြင့် ပရိဝါ ကေုတ္တာရိကာ၌ အခက်အခဲအချို့ တွေ့ရသည်မှအပ အခြားအခက်အခဲဟူ၍ သိပ်မတွေ့ခဲ့ရပေ၊ ထို့ပြင် ဥပဇ္ဈာယ်ဖြစ်သော ဓမ္မနာဒဆရာတော်သည် ပါဠိတော်ကြီးများကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်နေရာ တစ်ခေါက်မျှ ရွတ်မိလျှင်ပင် သိဒ္ဓိပေါက်သလိုဖြစ်ပြီး စိတ်ထဲက တောင့်တသောပစ္စည်း

http://www.dhammadownload.com



များကို သိပ်မကြာခင် ရလာတတ်ခြင်း, ယနေ့ မိမိထံ ဘယ်သူဘယ်ဝါ တို့ လာကြလိမ့်မည်ကို ကြိုတင်သိရှိနေခြင်း စသော ထူးခြားချက်များ ဖြစ်ပေါ်လာသည်၊ တပည့်ဖြစ်သူ အရှင်ဝိစိတ္တသာရာဘိဝံသအားလည်း မိမိကဲ့သို့ ရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းခဲ့သည်၊ ထိုတိုက်တွန်းချက်အရ အရှင်ဝိစိတ္တသာရာဘိဝံသကလည်း ပါဠိတော်ကြီးများကို ရွတ်ဖတ်ပူဇော် ခဲ့ဖူးရာ အာဂုံရအောင် မကျက်ဖြစ်ခဲ့သော်လည်း ပါဠိတော်လာ အနက် အဓိပ္ပါယ် အကြောင်းအရာ အားလုံးကို သိနေပြီးဖြစ်သဖြင့် ကျက်မှတ် ရာ၌ များစွာ အထောက်အကူ ရခဲ့သည်၊ ပါဠိတော်များကို ကျက်မှတ်ရင်း အဋ္ဌကထာဋီကာများကိုလည်း တပါတည်း ပူးတွဲကြည့်ရှုလေ့လာခဲ့သည်။

၁၃၁၁-ခုနှစ် ဒုတိယအကြိမ် စာမေးပွဲကြီးတွင် ဝင်ရောက်ရန် ကြိုး စားခဲ့သော်လည်း ပရိဝါရပါဠိတော်၌ စိတ်တိုင်းကျ မကြေညက်သေး သဖြင့် မဝင်ရောက်ပဲ နေခဲ့ပြီး ၁၃၁၂-ခုနှစ် တတိယအကြိမ်မြောက် စာ မေးပွဲကြီးကျမှ စတင်ဝင်ရောက်ဖြေဆိုရာ ကျကျနန ကြိုတင်ပြင်ဆင်၍ လေ့ကျင့်ခဲ့သဖြင့် အာဂုံပြန်အပိုင်း၌ အထောက်အမ လွတ်ကင်း၍ သန့် ရှင်းပီပြင်စွာ ပြန်ဆိုနိုင်ခဲ့သည်၊ သာယာနာပျော်ဘွယ် အသံအနေအထား ဖြင့် အဖြတ်အတောက် လေယူလေသိမ်းမှစ၍ စနစ်တကျ နိုင်နိုင်နင်းနင်း ပြန်ဆိုတော်မူသည်၊ နာယကဆရာတော်များနှင့်တကွ စာထောက်စာမ ဆရာတော်များ အလွန်ကျေနပ်တော်မူကြသည်။

လာရောက်နားထောင်ကြသူ ပရိသတ်တို့မှာ အနက်အဓိပ္ပါယ်ကို နားမလည်ကြသော်လည်း သာယာသော အသံတော်၏ ဆွဲဆောင်ရာသို့ လိုက်ပါရ၍ အေးချမ်းမှုအရသာကို ခံစားကြရသည်။

ဝဏ္ဏကျော်ထင် ဇာတ်မင်းသားကြီး ဘုရားဒကာကြီး ဦးဖိုးစိန်ကား တရားသံအရသာကို ခံစားရသည့်အပြင် လေယူလေသိမ်း အလှည့်

http://www.dhammadownload.com



အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ စာမေးပွဲကြီးတွင် တိုက်(ပ်)ဖြင့်ရိုက်၍ စာဖြေနေပုံ



အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ စာမေးပွဲကြီးတွင် တိပိဋက အာဂုံပြန်ဆိုတော်မူနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com



အပြောင်း စည်းချက်ဝါးချက်မှန်မှန် ရွတ်ဆိုနိုင်သော အသံတော်ကို အနုပညာနားဖြင့်ပါ နာယူနိုင်သဖြင့် အလွန်သဘောကျလျက်ရှိသည်၊ တစ်ခါတစ်ခါ လက်ဖျားခါ၍ "ကောင်းလိုက်တာ၊ ကောင်းလိုက်တာ"ဟု ပင် အသံထုတ်၍ပြောမိသည်၊ စာပြန်ပြီးသောအခါ အရှင်ဝိစိတ္တသာရာ ဘိဝံသ အနီး လာ၍ "အရှင်ဘုရား၊ စည်းဝါးနားလည်ပါသလား"ဟုပင် လျှောက်ထားမေးမြန်းမိလေသည်။

## ကျော်တာက နည်းပါသေးတယ်

'မင်းကွန်းမှ ဆရာတော်လေး အရှင်ဝိစိတ္တသာရာဘိဝံသ ဝိနည်း ၅-ကျမ်းကို အထောက်လွတ် အာဂုံပြန်ဆိုနိုင်ကြောင်း သတင်းပျံ့နှံ့သွား ရာတွင် မယုံကြည်နိုင်သော ဆရာတော်ကြီးတစ်ပါးက "မဖြစ်နိုင်တာကွာ၊ ဝိနည်းပါဠိတော်ကြီးတွေကို သာမန်လူတစ်ယောက်က အထောက်အမ မရှိဘဲ အာဂုံပြန်နိုင်မတဲ့လား"ဟု မိန့်ကြားသဖြင့် ထိုဆရာတော်ကြီးကို စာမေးပွဲကျင်းပရာ မဟာစည်သာသနာ့ရိပ်သာသို့ ပင့်ဆောင်ပြီး ကိုယ် တိုင် ကြည့်ရှုနားထောင်ခိုင်းရသည်၊ သည်တော့မှ ထိုဆရာတော်ကြီးမှာ ပါဠိတော်စာအုပ်ကြီးကို ကြည့်လိုက်, အရှင်ဝိစိတ္တသာရာဘိဝံသကို ကြည့် လိုက်ဖြင့် ရင်သပ်ရှုမော တအံ့တသြဖြစ်ပြီးနောက် "အင်း ...ကျော်တာက နည်းပါသေးတယ်"ဟု မှတ်ချက်ပြုတော်မူသွားလေသည်။

## နတ်စောင်းသံမွန် ရေတံခွန် ဆိုင်းသံပမာ

စာပြန်ပွဲတွင် အရှင်ဝိစိတ္တသာရာဘိဝံသအား စာထောက်ပေးရန် တာဝန်ကျသူ စာပေပညာရှင် ပါဠိပါရဂူ ဦးအောင်မိုးကလည်း စာပြန်ပုံ ကောင်းလွန်းသဖြင့် ရစနာဂါထာ ၅-ပုဒ်ရေးသား၍ ဂုဏ်ပြုချီးကျူးသွား သည်၊ ထိုဂါထာများ၏ မြန်မာပြန်အချို့မှာ—

http://www.dhammadownload.com



"အရှင်ဝိစိတ္တသာရ ဝိနည်းပြန်ဆိုပုံကား ပဥ္စသီခနတ်သား၏ စောင်းသီချင်းသံပမာ အလွန်သာယာလှပါဘိတောင်း။ ရေတံခွန်မှ ရေပန်းများ တဖြောဖြော ဖြာဆင်းသလို အရှင်ဝိစိတ္တသာရ နှုတ်တော်မှ ပညာရှိတို့ နှစ်သက်လောက်အောင် ပါဠိတော်အစဉ်အတန်း ရေပန်းတို့ တဖြန်းဖြန်း တဖြောဖြော ဒလဟော စီးဆင်းနေပါပကောလား" စသည်ဖြင့် ဖြစ်လေသည်။ (ရစနာဂါထာ ၅-ပုဒ်ကို နောက်တွင် ဖော်ပြထားသည်။)

ထို့အတူ ပါဠိပညာရှင် ဓမ္မာစရိယ ဦးညွန့်မောင်ကလည်း မိမိ စာထောက် အလှည့်ကျသည့်အချိန်တွင် ပါဠိဂါထာ, ရှစ်ဆယ်ပေါ်တေးထပ် တို့ဖြင့် ရေးစပ်ချီးကျူးသွားရာ ထိုအထဲမှ အချို့မှာ–

"အရှင်ဝိစိတ္တသာရာဘိဝံသကား လုံးထွေးထစ်ငေါ့ခြင်း ကင်း၍ နှုတ်ထွက်လည်း ရှင်းသည်၊ လိင်ဝုစ်ပုဒ်ပါဌ် အထားအသို အပိုကိုလည်း ပြင်ဆင်နိုင်သည်၊ သင်္ဂါယနာတင် အရှင်ကောင်းအရှင်မြတ်တစ်ဆူ ဖြစ်တော်မူထိုက်သည်-ဟု ဆိုထိုက်ပေသည်"

"အရှင်ဘုရား၊ များသောအားဖြင့် ပုဂ္ဂိုလ်တစ်ယောက်သည် ဂုဏ်တစ်ခုကိုသာ ရရှိတတ်သော်လည်း အရှင်ဘုရားကား တစ်ဦးတည်း ဖြစ်ပါလျက် ဂုဏ်အများကြီးကို ရရှိစွမ်းသူပါတည်း၊ ဝိစိတ္တ-ဆိုသော အရှင်ဘုရားသည် အဆန်းတကြယ် အံ့ဘွယ်လိလိ ထူးဆန်းလှပါပေ၏ဘုရား။

အရှင်ဘုရား၊ အရှင်ဘုရားသည် လူသားစင်စစ် ရဟန်းတော် ဖြစ်ပါလျက် ခြင်္သေ့မင်းကဲ့သို့ ပိဋကသုံးသွယ် တောကြီးအလယ်၌ စမ္ပာယ်မြူးကွန့် မရွံ့မကြောက် ဟိန်းဟောက်၍နေဘိ၏၊ ဝိစိတ္တ-ဆိုသော အရှင်ဘုရားသည် အဆန်းတကြယ် အံ့ဘွယ်လိလိ ထူးဆန်းလှပါပေ၏ဘုရား" စသည်ဖြင့် ချီးကျူးရေးသားခဲ့လေသည်။

ဦးညွန့်မောင် ရုတ်တရက် ရေးသားချီးကျူးခဲ့သည့် တေးထပ်မှာ–

http://www.dhammadownload.com



ကဿပရှင်မဟာ ယင်လာသပ သင်္ဂါယန မပြတ်နည်းယူ
တင်လာတမျှ တထပ်တည်းတူသည် နတ်လည်းမကူ လူပေတကား၊
ရတနာပလ္လင်မဏ္ဍပ် ဆာသွင်ရဟန်းမြတ် စာသဘင်ကမ်းခတ်
တန်ခိုးရှိညီသည် သတိုးသိရီ ရဟန်းပါတဲ့ဘုရား၊
ကဝိတံဆိပ်အခါခါရ ဝိသိဋ္ဌပါကဋ ဝိစိတ္တသာရ
ဉာဏ်ဆန်းကြွယ်သည် အံ့မခန်းတကယ် ပြန်ဆိုသွား၊
အနှံ့ကျမ်းဝယ် အကျန်ပိုများကိုလ မချန်ဆိုထား ပြင်ဆင်ကာ
မရပ်ရန် မပြတ်ပြန် မှတ်ဉာဏ်မယုတ်
အတတ်ဉာဏ်ထုတ် လိင်ဝုစ်ပုဒ်အသွားအလာ၊
အာဂမရှိ စာအရအမိ သဘာဝထိ မြင်သိပါသည်
ထင်ရှိဉာဏ်မှာ ပထျာဖြန့်လို့
အရဟာရဟန့် ရှေးကသင်္ဂါယနာလို မတွေးရ လျှင်စွာသာဆို၊
ထုတ်ဖော်ညွှန်းတင့် အဟုတ်တော်လွန်းသဖြင့်
နှုတ်မော်ကွန်းနှင့် အထူးဖွဲ့ ထုတ်ဆိုသည်
ထူးတဲ့ပုဂ္ဂိုလ် ဆိုလောက်ပါရဲ့လေး။

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်ခဲ့သူ နှစ်ဖက်လှဦးကျော်လွင်ကလည်း သူ အရှင်ကေတုမာလာဘိဝံသ ရဟန်းတော်ဘဝက တိပိဋကစရေးချယ်ပွဲကြီးကျင်းပရာ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်နာကြားခဲ့ရပုံကို ထူးထူးဆန်းဆန်း မှတ်တမ်းတင်သွားသည်–

"မင်းကွန်းဆရာတော် စာပြန်ပုံမှာ ဥပမာပေးရလျှင် စိန်ဖေဒါကြီး ဆိုင်းဝိုင်းတီးနေသလိုပါဘဲ၊ တေန ခေါ ပန သမယေန-ဆိုတာမျိုးလို လွယ်တဲ့နေရာမှာ စိန်ဖေဒါ ပတ်သေးလုံးကလေးတွေကို လက်ဖျားသတ်လိုက်သလို မြန်မှ မြန်၊ သရုပ်တွေ တစ်ခုပြီးတစ်ခု တန်းစီလို့ ခက်ခဲတဲ့

http://www.dhammadownload.com



နေရာကျတော့ တစ်ပုဒ်စီ တစ်ပုဒ်စီ ဖြေးဖြေးပီပီ ကြည်ကြည်မြမြ ရွတ်ပြနေလေရဲ့၊ စိန်ပေဒါကြီး ပတ်လုံးတစ်လုံးစီ တီးနေပြီကိုး”။

မန္တလေးမြို့ မစိုးရိမ်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ဟင်္သာတမြို့ သပြေပင်ဆရာတော်၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ဆရာတော် စသော ဆရာတော်များနှင့် တိုးတက်ရေး ဦးစိန်၊ ချပ်သင်းသူဌေး ဦးဘတင် စသော လူပုဂ္ဂိုလ် အများအပြားတို့လည်း လာရောက်နားထောင်ပြီးနောက် တအံ့တသြ ချီးမွမ်းဂုဏ်ပြုစာများ ရေးသားသွားခဲ့ကြလေသည်။

သဘောရေးဖြေအပိုင်းတွင်လည်း အမှတ် ၁၀၀-ပေးသော မေးခွန်းများ၌ ဘာသာရပ်တိုင်း ၈၅-မှတ်အထက်ရရှိ၍ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်၊ (ပရိဝါကျမ်း၌မူ အမှတ် ၁၀၀-အပြည့် ရတော်မူသည်။)

**တိပိဋကဓရစာမေးပွဲကြီး သမိုင်းတစ်လျှောက် ဖြေဆိုအောင်မြင်သူအများအပြား ရှိသည့်အနက် ရေးဖြေ၌ အမှတ် ၁၀၀-အပြည့်ရသည်မှာ ယနေ့အထိ မင်းကွန်းဆရာတော် တစ်ပါးတည်းသာ ရှိသည်၊ ကျမ်းစာအနေဖြင့် ပရိဝါကျမ်း၊ အထက်ယမကကျမ်း၊ အထက်ပဋ္ဌာနကျမ်းဟူ အမှတ် ၁၀၀-ပြည့်သည့်ကျမ်း ၃-ကျမ်းရှိသည်၊ အလွန်အံ့သြချီးမွမ်းဖွယ် ကောင်းလှတော့သည်။**

## ထေရမနာစေးထပ်

ထိုသို့သော အံ့သြချီးမွမ်းဖွယ်ရာများနှင့် ပတ်သက်၍ ရေးသား စပ်ဆိုပူဇော်ခဲ့ကြသော ကဗျာလင်္ကာများထဲမှ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဖြစ်ခဲ့သူ စာပေပါရဂူ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၏ ခမည်းတော် ကမ္ဘာကျော်ဗိသုကာ

http://www.dhammadownload.com



ပညာရှင် ဝဏ္ဏကျော်ထင် ဆရာဆိုင် ရေးသားသီကုံးခဲ့သည့် ထောမနာ တေးထပ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်—

**ဝိစိတ္တသာရ-ဟု ဘိဝံသမထေရ်၊**
**ထူးမြတ်တဲ့အာဇာနည်ငယ် ဝိနည်းမည်ပဋ္ဌ၊**
**ငါးကျမ်းလုံး ပါဠိတော်ကို မချွတ်မချော် ရွတ်အံလို့ပြ၊**
**သူတစ်ယောက် ကူထောက် မပါတယ် အက္ခရာ ပဒ၊**
**သမ္ဗန္ဓာ-ဗျဉ္ဇနတို့ ယင်းသည်မှတဖန်၊**
**ဌကထာ ဋီကာကျမ်း ပုစ္ဆာခန်း ပြုလုပ်ကြပြန်၊**
**ရှစ်ဆယ့်ကိုး အာဒိခံတယ် ရက်စဉ်မှန် တစ်ရာကျအောင်ပ**
**သဘာဝရေးဖြေ စွမ်းနိုင်လှပေ၊**
**ပုဂ္ဂိုလ်မြတ် ရာကုဋေတွင် ရှာဖွေရန် လွယ်ဘူးဖျလေး။**

(ရှစ်ဆယ့်ကိုး အာဒိခံတယ်-ဆိုသည်မှာ ဝိနည်းငါးကျမ်း ရေးဖြေ ရာဝယ် ပထမဆုံး ပါရာဇိကဏ်ကျမ်း၌ ၈၉-မှတ် ရရှိသည်ကို ဆိုလိုခြင်း ဖြစ်သည်၊ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဝိနည်းငါးကျမ်း ရေးဖြေဝယ် အစဉ်အတိုင်း ၈၉၊ ၉၉၊ ၉၂၊ ၉၈၊ ၁၀၀-မှတ် ရရှိတော်မူသည်။)

## ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ

ဝိနယပိဋကဝိနည်းငါးကျမ်းလုံးကို အာဂုံရော သဘောရေးဖြေပါ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူ၍ "ဝိသိဋ္ဌဝိနယဓရမဟာဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်, အောင်လက်မှတ်တော်, အရိုးဝါကနက္ကဒဏ် ထီးဖြူတော် တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် ရထား-သဘော် အထက်တန်း၌ တပည့်တစ်ဦးနှင့်အတူ အခမဲ့စီးနင်းခွင့် ခရီးသွား လက် မှတ်၊ လစဉ် ဆွမ်းဆန်တော်တို့ကို အလှူခံရရှိတော်မူခဲ့လေသည်။

http://www.dhammadownload.com



## သာသနာ့အောင်လံတော်

သာသနာ့အောင်လံတော်-ဆိုသည်မှာ ကနက္ကဒဏ်ထီးဖြူပုံ ရေးထိုးထားသော အလံကလေး ဖြစ်၍ ထိုအလံကလေးကို ကြည့်ပြီး "ဒီအလံကလေးက ဘာလုပ်ရမှာလဲ?" ဟု အရှင်ဝိစိတ္တသာရာဘိဝံသက မေးရာ "ပိဋကတစ်ပုံအောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်ဖြစ်၍ အထိမ်းအမှတ်တစ်ခုအဖြစ် ထားရှိဖို့နှင့် မြို့ထဲရွာထဲ ခရီးကြွသည့်အခါ မော်တော်ယာဉ်တွင် တပ်ဆင်သွားရန် ဖြစ်ပါကြောင်း၊ သည်အလံကို တွေ့ရလျှင် အခြားမော်တော်ယာဉ်အားလုံး ရပ်ပေးရပါကြောင်း၊ သည်အလံ တပ်ထားလျှင် မီးနီပြထားသော မီးပွိုင့်များ၌လည်း ရပ်ပေးစရာ မလိုဘဲ ဖြတ်မောင်း၍ ရပါကြောင်း" တာဝန်ရှိသူများက လျှောက်ထားကြသဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုအတိုင်းပင် မှတ်သားထားတော်မူခဲ့သည်။

(ယခင်ရှေးအခါက ထိုအတိုင်း ဖြစ်ခဲ့သော်လည်း ယခု နောက်ပိုင်းခေတ်တွင်မူ ထိုအတိုင်း မဟုတ်တော့၊ သာသနာ့အောင်လံတော် ရရှိသူတွေ များလာသလို မော်တော်ယာဉ်တွေလည်း များလာ၍ အောင်လံတော်၏ ပါဝါမှာ ကျဆင်းသွားပြီး အသိအမှတ်ပြုသူလည်း နည်းပါး၍ အခြားမော်တော်ယာဉ်များက ရပ်မပေးတော့သလို မီးနီမီးပွိုင့်ကိုလည်း ဖြတ်မောင်း၍မရတော့ပေ။

မင်းကွန်းဆရာတော်ကြီးကမူ ယခင်ကကဲ့သို့ မှတ်ထင်ပြီး မီးနီမီးပွိုင့်များကို ဖြတ်မောင်းခိုင်းခဲ့သဖြင့် ယခုနောက်ပိုင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ဘဝမှာပင် မော်တော်ယာဉ်ချင်း အတိုက်ခံရမည့်ဘေးများနှင့် မကြာခဏဆိုသလို ကြုံတွေ့ခဲ့ရလေသည်)။

http://www.dhammadownload.com



## ဝိသိဋ္ဌ+မဟာ အဘိဓမ္မာ

၁၃၁၃-ခုနှစ်တွင် ကျင်းပသော စတုတ္ထအကြိမ်မြောက်စာမေးပွဲကြီး၌ အဘိဓမ္မပိဋက ပထမပိုင်း ၅-ကျမ်းကို အာဂုံရော ရေးဖြေပါ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပြန်သည်၊ ဓာတုကထာ, ကထာဝတ္ထုကျမ်းများ ပါဝင်နေသော်လည်း ဖွဲလုံ့လဝီရိယ ဉာဏ်ပညာတို့ဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ ၁၃၁၄-ခုနှစ် ပဉ္စမအကြိမ်မြောက် စာမေးပွဲကြီး၌ အဘိဓမ္မပိဋက ဒုတိယပိုင်း ၂-ကျမ်းကို အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်ထွေစလုံး ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူပြန်သည်။

ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်- ဆိုသော်လည်း လွယ်လွယ်ကူကူ အောင်ခဲ့သည်တော့ မဟုတ်ပါပေ၊ အဘိဓမ္မာ ဒုတိယပိုင်းမှာ ယမိုက်-ပဋ္ဌာန်းကျမ်းကြီးများ ဖြစ်သဖြင့် အခက်အခဲများစွာ တွေ့ခဲ့ရသည်၊ ပုတီးကလေးစိပ်ပြီး သမာဓိကောင်းအောင် ထူထောင်ခဲ့ရသည်၊ ထက်သန်စူးရှသည့် ဉာဏ်ပညာ, ပြင်းထန်သည့် ဖွဲလုံ့လဝီရိယ, တည်ကြည်ငြိမ်သက်သည့် သမာဓိ, အားကောင်းသည့် သတိတို့ကို အစွမ်းကုန် ထုတ်သုံးပြီး ကြိုးစားတော်မူခဲ့ရခြင်း ဖြစ်၏၊ အဘိဓမ္မာတရား သိမ်မွေ့နက်နဲလွန်းပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့် ဘုရားရှင်ကို တ-ယူရသည်အထိ ဖြစ်ခဲ့ရသည်၊ ဂါထာ ၅-ပုဒ် ရေးသားပြီး "အဘိဓမ္မာတရား နက်နဲလွန်းလှ၍ ဘုရားတ ၅-ဂါထာ" ဟု အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တိုင် အမည်ပေးခဲ့လေသည်။

### ဘုရားတ ၅-ဂါထာ

၁။ ဝိမလော တွံ မဟာဝီရ၊ စိတ္တိသာရိယသုန္ဒရီ။
တမဟံ အဘိဝန္ဒာမိ၊ သာရဂုဏံ နမဿိယံ။

http://www.dhammadownload.com



၂။ ဂမ္ဘီရာ ဒုဒ္ဒသာ နာထ၊ တုမှံ့ ဘိဓမ္မဒေသနာ။
ဝိစိတ္တာ သဗ္ဗတော ဖုလ္လာ၊ မဟာသာလဝနံ ယထာ။

၃။ တုမှံ့ဝ ဂေါစရော သော၊ နာဟံ ဂါဓံ တဟိံ လဘေ။
သသောဝ သာဂရေ နာထ၊ ဂဟိတမ္ပိ ပမုဿတေ။

၄။ တထာပါဟံ ဝိစိတ္တေသ၊ တုမှံ့ ဉာဏရိယံ ဘဇံ။
ပဏာမျ သာဒရံ ဂါဟျ၊ ပညာဓိတိဗလံ ယုဇံ။

၅။ တေနာဟံ ပတရေယျာမိ၊ အဘိဓမ္မမဟဏ္ဏဝံ။
ပါလယဿု မမံ နိစ္စံ၊ တွဥ္စ မယှ ပရာယဏော။


၅-ဂါထာအနက် ပထမဂါထာမှာ မိမိ၏ဘွဲ့တော်ကို အစဥ်တင်၍ ဘုရားရှင်ကို ရှိခိုးသောဂါထာ ဖြစ်သည်၊ ဂါထာ ၄-ပါဒ၏ အစဥ် ဝိစိတ္တသာရ-ဟူသော ဘွဲ့တော်ကို တွေ့ရမည်ဖြစ်သည်၊ ဂါထာများ၏ မြန်မာပြန် အကျဥ်းချုပ်မှာ–

၁။ မဟာဝီရိယရှင် မြတ်စွာဘုရား၊ အရှင်ဘုရားသည် ကိလေသာ အညစ်အကြေး ကင်းတော်မူပါ၏၊ စိတ်တော်ကိုအစိုးရခြင်းဖြင့် ကောင်းခြင်းဂုဏ်ရှိတော်မူပါ၏၊ အနှစ်သာရ ဂုဏ်ပေါင်းခ-၍ ရှိခိုးသင့် ရှိခိုးထိုက်သော ထို ရှင်တော်မြတ်ဘုရားကို အကျွန်ုပ် ရိုသေစွာ ရှိခိုးပါ၏။

၂။ နာထဂုဏ်ရှင် မြတ်စွာဘုရား၊ အရှင်ဘုရားတို့၏ အဘိဓမ္မာ ဒေသနာတော်သည် နက်နဲလှပါ၏ မြင်နိုင်ခဲလှပါ၏ ဆန်းကြယ်လှပါ၏၊ အင်ကြင်းတောကြီးကဲ့သို့ အလုံးစုံ ပွင့်လန်း၍နေပါ၏။

၃။ နာထဂုဏ်ရှင် မြတ်စွာဘုရား၊ ဤအဘိဓမ္မာဒေသနာသည် အရှင်ဘုရားတို့၏ကျက်စားရာသာ ဖြစ်ပါ၏၊ အကျွန်ုပ်ကား မဟာသမုဒ္ဒ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ရာ၌ ယုန်သူငယ် ထောက်တည်ရာမရသလို ထိုအဘိဓမ္မာ၌ ထောက်တည်ရာကို မရနိုင်ပါ၊ ကျက်မှတ်ပြီးသော စာများလည်း မေ့ပျောက်၍သွားပါ၏။

၄။ သီလစသား ဆန်းကြယ်သော ဂုဏ်တော်များကို ရှာမှီးတော်မူတတ်သော မြတ်စွာဘုရား၊ ထိုသို့ပင် ဖြစ်ပါသော်လည်း အကျွန်ုပ်သည် အရှင်ဘုရားတို့၏ က္ကဿရိယဘုန်းတော်ကို ရှိခိုးဦးချ၍ ပညာ+သမာဓိ အစုံကို ရှိသေစွာ ယူဆောင်ပြီးလျှင်-

၅။ ထိုပညာ+သမာဓိအစုံဖြင့် အဘိဓမ္မာ သမုဒ်အဏ္ဏဝါကြီးကို အကျွန်ုပ် ကူးခတ်ပါအံ့၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို အမြဲမပြတ် စောင့်ရှောက်တော်မူပါ၊ အရှင်ဘုရားသည် အကျွန်ုပ်၏ အားထားမှီခိုရာ အစစ် ဖြစ်ပါသည်ဘုရား။

ဤသို့ နည်းမျိုးစုံကိုအသုံးပြုကာ မလျှော့တမ်းဇွဲဖြင့် ကြိုးစားတော်မူခဲ့ခြင်းကြောင့် အောင်ပန်းပန်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်၊ အောင်ပန်းဆင်နိုင်သဖြင့် **“ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ”**ဘွဲ့တံဆိပ်တော် အောင်လက်မှတ်တော်နှင့် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံ ရရှိတော်မူခဲ့သည်၊ အရှင်ဝိစိတ္တသာရာဘိဝံသ ပိဋကနှစ်ပုံဆောင်ပုဂ္ဂိုလ် ဖြစ်သွားခဲ့လေပြီ။

## ပဋ္ဌာန်းတရားတော်၏ တန်ခိုးအာနိသင်

တိပိဋကရေစာမေးပွဲကြီး ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ၌ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ပဋ္ဌာန်းကျမ်းကြီး ပြန်ဆိုနေစဉ် မြန်မာနိုင်ငံပေါ်သို့ ကျရောက်လာမည့် ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်သွားမှုတစ်ခု ဖြစ်ခဲ့သည်၊ ‘ကြီးစွာသော ဆောင်းတွင်းမုန်တိုင်းကြီး

http://www.dhammadownload.com



တစ်ခု ဖြစ်ပေါ်ပြီး မြန်မာနိုင်ငံဆီသို့ ဦးတည်တိုက်ခတ်လာနေကြောင်း၊ မကြာမီ တစ်နာရီအတွင်း ရန်ကုန်မြို့သို့ ရောက်လာနိုင်ကြောင်း၊ သို့ဖြစ်၍ အနေးယာဉ် အမြန်ယာဉ်များ အားလုံး သွားလာမှုရပ်ဆိုင်းထားရန်နှင့် အရေးရှိက အသင့်ဖြစ်ရန် ရဲတပ်ဖွဲ့ အသင့်အနေအထား ရှိနေရန်' အရေးပေါ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်၊ ထိုကြေညာချက်ကြောင့် လူအများ ထိတ်လန့်တုန်လှုပ်၍နေကြသည်၊ ပဌမကျော် ဦးခင်မောင်ကြီးသည် ထိတ်လန့်တုန်လှုပ်နေသော မိမိတပည့်များအား 'မကြောက်ကြရန်' သက်ပန်းဆရာတော်ကြီးနှင့် ပဋ္ဌာန်းဒေသနာတော် အကြောင်း ပြောပြကာ အားပေးနှစ်သိမ့်ခဲ့သည်၊ "ယခုအချိန်အခါမှာလဲ သာသနဒ္ဓရိပ်သာတွင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ပဋ္ဌာန်း ပါဠိတော်ကြီးတွေ ပြန်ဆိုနေသည့်အတွက် စိုးရိမ်စရာမရှိကြောင်း၊ ဘေး အန္တရာယ် မရှိနိုင်ဟု ယုံကြည်ကြောင်း" ပြောကြားခဲ့သည်။

ဆရာ ဦးခင်မောင်ကြီး ယုံကြည်သည့်အတိုင်းပင် လေမုန်တိုင်းကြီး သည် မြန်မာနိုင်ငံသို့ ရောက်မလာတော့ဘဲ ဖိလစ်ပိုင်နိုင်ငံဘက်သို့ ဦး တည်သွားကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိတ်အေးလက် အေး သွားလာလှုပ်ရှားနိုင်ပြီ ဖြစ်ကြောင်း မိုးလေဝသဌာနက ကြေညာ ချက်သစ်တစ်ရပ် ထပ်မံထုတ်ပြန်ခဲ့ရသည်၊ နောက်နေ့တွင် ဦးခင်မောင် ကြီးသည် သာသနဒ္ဓရိပ်သာသို့ ရောက်လာကာ ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသအား သက်ပန်းဆရာတော်အကြောင်းနှင့် မိမိတပည့်များ အား အားပေးစကား ပြောကြားခဲ့ပုံ, လေမုန်တိုင်းကြီး ရှောင်ကွင်းသွား ရပုံတို့ကို အားပါးတရ လျှောက်ထားလေသည်။

သက်ပန်းဆရာတော်ကြီးကား မန္တလေးခေတ်က ဖြစ်၍ ဆရာတော် ကြီးနှင့် ဘုရားဖူးအဖွဲ့သည် ဟင့်ပ်ရှိုင်းယားသဘော်ဖြင့် သီဟိုဠ်ဘုရားဖူး

http://www.dhammadownload.com



ထွက်ခဲ့ကြသည်၊ ပင်လယ်ပြင်တွင် မုန်တိုင်းကြီးတစ်ခုနှင့် မကြာမီ ရင်ဆိုင်တွေ့ကြရတော့မည်ဖြစ်ရာ သင်္ဘောသားများနှင့် ခရီးသည်များ ယောက်ယက်ခတ်ကာ တုန်လှုပ်နေကြသည်၊ ထိုအချိန်တွင် သက်ပန်းဆရာတော်ကြီးသည် မိမိ ရွတ်ဖတ်သရဇ္ဈာယ်နေကျ ပဋ္ဌာန်းပါဠိတော်ကြီးကို သတိရလာသည်၊ သင်္ဘောဦးသို့ထွက်ကာ လေမုန်တိုင်းကြီး လာမည့်ဘက်သို့ မျက်နှာမူလျက် တည်ငြိမ်သော သမာဓိ, ကြည်လင်ပြတ်သားသောအသံတော်ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးကို ရွတ်ဖတ်ပူဇော်သည်၊ ရွတ်ဖတ်ပူဇော်၍ နာရီဝက်ခန့်အကြာမှာပင် ရာသီဥတုအခြေအနေမှာ လုံးဝပြောင်းလဲသွားတော့သည်၊ မုန်တိုင်း၏ ဦးတည်လမ်းကြောင်း ပြောင်းသွားလေပြီ၊ သင်္ဘောမာလိန်မှူးနှင့်တကွ ခရီးသည်အပေါင်းတို့သည် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်၊ ဤသို့ လွတ်မြောက်ရသည်မှာ ပဋ္ဌာန်းတန်ခိုးကြောင့်ဟု ယုံကြည်ကြလေသည်။

## ဝန်ကြီးချုပ် ထောက်ထား

ဗိုလ်ပိဋကဓရ ဂုဏ်ပြုချီးကျူးပူဇော်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ မှတ်သားဖွယ်ရာ ထောက်ထားချက်အချို့မှာ—

“လောကမှာ ကြာဖြူ ကြာနီ စသော ကြာအမျိုးမျိုးတို့သည် ရေမျက်နှာပြင်ကို ရှုချင့်စဖွယ် တင့်တယ်အောင် တန်ဆာဆင်ရန် ဖြစ်ပေါ်လာသလို လူထုအပေါင်းဟူသော လောကကြီးကို အသီးသီးအသွယ်သွယ် စင်ကြယ်မွန်မြတ်လှတဲ့ ကုသိုလ်မင်္ဂလာတို့ဖြင့် တန်ဆာဆင်ဖို့ရန် မြတ်စွာဘုရား ပွင့်ထွန်းတော်မူရပါတယ်-လို့ ပါဠိအလင်္ကာကျမ်းများက ဖွဲ့နွဲ့ပြဆိုတဲ့အတိုင်း ရေနဲ့ကြာတို့သည် အချင်းချင်း အတုံ့အပြန် အမှီသဟဲပြု

http://www.dhammadownload.com



ကြပါတယ်၊ ရေမရှိလျှင် ကြာ မတည်နိုင်ပါ၊ ကြာ မရှိလျှင်လဲ ရေပြင် မတင့်တယ်ပါ၊ လောကလူထုနဲ့ ဘုရားသာသနာတော်လဲ အချင်းချင်း အတုံ့အပြန် အမှီသဟဲပြုကြပါတယ်၊ လူထုက မပြုလျှင် ဂရုမစိုက်လျှင် သာသနာတော် မတည်ထွန်းနိုင် ယိမ်းယိုင်ကွယ်ပျောက်သွားမှာဘဲ၊ ကွယ်ပျောက်သွားလျှင် ကြာမျိုးငါးပါး မရှိတဲ့ ရေပြင်ဟာ ကြည့်ရှုချင်ဖွယ်ရာ တင့်တယ်ခြင်းအသရေ မရှိသလို ကိုးကွယ်ရာ ဘာသာ-သာသနာမရှိတဲ့ လူထုလဲ လိမ္မာယဉ်ကျေးမှု မရှိ၊ အကောင်းအဆိုးကို မသိဘဲ မိမွေးတိုင်း ဖမွေးတိုင်း စိတ်ထင်ရာစိုင်းနေတဲ့ လူရိုင်းတွေသာ ဖြစ်ကုန်ကြမှာပါဘဲ၊ တစ်မျိုးပြောရလျှင် သာသနာ့အလင်းရောင် ကင်းပြီး မိစ္ဆာမှောင်အတွင်း မှာသာ ပညာမျက်စိမရှိ ထင်မိထင်ရာ စွဲလမ်းနေကြတဲ့ အကန်းတွေချည်း ဖြစ်ကုန်ကြမှာပါဘဲ။

အဲဒါကြောင့် ဘုရားသာသနာတော် ယိမ်းယိုင်ကွယ်ပျောက်သွားမှု မဖြစ်ရအောင် လူထုက အသီးသီး တစ်ဦးချင်းဖြစ်စေ အနည်းအများ စုပေါင်း၍ဖြစ်စေ အသင်းဖွဲ့စည်း၍ဖြစ်စေ သာသနာတော်ကို အားပေး စောင့်ရှောက် ချီးမြှောက်ထောက်ပံ့ကြဖို့ အလွန်အရေးကြီးပါတယ် ---။

သမထဝိပဿနာ ကျင့်ဝတ်တရားဖြစ်တဲ့ ပဋိပတ္တိနှင့် သစ္စာလေးပါး ထိုးထွင်း၍သိမြင်ခြင်း ပဋိဝေဓ နှစ်ပါးတို့မှာ တရံတစ်ခါ လောကတွင် အလွန်စည်ပင်ထွန်းကားပြီး တရံတစ်ခါ တိမ်ကောပပျောက်နေတတ်ပါ တယ်၊ ဘယ်လိုပင် ပပျောက်နေစေကာမူ အရင်းခံ ပရိယတ္တိ ခိုင်လုံစွာ ရှိပါက ပညာရှိပုဂ္ဂိုလ်သည် ထိုပရိယတ္တိကို ကြားနာပြီးလျှင် ဖြောင့်မတ်တဲ့ ပဋိပတ္တိကျင့်စဉ်ကို သိမြင်၍ ကျင့်နိုင်ခြင်း, ကျင့်နိုင်သဖြင့် မဂ်ဖိုလ် ရနိုင်ခြင်းဆိုတဲ့ ပဋိပတ္တိနှင့် ပဋိဝေဓတို့ကို ပြည့်စုံစေနိုင်ပါတယ်၊ အဲဒါ ကြောင့် ပရိယတ္တိ တည်ရှိနေသမျှကာလပတ်လုံး သာသနာတော် တည်

http://www.dhammadownload.com



ရှိနေတယ်ဟူ၍ မှတ်ယူအပ်ပါတယ်၊ ပရိယတ္တိကွယ်မှ သာသနာတော် ကွယ်ပါတယ်၊ ပရိယတ္တိကွယ်တဲ့အခါ ပိဋကသုံးပုံအနက် အဘိဓမ္မာက စ၍ ကွယ်ပါလိမ့်မယ်၊ အဘိဓမ္မာမှာလဲ အဆုံးမရှိတဲ့ နည်းနာနယတို့ဖြင့် ကျယ်ဝန်းလှစွာသော ပဋ္ဌာန်းကျမ်းကြီးက စ၍ ကွယ်ပါလိမ့်မယ်၊ --- ယခုလို ပဋ္ဌာန်းကျမ်းကို ၂၄-ကျမ်းလုံး အထက်နှင့်အောက် မွှေနှောက် သိမြင် ကျွမ်းကျင်တော်မူတဲ့ အရှင်ဝိစိတ္တသာရာဘိဝံသလို ပုဂ္ဂိုလ်မျိုးတွေ ရှိနေသမျှ ကာလပတ်လုံး သာသနာတော် ကွယ်နိုင်မည် မဟုတ်ခြင်း ကြောင့် ဤလိုပုဂ္ဂိုလ်မျိုးတွေ အစဉ်မပြတ် ပေါ်ပေါက်တည်ရှိတော်မူကြ ပါစေဟူ၍ ဝမ်းမြောက်ဝမ်းသာ ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ်။"

## ပိဋကတ်သုံးပုံ ဂုဏ်ထူးစုံ

၁၃၁၅-ခုနှစ် ၆-ကြိမ်မြောက် စာမေးပွဲကြီးတွင် သုတ္တန်ပိဋက ဒီဃ နိကာယ် ၃-ကျမ်းကို အာဂုံ-ရေးဖြေ နှစ်မျိုးလုံး ဂုဏ်ထူးဖြင့်ပင် အောင် မြင်တော်မူသည်၊ အရှင်ဝိစိတ္တသာရာဘိဝံသတို့ခေတ်က ပါဠိတော်များ မှာ ပြည်ကြီးမဏ္ဍိုင်မူ, ဇမ္ဗူမိတ်ဆွေမူ စသည်ဖြင့်ရှိကြရာ ရှိသမျှပါဠိတော် အားလုံးပင် ရှေးခေတ်က ရိုက်နှိပ်တတ်သည့်ပုံစံအတိုင်း စာမျက်နှာ တစ်ပြင်လုံး စာလုံးအပြည့်သွင်း၍ ခေါင်းစီးမရှိ, အဖြတ်အတောက်မရှိ, ပုဒ်ခွဲမှုမရှိဘဲ ရိုက်နှိပ်ထားသည့်အပြင် အမှားအယွင်းတွေကလည်း များ လိုက်သေးသဖြင့် လေ့လာကျက်မှတ်သောပုဂ္ဂိုလ်တို့အဖို့ အသိဉာဏ်ရှုပ် ထွေးစရာ စိတ်ပျက်စရာအနေအထားပင် ဖြစ်သည်။

သို့ရာတွင် ပါရမီရှင် အရှင်ဝိစိတ္တသာရာဘိဝံသကား အသိဉာဏ်ကို အစွမ်းကုန်ဖွင့်ကာ စိတ်မပျက်ပဲ လက်ရှိအနေအထားအတွင်းမှ အတတ် နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားတော်မူခဲ့သည်၊ လေ့လာကြည့်

http://www.dhammadownload.com



ရှုစရာ အဋ္ဌကထာ-ဋီကာစာအုပ်များကလည်း ထိုနည်းနှင်နှင်ပင် ဖြစ်ရာ ဤပါဠိတော် အဋ္ဌကထာ ဋီကာ နိဿယ စာအုပ်များကို ကျက်မှတ်လေ့လာကြည့်ရှု၍ ဂုဏ်ထူးရအောင် ပြန်ဆို-ဖြေကြားတော်မူနိုင်ခဲ့သည်မှာ တကယ့်ကို အံ့သြချီးကျူးဖွယ်ရာ ဖြစ်ပေတော့သည်။

ထို့ထက်ပို၍ အံ့ချီးစရာကောင်းသည်မှာ-တိပိဋကဓရပေါ်ထွန်းရန် အရိပ်အရောင် မြင်နေရပြီဖြစ်၍ သေချာပေါက် ဆဋ္ဌသင်္ဂါယနာတင်ရန် ဆုံးဖြတ်လိုက်ကြပြီးလျှင် သင်္ဂါယနာတင်သည့်အခါ အဆင်သင့် ဖြစ်စေရန်အတွက် ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ကြိုတင်၍ သုတ်သင်ပြင်ဆင်မှု ပြုလုပ်ကြရသည်၊ အဖွဲ့များဖွဲ့၍ မိမိတာဝန်ကျရာ ကျမ်းစာများကို အထပ်ထပ် သုတ်သင်ပြင်ဆင်ကြရာဝယ် အရှင်ဝိစိတ္တသာရာဘိဝံသအားလည်း ဝိနည်း မဟာဝါပါဠိတော် အဋ္ဌကထာ ဋီကာများကို သုတ်သင်ပြင်ဆင်ပေးရန် တာဝန်ပေးခဲ့ကြသည်၊ ထိုအချိန်တွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် ပိဋကနှစ်ပုံသာ ပြီးသေးသည်၊ တိပိဋကဓရ ဖြစ်ရန် ဒီဃနိကာယ် ၃-ကျမ်းကို ကျက်မှတ်ပြန်ဆို-ဖြေကြားဖို့ လိုသေးသည်၊ ထို့ပြင် မိမိအား တာဝန်ပေးလာသည့်ကျမ်းစာမှာ ယခု မိမိကျက်မှတ်လေ့လာရမည့် ကျမ်းစာထဲမှ မဟုတ်ပဲ ဝိနည်းမဟာဝါ ဖြစ်နေသဖြင့် သီးသန့် အားထုတ်ရမည့်အနေအထား ဖြစ်နေသည်၊ သို့ရာတွင် သံဃာတော်များ ပေးအပ်သည့်တာဝန်ကို မညီးမညူ လက်ခံကာ နေ့စဉ်ဆောင်ရွက်တော်မူသည်၊ မဟာဝါ ပြီးတော့ ပရိဝါပါဠိတော် သုတ်သင်ပြင်ဆင်ရန် ဆက်လက်တာဝန်ပေးသဖြင့် ထမ်းဆောင်ရပြန်သည်၊ မူလဝိသောဓကခေါ် အကြမ်းသုတ်သင်မှုလုပ်ငန်း ပြီးသည့်အခါ ပဋိဝိသောဓကခေါ် အချောသတ် သုတ်သင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဆက်လုပ်ရပြန်သည်။

http://www.dhammadownload.com



သည်ကြားထဲမှ အချိန်ရသမျှယူပြီး ဒီဃနိကာယ် ၃-ကျမ်းကို ကျက်မှတ်လေ့လာကာ ၆-ကြိမ်မြောက် တိပိဋကဓရစာမေးပွဲကြီး၌ ဝင်ရောက်ပြန်ဆိုရာ ၁၃၁၅-ခုနှစ် ပြာသိုလဆန်း ၃-ရက်နေ့ ညနေ ၃-နာရီ ၁၇-မိနစ်တွင် ချောချောမောမော အာဂုံပြန်၍ ပြီးသည်၊ ပြီးပြီးချင်း အောင်စာရင်း မထွက်သေးသော်လည်း မိမိ သေသေချာချာ ကျက်မှတ်ပြီး ဂရုတစိုက် ပြန်ဆိုခဲ့ခြင်းဖြစ်သဖြင့် ကျိန်းသေ အောင်မြင်မည်ကို သိနေသော အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိကိုယ်မိမိ တိပိဋကဓရ ဖြစ်ပြီဟု ခံယူကာ အမျှဝေစာတမ်းကို ကြိုတင်ရေးယူလာခဲ့ပြီး အာဂုံပြန်၍ပြီးသည်နှင့် "တိပိဋကဓရ အမျှဝေစာတမ်း"ဆိုပြီး ဖတ်ကြားအမျှဝေသည်၊ မိမိဘက်က သေချာနေသဖြင့် ထိုသို့လုပ်ရဲခြင်း ဖြစ်ပေသည်။

အာဂုံပြန်ပြီးနောက် သဘောရေးဖြေကို ဆက်လက်ဖြေဆိုရာတွင်လည်း ချောမောစွာ ဖြေဆိုနိုင်သဖြင့် ဂုဏ်ထူးနှစ်ဆင့်ဖြင့်ပင် အောင်မြင်တော်မူသည်၊ အောင်မြင်၍ "ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ"ဘွဲ့တံဆိပ်တော် အောင်လက်မှတ်တော်နှင့် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူသည်။

## တိပိဋကဓရ ပေါ်ထွက်လာပြီ

ပိဋကတ်သုံးပုံလုံးကို အရှင်ဝိစိတ္တသာရာဘိဝံသ ဂုဏ်ထူးများဖြင့်ချည်း ပြီးစီးအောင်မြင်တော်မူခဲ့လေပြီ၊ သာသနာတော်ကြီးနှင့် နိုင်ငံသူ-နိုင်ငံသားတို့၏ ဘုန်းကံကြောင့် ဒုတိယအင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ပြည်ထောင်စုခေတ် ခေတ်အဆက်ဆက် မပေါ်ထွက်ခဲ့ဘူးသည့် တိပိဋကဓရပုဂ္ဂိုလ်ထူး ပေါ်ထွက်လာခဲ့လေပြီ၊ တစ်နိုင်ငံလုံး အုံးအုံးကြွက်ကြွက် နှစ်သက်ဝမ်းမြောက်ကြရလေသည်။

http://www.dhammadownload.com



မြန်မာကို အထင်သေးသည့် နိုင်ငံခြားသားတို့အပေါ် မြန်မာတို့ ကောင်းကောင်းကြီး မော်ကြွားအနိုင်ယူနိုင်ကြပေပြီ၊ **"တိုင်း၍ရက်သည့် ကတ္တလာ မိုးရွာသည်နှင့် အခန့်သင့်"** ဆိုသလိုပင် အချိန်အနေဖြင့်လည်း ဆဋ္ဌသင်္ဂါယနာတင်ခါနီး သာသနာ ၂၅၀၀-ပြည့်ခါနီး အချိန်ကိုက် ဖြစ်နေပေပြီ။

အရှင်ဝိစိတ္တသာရာဘိဝံသသည် နိုင်ငံသူ-နိုင်ငံသား အားလုံးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးအောင် စွမ်းဆောင်တော်မူလိုက်နိုင်သလို နိုင်ငံတော်သမ္မတကြီး၏ တိပိဋကဓရရှာပုံတော် လက်အုပ်ကြွေးကိုလည်း ပေးဆပ်လိုက်နိုင်ပေပြီ၊ သို့ရာတွင် ထိုစဉ်က တိပိဋကဓရကို ရှာဖွေခဲ့သူ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ကား သမ္မတဘဝ၌ မရှိတော့ပဲ စည်းမျဉ်းအရ အငြိမ်းစားသမ္မတကြီး နှင့် လူမျိုးစုလွှတ်တော် နာယကကြီး ဖြစ်နေလေပြီ။

**မှတ်ချက်။** တိပိဋကဓရ ပေါ်ထွက်မှုနှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များက "သာသနာတွင် တိပိဋကဓရ ဆိတ်သုဉ်းကွယ်ပျောက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀-ကျော် ရှိပြီ"ဟုလည်း ဆိုကြသည်၊ ၁၃၁၈-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့က ကျင်းပခဲ့သော တိပိဋကဓရနေ့ အခမ်းအနား၌ သာသနာ့ညွှန်ကြားရေးဝန် မဟာပညာဗလ ဦးကြီးဖေ၏ လျှောက်ထားချက်မှာ ဤသို့ ဖြစ်သည်—

"တိပိဋကဓရပုဂ္ဂိုလ် ဆိတ်သုဉ်းကွယ်ပျောက်နေတဲ့အတွက် နှစ်ပေါင်း ၂၀၀၀-ကျော်အတွင်းမှာ သာသနာ့ဝင် ကြွေးတင်လာတာ သထုံခေတ်ကလဲ မဆပ်နိုင်ခဲ့ပါ၊ ပုဂံခေတ်ကလဲ မဆပ်နိုင်ခဲ့ပါ၊ စစ်ကိုင်း ပင်းယခေတ်ကလဲ မဆပ်နိုင်ခဲ့ပါ၊ အင်းဝခေတ်ကလဲ မဆပ်နိုင်ခဲ့ပါ၊ ကုန်းဘောင်ခေတ်ကလဲ မဆပ်နိုင်ခဲ့ပါဘုရား၊ အင်္ဂလိပ်ခေတ်ကျတော့ သာသနာပြုမင်း မဟုတ်တဲ့အတွက် ကြွေးဆပ်တဲ့အထဲ ထည့်သွင်းပြီး စဉ်းစားရန် မလိုပါ

http://www.dhammadownload.com



ဘုရား။ အဲဒီ နှစ်ပေါင်း ၂၀၀၀-ကျော်အတွင်း ခေတ်အဆက်ဆက်က တင်လာခဲ့တဲ့ သာသနာဝင် ကြွေးတွေကို လွတ်လပ်တဲ့ ဖ ဆ ပ လ ခေတ် (၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့) ရောက်တော့ တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ပေါ်ပေါက်လာတဲ့အတွက် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ဆဋ္ဌသင်္ဂါယနာတင်ပြီး သာသနာဝင် ကြွေးတွေ ဆပ်လိုက်တာ တစ်ခါတည်း ကျေသွားပါတယ်ဘုရား"။

ဤသို့ ဆိုသော်လည်း ဒုတိယမြန်မာနိုင်ငံခေတ် ဘုရင့်နောင် မင်း တရားကြီးလက်ထက် (မြန်မာသက္ကရာဇ် ၉၅၀-ခန့်) အထိ တိပိဋကဓရ ပုဂ္ဂိုလ်ထူးများ ရှိခဲ့သေးကြောင်း သမိုင်းဆရာများက အထောက်အထား အခိုင်အမာဖြင့် တင်ပြခဲ့ကြသည်၊ ဘုရင့်နောင်မင်းတရားကြီးသမီးတော် သီဝလိဒေဝီ၏ ဆရာတော် အရှင်သုဝဏ္ဏဒီပသည် နောက်ဆုံး တိပိဋက ဓရဖြစ်ကြောင်း" ဖော်ပြကြသည်၊ ဤအတိုင်းလည်း များစွာ ဖြစ်ဖွယ် ရှိ သည်၊ ထို့ကြောင့် "တိပိဋကဓရ ဆိတ်သုဉ်းကွယ်ပျောက်နေခဲ့သည်မှာ နှစ်ပေါင်း ၃၆၀-ကျော်" ဟု ဤကျမ်းအစ၌ ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ပိဋကတ်သုံးပုံလုံးကို အာဂုံရော သဘောရေးဖြေပါ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူ၍ "ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ" ဘွဲ့ တံဆိပ်တော် အောင်လက်မှတ်တော်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ ကုန်း ရေ လေ သုံးဌာနတို့၌ နောက်ပါတပည့်နှစ်ဦးနှင့်အတူ အခမဲ့ အထက်တန်း ခရီး သွား လက်မှတ်များ၊ လစဉ် ဆွမ်းဆန်တော် ၃၁၀ိ (၁၉၅၄-ခုနှစ် မြန်မာ ငွေတန်ဖိုး အလွန်မြင့်မားနေချိန်က လှူဒါန်းခြင်းဖြစ်ပါသည်၊ ယခုခေတ် ငွေတန်ဖိုးအရ ဆိုလျှင် ၄-သိန်းကျော်ခန့် ရှိပါလိမ့်မည်၊) နှင့် အဆောင် အယောင်များကို အလှူခံရရှိတော်မူခဲ့လေသည်။

http://www.dhammadownload.com



## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ထို့အပြင် နိုင်ငံတော်အစိုးရကလည်း ၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက် (၁၃-၂-၁၉၅၄) စနေနေ့တွင် တိပိဋကဓရ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသအား သမ္မတအိမ်တော်၌ ဂုဏ်ပြုပူဇော်ပွဲ ခမ်းနားစွာ ဆင်နွှဲကျင်းပပူဇော်ပြီး "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဆရာတော်တစ်ပါး၏ အဆောင်အယောင် အမှတ်အသား ဖြစ်သော "ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက" စာတန်း ရေးထွင်းထားသည့် ဆင်စွယ်ယပ်ဝန်းတော်တို့ကို နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦးကိုယ်တိုင် ဆက်ကပ်လှူဒါန်းခဲ့ လေသည်။

လဆန်း ၁၁-ရက်နေ့တွင် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ၌ အသင်းအဖွဲ့ပေါင်းစုံတို့က ထပ်ဆင့်၍ ပူဇော်ကြပြန်သည်၊ တိပိ ဋကဓရပူဇော်ပွဲများတွင် ရွတ်ဖတ်ပူဇော်ခဲ့သည့် ရှစ်လုံးဖွဲ့ကဗျာများထဲမှ အချို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်–

♣ အောင်ပွဲ အောင်ပွဲ အောင်ပွဲဆင်ယင်၊
နေပြည်တော်ကြီး သိမ့်ဟီးကျော်ထင်၊
မြေတုန်လုညောင်း ဗိုလ်ပေါင်းစုံလင်၊
ဘယ်အောင်ပွဲ သဲကွဲမိန့်စေချင်။

♣ တိပိဋက ဓရကျော်ထင်၊
ဇာနည်ဉာဏ်ကဲ အံ့အဲလူရှင်၊
မပေါ်စဖူး ပေါ်ထူးပေါ်အင်၊
ပူဇော်ပွဲ ခြိမ့်သဲ မြေအပြင်။

http://www.dhammadownload.com



♣ ဘယ်ကိုရည်စွဲ ဘယ်ပွဲကိုမျှော်၊
ချိန်ခါသင့်ဘဲ ပေါ်ခဲ သူပေါ်၊
ဘယ်မြေစွန်းက ပေါ်ထွန်းဆင်တော်၊
အဖြေခွန်း ခြွေညွှန်းမိန့်စမ်းနော်။

♣ ခြောက်ကြိမ်ဆဋ္ဌ မြတ်လှလိုဏ်ပေါ်၊
သင်္ဂါခြိမ့်သဲ ယင်ပွဲကိုမျှော်၊
ပိဋကရှိန်မြူး တိမ်ဦးမှာနော်၊
ထွက်ပေါ်ထွန်း မင်းကွန်းဆင်ဖြူတော်။

♣ တိပိဋက ရေဇာနည်၊
မပေါ်စဖူး ပေါ်ထူး ပေါ်ပြီ၊
သင်္ဂါဝှဲချီး ပွဲကြီးခါမှီ၊
တို့ပြည်ကြီး သာကြီးသာခဲ့ပြီ။

♣ သုတ္တန် ဝိနည်း ကြေကြီးကြေသည်၊
ဘိဓမ္မာမိုး ရွာဖြိုးခဲ့သည်၊
အာဂုံ-သဘော စုံပြောဉာဏ်ရည်၊
ဝိ-ဝိသိဋ္ဌ ဝိစိတ် သာကီထေရ်။

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် သကျသီဟ ဝင့်သကာဘွဲ့, အစိုးရ ဓမ္မာစရိယဘွဲ့များကို ပထမဆုံး ရရှိတော်မူခဲ့ခြင်း ဖြစ်သလိုယခု တိပိဋကဓရဆိုင်ရာ ဘွဲ့တော်များကိုလည်း ပထမဆုံး အာဒိကမ္မိကအနေဖြင့် ရရှိတော်မူခဲ့ပေသည်၊ ပထမဆုံး ထူးထူးခြားခြား ပေါ်ထွန်းတော်မူလာသည့် တိပိဋကဓရဆရာတော်ဘုရားအား နိုင်ငံတော်အစိုးရနည်းတူတိုင်းသူပြည်သား အပေါင်းကလည်း အနယ်နယ် အရပ်ရပ်၌ ဂုဏ်ပြုချီး

http://www.dhammadownload.com



ကျူးပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲ ဆင်နွဲကျင်းပ ပူဇော်ခဲ့ကြသည်၊ ပူဇော်ပွဲတွေ များလွန်းလှသဖြင့် "ဒါလောက် ချီးကျူးပူဇော်ပွဲ ကျင်းပရလျှင် ကျေနပ်ကြပါတော့၊ ချီးကျူးပူဇော်မှုကိစ္စမှာ ဘုန်းကြီးကပဲ လက်မြှောက်အရှုံးပေးပါပြီဗျာ" ဟု မိန့်ကြားယူရတော့သည်။

## တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်


တိပိဋကဓရ ဖြစ်ပြီးနောက် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် အနယ်နယ်အရပ်ရပ် တိပိဋကပူဇော်ပွဲများသို့ မနားမနေကြွရောက်ချီးမြှောက်တော်မူရသလို မကြာမီကျင်းပတော့မည့် ဆဋ္ဌသင်္ဂါယနာပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှု အများအပြားကိုလည်း ကြိုးကြိုးစားစား ဦးစီးဆောင်ရွက်ပေးတော်မူရသည်၊ "သာသနာ့တာဝန် ငါ့တာဝန်၊ သာသနာ့အလုပ် ငါ့အလုပ်" ဟု ဝမ်းမြောက်စွာ ခံယူထားသော်လည်း ပင်ပန်းလွန်းမက ပင်ပန်းလာသည့်အခါတွင်မူ ညည်းခြင်းကဗျာလေးဖြင့် ထုတ်ဖော်ညည်းညူမိလေသည်—

> တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်
> ဒီကိုယ်တော် ဖတ်ဖတ်မောပါပေါ့ကွယ် ပြောမပြချင်၊
> ကိုယ့်ကျောင်းနဲ့ ကိုယ့်ရပ်ခွင် နေချင်လျက် မနေရ
> ပူအအေး ယှက်ထွေးကာ ဒဏ်ခံလို့
> စုန်အဆန် မြန်းရတဲ့ခရီးမှာကွယ် ကြီးတဲ့ဒုက္ခ။

## ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ အဖြစ် ပေါ်ထွက်လာခဲ့၍ ဆဋ္ဌသင်္ဂါယနာတင်ရန် သေချာသွားပြီးနောက် ဝန်ကြီးချုပ်ဦးနု အမှူးပြုသော နိုင်ငံတော်အစိုးရက ရန်ကုန်မြို့တော် သိရိမင်္ဂလာ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ကမ္ဘာအေးကုန်မြေ၌ ဆဋ္ဌသင်္ဂါယနာပွဲနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ကြီးကျယ်ခမ်းနားလှသည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးနှင့်တကွ ကျောင်းဆောင်တော်ကြီးများ, အဆောက်အဦးကြီးများကို တည်ဆောက်သည်၊ နိုင်ငံတော်အစိုးရက မ-တည်ပြီး တိုင်းသူပြည်သားတို့၏ လှူဒါန်းငွေဖြင့် တည်ဆောက်ခြင်းဖြစ်ရာ လိုအပ်သောငွေပမာဏ ပြည့်သွား၍ အလှူခံမှု ရပ်ဆိုင်းလိုက်သည့်အခါ ကုသိုလ်ပါဝင်လှူဒါန်းခွင့် မရကြသူများမှာ ငိုယိုကြရလေသည်။ အပြင်ဘက်က ကြည့်လိုက်လျှင် ပကတိကျောက်တောင်ကြီးလို ထင်ရပြီး အတွင်းထဲ ဝင်ကြည့်လိုက်လျှင်ကား နတ်ဗိမာန်ကြီးပမာ ရင်သပ်ရှုမော အံ့ဩဘွယ်ရာ တင့်တယ်ဆန်းကြယ်လှစွာသော မဟာပါသာဏ လိုဏ်ဂူတော်ကြီးကို မင်းကွန်း တိပိဋကရေဆရာတော်ဘုရားက အောက်ပါအတိုင်း ပါဠိဘာသာဖြင့် မှတ်တမ်းတင်ခဲ့လေသည် –

'တတ္ထ ဗဟိ ဌတွာ အပေက္ခတံ သယံဇာတသေလပဗ္ဗတော ဝိယ ဒိဿတိ၊ အန္တော ပဝိသိတွာ ဩလောကယတံ ပန ဩလောကိတောလောကိတဋ္ဌာနတော အတိတ္တိကရမေဝ ဟုတွာ ဒေဝဝိမာနမိဝ ခါယတိ'။

အဆိုပါ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ထေရဝါဒ ၅-နိုင်ငံမှ သံဃာတော် ၂၅၀၀-တို့ စုပေါင်းကာ ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ဆဋ္ဌသင်္ဂါယနာ မဟာမင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပပြုလုပ်ခဲ့ကြသည်၊ ပါဠိတော်သန္နိပါတ ၅-ကြိမ်, အဋ္ဌကထာသန္နိပါတ ၄-ကြိမ်, ဋီကာသန္နိပါတ ၂-ကြိမ် ပြုလုပ်ခဲ့ကြရာ ပါဠိတော်အတွက်

ပထမသန္နိပါတ ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှ ၁၃၁၆-ခု ဝါဆိုလဆန်း ၆-ရက်နေ့အထိ၊

http://www.dhammadownload.com



ဒုတိယသန္နိပါတ ၁၃၁၆-ခု တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့မှ ၁၃၁၆-ခု တပို့တွဲလဆန်း ၆-ရက်နေ့အထိ၊

တတိယသန္နိပါတ ၁၃၁၇-ခု ကဆုန်လဆန်း ၇-ရက်နေ့မှ ၁၃၁၇-ခု ပထမဝါဆိုလဆန်း ၁၃-ရက်နေ့အထိ၊

စတုတ္ထသန္နိပါတ ၁၃၁၇ နတ်တော်လဆန်း ၂-ရက်နေ့မှ ၁၃၁၇ တပို့တွဲလဆန်း ၅-ရက်နေ့အထိ၊

ပဥ္စမသန္နိပါတ ၁၃၁၈ တန်ခူးလဆန်း ၉-ရက်နေ့မှ ၁၃၁၈ ကဆုန်လဆန်း ၁၀-ရက်နေ့အထိ။

(၁၃၁၈-ခု ကဆုန်လဆန်း ၁၂-ရက်နေ့မှ ကဆုန်လပြည့်ကျော် ၃-ရက်နေ့အထိ (၇-ရက်တိုင်တိုင်) ဆဋ္ဌသင်္ဂါယနာအောင်ပွဲနှင့် သာသနာ ၂၅၀၀-ပြည့် ပူဇော်ပွဲတို့ကို ခမ်းနားစွာ ကျင်းပခဲ့ကြသည်။ အဋ္ဌကထာနှင့် ဋီကာ သန္နိပါတတို့ကို နောက်မှ ကျင်းပသည်။)

## ဆဋ္ဌသင်္ဂါယနာ ဝိဿဇ္ဇက

ယင်းဆဋ္ဌသင်္ဂါယနာမဟာသဘင်ပွဲကြီး၌ မင်းကွန်းတိပိဋကရေဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပ မေးတော်မူသမျှကို အရှင်ဥပါလိ, အရှင်အာနန္ဒာတို့ ၂-ပါးက တာဝန်ယူဖြေကြားခဲ့ကြသည့်အလား မဟာစည်ဆရာတော်ဘုရားကြီး မေးတော်မူသမျှသော ပိဋကတ်သုံးပုံဆိုင်ရာ အမေးပုစ္ဆာအဖြာဖြာကို တစ်ပါးတည်း တာဝန်ယူ၍ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ဖြေကြားတော်မူခဲ့သည်၊ အာဏာသံပါ၍ စူးရှထက်မြက်သော မဟာစည်ဆရာတော်ဘုရားကြီး၏ အသံတော်နှင့် မေတ္တာ-ကရုဏာသံပါပြီး ဩဇာပြည့်ဝသည့် မင်းကွန်းဆရာတော်၏ အသံတော်တို့မှာ ကြားနာရသူတို့အဖို့ တစ်သက်မမေ့စရာပင် ဖြစ်တော့၏။

http://www.dhammadownload.com



မင်းကွန်းဆရာတော်၏ အသံတော်မှာ ကြည်လင်သာယာလွန်းပြီး ရွတ်ပုံဖတ်ပုံ ဖြေကြားပုံမှာလည်း အပိုအလိုမရှိ ကွက်တိဖြစ်နေသဖြင့် နားထောင် နာယူရသူတို့မှာ နားထောင် နာယူ၍မဝနိုင်အောင် ဖြစ်ကြရသည်၊ ဆရာတော်၏ ဖြေကြားတော်မူပုံကို တွေမြင်ကြားနာရသူ ရဟန်းရှင်လူ အပေါင်းတို့မှာ တအံ့တဩ ငေးမော၍ ကြည့်ကြရသည်။ သင်္ဂါယနာတင်နေစဉ် ကာလက ဆရာတော် သင်္ဂါယနာပွဲ၌ ဖြေကြားတော်မူပုံကို မြန်မာ့အသံ ရေဒီယိုမှ ထုတ်လွှင့်ပေးခဲ့သည်၊ ပညာရှိ လူပြန်တော် တစ်ဦးသည် သူ ရဟန်းငယ်ဘဝ မန္တလေးမြို့၌ စာသင်နေစဉ် မြို့ထဲသို့ ဆွမ်းခံကြွနေခိုက် အိမ်တစ်အိမ်မှ ဆရာတော်၏ သင်္ဂါယနာအဖြေတရားတော် ဖွင့်နေသည်ကို ကြားလိုက်ရရာ လမ်းမှ ရပ်၍ နားထောင်နေမိတော့ကြောင်း၊ ရှေ့ဆက်ပြီး ဆွမ်းခံကြွရမှာ, ကျောင်းပြန်ပြီး ဆွမ်းစားရမှာတွေကိုပင် မေ့သလိုဖြစ်သွားကြောင်း ပြောပြဖူးသည်။

## ပဏ္ဍာန်းဆရာတော်၏ ချီးမွမ်းခန်း

သင်္ဂါယနာအမေးအဖြေများကို ကြားနာရသူ ရဟန်းရှင်လူတိုင်းက လစ်ဖျစ်ရိုက်တီး အံ့ချီးခဲ့ကြသည့်အနက် မန္တလေး မစိုးရိမ်တိုက် ပဏ္ဍာန်း ဆရာတော် (နောင်- အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၏ ချီးမွမ်းပုံမှာ—

“မင်္ဂလာတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိဟု ဆိုအပ်သော ဓမ္မာနုဿတိ အာရုံ ဆယ်မျိုးတို့တွင် ပရိယတ္တိအာရုံ တည်းဟူသော သော့ချက်ဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှလုံးအကြည်သော့အိမ်ကို တစ်ချိန်တည်း ဖွင့်လှစ်လိုက်သည်နှင့် တပြိုင်နက် အရှင်ဝိစိတ္တသာရာ-ဘိဝံသ၏ ရုပ်ခန္ဓာ-နာမ်ခန္ဓာယန္တရားတို့သည် မရပ်မနား သွားရာမှာလည်း စာ, အိပ်ရာမှာလည်း စာ, ဣရိယာပထ ၄-ပါးလုံးမှာ စာ, ပြောဆိုကြံစည်

http://www.dhammadownload.com



မှုမှာလည်း စာ အာရုံစူးစိုက်ချက် အလွန်နာလှပေသည်၊ အခြားတပါး ကုန်သော လောကီအာရုံ ၆-ပါး များပြားလှစွာသော သော့တူတို့ဖြင့် ဘယ်သူမျှ ဝင်ရောက်၍ ပိတ်နိုင်ခွင့်-ဖွင့်နိုင်ခွင့် မရနိုင်လေတော့ပြီ"

"အဋ္ဌကထာနှင့်တကွသော ပိဋကသုံးပုံ အလုံးစုံကို ဖြေကြားမှုနှင့် ဆဋ္ဌသင်္ဂါယနာဝိသဇ္ဇကက ဖြေဆိုသူတို့တွင် စံချိန်သစ် ထွင်၍ထားနိုင်သော အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုပိဋကသုံးပုံတည်းဟူသော ဓမ္မာနုဿတိ တရားတော်အာရုံ၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် စိတ်ဓာတ်အတွင်း ဉာဏ်အတွင်းတို့မှ လင်းရောင်ခြည် ယှက်ဖြာ၍ ထိုကေဂ္ဂတာ, ထိုသမ္မာသတိ မဂ္ဂပုဗ္ဗင်္ဂမတရားတို့ကိုလည်း သစ္စာ ၄-ပါးဖြင့် ခွဲခြမ်း အမြဲတန်း ထိန်းသိမ်းမွေးမြူနိုင်သော ဓမ္မဝိဟာရီပုဂ္ဂိုလ် တစ်ဦးလည်း ဟုတ်မှန်လှပါပေသည်" ဤသို့စသည်ဖြင့် အားရပါးရ ချီးမွမ်းထောမနာ ပြုခဲ့သည်၊ ဤမျှလောက် ချီးမွမ်းရသည်ကိုပင် အားမရနိုင်သေးသော ပဋ္ဌာန်းဆရာတော်သည် တေးထပ်များ ရေးစပ်၍လည်း ချီးမွမ်းခဲ့ပြန်လေသည်—

♣ တကယ့်ကို ရှင်ကြည်မိပါရဲ့ သင်္ဂီတိမေးဖြေ၊
ဘွင်ကြည်အိ အေးစေသည် ရွှေပလေ သံယ၊
ဆုတောင်းနှင့် လာခဲ့ပေသည် သာတဲ့မြေ သင်းပျံ့လိုဏ်ဝ၊
ဆင်စွယ်ယပ် ယပ်ကာသည် ပြဿနာဖြေပြ၊
ဓာတ်မြန်မာ သမ္ဘာကြွချိန်မို့ မဟာသမ္မတ ဦးချီ၊
မျှုးမတ်ပုံ ညီလာခကြရ ဤကာလ အံ့ဖွယ့်ဂုဏ်ရည်၊
မင်းသူဌေး စုံအညီတွင် ကိုယ်စားလည် စာတမန့်တွေနှင့်
ကမ္ဘာနှံ့ ဖူးမြော်ကြရှာ ဦးတော်သ-လာ၊
သုံးပုံဆောင့် သံသာသာကို ဖန်ခါခါ နာကြားပါလို့လေး။

http://www.dhammadownload.com



♣ ထင်ပေါ်လျှင် စင်တော်က ကောက်ကြရ
မြင်မြော်ထောက် ထောက်ကာ၊
ရှင်ပျော်လောက် လောက်ပါသည် တစ်ယောက်သာ ဆိုစို့၊
သုတ္တန္တ ဝိနယာပါ ဘိဓမ္မာ နှုတ်တက်ဆောင်လို့၊
ပိုဋကစဉ် နှစ်ပါးဟာကို တစ်ပါးသာ ယူလို့၊
များပြဟွာ ယှဉ်ပိုရှေ့ထင့် မှတင်လို့ မှတ်ရန်၊
ကေသရာ ရွှေအာမှတ်သည်သို့ ဖြေကာထုတ် ဆဋ္ဌလိုဏ်ရာမ်၊
ဟတ်ဒန္တ ဗီဇန်ပါ ဝဇိရ် စိန်ယပ်နှင့်
ထိန်လျှပ် ခန်းမပလ္လင် စန်းလအသွင်၊
ကြားသူတိုင်း ကြည်ကြည်လင်အောင်
ထေရ်သခင် ရင့်ကျူးပါလို့လေး။

## အမျိုးမျိုးအဖုံဖုံ ချီးမွမ်းပုံ

"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား အမေးတော်ရှိသမျှကို ငြိမ်သက်တည်ကြည်စွာ မျက်စိကိုမှိတ်၍ နှုတ်မဆိတ် အသံမပြောင်း ချောင်းမဟန့် ရပ်တန့်ထစ်ငေါ့၍မနေ ပြေပြစ်ချောမောစွာ သာယာအောင်မြင်သော အသံတော်ဖြင့် ရွတ်ဆိုဖြေကြားတော်မူနေသည်မှာ သာယာကြည်နူးဖွယ် ကောင်းလှပေသည်၊ နာယူ၍ အားမရ မတင်းတိမ်နိုင်လောက်အောင် စွမ်းဆောင်တော်မူနိုင်ပါပေသည်"

"အရှင်ဝိစိတ္တသာရာဘိဝံသသည် သံနေသံထား(သရဘည)တရားဟောနည်းအတတ်ပညာ၌ ကျွမ်းကျင်နိုင်နင်းလှရာ ကမ္ဘာ့ပရိသတ်ကြီးအလယ် စိုးရွံ့ခြင်းကင်းစွာဖြင့် အမေးပုစ္ဆာတို့ကို ဖြေကြားတော်မူရာဝယ်

http://www.dhammadownload.com



ကမ္ဘာ့ပရိသတ်တို့ အနက်အဓိပ္ပါယ်ကို နားမလည်ကြသော်လည်း အရှင်ဝိစိတ္တသာရာဘိဝံသ၏ လေးနက်တည်ကြည် ရှင်းလင်းပြတ်သားသေအသံတော်ပေါ်၌ နစ်မြော၍ ပါသွားကြကာ နှစ်သက်မှုရသများ ခံစားကြရ၏၊ နားကြား၍ အားမရနိုင်အောင် ရှိကြရ၏" စသည်ဖြင့် ပညာရှိများက တအံ့တဩ ချီးမွမ်းကြသည်။

နိုင်ငံခြားသား ရဟန်းတော်များကား- တိပိဋကဓရဂုဏ်, သင်္ဂီတိဝိသဇ္ဇကဂုဏ်များအပြင် ဂါရဝ နိဝါတ နိမ္မာနစသော ဂုဏ်များနှင့်ပါအထူးပြည့်စုံတော်မူသည်ကို တွေ့မြင်သိရှိကြရသဖြင့်– "ဤဒိသော လက်ာဒီပေပိ နတ္ထိ၊ ဇမ္ဗူဒီပေပိ နတ္ထိ = ဤလိုအရှင်မျိုး သီဟိုဠ်ကျွန်း၌လည်း မရှိပါ၊ ဇမ္ဗူဒိပ်ကျွန်း၌လည်း မရှိပါ" ဟူ၍ပင် လက်ဖျစ်ရိုက်တီးအံ့ချီးကြလေသည်။

## အထူးခြားဆုံး အချက်များ

သင်္ဂါယနာဖြေဆိုရာ၌ မင်းကွန်းဆရာတော်၏ အထူးခြားဆုံး ဂုဏ်ရည်များကား- တရားစာပေ အကြောင်းအရာများကို လိုသလို ချုံးနိုင်-ချဲ့နိုင်ခြင်းနှင့် အသံဝင်မသွားခြင်းတို့ပင် ဖြစ်သည်၊ သတ်မှတ်ထားသောအချိန်ပိုင်းအတွင်း အနက်အဓိပ္ပါယ် စုံလင်စွာနှင့် ပြီးစီးအောင် ဖြေကြားနိုင်သောစွမ်းရည် ဆရာတော်၌ ရှိသည်၊ ထိုစဉ်က သင်္ဂါယနာ အမေး-အဖြေများကို တစ်ပြည်လုံးကြားနာနိုင်ရန် ညစဉ် ၄၅-မိနစ်ခန့် ရေဒီယိုမှအသံလွှင့်ပေးခဲ့ရာ ၄၅-မိနစ်အတွင်း အမေး-အဖြေတစ်ခု ပြီးစီးအောင်စီစဉ်ထားကြရသည်၊ အမေးမှာ ခဏတာမျှ မေးလိုက်ရခြင်းဖြစ်၍ အရေးမကြီးလှသော်လည်း အဖြေမှာမူ သတ်မှတ်ချိန်အတွင်း အံကိုက် ပြီးစီးအောင် ဖြေကြားရသည်မှာ မလွယ်ကူလှပါပေ၊ စနစ်တကျ အချိန်ယူ၍လေ့ကျင့်ထားရသည်လည်း မဟုတ်သဖြင့် ပိုခက်သည်၊ ထိုခက်ခဲသည့်

http://www.dhammadownload.com



အလုပ်ကြီးကို ဆရာတော်သည် နေ့စဉ် အံကိုက် လုပ်ဆောင်နိုင်ခဲ့သည်၊ အချိန်က ပိုနေလျှင် အခြား ဆီလျော်သည့်အချက်များထည့်ကာ မသိမသာ ချဲ့၍ ဖြေကြားပေးသည်၊ အချိန်က လိုနေလျှင် သင့်လျော်အောင် လိုရင်းချုပ်ပြီး ဖြေကြားသည်။

သင်္ဂါယနာတင်နေသည့် ၂-နှစ်တာ ကာလအတွင်း အသံဝင်မသွားသည်မှာလည်း အံ့ဩစရာဖြစ်သည်၊ တစ်ခါတရံ မဟာစည်ဆရာတော် အကြောင်းမညီညွတ်၍ မကြွရောက်နိုင်သည့်အခါ မေးခွန်းမပါဘဲ မိမိတစ်ပါးတည်း တိုက်ရိုက်ဖြေကြား လျှောက်ထားလိုက်ရသည့်အခါလည်း ရှိသည်၊ မေးသူ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဖြေဆိုသူ ဆရာတော်ဘုရားကား ရှိနေရသည်၊ အဖြေစကားကိုလည်း နေ့စဉ်ပင် လျှောက်ထားဖြေကြားနေရသည်၊ သာမန်ပုဂ္ဂိုလ်များအတွက် အသံဝင်သွားချင်စရာဖြစ်သော်လည်း ဆရာတော်ဘုရားမှာမူ အသံဝင်မသွားခဲ့သည်မှာ အံ့ဩစရာ ကောင်းလှတော့သည်။

(သင်္ဂါယနာတင်ရာ၌ ဝိနည်း ပါရာဇိကဏ်ပါဠိတော် အစမှ ပထမပါရာဇိကအထိ ပခုက္ကူ အရှေ့တိုက်ဆရာတော် ဘဒ္ဒန္တဇဝန (အဘိဓဇမဟာရဋ္ဌဂုရု) က မေးခဲ့ပြီး ဒုတိယပါရာဇိကမှစ၍ ကျန်ပိဋကတော်များကို မဟာစည်ဆရာတော်က မေးခဲ့သည်။)

## ပါဠိအသံထွက်ပြဿနာ

မင်းကွန်းဆရာတော်သည် မြန်မာ့ဓလေ့ထုံးစံ, ဘာသာယဉ်ကျေးမှု ရှေးအစဉ်အလာကောင်းများကို အလွန်မြတ်နိုးတော်မူသည်၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းလာခဲ့ကြသည့် ရှေးရှေးသော မထေရ်အဆက်ဆက်တို့အားလည်း အလွန်လေးစားတော်မူသည်၊ သင်္ဂါယနာ တင်မည်

http://www.dhammadownload.com



ဆိုသောအခါ ပါဠိတော်များကို ရွတ်ဖတ်ရာ၌ မြန်မာရဟန်းတော်များ အသံထွက်ပုံနှင့် လာအို ယိုးဒယား ကမ္ဘောဒီးယား သီရိလင်္ကာ စသော ရဟန်းတော်များ၏ ပါဠိအသံထွက်ပုံ မတူညီသည်ကို တွေ့ရသောအခါ မဟာစည်ဆရာတော်ဘုရားကြီးက မင်းကွန်းဆရာတော်အား–

"ဦးဝိစိတ္တရေ၊ တပည့်တော်တို့ မြန်မာများ ရွတ်ဆိုနေတဲ့ ပါဠိသံက ကမ္ဘာ့အသံနဲ့ လုံးဝမတူ တမူထူးပြီး စုန်းပြူးသလို ဖြစ်နေပါတယ်" ဟု အမိန့်ရှိသည်၊ ထိုအခါ မင်းကွန်းဆရာတော်က—

"ဆရာတော်၊ ပါဠိရွတ်ဆိုကြသောအခါ တပည့်တော်တို့သည် မိမိတို့၏ အမိမြန်မာအသံ၌သာလျှင် ကြံ့ကြံ့တည်ဖို့ လိုအပ်ပါတယ်၊ ပါဠိရွတ်ဖတ်တဲ့နေရာမှာ ဌာန်-ကရိုဏ်းမှန်ဖို့က အရေးကြီးပါတယ်၊ ဥပမာ- 'သ' အက္ခရာကို ရွတ်ဆိုရာမှာ ကမ္ဘာ့နိုင်ငံများက 'စ' အသံဖြင့် ရွတ်ဆိုကြရာ စိစစ်ကြည့်လျှင် သ-အက္ခရာသည် ဌာန်အားဖြင့် သွားအခြေ ဒန္တဌာန်, ကရိုဏ်းအားဖြင့် လျှာဖျား၏အနီး ဇိဝှါပဂ္ဂကရိုဏ်းတို့မှ ဖြစ်တဲ့ အသံ ဖြစ်ရာ မြန်မာများရွတ်တဲ့ သ-ဆိုသည့်အသံက သွားအခြေ ဒန္တဌာန်နှင့် လျှာဖျားအနီး ဇိဝှါပဂ္ဂကရိုဏ်းတို့မှ ဖြစ်တဲ့အသံ ဖြစ်လို့ ဌာန်ရော ကရိုဏ်းပါ ထိမိလှပါသည်ဘုရား၊ ကမ္ဘာကြီးက အများနောက်လိုက်၍ 'စ'ဟု ရွတ်သော်လည်း မြန်မာက ဌာန်-ကရိုဏ်းမှန်သည့် 'သ'အသံဖြင့်ပင် ရပ်တည်သင့်ပါသည်ဘုရား" ဟု လျှောက်ထားခဲ့သည်။

(ထိုလျှောက်ထားချက်ကြောင့်သာ သင်္ဂါယနာ အမေး-အဖြေများ၌ "သုဏာတု မေ ဘန္တေ သံဃော" စသောအသံများကို ပီပီသသ ကြားနာခွင့် ရကြခြင်း ဖြစ်သည်၊ သို့မဟုတ်ပါက 'စုဏာတု မေ ဘန္တေ စံဃော' စသောအသံတို့ကိုသာ နာကြားရဖို့ ရှိပေသည်။)

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



## 'ပတ်ကျယို' မဟုတ်သည့် "ပစ္စယော"

ထို့အတူပင် ပါဠိအသံထွက်နှင့်ပတ်သက်၍ မိန့်ကြားချက်တစ်ခုမှာ- ၁၃၄၄-ခုနှစ် ပြာသိုလဆုတ် ၈-ရက်နေ့ ရန်ကုန်မြို့ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ အလိမ္မာဝတ်အသင်း၏ သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် အလိမ္မာဝတ်အသင်းသူကလေးများက ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိတော်ကို သနန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့က သင်ပေးထားသည့်အတိုင်း 'ဟေတုပတ်ကျယို အာရမ္မဏပတ်ကျယို' စသည်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဤတွင် မင်းကွန်းဆရာတော်ကြီးက- ဆဋ္ဌသင်္ဂါယနာ တင်စဉ်က နီပေါဆရာတော် ဦးပညာလောက ပါဠိတော်ကြီးများ ရွတ်ဖတ်သွားသော အသံသည် မြန်မာတို့၏ ပါဠိရွတ်သံအတိုင်းပင် ဖြစ်ကြောင်း ပြန်လည် မိန့်ကြားပြီး "ဘုရားရှင် ဖွားရာဒေသက အသံနှင့် တူသည်ကို ဂုဏ်ယူ၍ မြန်မာသံ ပီပီသသဖြင့် 'ဟေတုပစ္စယော အာရမ္မဏပစ္စယော' ဟုသာ ရွတ်ကြစမ်းပါ၊ ပတ်ကျယို-ကြီးကိုတော့ ပယ်လိုက်ကြစမ်းပါ" ဟု ဩဝါဒ ပေးတော်မူခဲ့လေသည်။

မင်းကွန်းဆရာတော် အသံတော် ပီသ ကြည်မြစွာ သင်္ဂါယနာ ဖြေကြားတော်မူပုံကို မိတ္ထီလာ တောမဓမ္မာရုံဆရာတော်က ရှစ်လုံးဖွဲ့ကဗျာများဖြင့် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်-

♣ သူမကြီတောင်း ကြီကောင်းကြီစည်၊
သင်္ဂါယနာပွဲ ဆင်နွှဲနေပြီ၊
ခြောက်ကြိမ်မှတ်ပြ ဆဋ္ဌခါညီ၊
ကမ္ဘာကြီး မြိုက်သီးဝေငှမည်။

http://www.dhammadownload.com



♣ ဥပါလိလား ထင်မှားလောက်သည်၊
အာနန်ညီလော တွေးတောကြံစည်၊
စာတော်ပြန်ရွတ် နှုတ်လွတ်ပီပီ၊
ဇာနည်ကဲ ရဲရဲတောက်ခဲ့ပြီ။

♣ ဂုဏ်တော်ပျံ့ပျူး အံ့မူးလောက်ပေ၊
ခန္ဓာတော်ထဲ တည်စွဲစံနေ၊
ဓမ္မကွန်ပေါင်း သောင်းသောင်းထွေထွေ၊
ပူဇာမ ဦးချ ညွတ်ရှိသေ။

## သာသနာ့မိခင်ကြီး၏ သတိပေးစာ

ရန်ကုန်မြို့ ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆရာတော် သင်္ဂီတိဝိသဇ္ဇကတာဝန် ထမ်းဆောင်နေချိန်မှာပင် မင်းကွန်းရှိ သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီထံမှ ပါဠိဘာသာဖြင့် ရေးသားထားသော အဖိုးတန် သတိပေးစာတစ်စောင် ရောက်လာသည်—

နမော ကတွာ ပဝေဒေမိ၊ သုဏာသိ တာတ သခ်ေပေန မာတုယာ အဘိပတ္ထနန္တိ၊ ဒါနိ မေ ပုတ္တကော တိပိဋကဓရော ဓမ္မဘဏ္ဍာဂါရိကော ဝေရိဂ္ဂယေ မဟာပါသာဏဂုဟာယံ နိကာယေသု အာဂတံ ဗုဒ္ဓဿ ဘဂဝတော ဓမ္မံ ဝိဿဇ္ဇေတိ၊ သော မေ ပုတ္တကော အပ္ပမာဒယုတ္တေန စေတသာ အတ္တနာ ဝိဿဇ္ဇိတံ ဓမ္မံ ယောနိသော ပစ္စဝေက္ခတု၊ ပစ္စ-ဝေက္ခိတွာ ပန ဝိပဿနာပဋိပါဋိယာ ဇေတိဿံယေဝ မဟာပါသာဏ-ဂုဟာယံ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတု၊ နော စေ အာသ-ဝေဟိ စိတ္တံ ဝိမုစ္စေယျ၊ ဟေဋ္ဌိမန္တေန ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇတု “ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ”န္တိ၊ သေယျထာပိ တာတ အာယသ္မတော နာဂသေနတ္ထေရဿ ဘိက္ခာဒါယိကာယ မဟာဥပါသိ-

http://www.dhammadownload.com



ကာယ ဘိက္ခာနုမောဒနံ ကတွာ အတ္တနာ ဒေသိတံ ဓမ္မံ ပစ္စဝေက္ခန္တဿ ဝိပဿနံ ပဋ္ဌပေတွာ တသ္မိံယေဝါသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒ-ပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ၊ ဧဝမေဝ မမ ပုတ္တကဿပိ တိပိဋကဓရဿ ဓမ္မဘဏ္ဍာဂါရိကဿ အတ္တနာ ဝိဿဇ္ဇိတံ ဓမ္မံ ပစ္စဝေက္ခန္တဿ ဝိပဿနံ ပဋ္ဌပေတွာ ဇေတိသံယေဝ မဟာပါသာဏဂုဟာယံ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇတု "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။ မာဂဿိရမာသ ကာဠပက္ခဒသမိယံ ပဝေဒိတ'မိဒံ တေ မာတုယာတိ။

ထိုစာ၏ အဓိပ္ပါယ်မှာ–

ရှိခိုး၍လျှောက်ထားပါရစေ ချစ်သား၊ အကျဉ်းအားဖြင့် သင့်မယ်တော်၏ တောင့်တချက်ကို နားဆင်စေလိုပါသည်၊ ယခုအခါ ငါ့သားငယ် တိပိဋကဓရ တရားဘဏ္ဍာစိုးကြီးသည် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ နိကာယ်ငါးရပ်လာ ဘုန်းတော်သခင် ဘုရားရှင်၏ တရားအစဉ်ကို ဖြေဆိုတော်မူဘိ၏။

ငါ့သားချစ်သည် မမေ့မလျော့ သတိနှင့်ယှဉ်သောစိတ်ဖြင့် မိမိဖြေဆိုအပ်သော ထိုတရားအစဉ်ကို မှန်သောအမြင်ဖြင့် ဆင်ခြင်သုံးသပ်ပါလေ၊ သို့ ဆင်ခြင်သုံးသပ်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်အားဖြင့် ထိုမဟာပါသာဏလိုဏ်ဂူတော်အတွင်းမှာပင် ချစ်သား၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူမူ၍ ကိလေသာ အာသဝေါတို့မှ ကွာလျှောလွတ်မြောက်ပါစေ။ ချစ်သား၏စိတ်သည် ကိလေသာ အာသဝေါတို့မှ အကယ်၍ မလွတ်မြောက်နိုင်သေးလျှင် အောက်ထစ်ဆုံးအားဖြင့် "ဖြစ်သမျှ တရားအားလုံး ပျက်သုဉ်းရသည်" ဟု သိသော ကိလေသာမြူအညစ်အကြေးကင်းစင်သည့် (သောတာပတ္တိမဂ်ဉာဏ်) တရားမျက်စိ ဖြစ်ပေါ်ပါစေ။

http://www.dhammadownload.com



ဥပမာစကား လျှောက်ထားပါရစေ ချစ်သား၊ အရှင်နာဂသိန်သည် ဆွမ်းဒကာမကြီးအား ဆွမ်းအနုမောဒနာ ပြု၍ ကိုယ်ဟောသည့်တရား အစဉ်ကို ဆင်ခြင်လျက် ဝိပဿနာဉာဏ်ကိုဖြစ်စေပြီး ထိုနေရာ၌ပင်လျှင် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သကဲ့သို့ ဤအတူ ပိဋကသုံးပုံဆောင် တရားဘဏ္ဍာစိုး ငါ့သားချစ်မှာလည်း ကိုယ်ဖြေဆိုအပ်သော တရား အစဉ်ကို ဆင်ခြင်စဉ်းစားဝိပဿနာပွား၍ ထိုမဟာပါသာဏလိုဏ်ဂူကြီး ၌ပင် 'ဖြစ်သမျှ ပျက်ရသည်' ဟု သိသော ကိလေသာမြူအညစ်အကြေး ကင်းစင်သည့် တရားမျက်စိ ဖြစ်ပေါ်ပါစေသော၊ ဤကား သင့်မိခင်၏ တောင့်တချက်ပါတည်း။

နတ်တော်လဆုတ် ၁၀-ရက်နေ့၌ ဤစာကို သင့်မိခင် ရေးသားသိ စေလိုက်ပါသည်" ဟု ဖြစ်လေသည်။

## ထူးထူးခြားခြား ဂါရဝတရား

ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် မင်းကွန်းထေရ်အရှင်သည် တိပိဋကဓရ ဂုဏ်, ဓမ္မဝိသဇ္ဇကဂုဏ်ရည်များကြောင့် ပေါ်လွင်ထင်ရှားခဲ့သလို ဂါရဝ နိဝါတ တရားများကြောင့်လည်း ပို၍ထင်ရှားခဲ့သည်၊ သံဃာ့ပရိသတ်ကို ရိုသေလေးစားပုံ, မာန်မာနမထားပုံ, ကိုယ့်ကိုယ်ကိုယ်နှိမ့်ချပုံတို့မှာ လွန် စွာအတုယူစရာကောင်းပြီး နိုင်ငံခြားသား ရဟန်းတော်များကပင် အသိ အမှတ်ပြုလာကြရသည်။

နဂိုကပင် ဂါရဝနိဝါတတရား လက်ကိုင်ထားသည့် ဆရာတော်မှာ ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် ဘုရားကြီး မိန့်ကြားတော်မူသည့် "**မင်းကွန်းဆရာတော်၊ စပါးနှံ အဆံ ပြည့်၍ ငုံ၊ လူကုံထံ စိတ်မာန်လျှော့၍ ကြို-တဲ့ပျား**" ဟူသော ဩဝါဒ

http://www.dhammadownload.com



တော်ကို နာကြားလိုက်ရသည့်အခါ ဂါရဝ နိဝါတတရားများကို ပို၍ပင် လက်ကိုင်ထားတော်မူလာခဲ့သည်မှာ ဘဝတစ်သက်တာလုံးပင် ဖြစ်ပေသည်။

(ထိုဩဝါဒ၏ဆိုလိုရင်းမှာ- စပါးနှံတို့တွင် အဆံမပြည့်သည့်စပါးနှံများကသာ ထိုးထိုးထောင်ထောင် ဖြစ်နေတတ်ပြီး အဆံပြည့်သည့် စပါးနှံများကား ငိုက်၍သာ နေကြသည်၊ အဆံပြည့်လေ ပို၍ငိုက်လေ ဖြစ်သည်၊ လူတို့တွင်လည်း ပညာမရှိသူများကသာ ထောင်လွှားတက်ကြွနေတတ်ကြပြီး ပညာရှိများကမူ နှိမ့်ချ၍သာ နေတတ်ကြသည်၊ ပညာရှိလေလေ ကိုယ့်ကိုယ်ကိုယ် ပို၍နှိမ့်ချလေလေပင် ဖြစ်သည်-ဟူလို။)

## ခါတော်မှီ တိပိဋကဓရ မဟုတ်

၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှ စတင်ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကား ၂-နှစ်ခန့်အကြာ ၁၃၁၈-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် အလုံးစုံ အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေပြီ၊ သင်္ဂါယနာ မတင်ရသေးမီ ဆရာတော် တိပိဋကဓရ ဖြစ်ခါစက "ယခုပေါ်ထွက်လာသော တိပိဋကဓရသည် စံချိန်မှီ အရည်အချင်းပြည့် တိပိဋကဓရ မဟုတ်၊ ဆဋ္ဌသင်္ဂါယနာ တင်ချင်လွန်းသည့်အတွက် ဖော်ထုတ်ပေးရသည့် တိပိဋကဓရသာ ဖြစ်သည်။ နေ့စေ့ လ-စေ့ မဟုတ်ပဲ မွေးဖွားပေးရသော သားသည် ခွန်အားချိနဲ့ကာ လူရာမဝင်သလို အရည်အချင်း မပြည့်ဝသော ဤတိပိဋကဓရလည်း သာသနာတွင် တင့်တယ်လိမ့်မည်မဟုတ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ကြီးတို့၏ ဥက္ကဋ္ဌ သားရဟန်းက တိပိဋကဓရဘွဲ့ရတာ ဘာမျှမဆန်း၊ ဆဋ္ဌသင်္ဂါယနာတွင် ပါဝင်နိုင်ရန်အတွက် ဖျစ်ညှစ်မွေးဖွားပေးလိုက်ရသည့်

http://www.dhammadownload.com



ခါတော်မှီ တိပိဋကဓရသော ဖြစ်ကြောင်း အကြောင်းမသိသူများက ဝေဖန်ပြောဆိုခဲ့ကြသည်၊ ယခု ဆဋ္ဌသင်္ဂါယနာပွဲဝယ် ဖြေပြလိုက်သည့်အခါ၌မူ ဤတိပိဋကဓရသည် မိမိတို့ထင်သလို ခါတော်မှီ တိပိဋကဓရ မဟုတ်ပဲ တကယ့် အရည်အချင်းပြည့် တိပိဋကဓရ ဖြစ်ကြောင်း အားလုံး သိရှိလက်ခံသွားခဲ့ကြသည်။

သိရှိသွားကြပြီးနောက် ယခင် ဝေဖန်ပြောဆိုရာတွင် ပါဝင်ခဲ့သော ဆရာတော်ကြီးတစ်ပါးသည် မင်းကွန်းဆရာတော်အား "အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠံ ယထာအကုသလံ" စသော တောင်းပန်စကားကို ရွတ်ဆိုကာ တောင်းပန်ကန်တော့ခဲ့သည်၊ တစ်ပါးကမူ လူပြန်တော်ဘဝ ရောက်သည့်အခါ ဆောင်းပါးရေး၍ တောင်းပန်ဝန်ချခဲ့လေသည်။

ဤသို့ အကြောင်းမှန်မသိသူများက ကဲ့ရဲ့စကား ဆိုကြသော်လည်း တိပိဋကဓရစာမေးပွဲကြီးတွင် မင်းကွန်းဆရာတော်အား မိမိတို့ကိုယ်တိုင် မေးစိစစ်ခဲ့ကြရသည့် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဘုံပျံဆရာတော်၊ သရက်တောတိုက် ဖျာပုံတိုက်သစ်ဆရာတော် စသောပုဂ္ဂိုလ်များကမူ—

**"ဤတိပိဋကဓရသည် ပဌမသင်္ဂါယနာနှင့် တတိယသင်္ဂါယနာတို့အတွက် အချိန်ကိုက် ပွင့်ထွန်းပေါ်ပေါက်ပေးရသော အရှင်အာနန္ဒာနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ်ကြီးများကဲ့သို့ အနာဂတ်သာသနာရေးကို ကြိုတင်သိမြင်တော်မူကြသည့် ရှေးရှေးမထေရ်မြတ်မြတ်ကြီးတို့၏ အစီအမံဖြင့် ဆဋ္ဌသင်္ဂါယနာအတွက် အချိန်မှီ ပွင့်လာသည့် ခါတော်မှီ ပန်းတည်း"** ဟု ထောမနာစကား ဆိုကာ ချီးကျူး၍ အားမရနိုင်ပဲ ရှိကြလေသည်။

http://www.dhammadownload.com



ဤတိပိဋကရေကား တိပိဋကရေမျှသာ မဟုတ်ပဲ ဓမ္မဘဏ္ဍာဂါရိက အမည်နှင့် လိုက်ဖက်အောင် ဓမ္မဘဏ္ဍာတိုက်ထဲမှ တရားရတနာတွေကို လိုရာရွေး၍ သုံးစွဲနိုင်ပုံကို ယခုသင်္ဂါယနာပွဲ၌ တွေ့ခဲ့ကြရပြီး နောက်ပိုင်း မဟာဗုဒ္ဓဝင်ကျမ်းကြီးများနှင့် တရားပွဲများ၌လည်း တွေ့ကြရလိမ့်ဦးမည် သာတည်း။

## အဋ္ဌကထာ-ဋီကာ သင်္ဂါယနာ

ပါဠိတော်များ သင်္ဂါယနာတင်ပြီးနောက် အဋ္ဌကထာ ၅၂-အုပ်ကို သန္နိပါတ ၄-ကြိမ်ခွဲ၍ သင်္ဂါယနာတင်ကြရာ—

ပထမသန္နိပါတ ၁၃၁၈-ခု နတ်တော်လဆုတ် ၉-ရက်နေ့မှ ၁၃၁၈-ခု တပို့တွဲလဆန်း ၁-ရက်နေ့အထိ၊

ဒုတိယသန္နိပါတ ၁၃၁၉-ခု တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှ ၁၃၁၉-ခု တပို့တွဲလဆန်း ၄-ရက်နေ့အထိ၊

တတိယသန္နိပါတ ၁၃၂၀-ခု တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှ ၁၃၂၀-ခု တပို့တွဲလဆန်း ၃-ရက်နေ့အထိ၊

စတုတ္ထသန္နိပါတ ၁၃၂၁-ခု တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှ ၁၃၂၁-ခု တပေါင်းလဆန်း ၆-ရက်နေ့အထိ သင်္ဂါယနာ တင်ကြသည်။

အဋ္ဌကထာများ သင်္ဂါယနာတင်ပြီးနောက် ဋီကာ ၂၆-အုပ်ကို သန္နိပါတ ၂-ကြိမ်ခွဲ၍ သင်္ဂါယနာတင်ကြရာ—

ပထမသန္နိပါတ ၁၃၂၂-ခု တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့မှ ၁၃၂၂-ခု ပြာသိုလဆုတ် ၁၃-ရက်နေ့အထိ၊

ဒုတိယသန္နိပါတ ၁၃၂၃-ခု တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှ ၁၃၂၃-ခု တပို့တွဲလဆန်း ၁၂-ရက်နေ့အထိ သင်္ဂါယနာ တင်ကြသည်။

http://www.dhammadownload.com




## မဟာဗုဒ္ဓဝင် ကျမ်းပြုရှင်

ဆဋ္ဌသင်္ဂါယနာတင်ပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်းပန်ချက်အရ အခြားဆရာတော်များ ပြီးစီးအောင် မရေးသားနိုင်ခဲ့သည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြီးစီးအောင် ရေးသားတော်မူသည်၊ ဝန်ကြီးချုပ်သည် ၁၃၁၃-ခုနှစ်နှင့် ၁၃၁၅-ခုနှစ်တို့ကလည်း လျှောက်ထားခဲ့ပြီးဖြစ်ရာ ယခု တတိယအကြိမ်မြောက် တောင်းပန်လျှောက်ထားခြင်း ဖြစ်သည်။

ဗုဒ္ဓအကြောင်းအရာ မှန်က အပ်ကျသည်မျှ မကျန်ရအောင် ရေးသားပေးပါရန်, စာအုပ်များမှုကို ဂရုမပြုဘဲ အကြောင်းအရာ စုံလင်ရန်ကိုသာ အဓိကထား ရေးသားတော်မူပါရန်, လူကြီး လူရွယ် လူငယ်တို့နှင့် တကွ ဘာသာခြားများပါ ဗုဒ္ဓအကြောင်း နားလည်စိတ်ဝင်စားလာအောင် ရေးသားပေးတော်မူပါရန်, ရှေးရှေးက ပေါ်ပေါက်ခဲ့ပြီးသော ဗုဒ္ဓဝင်ကျမ်းစာအစောင်စောင်တို့ထက် သာလွန်ပြည့်စုံ ကုံလုံစေ့စပ် ဖတ်၍မဝ ကြည်ညိုအားရဖို့ကောင်းလှသော ဗုဒ္ဓဝင်ကျမ်းကြီး ဖြစ်စေရန်နှင့် ဂေါတမမြတ်စွာ သာသနာတော်နှစ် ၂၅၀၀-သို့ ရောက်သောအချိန်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်တစ်ပါး စီရင်သွားသော မဟာဗုဒ္ဓဝင်ကျမ်းကြီးဖြစ်သောကြောင့် နောင်လာနောက်သား လူအများတို့၏ ပစ္စုပ္ပန်တမလွန်နိဗ္ဗာန်အကျိုးစီးပွားအလို့ငှါ အနာဂတ်သာသနာတော်နှစ်ပေါင်း ၂၅၀၀-တိုင်အောင် သာသနာ့ကျောက်တိုင် မော်ကွန်းကြီးအဖြစ်ဖြင့် ပြည့်နှန်းစိုက်ထောင်ထားနိုင်ရန် မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီး ပြုစုရေးသားတော်မူပါမည့်အကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်းပန်လျှောက်ထားချက်အရ ၁၃၂၂-ခုနှစ်တွင် စတင်ရေးသားပြုစုခဲ့သည်၊ ဝန်ကြီးချုပ်လျှောက်ထားသည့်အတိုင်း ဗုဒ္ဓအကြောင်းအရာမှန်သမျှ အပ်ကျသည်မှ မကျန်ရအောင် ရေးသားပြုစုလိုက်သဖြင့် စာအုပ်ရေ များသွားသည်၊

http://www.dhammadownload.com



သာသနာ့ကိစ္စလုပ်နေရလျှင်၊ အစာလည်းမေ့ အအိပ်မေ့၏။

ပျော်မွေ့အားတက်၊ ဇွဲထက်ထက်ဖြင့်၊

ဇနကထုံး၊ မြဲကျင့်သုံးလျက်၊ လုံ့လဝီရိယ၊ ကြီးမားလှသည့်

သာသနာ့ထွန်းခေါင်၊ ပြည့်ဥသျှောင်ပါတကား၊

သာသနာ့ထိပ်တင်၊ ပြည့်ဥတင်ပါတကား၊

သာသနာ့လက်ရုံး၊ ပြည့်နလုံးပါတကား။

http://www.dhammadownload.com

http://www.dhammadownload.com



ဆဋ္ဌသင်္ဂါယနာ၏ အထိမ်းအမှတ်အဖြစ်ဖြင့် အတွဲ ၆-တွဲ၊ မဂ္ဂင် ၈-ပါး အထိမ်းအမှတ်အဖြစ်ဖြင့် စာအုပ် ၈-အုပ်၊ မြတ်ဗုဒ္ဓ၏ ဝါတော် ၄၅-ဝါ အထိမ်းအမှတ်အဖြစ်ဖြင့် အခန်းပေါင်း ၄၅-ခန်းတို့ကို ကိုယ်တော်တိုင် လက်နှိပ်စက်ရိုက်၍ ၉-နှစ်ကျော်ကြာမျှ ရေးသားစီရင်တော်မူသည်၊ သင်္ဂါယနာ ၆-တန်တင် ပိဋကတ်ကျမ်းဂန်များထဲမှ အကြောင်းအရာများကိုသာ အပိုအလိုမရှိ တိတိကျကျ ရေးသားပြုစုထားသဖြင့် ပညာရှိများ ပမာဏထား၍ လေးစားကိုးကားရသော ကျမ်းကြီးကျမ်းခိုင်တစ်ဆူ ဖြစ်ပေသည်။

## ထူးခြားသော အပ္ပိစ္ဆဂုဏ်ရှင်

ဆဋ္ဌသင်္ဂါယနာ မတင်မီ အချိန်, တင်နေဆဲ အချိန်တို့၌ သင်္ဂါယနာကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူသော မင်းကွန်းတိပိဋကဓရဆရာတော်အား ရုရှားအစိုးရက 'သာသနာရေးကိစ္စ ကြွရောက်ရာ၌ အဆင်ပြေပြေ ကြွရောက်အသုံးပြုနိုင်ရန် မော်တော်ယာဉ်တစ်စီး လှူဒါန်းလိုပါကြောင်း' လျှောက်ထားပြီး ကျည်ကာ သံမဏိမော်တော်ကား တစ်စီး လှူဒါန်းသည်ကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တစ်ဆင့်လှူဒါန်းရာ ဆရာတော်က "ဘုန်းကြီးက တောထဲမှာနေတဲ့ တောဘုန်းကြီး ဖြစ်ပါတယ်၊ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုး စီးလို့မလျော်ပါ၊ အစိုးရရဲ့ စေတနာကို ငဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင် ကာလအတွင်းမှာသာ စီနင်းအသုံးပြုပါ့မယ်၊ သင်္ဂါယနာပွဲ ပြီးက အစိုးရရဲ့ကားသာ ဖြစ်ပါစေ" ဟူသော ကန့်သတ်ချက်ဖြင့် ၅-ရက်မျှ လက်ခံအသုံးပြုပြီး အစိုးရသို့ ပြန်လည်လွှဲအပ်တော်မူခဲ့သည်။

သင်္ဂါယနာပွဲအပြီးတွင် ထိုကားကိုပင် နိုင်ငံတော်အစိုးရက လှူဒါန်းပြန်ရာ ဆရာတော်က ယခင်မိန့်ကြားခဲ့သည့် မူကိုပင် ပြန်လည်မိန့်ကြား

http://www.dhammadownload.com



ကာ အတန်တန် ငြင်းဆန်တော်မူသည်၊ စကားပြောကောင်းလှသော ဝန်ကြီးချုပ်ဦးနုက ပရိယာယ်ကွယ်ကွယ်ဖြင့် ထိုကားကို လက်ခံတော်မူပါရန် လျှောက်ထားပြန်သည့်အခါ ဆရာတော်သည် မပြောလျှင် မပြီးသဖြင့် "ဒကာကြီး၊ ရဟန်းတို့အသုံးအဆောင် ပရိက္ခရာထဲမှာ မော်တော်ကား မပါဘူးဗျ" ဟု အမိန့်ရှိပြီး ငြင်းပယ်တော်မူခဲ့သည်၊ ထူးခြားသော အပွိစ္ဆဂုဏ်ရှင်ပါတည်း။

## စာပေပို့ချ ဟောညွှန်ပြ

ဆဋ္ဌသင်္ဂါယနာနှင့် ဆက်စပ်သည့်ကိစ္စများ အားလုံး ပြီးစီးသွားချိန်တွင်ကား မိမိသီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်မှ စာသင်သားသံဃာတော် အပါး ၁၂၀-ကျော်တို့အား နေ့စဉ် စာဝါများ ပို့ချသင်ကြားပေးတော်မူသည့်အပြင် အနယ်နယ်အရပ်ရပ်သို့ ဓမ္မဒေသနာခရီး ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောပြတော်မူခဲ့သည်၊ စာဝါပို့ချရာ၌ စာသင်သားသံဃာမျိုးစုံ, စာဝါ ကြီး-ငယ်မျိုးစုံကို တစ်ပုံစံတည်း ပို့ချတော်မူသလို တရားဟောရာ၌လည်း တရားပွဲ ကြီး-ငယ်မျိုးစုံ, တရားဒေသနာမျိုးစုံကို တစ်ပုံစံတည်း ဟောကြားတော်မူသည်။

စာသင်သားသံဃာ တစ်ပါးတည်းအား သီးသန့်ပို့ချပေးသော စာဝါနှင့် စာလိုက်သံဃာ ၁၀၀-ကျော်တို့အား ပို့ချပေးသည့် စာဝါ နှစ်မျိုးကို တန်းတူထား၍ ပို့ချပေးတော်မူသလို တရားနာပရိသတ်နှစ်ဦးသုံးဦးအား ဟောကြားရသောတရားပွဲနှင့် ထောင်သောင်းချီသော တရားနာပရိသတ်အား ဟောကြားရသောတရားပွဲ နှစ်မျိုးကို တန်းတူထား အားစိုက်၍ ဟောကြားတော်မူသည်။

သို့ရာတွင် ဆရာတော်သည် တရားဟောရာ၌ စိတ်ရှည်သလောက် စာချရာ၌မူ တစ်ခါတရံ စိတ်မရှည်တာမျိုး ရှိတတ်သည်၊ မိမိလို တော်စေ

http://www.dhammadownload.com



တတ်စေ သိစေလိုသဖြင့် အားမလို အားမရ ဖြစ်ကာ ဆူပူငေါက်ငမ်းမိတာမျိုး ရှိတတ်သည်၊ တစ်ခါသော် စာလိုက်တပည့်များအား ထိုကဲ့သို့ ဆူပူငေါက်ငမ်း၍ စာချနေစဉ် မယ်တော်ကြီး ဒေါ်ဓမ္မစာရီ ရောက်လာကာ အသာရပ်နားထောင်နေပြီးနောက် စာဝါပြီးသည့်အခါ ဆရာတော်အား "မောင်ပဥ္စင်းနှယ် စာချနေတယ်မှတ်တာ လက်စသတ်တော့ နွားမောင်းနေတာကိုး" ဟု ပညာသားပါပါ လျှောက်ထားခဲ့သည်၊ စာချရင်းတပည့်များအား ဆူပူကြိမ်းမောင်းသည်မှာ လိုအပ်ချက်အရ စာချဆရာတော်တိုင်း လုပ်နေကျအလုပ် ဖြစ်သော်လည်း မယ်တော်ကြီး မကြိုက်မှန်းသိသဖြင့် ထို့နောက်ပိုင်းတွင် ဆရာတော်သည် စာချရင်း ဆူပူငေါက်ငမ်းမှု သိပ်မပြုတော့ဟု ဆိုသည်။

## ထူးခြားသည့် တရားဟောစဉ်

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၏ တရားဟောစဉ်မှာ– အခြားဓမ္မကထိကများ၏ဟောစဉ်နှင့် မတူညီတတ်ပေ၊ ဘုရားဟောပါဠိတော်ကြီးများကို ဒကာ-ဒကာမများ နားထဲသို့ ရောက်စေလိုသော ဆန္ဒတော်ဖြင့် ပါဠိတော်များကို အပင်ပန်းခံကျက်မှတ်ကာ ပါဠိတော်ဟောစဉ်များအဖြစ် ဟောကြားတော်မူသည်၊ ပါဠိတော်ရွတ်လိုက်, အနက်ပေးလိုက်, အဓိပ္ပါယ် ပြောလိုက်ဖြင့် ဟောကြားတော်မူပုံမှာ လွန်စွာ ကြည်ညိုစရာ ကောင်းလှသည်။

ပါဠိတော်ရွတ်ပုံက ဌာန်ကရိုဏ်းပီသ ကျနလှသလို အနက်မြန်မာ ပြန်ဆိုပုံကလည်း အပိုအလိုမရှိ တိကျလှသည်၊ တိကျသည့် အနက်ထဲတွင် နဘောကာရန်များပါ အချိတ်အဆက်မိမိ ယှဉ်တွဲပါဝင်နေသဖြင့် တရားစစ်စစ်ကို နာယူလိုသူတို့ လွန်စွာ သဘောကျနှစ်ခြိုက်ကြသည်၊ အချို့နေရာ၌ ပိုပြီးမှတ်မိအောင် ဆောင်ပုဒ်ကလေးများပါ ချပေးသည်၊

http://www.dhammadownload.com



အဓိပ္ပါယ် ပြောပုံကလည်း လူပြိန်းများပါ နားလည်နိုင်လောက်အောင် ပြောဟောနိုင်သဖြင့် "မြတ်စွာဘုရား ဟောကြားတော်မူသည့် သာမုက္ကံသိက ဓမ္မဒေသနာဆိုတာ ဒါမျိုး နေမှာဘဲ" ဟုပင် မှန်းဆမှတ်ထင်ကြရလေသည်။

ထို့ပြင် ဘုရားရှင်လက်ထက်က အလွန်ဆန်းကြယ်လှစွာ ဥပမာ-ဥပမေယျတို့ဖြင့် တန်ဆာဆင်ပြီး တရားဟောတတ်သော စိတ္တကထိက **အရှင်ကုမာရကဿပ, အရှင်ပုဏ္ဏတို့နှင့်လည်းကောင်း,**

ရုတ်တရက်ပေါ်လာသော အကြောင်းအရာ ဂါထာဗန္ဓ စကားဝါကျတို့ကို ဆီလျော်အောင် ထည့်သွင်းရွတ်ဆို ဟောကြားတတ်သော ပဋိဘာနဝန္တ အရှင်ဝင်္ဂီသနှင့်လည်းကောင်း၊

အသံတော်မှာ အင်မတန် ချိုသာလွန်းသဖြင့် ကလျာဏဝါက္ကရဏ အရှင်သောဏ ကုဋိကဏ္ဏ, မဉ္ဇုဿရ အရှင်လကုဏ္ဍကဘဒ္ဒိယတို့နှင့်လည်းကောင်း နှိုင်းခိုင်းစံပြုထိုက်သော ဓမ္မကထိကပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်။


ဆရာတော် ထိုသို့ တရားဟောသည်မှာလည်း ဥပဇ္ဈာယ်ဆရာ၏ ဩဝါဒအတိုင်း ဟောကြားခြင်းဖြစ်သည်၊ ရဟန်းမှန်က တရားဟောခွင့် ကြုံတွေ့ရမည်ဖြစ်ရာ ထိုအခါမျိုးဝယ် စနစ်တကျ ဟောပြောတတ်စေရန် ဥပဇ္ဈာယ်ဆရာတော်ဘုရားက—

-တရားဟောခွင့် ကြုံလာလျှင် ရောက်တတ်ရာရာ အရပ်စကားတွေကို မပြောကြားလေနှင့်၊

-သက်ဆိုင်ရာ ပါဠိတော်ကို နှုတ်တက်အရကျက်ပါ၊

-အဖွင့် အဋ္ဌကထာ-ဋီကာတို့မှ အထူးဖွင့်ပြချက်များကို သီးခြားထုတ်နုတ်၍ အရကျက်ပါ၊

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



-တရားဟောသောအခါ နှုတ်ရဆောင်ထားသော ပါဠိ-အဋ္ဌကထာ-ဋီကာတို့ကို စဉ်းစားပြီး (သရဘည) ကြည်ညိုဖွယ်ရာ အသံထင်ရှား တရားဟောနည်းဖြင့် မိမိသိသမျှ ဣန္ဒြေရရ ဟောပါ-ဟု မပြတ် ဆုံးမတော်မူခဲ့သည်။

ဆရာတော်ကလည်း ဥပဇ္ဈာယ်ဆရာတော်၏ ဩဝါဒကို တစ်သွေမတိမ်း လိုက်နာခဲ့သည်၊ ဂါထာ တစ်ပုဒ်-နှစ်ပုဒ်မျှသာ ရွတ်ဆို၍ အရပ်စကား များများပြောခြင်းဖြင့် တရားပွဲကို အဆုံးသတ်လေ့မရှိ၊ သုတ္တန်တရားတော် တစ်ပုဒ်လုံးကို ပါဠိတစ်လှည့်-မြန်မာတလှည့် ပြန်ဆိုကာ အဓိပ္ပါယ်ရှင်းလင်းအောင် ဟောကြားတော်မူလေ့ရှိပေသည်။

## အမှားရှာရင်း ကြည်ညိုသွားသူ

ဆရာတော် တရားဟောစဉ်က တေမိယ, မဟာဇနက, ဝေဿန္တရာ, မဟောသဓာ, သုဝဏ္ဏသာမ စသော ဇာတ်တော်ကြီးများကိုလည်း ပွဲဆက်၍ ဟောကြားတော်မူရာ လူပြန်တော် မြန်မာပညာရှိ ဆရာကြီးတစ်ဦးသည် ဆရာတော့်တရားပွဲများ ရှိရာနောက်သို့ ဇာတ်အဋ္ဌကထာစာအုပ်ကိုင်၍ လိုက်လံတရားနာသည်၊ သူ တရားနာသည်မှာ ကြည်ညိုလွန်း၍ နာနေသည်မဟုတ်ဘဲ ဆရာတော်၏ ဟောပြောချက်များထဲမှ မှားသည့်အချက်များ တွေ့လျှင် အကွက်ကျကျ ထောက်ပြနိုင်ရန် လိုက်လံနာယူနေခြင်း ဖြစ်ပေသည်။

ဆရာတော် တရားဟောနေသည့်အခါ သူက ဇာတ်အဋ္ဌကထာစာအုပ်ကြီးကို လှန်ပြီး သေသေချာချာ လိုက်ကြည့်သည်၊ ဂါထာရွတ်ရာ စုဏ္ဏိယစကားပြေ ပြောရာတို့၌ အစဉ်ကျ-မကျ, အနက်ပေးရာ၌ သဒ္ဒါနည်းကျ-မကျ, အဓိပ္ပါယ်ပြောရာ၌ စာအုပ်ထဲကအတိုင်း ဟုတ်-မဟုတ်

http://www.dhammadownload.com



စသည်ကို ကျကျနန လိုက်ကြည့်သည်။ သူကိုယ်တိုင်ကလည်း အလွန် ဉာဏ်ထက်မြက်သူ စာပေပညာရှင်ကြီး ဖြစ်သဖြင့် အမှားတွေ့သည်နှင့် တပြိုင်နက် အပြစ်တင်လိုက်မည်-ဟူသောအကြံဖြင့် လိုက်ပြီး တရားနာရာ တရားပွဲပေါင်း ၃၀၀၀-ကျော်၍ ဇာတ်တော်ကြီးများ အားလုံးသာ ပြီးဆုံးသွားသည်၊ မှားသည့်အချက် တစ်ချက်မှ ရှာမတွေ့သဖြင့် ဆရာတော် တရားဟောနေပုံကို ကြည့်လိုက်, ဇာတ်အဋ္ဌကထာစာအုပ်ကြီးကို ကြည့်လိုက်ဖြင့် တအံ့တဩဖြစ်နေပြီး နောက်ပိုင်းတွင်မူ ဆရာတော်ကို အလွန့်အလွန် ကြည်ညိုသွားလေတော့သည်။ (ထိုဆရာကြီးကိုယ်တိုင် ပြောပြချက်)

ဆရာတော်သည် ဇာတ်တော်များ ဟောကြားရာ၌ လူကြားထဲ၀ယ် ဟော၍မကောင်းလှသော ကုသဇာတ်, အလမ္ဗုသာဇာတ်, အသာတမန္တဇာတ်တို့လို ဇာတ်တော်မျိုးမှ တပါး ကျန်ဇာတ်တော်များ အားလုံးလိုလို ကုန်စင်အောင် ဟောတော်မူခဲ့ပေသည်။

## သာသနာပြုဖော် တိုက်အုပ်ဆရာတော်

ထိုကဲ့သို့ တရားဟောမှုနှင့်တကွ သာသနာရေးသာသနာမှုအားလုံး ဆရာတော် အဆင်ပြေပြေ အောင်အောင်မြင်မြင် ဖြစ်အောင် နောက်ပိုင်းမှ အစစအရာရာ ကူညီပံ့ပိုးပေးခဲ့သူကား ဓမ္မနာဒတိုက်အုပ်ဆရာတော် အရှင်ဥက္ကံသာဘိဝံသ (သ-အ ဓမ္မာစရိယ) ပင် ဖြစ်သည်၊ တိုက်အုပ်ဆရာတော်သည် ကိုယ်ကျင့်သီလ ပြည့်စုံမှု, စိတ်သဘောထား ပြည့်ဝဖြူစင်မှု, သည်းခံနိုင်မှု, စာပေကျမ်းဂန် တတ်ကျွမ်းမှု, ရိုးရိုးကုတ်ကုတ် နေတတ်၍ မာန်မာန မထားမှု, ဝီရိယရှိမှု, ကဗျာလင်္ကာ ရေးစပ်သီကုံးနိုင်မှု စသည်တို့၌ ဆရာတော့်ကို အမှီလိုက်နိုင်သူဟု သတ်မှတ်၍ ရပေသည်၊

http://www.dhammadownload.com



ဆရာတော် တိပိဋကအတွက် စာစကျက်ချိန်မှစ၍ နောက်ပိုင်းကာလများအထိ သာသနာရေးလုပ်ငန်းများ စိတ်အေးချမ်းစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုက်တာကိစ္စများနှင့်တကွ အောက်ခြေသိမ်းကိစ္စ အဝဝကို နောက်ပိုင်းမှ လူမသိ သူမသိ ပံ့ပိုးပေးခဲ့သည့် တိုက်အုပ်ဆရာတော်သည် ဇာတ်တော်ကြီးများကို ပွဲဆက်၍ဟောရသည့် တရားပွဲများတွင် ယနေ့ည ဟောရမည့် အကြောင်းအရာ, ကျက်ရမည့် ဂါထာ-စုဏ္ဏိယ, အနက်, ဆောင်ပုဒ် စသည်တို့ကို စာရွက်ပိုင်းကလေးများဖြင့် အဆင်သင့်ရေးသား၍ ဆရာတော့်အား ဆက်ကပ်ပေးထားသည်။

တရားပွဲသို့ မကြွရောက်မီနှင့် ကြွနေဆဲအချိန်များတွင် ဆရာတော်က ထိုစာရွက်ပိုင်းကလေးများကို ကြည့်၍ ကျက်သင့်တာ ကျက်, မှတ်သင့်တာ မှတ်သွားသည်၊ ဤနည်းဖြင့် ဆရာတော်သည် ဇာတ်တော်ကြီးများကို ပြည့်ပြည့်စုံစုံ ဟောကြားနိုင်ခဲ့သည်၊ တိုက်အုပ်ဆရာတော်သည် တိပိဋကဓရဆရာတော်၏ တကယ့်သာသနာပြုဖော်ပင် ဖြစ်ပေသည်။

## မေတ္တာအဆောင် အမြဲဆောင်

နိုင်ငံတော်တွင် တိပိဋကဓရဆရာတော် ၄-ပါးသာ ပေါ်ထွက်သေးသည့်အချိန်က အနယ်နယ်အရပ်ရပ်၌ တိပိဋကဓရ ၄-ပါး ပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပပြုလုပ်ခဲ့ကြရာ ပူဇော်သူ ဒကာ-ဒကာမများက 'ဆရာတော် ၄-ပါးကို ပူဇော်သည်' ဆိုပြီး အညီအမျှ လှူဒါန်းပူဇော်ကြသော်လည်း လှူဖွယ်ပစ္စည်းများကိုမူ မင်းကွန်းဆရာတော်ကသာ အများဆုံး ရရှိတော်မူသည်၊ ထိုအခါ ကျန်ဆရာတော် ၃-ပါးက "ဆရာတော်ဘုရား၊ ယခု ဒကာ-ဒကာမတွေက တိပိဋကဓရ ၄-ပါး ပူဇော်ပွဲ-ဆိုပြီး ကျင်းပကြပါတယ်၊ ၄-ပါးစလုံးကိုလဲ အညီအမျှဘဲ လှူဒါန်းပူဇော်ကြပါ

http://www.dhammadownload.com



တယ်၊ ဒါပေမယ့် လှူဖွယ်ပစ္စည်းကျတော့ ဆရာတော်ဘုရားကပဲ အများဆုံး ရရှိတော်မူတာ တွေ့ရပါတယ်၊ အဲဒါ ဘယ်လိုပါလဲဘုရား၊ ဆရာတော်ဘုရားမှာ အဆောင်ကောင်းတွေ ဘာတွေများ ရှိနေလို့လားဘုရား"ဟု မေးကြသည့်အခါ မင်းကွန်းဆရာတော်ဘုရားက "အေး - ရှိတယ်"ဟု ဖြေကြားတော်မူသည်၊ "ရှိရင် တပည့်တော်တို့ကိုလဲ ပေးစမ်းပါဘုရား" လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးက "အေး - တပည့်တော်ရဲ့ အဆောင်ဆိုတာက မျက်စိနဲ့ကြည့်လို့ မြင်ရတာမျိုးမဟုတ်ဘူး၊ မမြင်ရတဲ့ အတွက် 'ရော့ - အင့်' လို့ ပေးလို့လဲမရဘူး၊ တပည့်တော်ရဲ့အဆောင်က မေတ္တာဘဲဘုရာ့ မေတ္တာဘဲ"ဟု မိန့်ကြားတော်မူပြီး ပူဇော်ပွဲတွေ ကျင်းပသည့်အချိန်၌ မိမိ ပွားများကျင့်သုံးလေ့ရှိသည့် နည်းကို ပေးတော်မူလေသည်၊ ထိုနည်းမှာ—

## မေတ္တာတရား ကြိုတင်ပွား

ဆိုင်ရာ ဒကာ-ဒကာမများက ပင့်ဆောင်သွား၍ ပူဇော်ပွဲ ကျင်းပသည့် မြို့နယ်ထဲကို ဝင်မိပြီဆိုလျှင်ပင် မြို့နယ်နာမည်ကို ဖော်၍ "ဒီ --- မြို့နယ်အတွင်းမှာ ရှိနေတဲ့ မြို့နယ်စောင့် နတ်များနှင့်တကွ မြို့နယ်သူ-မြို့နယ်သားအားလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ ကောင်းမြတ်တဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေ"ဟု စူးစူးစိုက်စိုက် မေတ္တာပွားတော်မူသည်၊ ထို့အတူ မြို့တွင်း ဝင်မိချိန်၌လည်း "ဒီ ---မြို့အတွင်းမှာ ရှိနေတဲ့ မြို့စောင့်နတ်များနှင့်တကွ မြို့သူ-မြို့သားအားလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ ကောင်းမြတ်တဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေ"ဟု စူးစူးစိုက်စိုက်ပင် မေတ္တာပွားတော်မူသည်။

ပူဇော်ပွဲကျင်းပမည့်ဌာန ဓမ္မာရုံစသည်တို့သို့ ရောက်သည့် အချိန်၌လည်း "ဒီနေရာဌာန ဒီဓမ္မာရုံတော်ကြီးကို စောင့်ကြပ်နေကြသည့် နတ်

http://www.dhammadownload.com



များနှင့်တကွ ပူဇော်ပွဲကျင်းပနေကြသူ ဒကာ-ဒကာမများအားလုံး ကျန်းမာကြပါစေ ချမ်းသာကြပါစေ ကောင်းမြတ်တဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေ”ဟု စူးစူးစိုက်စိုက်ပင် မေတ္တာပွားတော်မူသည်။

(လှူဖွယ်ပစ္စည်း များများရအောင် ပွါးများခြင်းမဟုတ်၊ တကယ့်ကို အကျိုးလိုလားသည့်စိတ်သက်သက်ဖြင့် ပွါးများခြင်းဖြစ်သည်၊ ရောင်ပြန်ဟပ်တတ်သည့် မေတ္တာ၏ သဘောတရားအရသာ လှူဖွယ်ဝတ္ထုပစ္စည်း များများရရှိခြင်း ဖြစ်ပေသည်။)

ထိုသို့ မေတ္တာတရား အမြဲ လက်ကိုင်ထားတော်မူသောကြောင့်ပင် ဆရာတော်ဘုရားထံတော်မှောက်သို့ ချဉ်းကပ်ရောက်ရှိလာကြသူအပေါင်းတို့သည် မေတ္တာဓာတ် အရှိန်ဟပ်ပြီး အေးချမ်းသည့်အရသာကို သိသိသာသာကြီး ခံစားကြရသည်၊ “ဆရာတော့်ကို ဖူးလိုက်ရတာ ရင်ထဲကို အေးသွားတာဘဲ” ဟုပင် ထုတ်ဖော် ပြောဆိုကြရလေသည်၊ ဆရာတော်ဘုရား၏ မေတ္တာစွမ်းအားကား ကြီးမားလှပါပေ၏။

ဆရာတော်က “ယခုလို မိမိမှာ လှူဖွယ်ဝတ္ထုများ ပိုမိုရရှိခြင်းသည် မေတ္တာအဆောင် ဆောင်ထား၍ဖြစ်ကြောင်း”မိန့်ကြားတော်မူခဲ့သည်မှာ နည်းလမ်းတစ်ခု ပေးလို၍ မိန့်ကြားခဲ့ခြင်း ဖြစ်ပါလိမ့်မည်၊ တကယ်တမ်းအားဖြင့်ကား “ခုနစ်အင်္ဂါ၊ ဖြိုးမောက်ပြီး၊ လာဘ်ကြီးမိုးသို့ရွာ” ဟူသည်နှင့်အညီ ခြေဖမိုးနှစ်ဘက်, လက်ဖမိုးနှစ်ဘက်, ပခုံးစွန်းနှစ်ဘက်, လည်ဂုတ် ဟူသော ၇-ဌာနတို့ ပြည့်ဖြိုးမို့မောက်နေသော ပုဂ္ဂိုလ်များမှာ လာဘ်လာဘများ အထူးပေါ်များတတ်ရာ ဆရာတော်ဘုရားတွင်လည်း အဆိုပါ ၇-ဌာနလုံး ပြည့်ဖြိုးမို့မောက်နေသည်ကို တွေ့ရသည်၊ အနီးကပ်ဖူးမြော်ကြည့်လျှင် ပို၍ ထင်ထင်ရှားရှား တွေ့ရသည်၊ ထို ၇-ဌာန ပြည့်ဖြိုးမို့မောက်နေသည်မှာလည်း ရှေးရှေးဘဝများက ဆည်းပူးခဲ့သည့် ဒါန

http://www.dhammadownload.com



စေတနာ၏သတ္တိကြောင့် ဖြစ်ရာ မိမိပြုခဲ့သည့် ဒါနကုသိုလ်၏ အကျိုးကို ပြန်လည်ခံစားရခြင်းပင် ဖြစ်သည်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅-ပါးခေတ်က သုံးဖွဲ့ခွဲ၍ သာသနာရေး ဆောင်ရွက်ကြရာ မင်းကွန်း ဆရာတော် ပါဝင်သောအဖွဲ့မှာ လာဘ်လာဘ အပေါ်များဆုံး ဖြစ်သဖြင့် "ရှင်သီဝလိအဖွဲ့" ဟု သမုတ်ခဲ့ကြရသည်။

## မိုးမိတ်စေတီတော်ကြီးများကို ပြုပြင်

ဘိုးတော်ဘုရား မင်းကွန်း ပုထိုးတော်ကြီးစသည်ကို တည်ထားနေ စဉ်က တပ်ချ၍ စောင့်ကြပ်ပေးခဲ့သူ 'မင်းရဲရွှေတောင်'ဘွဲ့ခံ သားတော် မိုးမိတ်မင်းသားက မိမိ တပ်ချနေထိုင်ခဲ့ရာ မင်းကွန်းရွာ၏ တောင်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ တောင်ကုန်းပေါ်ဝယ် (၁၁၅၅-ခုနှစ်ခန့်က) စေတီ တော်ကြီးတစ်ဆူ တည်ထားခဲ့ရာ "မိုးမိတ်စေတီတော်" ဟု ထင်ရှားပြီး ထိုစေတီတော် ကိန်းဝပ်စမ္ပာယ်ရာ တောင်ကုန်းမှာလည်း "မိုးမိတ်ကုန်း မြေ" ဟု ထင်ရှားခဲ့သည်၊ ထိုကုန်းမြေပေါ်မှာပင် ကြင်ယာတော် မိဖုရား အင်းကမော်ထိပ်ခေါင်တင်က "စက်တော်ရာစေတီတော်" ကို တည်ထား ခဲ့သည်၊ နောက်ပိုင်းတွင် ထိန်းသိမ်းပြုပြင်မည့်သူ မရှိသဖြင့် စေတီတော် များမှာ ခြုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းသွားတော့သည်။

၁၂၉၉-ခုနှစ် ဓမ္မနာဒဆရာတော် အရှင်ပညာစက္က ပျံလွန်တော်မူ ပြီးနောက်ဝယ် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဆန္ဒအရ ဘုရားရှင်ကို အလွန်ကြည်ညိုခဲ့သော ဆရာတော် အရှင်ပညာ စက္က၏ အရိုးတော်များကို စက်တော်ရာစေတီတစ်ဆူ၏ အောက်၌ ထား ရှိလိုသဖြင့် စက်တော်ရာ ရှာဖွေရင်း မိုးမိတ်ကုန်းမြေသို့ ရောက်ရှိပြီး ခြုံ နွယ်ပိတ်ပေါင်းများကို ရှင်းလင်းကာ စေတီတော်ကြီးများကို ခက်ခက်ခဲခဲ ပြုပြင်မွမ်းမံပေးတော်မူခဲ့သည်၊ တဖန် ၁၃၁၈-ခုနှစ် (၁၆-၇-၅၆ နေ့) ၌

http://www.dhammadownload.com



မြေငလျင်ကြီး လှုပ်ခဲ့ရာတွင် မိုးမိတ်ကုန်းမြေရှိ စေတီတော်ကြီးများမှာ အတော်များများ ပြိုကွဲပျက်စီးသွားသည်ကို ဆရာတော်ကပင် ထပ်မံ ပြုပြင်တော်မူခဲ့ရာ ယခုအချိန်အခါတွင်ကား မိုးမိတ်စေတီတော်ကြီးများကို ကြည်ညိုသပ္ပါယ်စွာ ဖူးတွေ့နေရပြီ ဖြစ်သည်၊ ၁၃၂၃-ခုနှစ်မှစ၍ နှစ်စဉ် မိုးမိတ်စေတီတော်ကြီးများ ဗုဒ္ဓပူဇနီယပွဲကို ဆရာတော် ဦးစီး၍ ကျင်းပပူဇော်ခဲ့ကြသည်။

## မဟောသဓာသုခမိန်

ဆဋ္ဌသင်္ဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးသည် စာသင်သားများအား ဘုရားရှင်နှင့် အင်မတန်တွေ့စေချင်သူ ဖြစ်သည်၊ ဘုရားရှင်နှင့်တွေ့မှ ဘုရားရှင့်အဆုံးအမတွေကို သိခွင့်ရမည်၊ သိမှ ကျင့်နိုင်မည်၊ ကျင့်နိုင်မှ ယဉ်ကျေးသိမ်မွေ့ပြီး သာသနာ့အနှစ်သာရတွေကို ရနိုင်မည်၊ ဘုရားရှင်နှင့် တွေ့ဖို့ရန် နိကာယ်ငါးရပ် ပါဠိတော်ကြီးများကို ကျက်အံကြွကြည့်နေရမည်၊ ထိုသို့ ကျက်အံကြွကြည့်ချင်အောင် နိကာယ်စာမေးပွဲတွေ ကျင်းပပေးရမည်-ဟု စဉ်းစားတော်မူမိသည်၊ (ယနေ့ခေတ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မြင်းခြံကိုးဆောင် ဆရာတော်ဘုရားကြီးလည်း ထိုအတိုင်း စဉ်းစားတော်မူခဲ့သည်။)

စဉ်းစားမိပြီးနောက် မန္တလေးမြို့၊ ရန်ကုန်မြို့၊ ပဲခူးမြို့တို့၌ နိကာယ်စာမေးပွဲကြီးများ ကျင်းပစေတော်မူခဲ့သည်၊ မန္တလေးမြို့၌ စက်သူဌေး ဦးသာဌေး၊ ရန်ကုန်မြို့၌ လူပျံတော်ပတ္တမြား ဦးမောင်မောင်၊ ပဲခူးမြို့၌ ပဲခူးမြို့မဆရာတော် ဘဒ္ဒန္တကုန္တာစာရ (နောင်-မဟာန ဥက္ကဋ္ဌ) တို့အား တိုက်တွန်းညွှန်ကြား၍ ကျင်းပစေခဲ့ခြင်း ဖြစ်သည်၊ ထိုသို့ ကျင်းပစေပြီးနောက် မိမိမှာ သက်ရွယ်တော်ကြီးလှပြီဖြစ်၍ မိမိကိုယ်စား ဆက်လက်

http://www.dhammadownload.com



ဦးဆောင်ရန် မင်းကွန်းဆရာတော်အား ရွေးချယ်ပြီးလျှင် "ဝိဒေဟရာဇ် မင်းကြီး၏တာဝန်အရပ်ရပ်ကို မဟောသဓာသုခမိန်က ထမ်းဆောင်သလို ငါ့တာဝန်အရပ်ရပ်ကို မင်းကွန်းဆရာတော်က ဆက်လက်ထမ်းဆောင် ပေးပါ" ဟု တာဝန်ပေးအပ်တော်မူရာ မင်းကွန်းဆရာတော်က အားရ ဝမ်းသာ ကျေကျေနပ်နပ် လက်ခံတော်မူခဲ့လေသည်။ (ရန်ကုန်နိကာယ် စာမေးပွဲအတွက် အမိက ရည်ရွယ် မိန့်တော်မူခဲ့ခြင်း ဖြစ်သည်-ဟု ဆို သည်။)

## တိပိဋကဖခင် ကျေးဇူးရှင်

၁၃၁၅-ခုနှစ်က တိပိဋကဓရဘွဲ့ ရတော်မူခဲ့သော မင်းကွန်း ဆရာ တော်ဘုရားသည် ၁၃၄၀-ခုနှစ်ရောက်သောအခါ တိပိဋကဓရသက်တမ်း ၂၅-နှစ်ပြည့်၍ ငွေရတုကာလသို့ ရောက်ခဲ့လေပြီ၊ ငွေရတုအထိမ်းအမှတ် အဖြစ် တိပိဋကငွေရတုပူဇော်ပွဲများ ကျင်းပပူဇော်ကြပြီးနောက် ဆရာ တော်ဘုရားထိန်းသိမ်းစောင့်ရှောက်ထားသော မိုးမိတ်ကုန်းမြေ၌ "တိပိ ဋကဓရ ငွေရတုစေတီတော်" ကို တင့်တယ်သပ္ပါယ်စွာ တည်ထားပြီးခဲ့ပြီ၊ ဤအချိန်သည် နိုင်ငံတော်၌ တိပိဋကဓရဆရာတော်၄-ပါး ပေါ်ပေါက် ခဲ့ပြီး၍ 'တိပိဋကဓရ ၄-ပါး ပူဇော်ပွဲများ'ကို နိုင်ငံအနှံ့ ကျင်းပနေကြချိန် လည်း ဖြစ်သည်။

'တိုင်းသူပြည်သားတို့၏သဒ္ဓါတရားနှင့် နှိုင်းစာလိုက်လျှင် တိပိဋက ဓရ အရေအတွက်က နည်းလွန်းလှသေးသည်' ဟု တွေးမိသော မင်းကွန်း ဆရာတော်ဘုရားသည် "နိုင်ငံတော်မှာ မိမိလို တိပိဋကဓရအရှင်မြတ် တွေ အမြောက်အများပေါ်ထွက်လာအောင် ဖော်ထုတ်ပေးရလျှင် ကောင်းမှာဘဲ" ဟု အကြံရတော်မူသည်နှင့် မိမိအား နိုင်ငံတော်အစိုးရ နှင့် ပြည်သူပြည်သားများ လှူဒါန်းထားသည့် ဒါနဝတ္ထုများကို အခြေခံ၍

http://www.dhammadownload.com



မိုးမိတ်ကုန်းမြေဝယ် **'တိပိဋကနိကာယကျောင်းတိုက်'** ဟူသော ကျောင်းတိုက်ကြီး တည်ထောင်ကာ တိပိဋကဓရလောင်းလျာ သံဃာတော်များကို ပင့်ဆောင်ပြီး တိပိဋကစာပေများကို စိတ်အေးချမ်းသာစွာ ကျက်မှတ်လေ့လာနိုင်အောင် ဆောင်ရွက်ပေးတော်မူသည်၊ တိပိဋကလောင်းလျာ သံဃာတော်များကို ပစ္စည်းလေးပါးတို့ဖြင့် အနီးကပ် ပြုစုထောက်ပံ့နိုင်ရန် **'တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့'** ဆိုသော သာသနာပြုအဖွဲ့ကြီးကိုလည်း ဖွဲ့စည်းတည်ထောင်ပေးတော်မူသည်။

ပိဋကတ်သုံးပုံစာပေများသည် ခက်ခဲနက်နဲလှသလို များလည်းများပြားလှရာ ရိုးရိုးကျောင်းတိုက်များမှာ နေပြီး အခြားကိစ္စများကို ဆောင်ရွက်ရင်း ကျက်မှတ်လေ့လာကြမည်ဆိုလျှင် တိပိဋကဓရပန်းတိုင်သို့ ရောက်ဖို့ သိပ်မလွယ်၊ ထို့ကြောင့် တိပိဋကလောင်းလျာများအနေဖြင့် အခြားကျောင်းတိုက်များမှာ နေသလို–

- တပည့်တပန်း ရဟန်းသာမဏေများအား စာပေ ပြန်ပို့ချပေးရမှုတာဝန် မရှိရအောင်,

- ကျောင်းတိုက်ဝေယျာဝစ္စ ကိစ္စအဝဝ မရှိရအောင်,

- မိမိ၏ ပစ္စည်းလေးပါး ပြည့်စုံမှုအတွက် ပူပင်ကြောင့်ကြ မရှိကြပဲ စိတ်အေးလက်အေး စာကြိုးစားနိုင်ကြအောင်၊ ထိုသို့ ကြိုးစားနိုင်သည့်အလျောက် မြန်မြန်နှင့်များများ တိပိဋကဓရပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြအောင် ဟူသော ရည်ရွယ်ချက်တို့ဖြင့် တိပိဋကဓရ အရှင်မြတ်များကို မွေးထုတ်ပေးနိုင်ရန် ဤ တိပိဋကနိကာယ (တိ-နိ) ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခြင်း ဖြစ်သည်၊ ကျောင်းတိုက်ကြီး တည်ထောင်၍ ကျောင်းဆောင်များ ဆောက်လုပ်ရာ၌ တိပိဋကစာသင်သားများ သီတင်းသုံးရန် ဖြစ်သဖြင့် (စိတ်အေးလက်အေး လွတ်လွတ်လပ်လပ် စာကျက်

http://www.dhammadownload.com



နိုင်အောင်) ကျောင်းဆောင်အကြီးကြီးတွေ ဆောက်ပြီး စုပေါင်းသီတင်းသုံးခိုင်းသောနည်းကို မကျင့်သုံးဘဲ ကျောင်းဆောင်ခပ်သေးသေးတွေ ဆောက်ကာ တစ်ကျောင်းလျှင် နှစ်ပါး, သုံးပါး, လေးပါး စသည် သီတင်းသုံးစေသည်မှာ နမူနာယူစရာ ကောင်းလှသည်၊ ဤနည်းဖြင့် ကျောင်းဆောင်ပေါင်း ၅၀-ကျော် ဆောက်လုပ်ပြီးနောက် ထိုကျောင်းတိုက်ကြီးအတွက် လိုလေသေးမရှိ ထောက်ပံ့ဖြည့်ဆည်းပေးတော်မူခဲ့ခြင်းဖြစ်ရာ ကျောင်းတိုက်တည် မင်းကွန်းတိပိဋကဓရဆရာတော်ကား **"တိပိဋကဓရအရှင်မြတ်များ၏ ဖခင် ကျေးဇူးရှင်ကြီး"** ပင် ဖြစ်ပေတော့သည်။

## တိပိဋကအတွက် ညွှန်ကြားချက်

တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်ပြီး၍ ကြွရောက်စာပေအားထုတ်ကြရန် ဆရာတော်ကြီးကိုယ်တော်တိုင် လက်မှတ်ထိုးပင့်လျှောက်ချက်အရ တိပိဋကလောင်းလျာ စာသင်သား အများအပြား တိ-နိ ကျောင်းတိုက်သို့ ကြွရောက်လာကြသည်၊ တိပိဋကစာသင်သားဆိုသည်မှာ အစိုးရဓမ္မာစရိယဘွဲ့ ရပြီး၍ ကျောင်းတိုက်အသီးသီးတွင် စာပေပို့ချပေးနေကြသော စာချဘုန်းကြီးများ ဖြစ်ရာ ထိုစာချဘုန်းကြီးများကို ပင့်ခေါ်ယူလိုက်သဖြင့် ဆိုင်ရာကျောင်းတိုက် ဆရာတော်များသာမက အခြား အပြစ်ရှာလိုသော ဆရာတော်များကပါ တိပိဋကဓရဆရာတော်ဘုရားအား "အညွှန့်ခူးစားသူ" ဟု ဝိုင်းဝန်းပြစ်တင်ခဲ့ကြသည်။ (မိမိကိုယ်တိုင် ကလေးငယ်ဘဝကစပြီး မွေးမြူပျိုးထောင်ပေးခြင်းမပြုဘဲ သူတပါး ပြုစုပျိုးထောင်ပေး၍ အရည်အချင်းပြည့်စုံ, အဖူးအညွှန့်ထွက်လာခါမှ အဆင်သင့် ခူးစားသူ-ဟု ဆိုလိုခြင်း ဖြစ်သည်။)

သို့ရာတွင် မင်းကွန်းဆရာတော်ဘုရားမှာကား မိမိကဲ့သို့ တိပိဋကဓရအရှင်မြတ်တွေ အများအပြား ပေါ်ထွက်လာစေလိုသော ဆန္ဒမှတပါး

http://www.dhammadownload.com



အညွန့်ခူးစားလိုမှု စသော အခြား မကောင်းသော ရည်ရွယ်ချက်ဟူ၍ လုံးဝ ရှိတော်မမူပေ။

တိပိဋကဓရလောင်းလျာများကို ပင့်ဆောင်ထားပြီး ပစ္စည်းလေးပါး ထောက်ပံ့ပေးရုံဖြင့်သာ စောင့်ရှောက်တော်မူသည် မဟုတ်၊ မိမိ တွေ့ကြုံ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံအမျိုးမျိုးကို အခြေခံ၍ တိပိဋကဓရ အတွက် အာဂုံကျက်မှတ်နည်း၊ ရေးဖြေကြည့်နည်း၊ သာသနာတော်ဝယ် တန်းစေ့အောင် ကျင့်ကြံအားထုတ်နည်း စသည်တို့ကိုလည်း ကျကျနန နည်းပေးညွှန်ပြတော်မူသည်၊ နည်းပေးညွှန်ကြားချက်များစွာထဲမှ အဓိက အချက်အလက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်—

## အာဂုံပြန်ဝယ် လိုက်နာဖွယ်

၁။ စာကျက်တဲ့နေရာမှာ တစ်နေ့စာကျက်ပြီးပြီဆိုရင် စာကြည့်ပေး မယ့်ပုဂ္ဂိုလ်ကို အကြည့်ခိုင်းပြီး စာပြန်ရတယ်၊ အားလုံး ကျက်ပြီးသွားလို့ အချောပြန်တဲ့နေရာမှာလဲ ဒီအတိုင်းဘဲ၊ ဒါမှ အမှား-အမှန်၊ စာကျော် သွားတာ ရှိ-မရှိ စသည် သိနိုင်မယ်၊ စာကြေ-မကြေလဲ ခန့်မှန်းနိုင်မယ်၊ ကိုယ့်ဘာသာကိုယ် ပြန်တဲ့အခါကျတော့ ဒါတွေ မသိနိုင်ဘူး။

တပည့်တော်ငယ်ငယ်က သဒ္ဒါကြီးသုတ်စဉ်နာမကပ္ပကိုပြန်နေတာ ကိုယ့်ဟာကိုယ်တော့ ဟုတ်နေတာဘဲ၊ စာကျော်သွားတာ မသိလိုက်ဘူး၊ ပြန်ရင်းပြန်ရင်းနဲ့ ဒုတိယကပ္ပ အဆုံးကိုရောက်မှ “ငါ့ ဣတိ နာမကပ္ပေ ပဌမော ကဏ္ဍော ဘယ်နား ကျန်ခဲ့ပါလိမ့်မလဲ” လို့ ဒီလိုဖြစ်ရတယ်၊ ဒါ့ ကြောင့် ဒီလိုမဖြစ်ရအောင် တိပိဋကကျက်ခဲ့တဲ့ တစ်လျှောက်လုံးမှာ စာကြည့်ပေးတဲ့ပုဂ္ဂိုလ်နဲ့ချည်းပဲ ကျက်ခဲ့-ပြန်ခဲ့တယ်၊ အခု ဦးပဉ္ဇင်းတို့လဲ အဲဒီလိုကျက်ကြဖို့ တိုက်တွန်းလိုတယ်။

http://www.dhammadownload.com



၂။ ပါဠိတော်တွေ ကျက်မှတ်တဲ့အခါ သရုပ်တို့ အခန်းကဏ္ဍအကူး အပြောင်းတို့မှာ လိုအပ်ရင် ဆောင်ပုဒ်ကလေးတွေ ဘာတွေ ရေးပြီး ကျက် ရတယ်။ (ဤသို့ မိန့်တော်မူပြီး မိမိ စာကျက်ခဲ့စဉ်က ဝိနည်းမဟာဝါပါဠိ တော် ဥရုဝေလပါဠိဟာရိယကထာ မြတ်စွာဘုရားက ဥရုဝေလကဿပ ရသေ့ကြီးအား ပြတော်မူခဲ့သည့် ၃၅၁၆-မျိုးသော တန်ခိုး ပြာဋိဟာများ အတွက် ရေးသားခဲ့သော ဆောင်ပုဒ်များကို ရွတ်ပြတော်မူသည်–

- တင်းကုပ်နဂါး၊ နတ်လေးပါး၊ သိကြား မိုးပြဟ္မာ။
- ကျောက်ကန် ကျောက်ခွက်၊ ရေခံတက်၊ ဖြန့်ကြက် ကျောက်ပြားသာ။
- သပြေ သရက်၊ ရှစ်ရှားစွက်၊ တချက် သစ်ဆိမ့်ပါ။
- ပင်လယ်ကသစ်၊ နတ်တိုင်းဖြစ်၊ ရှင်ချစ်ဆောင်၍လာ။
- ထင်းလည်းကွဲစေ၊ မီးတောက်စေ၊ ငြိမ်းစေ ဖိုငါးရာ။
- ငါးရာအိုးကင်း၊ မိုးထန်ပြင်း၊ ရှင်ရင်းမစွတ်ပါ။
- သုံးထောင်ကျော်ဘိ၊ ငါးရာရှိ၊ ဣဒ္ဓိပါဋိဟာ။
- ကဿပအား၊ ဗုဒ္ဓဘုရား၊ ထင်ရှားပြခဲ့ပါ။)

၃။ ဟိုမှာ စာပြန်ရတာ တစ်နေ့ကို ၄-နာရီလောက်ရှိမယ်၊ ဒီတော့ ကိုယ့်ဘာသာကိုယ် လေ့ကျင့်ထားတာက အနည်းဆုံး တစ်နေ့ ၅-နာရီ လောက် ရှိဖို့လိုတယ်၊ ဒါမှ အမောခံနိုင်မယ်။

၄။ စာပြန်တဲ့အခါ ပြန်ခါစမှာ စာထောက်စာမ ပုဂ္ဂိုလ်တွေ ကြား လောက်ရုံ အသံ ခပ်တိုးတိုးဘဲ ပြန်ရတယ်၊ နောက် အရှိန်ရလို့ အာပူ လာတဲ့အခါ အသံဟာ သူ့အလိုလို ကျယ်လာလိမ့်မယ်၊ အစကတည်းက အသံကို တင်ပြီး အကျယ်ကြီး ပြန်ရင် ခဏလောက် ကြာတယ်ဆို ရေ ငတ်- အာခြောက်- အသံဝင်ပြီး ဆက်မပြန်နိုင်ဘဲ ဖြစ်တတ်တယ်။

http://www.dhammadownload.com



၅။ စာကျက်ရတာ လွယ်အောင် ပါဠိဂတိ ပါဠိအနေအထား စဉ်းစားတတ်ဖို့ နဲနဲပြောမယ်၊ ဆိုကြပါစို့ ဝိနည်း ပါရာဇိကဏ် နိဿဂ္ဂိကဏ္ဍ ပဌမကထိနသိက္ခာပုဒ် အနုပညတ်မှာ ဝတ္ထုကြောင်းကို ဖော်ပြတုန်းက "တေန ခေါ ပန သမယေန အာယသ္မတော အာနန္ဒဿ အတိရေကစီဝရံ ဥပ္ပန္နံ ဟောတိ၊ အာယသ္မာ စ အာနန္ဒော တံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော ဟောတိ၊ အာယသ္မာ စ သာရိပုတ္တော သာကေတေ ဝိဟရတိ" ဒီလိုရှိတယ်။

ဒါကို အရှင်အာနန္ဒာက ပြန်စဉ်းစားတဲ့အခါကျတော့ "မ္မံ ခေါ မေ အတိရေကစီဝရံ ဥပ္ပန္နံ၊ အဟဉ္စိမံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော၊ အာယသ္မာ စ သာရိပုတ္တော သာကေတေ ဝိဟရတိ" ဒီလို ပြန်လာတယ်၊ ဟောတိ-တို့ အမှိ-တို့ ကြိယာတွေ မပါတော့ဘူး၊ ကိုယ်နဲ့ တိုက်ရိုက်ဆက်စပ်တဲ့အကြောင်းအရာကို ကြံစည်တာမို့ ကြိယာမပါတာ၊ အဲဒါ ပါဠိဂတိဘဲ၊ ကြိယာပါနေရင် ပါတဲ့စာအုပ်ကမှားတာ။ နောက်ဆုံး ဝါကျကတော့ ကိုယ်နဲ့ တိုက်ရိုက် မဆက်စပ်တဲ့အတွက် သူ့နဂိုအတိုင်း ရှိရတယ်၊ ဒီသဘောနားလည်ရင် ပါဠိတော်တွေကျက်ရတာ တော်တော် လွယ်သွားမယ်။

၆။ စာမေးပွဲမှာ စာပြန်တဲ့အခါ ကြောက်စိတ်ဝင်လာရင် အဲဒီ ကြောက်စိတ်ကို ဖျောက်ပစ်၊ 'ငါ အနည်းဆုံး ၅-ခေါက်လောက် ကြေကြေ ညက်ညက် ပြန်ဆိုလာတဲ့စာကို ဒီမှာ ပြန်ရတာ ဘာကြောက်စရာရှိလဲ' လို့ အားတင်းပြီး ပြန်ရမယ်။

## ရေးဖြေရာဝယ် လိုက်နာဖွယ်

၁။ ရေးဖြေအတွက် လေ့လာကြတဲ့ နေရာမှာ စာမေးပွဲ မေးခွန်း ဟောင်းတွေကို ရနိုင်သမျှ ရှာဖွေစုဆောင်းပြီး ကြည့်ရှုလေ့လာကြရတယ်၊

http://www.dhammadownload.com



မေးခွန်းဟောင်းတွေကို ကြည့်ရှုလေ့လာရခြင်းဟာ စာမေးပွဲအောင်မြင်ဖို့ အကြောင်း အထောက်အပံ့ကောင်း ဖြစ်တယ်လို့ ခံယူထားရမယ်။ (ဤခံယူချက်အတိုင်း ဆရာတော်ဘုရားသည် တိပိဋကဓရစာမေးပွဲတွင် မေးခဲ့ဖူးသည့် မေးခွန်းဟောင်းများကို ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းပြီး "တိပိဋကဓရ ပုစ္ဆာပေါင်းချုပ်" စာအုပ်များ ရိုက်နှိပ်ကာ တိပိဋကဓရ လောင်းလျာများအား လှူဒါန်းတော်မူခဲ့သည်။)

၂။ အာဂုံကျက်တုန်းကလိုဘဲ ဆောင်ပုဒ်တွေဘာတွေ ရေးပြီးမှတ်ဖို့လိုရင် ရေးပြီးမှတ်ရတယ်၊ နုတ်ထုတ်ရမယ့်နေရာမျိုးမှာ နုတ်ထုတ်ပြီးမှတ်ရမယ်။

(သတိသမ္ဗဇဉ်၊ အမြဲယှဉ်၍၊ ရှောင်ကြဉ် မုဋ္ဌ၊ ယှဉ်ရ သတိမာ၊ ခိမုဋ္ဌာ၊ လေးဖြာ သတိ ပွားကြောင်းတည်း။ ဆရာတော်ဘုရား ရေးသားခဲ့သည့် 'သတိသမ္ပောဇ္ဈင်ဖြစ်ကြောင်း ၄-ပါး' ဆောင်ပုဒ်တစ်ခု)

၃။ စာမေးပွဲမှာ မေးခွန်းရောက်လာပြီဆိုရင် မေးခွန်းကို သေသေချာချာ ဖတ်၊ ဒါမှ အဓိပ္ပါယ်မှန် ပေါ်လာမယ်၊ မေးခွန်းရောက်ရောက်ချင်း ကြောက်စိတ်မွှန်ထူနေတဲ့ အချိန်မှာ စဉ်းစားလိုက်မိတဲ့ အချက်နဲ့ ခဏကြာလို့ စိတ်အေးသွားတဲ့အချိန်မှာ စဉ်းစားမိတဲ့အချက် မတူဘူး၊ စိတ်လဲ အေးသွားအောင်, သေချာလဲ သေချာအောင် မေးခွန်းကို အနည်းဆုံး ၃-ခေါက်လောက် ဖတ်။

၄။ ဖြေပြီးသွားတော့လဲ ကိုယ့်အဖြေလွှာကို သေသေချာချာပြန်စစ်၊ အဖြေလွှာထဲမှာ အဂါရဝ အရေးအသားတွေ ဘာတွေ ပါနေရင် ဒါကို ပြင်ပေး၊ ပမာပုံ ကိုယ်က "ဖြစ်သည်" လို့ ရေးထားရင် နဲနဲရိုင်းသလို ဖြစ်နေတယ်၊ ဒါ့ကြောင့် အဲဒီအလယ်က 'ပါ' တို့ ဘာတို့ ထည့်ပေးပြီး "ဖြစ်ပါသည်" လို့ ပြင်ပေးရတယ်။

http://www.dhammadownload.com



အခြားသြဝါဒများထဲမှ အထူးခြားဆုံး သြဝါဒများမှာ– "မရသေးသော ဂုဏ်ကို ရဖို့ထက် ရပြီးဂုဏ်ကို မပျက်စီးအောင် ထိန်းသိမ်းထားဖို့က ပိုအရေးကြီးတယ်"၊ "စိတ္တဝိဝေကဖြစ်အောင် ကျင့်ဆောင်အားထုတ်"၊ "မိမိတို့ လာခဲ့ရင်း ရည်ရွယ်ချက် မပျောက်အောင် သတိမူကြ"၊ "စာကျက်မှ စကြာရမှာ"၊ "မကြည့်သင့်တာတွေ မကြည့်ကြဖို့" သြဝါဒများ ဖြစ်ပေသည်။

## ရပြီးဂုဏ်ကို မပျက်အောင် ထိန်းသိမ်း

ရပြီးဂုဏ်ကို မပျက်စီးအောင် ထိန်းသိမ်းထားဖို့နှင့် ပတ်သက်၍—

"လောက၌ မရသေးသောဂုဏ်ကို ရဖို့ထက် ရပြီးဂုဏ်ကို မပျက်စီးအောင် ထိန်းသိမ်းထားဖို့က ပိုအရေးကြီးကြောင်း၊ မိမိငယ်စဉ် သာမဏေ ၁၃-နှစ် ၁၄-နှစ်သားလောက်က လူငယ်ဘာသာဘာဝ မြင်းခြံမြို့မှာ ပျော်ပွဲရှင်ပွဲများ သွားခဲ့ ရောက်ခဲ့ ကြည့်ခဲ့ကြောင်း၊ သို့ရာတွင် ထိုသို့ကြည့်ရာ၌ ပညာရအောင် ကြည့်ခဲ့ကြောင်း၊ 'မင်းသမီး လက်ချောင်းကလေးတွေ ဘယ်လိုထားသည်၊ သူတို့ယဉ်ကျေးမှု ဘယ်လိုရှိသည်၊ သူတို့သည် ဤစာပိုဒ်ကို ဘယ်လိုလေယူလေသိမ်းဖြင့် ရွတ်ဆိုသည်' စသည်ကို အမှတ်တရ ပညာရအောင် ကြည့်ခဲ့ကြောင်း။

၁၅-နှစ်သားအရွယ် ပထမငယ်တန်း အောင်ပြီးသွားသည့် နောက်ပိုင်းတွင်မူ ထိုပျော်ပွဲရှင်ပွဲ သွားမှု အလုပ်သည် တခါထဲ ပြတ်သွားတော့ကြောင်း၊ ဘာ့ကြောင့်ဆိုသော် မိမိရရှိပြီး 'ပထမငယ်' ဆိုသည့် ဂုဏ်ကို ထိန်းသိမ်းရလို့ ဖြစ်ကြောင်း၊ အရှင်မြတ်တို့မှာ ဓမ္မာစရိယ အောင်မြင်ပြီး တိပိဋက ကျက်မှတ်သည့်အဆင့် ရောက်နေ၍ သစ်ပင်ထိပ်ဖျား ရောက်နေကြသူများ ဖြစ်ကြောင်း၊ သို့အတွက် ပိုပြီးဂရုစိုက်ထိန်းသိမ်းဖို့လိုကြောင်း၊

http://www.dhammadownload.com



သစ်ပင်ထိပ်ဖျားမှ လိမ့်ကျလျှင် ပို၍နာတတ်ကြောင်း၊ အကျမခံကြစေလိုကြောင်း” မိန့်ကြားတော်မူသည်။

မိန့်ကြားတော်မူသည့်အတိုင်း ဆရာတော်ဘုရားသည် ပျော်ပွဲရွှင်ပွဲများတွင် ပညာရအောင် ကြည့်ရှုမှတ်သားခဲ့သဖြင့် တိပိဋကစာပြန်ချိန်, ဆဋ္ဌသင်္ဂါယနာဖြေဆိုချိန်တို့၌ အသံအတက်အကျ အနိမ့်အမြင့်သဘောမှန်မှန်ကန်ကန်ဖြင့် သာယာနာပျော်ဖွယ် ရွတ်ဆိုဖြေကြားတော်မူနိုင်ခဲ့ခြင်း ဖြစ်ပေသည်၊ ဂီတသဘောကိုလည်း အတော်အတန် ရိပ်စားမိတော်မူသည်၊ ၁၃၄၅-ခုနှစ် သက်တော် ၇၂-နှစ်ပြည့် မွေးနေ့အကြို ပူဇော်ပွဲတွင် ဂီတပညာရှင်များသီဆိုပုံ အချိုးမကျသဖြင့် –

“မန်လည်ဆရာတော်အား အနုပညာရှင်များက ‘ပူဇော်လိုပါသည်’ ဟု လျှောက်ထားရာ ‘အေး- ပူဇော်လိုက ပူဇော်ကြ’ ဟု အမိန့်ရသဖြင့် ပူဇော်ရာတွင် လူရွှင်တော်များ ခွန်းထောက်ဆိုရာ၌ ခွန်းထောက်အချဝယ် အပေါက်မမိသဖြင့် ဆရာတော်ကြီးက ကွမ်းညှပ်နှင့်ခေါက် အသံပြုကာ အချမမှန်သေးကြောင်း မိန့်ကြားရာ လူရွှင်တော်များက အမျိုးမျိုးပြင်ဆိုပြမှ မှန်သွားကြောင်း၊ မန်လည်ဆရာတော်ကြီးက ဒျန့်သံ (ဝါ) အောက်မြစ်သံ ပေါ်အောင် အဆိုခိုင်းခြင်း ဖြစ်ကြောင်း၊ ယခုအချိန်မှာ မန်လည်ဆရာတော်ကြီး ရှိက ယနေ့ပူဇော်သည့် အဆိုကျော်ကို ကွမ်းညှပ်ဖြင့် ခေါက်၍ အသံပြုလိမ့်မည် ဖြစ်ကြောင်း၊ ‘လွမ်းပြီ ပန်းစုံ ထုံတထုံနဲ့ မကြိုစကြို ကြိုင့်တကြိုင်’ ဟူသောစာပိုဒ်၌ ဒျန့်သံ (ဝါ) အောက်မြစ်သံ ပါကြောင်း၊ အာသံ ပါမှ ကောင်းကြောင်း” မိန့်ကြားတော်မူလေသည်။ (မိုးမိတ်ကုန်းမြေ ဘုရားပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ တစ်ခု၌လည်း အဆိုတော်များ သီဆိုပုံ အချိုးမကျသဖြင့် အလားတူ မိန့်ကြားတော်မူသည်။)

http://www.dhammadownload.com



## စိတ္တဝိဝေကဖြစ်အောင် ကျင့်ဆောင်

စိတ္တဝိဝေက ဖြစ်အောင် ကျင့်ဆောင်ဖို့နှင့် ပတ်သက်၍လည်း —

"ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကဟု ဝိဝေက ၃-ပါးရှိသည်ကို သိကြပြီးဖြစ်ကြောင်း၊ ကာယဝိဝေကဖြစ်အောင် ဒကာ-ဒကာမများက လူသူလေးပါး ကင်းဆိတ်သည့်နေရာကို ရှာပြီး ကျောင်းဆောက်ပေးကြကြောင်း (မင်းကွန်း မိုးမိတ်ကုန်းမြေကို ဆိုလိုသည်)၊ စိတ္တဝိဝေကဖြစ်အောင်မူ ဒကာ-ဒကာမများက လုပ်ပေး၍မရကြောင်း၊ မိမိတို့ကိုယ်တိုင်ကြိုးစားလုပ်ဆောင်မှ ရကြောင်း၊ ဒါ့ကြောင့် မိမိတို့စိတ်ထဲ မဟုတ်တရုတ်မိစ္ဆာဝိတက်တွေ မဝင်အောင် ပိတ်ပင်ကြရမည်ဖြစ်ကြောင်း၊ မိစ္ဆာဝိတက်ပိတ်ပင်ရာ၌ အလောင်းတော် မဟာသုဒဿနမင်းကြီးထုံး နှလုံးမူရမည်ဖြစ်ကြောင်း။

မဟာသုဒဿနစကြာမင်းကြီးသည် မဟာဝိယူဟကူဋာဂါရပေါ်သို့ တက်မည်ပြုသောအခါ တက်ခါနီး တံခါးဝမှာရပ်လျက် တစုံတစ်ယောက်နှင့် စကားပြောသလို "တိဋ္ဌ ကာမဝိတက္က=ကာမဝိတက် မင်း ဒီနေရာမှာနေခဲ့၊ တိဋ္ဌ ဗျာပါဒဝိတက္က=ဗျာပါဒဝိတက် မင်းလဲ ဒီနေရာမှာဘဲ နေခဲ့၊ တိဋ္ဌ ဝိဟိံသာဝိတက္က = ဝိဟိံသာဝိတက် မင်းလဲ ဒီနေရာမှာဘဲ နေခဲ့၊ ဟောဒီပြာသာဒ်ပေါ်ကို လိုက်မလာကြနဲ့၊ ဒီနေရာဟာ မင်းတို့လိုက်လာရမယ့်နေရာ မဟုတ်ဖူး" ဆိုပြီး မိစ္ဆာဝိတက်များကို ပြာသာဒ်ပေါ် အတက်မခံခဲ့ကြောင်း။

ဦးပဥ္စင်းတို့လဲ ဒီမိစ္ဆာဝိတက်တွေကို ကျောင်းတံခါးဝမှာဘဲ ထားခဲ့ပြီး ကျောင်းပေါ်အတက်မခံကြစေလိုကြောင်း၊ မိစ္ဆာဝိတက်များ ရှင်းသွားလျှင် စိတ္တဝိဝေကကို ရလာမည်ဖြစ်ကြောင်း။ ဤနည်းအားဖြင့် ဒကာ-

http://www.dhammadownload.com



ဒကာမဘက်က ကာယဝိဝေက, မိမိတို့ဘက်က စိတ္တဝိဝေက ဖြစ်အောင် ကျင့်ဆောင်လိုက်ကြလျှင် အမြတ်အစွန်းသဘောမျိုး ဥပဓိဝိဝေကဆိုတဲ့ နိဗ္ဗာန်ကို ရကြမှာဖြစ်ကြောင်း” ကျိုးကြောင်းပြည့်စုံစွာ ညွှန်ပြဆုံးမတော်မူလေသည်။

## လာရင်း ရည်ရွယ်ချက် မပျောက်ရေး

မိမိတို့ လာခဲ့ရင်း ရည်ရွယ်ချက် မပျောက်အောင် သတိဆောင်ကြဖို့နှင့် ပတ်သက်၍လည်း – “မိမိတို့ ဒီနေရာကို လာခဲ့သည်မှာ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် စာပေတွေကို ကြိုးစားကျက်မှတ်ဖြေဆိုဖို့ လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ဒီက ပစ္စည်းလေးပါးကလည်း စာပေကြိုးစားကျက်မှတ်သူတွေအတွက် လှူဒါန်းထားခြင်းဖြစ်ကြောင်း၊ ဒီနေရာ ရောက်လာပြီးနောက် တချို့ပုဂ္ဂိုလ်များ လာခဲ့ရင်း ရည်ရွယ်ချက်ကို မေ့သလို ဖြစ်ပြီး ကိုယ့်အလုပ်မဟုတ်တာတွေ လျှောက်လုပ်နေကြကြောင်း၊ ‘ခါးတောင်းကြီးတခြား တင်တပါး (ယခု မြန်မာအပြော- ခါးတောင်းကြိုက်တခြား ဖင်တခြား)’ ဆိုသလို ဖြစ်နေကြောင်း၊ စာပေမကြိုးစားဘဲ ဒီပစ္စည်းများကို သုံးစွဲနေသည့်အခါ မထိုက်တန်သူတွေ ဖြစ်ပြီး အင်မတန် အပြစ်ကြီးလှကြောင်း” သတိပေးစကား မိန့်ကြားတော်မူလေသည်။

## စာကျက်မှ စကြာရမှာ

“စာကျက်ကြ ဦးပဉ္စင်းတို့၊ စာကျက်မှ စကြာရမှာ” ဟုလည်း တိုတိုကျဉ်းကျဉ်း မိန့်ကြားတော်မူသည်၊ စာကြိုးစားကျက်မှတ်ကြလျှင် စာမေးပွဲတွေ အောင်မည်၊ စာမေးပွဲအောင်၍ ဘွဲ့ထူးဂုဏ်ထူးကြီးများ ရလာလျှင် သာသနာပြုလုပ်ငန်းများကို ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်မည်-ဟူသော အဓိပ္ပါယ်ဖြင့် မိန့်ကြားတော်မူခြင်း ဖြစ်နိုင်ပေသည်။

http://www.dhammadownload.com



## မကြည့်သင့်တာတွေ မကြည့်ကြနဲ့

မြတ်စွာဘုရားသည်ပင် ရဟန်းတော်များအတွက် မမေးသင့်သည်ကို မေးတော်မူခဲ့ရသလို မမိန့်ကြားသင့်သည်ကို မိန့်ကြားတော်မူခဲ့ရသေးရာ ဆရာတော်ဘုရားသည်လည်း ဤနည်းနှင်နှင် ကျင့်သုံးတော်မူခဲ့ရပေသည်၊ အဝတ်မပါ ဗလာကိုယ်တုံးလုံးဖြစ်သော အမျိုးသမီးများ၏ ကာမစပ်ယှက်ပုံ ဗီဒီယိုဇာတ်ကားများ မြန်မာနိုင်ငံတွင်း ရောက်လာပြီ-ဟု ကြားသိရသည့်အခါ ထိုဇာတ်ကားများကို မိမိတပည့်များ ကြည့်ဖြစ်သွားမှာ လွန်စွာစိုးရိမ်တော်မူသည်၊ ထို့ကြောင့် "မာတုဂါမော ပဋိစ္ဆန္နော ဝိရောစတိ, နော ဝိဝဋော တဲ့၊ အမျိုးသမီးဆိုတာ ဖုံးသင့်တာ ဖုံးထားမှ တင့်တယ်တာ ဦးပဥ္စင်းတို့၊ ဖုံးသင့်တာကို မဖုံးပဲ ဖော်ထားရင် မတင့်တယ်ဘူး၊ အဲဒီ မတင့်တယ်တာကို မကြည့်မိအောင် အထူးသတိပြုရှောင်ကြဉ်ကြ၊ 'ဒီရုပ်ပါရုံကို ကြည့်လိုက်လို့ ငါ့မှာ အကုသိုလ်ဘဲ ဖြစ်စရာရှိတယ်' ဆိုရင် အဲဒီလို ရုပ်ပါရုံမျိုးကို ဘယ်တော့မှ မကြည့်ရဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ ညီတော်အာနန္ဒာက မေးမြန်းလျှောက်ထားခဲ့တာ ရှိတယ် "ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိ-ပဇ္ဇာမ" တဲ့၊ မြတ်စွာဘုရားက "အဒဿနံ အာနန္ဒ = မမြင်ရအောင် နေ" တဲ့၊ "မမြင်ရအောင် နေလို့မရရင် ဘယ်လိုလုပ်ရမလဲ" ထပ်မေးတယ်၊ "အနာလာပေါ် အာနန္ဒ = မြင်ရင် စကားမပြောပဲ နေ" တဲ့၊ "မလွှဲသာလို့ စကားပြောရရင်ကော ဘယ်လိုလုပ်ရမလဲဘုရား" မေးပြန်တော့ "သတိ အာနန္ဒ ဉပဋ္ဌာပေတဗ္ဗာ=မလွှဲသာလို့ စကားပြောရရင် သတိထား ရမယ်" လို့ ဖြေတော်မူတယ်။

သတိထား-ဆိုတာ "မာတုမတ္တီသု မာတုစိတ္တံ ဉပဋ္ဌပေထ၊ ဘဂိနိ-မတ္တီသု ဘဂိနိစိတ္တံ ဉပဋ္ဌပေထ၊ ဓီတုမတ္တီသု ဓီတုစိတ္တံ ဉပဋ္ဌပေထ" လို့

http://www.dhammadownload.com



သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတဲ့အတိုင်း လိုက်နာကျင့်သုံးရမယ်-လို့ ဆိုလိုတယ်"။

♣ **သံယုတ်ပါဠိတော်စကား-** "အမေအရွယ် အမျိုးသမီးများ၌ 'ဒါ ငါ့အမေဘဲ' ဟူသောစိတ် ထားရမည်၊ နှမအရွယ် အမျိုးသမီးများ၌ 'ဒါ ငါ့နှမလေးဘဲ' ဟူသောစိတ် ထားရမည်၊ သမီးအရွယ် အမျိုးသမီးများ၌ 'ဒါ ငါ့သမီးလေးဘဲ' ဟူသောစိတ် ထားရမည်" ဟုဟု ဆိုလိုသည်။

## အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်အစိုးရသည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၂၃-ခုနှစ်က နောက်ဆုံး ဆက်ကပ်ခဲ့ပြီး နောက် နှစ်ပေါင်းများစွာ မဆက်ကပ်ပဲ နေခဲ့ရာမှ ၁၃၄၀-ခုနှစ်တွင် ပြန်လည်ဆက်ကပ်ရာ ပထမဆုံး ပြန်လည်ဆက်ကပ်သည့်နှစ်တွင် မင်းကွန်းဆရာတော်ဘုရားသည် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ သာသနာတော်၌ ထင်ရှားကျော်ကြားသော ပညာရှိဆရာတော်ကြီးများအား အင်္ဂလိပ်အစိုးရလက်ထက် ၁၂၇၆-ခုနှစ်မှစ၍ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်ဘုရားသည် ၂၁၃-ပါးမြောက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဖြစ်တော်မူလေသည်။

အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့ရသူများထဲတွင် လူဝတ်ကြောင်ပညာရှိဆရာကြီး ၄-ဦး ထူးထူးခြားခြားပါဝင်နေသည်၊ ၎င်းတို့မှာ—

**ပါဠိဆရာကြီးဦးဖြေ (၁၂၇၆-ဘွဲ့ရ)၊**
**ထရံကာဆရာကြီး ဦးအုန်းညွန့် (၁၂၇၉-ဘွဲ့ရ)၊**
**ဆရာကြီး ဦးလင်း (၁၂၈၇-ဘွဲ့ရ) နှင့်**
**လယ်တီဆရာမြို့ (၁၂၉၂-ဘွဲ့ရ) တို့ ဖြစ်ကြပေသည်။**

http://www.dhammadownload.com




ယခုလက်ရှိ တိပိဋက ဓမ္မနာဒကျောင်းတိုက်

http://www.dhammadownload.com

http://www.dhammadownload.com



(၁၃၇၂-ခုနှစ်အထိ ၈၉၄-ဦးတို့အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖြစ်သည်။)

## မဟာန အကျိုးတော်ဆောင်ချုပ်

၁၃၄၂-ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃာတော်တို့ မကြုံစဖူး ထူးထူးခြားခြား ညီညွတ်မှုရသွားပြီးနောက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာသည့်အခါ ဆရာတော်ဘုရားသည် အမြင့်ဆုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ်တာဝန်ကို ထမ်းဆောင်တော်မူသည်၊ "သာသနာသန့်ရှင်းရေးကာလ"ဟု ခေါ်ကြသည့် အချိန်ကာလတွင် ဆရာတော်ဘုရားသည် အကျိုးတော်ဆောင်ချုပ် ပီသစွာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်များကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်တော်မူခဲ့သည်၊ အမှန်နှင့်အမှား ခွဲခြားမရလောက်အောင် ရောယှက်ရှုပ်ထွေးနေသော အချိန်မျိုးဝယ် တိုစဉ်က ဖြစ်ပေါ်ခဲ့သော အခြေအနေများအရ ဆရာတော်ဘုရားသာ ဤအဖွဲ့ကြီးထဲတွင် မပါဝင်လျှင် သာသနာတော်အရေးမှာ မတွေးဝံ့စရာပင် ဖြစ်ကြောင်း အားလုံးက အသိအမှတ်ပြုကြရလေသည်။

## ရန်ကုန်မြို့ တိပိဋကကျောင်းတော်

ဆရာတော်ဘုရားသည် မင်းကွန်းတိ-နိကျောင်းတိုက်မှ သံဃာတော်များ တိပိဋကဓရစာမေးပွဲ, နိကာယ်စာမေးပွဲများ ဖြေဆိုရန်နှင့် ဆုနှင်းသဘင်ပွဲများ တက်ရောက်ရန် ရန်ကုန်မြို့သို့ ကြွရောက်လာကြချိန်ဝယ် ချမ်းချမ်းသာသာ တည်းခိုသီတင်းသုံးနိုင်ရန် ၁၃၄၃-ခုနှစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် နယူးလင့်လမ်း (ယခု-စကားဝါလမ်း)၌ **တိပိဋကကျောင်းတော်**ကို တည်ထောင်တော်မူသည်၊ မင်းကွန်း တိ-နိ ကျောင်းတိုက်မှ ပိဋက

http://www.dhammadownload.com



တစ်ပုံနှင့်အထက် အောင်မြင်ပြီးသော သံဃာတော်များကို ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ သီတင်းသုံး နေထိုင်စေရန် မူတစ်ခု ချမှတ်ပေးတော်မူခဲ့သည်၊ ပိဋကနှစ်ပုံနှင့်အထက် အောင်မြင်ပြီးသော ပုဂ္ဂိုလ်များကိုမူ မိမိတို့နှစ်သက်ရာနေရာ၌ နေထိုင်သီတင်းသုံးခွင့်ပေးတော်မူသည်၊ စာပေကို စိတ်ချမ်းချမ်းသာသာ လေ့လာကျက်မှတ်နိုင်စေရန် ဖြစ်သည်။

## အချိန်မကျသေး၍ အဘိဓဇဘွဲ့ လက်မခံ

၁၃၄၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်ဘုရားအား အဘိဓဇမဟာရဋ္ဌဂုရု-ဘွဲ့တော် ဆက်ကပ်လှူဒါန်းလိုပါကြောင်း လာရောက်လျှောက်ထားကြရာ ဆရာတော်ဘုရားက “ဘုန်းကြီးရဲ့ရှေ့က ကြွရမည့် ဆရာတော်ကြီး ၂-ပါး ရှိနေကြောင်း၊ ပဲခူးမြို့မဆရာတော်ကြီးနှင့် ခရမ်းကိုင်းကုန်းဆရာတော်ကြီးတို့ ဖြစ်ကြောင်း၊ ဤနှစ်ပါး၏ရှေ့က မိမိ မသွားဝံ့ပါကြောင်း” မိန့်ကြား၍ ငြင်းပယ်တော်မူလိုက်သည်။

ဆရာတော်ဘုရား၏ ဤမိန့်ကြားချက်အရ ၁၃၄၃-ခုနှစ်တွင် ခရမ်းကိုင်းကုန်းဆရာတော်ကြီးအားလည်းကောင်း, ၁၃၄၄-ခုနှစ်တွင် ပဲခူးမြို့မ ဆရာတော်ကြီးအားလည်းကောင်း ‘အဘိဓဇမဟာရဋ္ဌဂုရု’ဘွဲ့တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး ၁၃၄၅-ခုနှစ်ကျမှ မင်းကွန်း ဆရာတော်ဘုရားအား ‘အဘိဓဇမဟာရဋ္ဌဂုရု’ ဘွဲ့တော် ဆက်ကပ်လှူဒါန်းခဲ့လေသည်၊ အလွန်ကြည်ညိုဖွယ်ကောင်းသော ဆရာတော်ဘုရားပါပေတည်း။

## သက်တော်အငယ်ဆုံး အဘိဓဇ

မင်းကွန်းဆရာတော်ဘုရားသည် ၁၃၄၅-ခုနှစ် ‘အဘိဓဇမဟာရဋ္ဌဂုရု’ဘွဲ့တော် ဆက်ကပ်ခံရချိန်တွင် သက်တော် ၇၂-နှစ်သာ ရှိသေးရာ အဘိဓဇ ဆရာတော်များအနက် သက်တော်အငယ်ဆုံး အဘိဓဇ ဆရာ

http://www.dhammadownload.com



တော် ဖြစ်တော်မူသည်၊ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တော် ရပြီးနောက် ကျမ်းစာများ ရေးသားပြုစုကာ နိုင်ငံတော်တလွှား၌ အထူးသဖြင့် ကျော်ကြားထင်ရှား၍ တစ်နိုင်ငံလုံး၏ လေးစားကြည်ညိုမှုကို ခံယူတော်မူရသောသာသနာ့ ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများအား ၁၃၁၅-ခုနှစ်မှစ၍ **'အဘိဓဇမဟာရဋ္ဌဂုရု'** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ မင်းကွန်းဆရာတော်ဘုရားကြီးသည် အပါး ၂၀-မြောက် အဘိဓဇဆရာတော် ဖြစ်တော်မူလေသည်။

(၁၃၇၂-ခုနှစ်အထိ ဆရာတော်ကြီး ၈၁-ပါးတို့အား အဘိဓဇမဟာရဋ္ဌဂုရု-ဘွဲ့တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖြစ်သည်။)

## နု-ပ-သ များ ဦးစီးတည်ဆောက်ပေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၁၃၄၄-၁၃၄၅-ခုနှစ်များတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ပြီးနောက် မင်းကွန်းဆရာတော်ဦးဆောင်သော တိ-နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့အား တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခဲ့သည်။

တက္ကသိုလ်ကြီးများတည်ဆောက်ရန် နိုင်ငံတော်အစိုးရအား တာဝန်ပေးလျှင် တာဝန်ယူမည်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရမှာ သားသမီးများသော မိဘသဖွယ် ဖြစ်နေ၍ 'ဗုဒ္ဓဘာသာအတွက် တက္ကသိုလ်ကြီးများတည်ဆောက်ပေးလျှင် မိမိတို့အတွက်လည်း တက္ကသိုလ်ကြီးများ တည်ဆောက်ပေးပါ'ဟု ဘာသာခြားများက တောင်းဆိုလာနိုင်ကြောင်း၊ ထိုသို့တောင်းဆိုလာလျှင် နိုင်ငံတော်အစိုးရမှာ စိတ်ဆင်းရဲရမည်ဖြစ်ကြောင်း၊ သို့အတွက် တက္ကသိုလ်ကြီးများတည်ဆောက်ရေးကို အစိုးရအား တာဝန်

http://www.dhammadownload.com



မပေးရန် မင်းကွန်းဆရာတော်ဘုရားက သုံးသပ်တင်ပြသည်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က လက်ခံပြီး "အစိုးရအား တာဝန်မပေးစေလို လျှင် မင်းကွန်းဆရာတော် ဦးဆောင်သော တိ-နိသာသနာပြုအဖွဲ့ကပင် တာဝန်ယူပါ"ဟု တာဝန်ပေးအပ်လာရာ ဆရာတော်ဘုရားက ဝမ်းမြောက် ဝမ်းသာ လက်ခံတော်မူသည်၊ "မိမိခေါင်းပေါ်သို့ ရေချမ်းအိုးကြီး တင် ပေးလိုက်သည်ဟု မှတ်ထင်မိကြောင်း" ဆရာတော်ဘုရားက မိန့်ကြား တော်မူသည်။

ထိုသို့လက်ခံပြီးနောက် ဗုဒ္ဓဘာသာဝင်များအားလုံး ကျောင်းဒကာ ကျောင်းအမ ဖြစ်ရေးအတွက် အနယ်နယ်အရပ်ရပ်သို့ ရထားတတန် ကားတတန် သင်္ဘောတတန်ဖြင့် အလှူခံကြွရောက်တော်မူရာ ဒကာ-ဒကာမများက ဝမ်းမြောက်ဝမ်းသာ သဒ္ဓါထက်ငါ အလုအယက်လှူဒါန်းကြ သည်၊ ဤအချိန်၌ ဆရာတော်ဘုရား၏ ထူးခြားသော ဘုန်းကံတော်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး တည်ဆောက်စဉ်က မလှူလိုက်ရသူတွေ ငိုကြွေးကြ သလို ဤယခု တက္ကသိုလ်ကြီးများ တည်ဆောက်ရာ၌လည်း အကြောင်း မညီညွတ်၍ မလှူလိုက်ရသူတွေ ငိုကြွေးကြရသည်။

ဒကာ-ဒကာမများ လှူဒါန်းသော ဝတ္ထုငွေများဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တက္ကသိုလ်အင်္ဂါရပ်များနှင့်အညီ ဂုဏ်နှင့်ဒြပ်ဟပ်မိအောင် ခမ်းနားထည် ဝါစွာ တည်ဆောက်ပေးပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပြန်လည်အပ်နှံတော်မူခဲ့ရာ ယခုအခါ အဆိုပါ တက္ကသိုလ်ကြီးများ၌ ပြည်တွင်းပြည်ပ သာသနာပြုအရှင်မြတ်များ တက်ရောက်ပညာသင်နေ ကြပြီ ဖြစ်သည်။

http://www.dhammadownload.com

သီတင်းသုံးတော်မူခဲ့သော ဓမ္မနာဒကျောင်းတိုက်



http://www.dhammadownload.com

http://www.dhammadownload.com



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ

ထို့နောက် သာသနာတော်ဝယ် အဆင့်မြင့်ကျောင်းထိုင်ဘုန်းတော်ကြီးများ ပေါ်ထွက်လာစေရန် ပြည်နယ်နှင့်တိုင်း မြို့တော်များ၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ပေးတော်မူပြန်သည်၊ ထို့ပြင် မန္တလေးမြို့၌ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတော်ကြီး တည်ဆောက်၍ အစစအရာရာ ထောက်ပံ့ဖြည့်ဆည်းပေးကာ တက်ရောက်ကုသသူ ရဟန်းရှင်လူတို့အား ဇီဝိတဒါနပြုတော်မူသည်။

## သာသနာရေး အားပေးမှုများ

မိမိအား နိုင်ငံတော်အစိုးရက လှူဒါန်းသည့် တိပိဋကရေ လစဉ်ဆွမ်းဆန်တော်, အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နှစ်စဉ်ဆွမ်းဆန်တော်များကို နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ သာသနာတော်အား လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုများနှင့်တကွ မင်းကွန်းတောင်ရိုး စေတီပုထိုးများ, မြင်းခြံနယ်ရှိ စေတီပုထိုးများ, အခြားနယ်မြေရှိ ပြုပြင်သင့်သည့် စေတီပုထိုးများကို ပြုပြင်မွမ်းမံခြင်း၊ ဇာတိရပ်ရွာ ကျည်းပင်ကျောင်း အပါအဝင် ပြုပြင်သင့်သည့် ဘုန်းတော်ကြီးကျောင်းများကို ပြုပြင်ဆောက်လုပ်ပေးခြင်း၊ သိမ်, ဓမ္မာရုံ, ဇရပ်, တန်ဆောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ မင်းကွန်းတောင်ရိုး၌ ရှင်သာမဏေစာမေးပွဲ ကျင်းပပေးခြင်း၊ မိဘမဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားကလေးငယ်များအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်၍ ရှင်ပြုပေးခြင်း၊

မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး၏ဆွမ်းဆန်စိမ်းလှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြသော သံဃာတော်များအား နှစ်စဉ် ဆွမ်း

http://www.dhammadownload.com



ဆက်ကပ်လှူဒါန်းခြင်း၊ တိပိဋကဓရစာမေးပွဲ, နိကာယ်စာမေးပွဲ, ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းစာမေးပွဲများ၏ ဖွင့်ပွဲ, ဆုနှင်းသဘင်ပွဲများသို့ နှစ်စဉ် ကြွရောက် ချီးမြှောက်တော်မူခြင်း၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ တိပိဋက, နိကာယ် စာအောင်သံဃာတော်များ, ရှင်သာမဏေစာမေးပွဲအောင် သာမဏေများအား သင်္ကန်းစသော ဒါနဝတ္ထုများဖြင့် လှူဒါန်းပူဇော် ဂုဏ်ပြုချီးကျူးခြင်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆည်းပူးတော်မူသည်။

## လူမှုရေး အားပေးမှုများ

မိမိ၏ဇာတိ ကျည်းပင်ရွာ, မိမိသီတင်းသုံးရာ မင်းကွန်းရွာတို့နှင့် တကွ ထန်းမြင့်ရွာ, တလိုင်းဆင်ရွာ, ကန်ကြီးကုန်းရွာ, ပြည်တော်သာရွာ စသည်တို့၌ အခြေခံပညာမူလတန်း, အလယ်တန်း, အထက်တန်းကျောင်းများကို ပြင်ဆင်မွမ်းမံ/အသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ စာသင်ကျောင်းများကို အဆင့်မြှင့်တင်ခွင့်ရအောင် ဆောင်ရွက်ပေးခြင်း၊ လမ်း-တံတားများ တည်ဆောက်ပေးခြင်း၊ မင်းကွန်းတိုက်နယ်ဆေးရုံတွင် ပင်မဆေးပေးဆောင်, သံဃာဆောင်, သီလရှင်ဆောင်, ဆရာဝန် ဆရာမ-ဝန်ထမ်းများ နားနေဆောင်, ဆေးရုံမုခ်ဦးများ ဆောက်လုပ်လှူဒါန်းခြင်း၊ အဆိုပါ ဆေးရုံသို့ တစ်နှစ်လျှင် ၄-ကြိမ် ဆေးမျိုးစုံ လှူဒါန်းခြင်း။

မင်းကွန်းရွာ၌ တိုင်းရင်းဆေးခန်းနှင့် သုတရောင်ခြည်စာကြည့်တိုက်, ပညာတံခွန်စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ မင်းကွန်း ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ သက်ကြီးဘိုးဘွားများအား အာဟာရဒါန, ဓမ္မဒါန လှူဒါန်းခြင်း၊ မင်းကွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများအတွက် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခြင်း ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ဆည်းပူးတော်မူလေသည်။

http://www.dhammadownload.com



ကလေးချစ်တတ်သော ဆရာတော်ဘုရားသည် ကလေးငယ်များအား မုန့်ဝေခြင်းလုပ်ငန်းကိုလည်း မကြာခဏဆိုသလို ပြုလုပ်တော်မူလေ့ရှိသည်၊ ဤလုပ်ငန်းနှင့်ပတ်သက်၍ "ကလေးတွေကို မုန့်ဝေလိုက်လို့ ဘုန်းကြီးမှာ မုန့်တွေကုန်သွားတာ ဘာမှ မပြောလောက်ဖူး၊ သူတို့ မုန့်စားလိုက်ရတာလဲ ဘာမှ မပြောလောက်ဖူး၊ တစ်ယောက်မှ နဲနဲဘဲ ရကြတာ၊ ဒါပေမယ့် သူတို့ရသွားတဲ့ကုသိုလ်ကျတော့ အများကြီးဗျာ၊ ကလေးဆိုတာ ဘုန်းကြီးရဟန်းကို တွေ့ပေမယ့်လဲ သူတို့ကို မုန့်မပေးဘဲ ဒီအတိုင်း 'ရှိခိုးစမ်းပါ' ဆိုရင် ရှိမခိုးချင်ဘူး၊ မုန့်ပေးတဲ့ဘုန်းကြီးကိုမှ ရှိခိုးချင်တာ၊ သူတို့ ရှိခိုးလိုက်တဲ့ အခါကျတော့ ဘယ်လိုနည်းနဲ့ဘဲ ရှိခိုးရှိခိုး ဒီကလေးတွေမှာ ကုသိုလ်တွေ အများကြီးရသွားတယ်၊ ဒီလို ကလေးတွေ ကုသိုလ်ရအောင် ဘုန်းကြီးက မုန့်ဝေပေးနေတာ" ဟု ရှင်းလင်း မိန့်ကြားတော်မူသည်၊ သူတပါးအကျိုးကို ဤမျှအထိ လိုလားတော်မူသော ဆရာတော်ပါပေတည်း။

## စိန်ရတုပူဇော်ပွဲ

၁၃၄၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ (မွေးနေ့ မွေးရက် တိုက်ဆိုင်နေသည်) တွင် ဆရာတော်ဘုရားကြီး၏သက်တော် ၇၅-နှစ်ပြည့်၍ စိန်ရတုပူဇာ မင်္ဂလာပွဲတော်ကြီးကို ရန်ကုန် ကမ္ဘာအေးကုန်းမြေနှင့် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြသည်၊ ရန်ကုန်တွင် တန်ဆောင်မုန်းလဆန်း ၄-ရက်နေ့မှ ၈-ရက်နေ့အထိလည်းကောင်း, မင်းကွန်းတွင် တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့မှ ၁၁-ရက်နေ့အထိလည်းကောင်း ကြီးတောင့်ကြီးခဲ စိန်ရတုပွဲကြီးကို အားပါးတရ ပျော်ပျော်ပါးပါး တခမ်းတနား ဆင်နွှဲပူဇော်ကြသည်၊ မင်းကွန်းတွင် စိန်ရတုပူဇာမဏ္ဍပ်ကို မဟာပါသာဏလိုဏ်ဂူ

http://www.dhammadownload.com



တော်ကြီး ပုံစံတူ ဆောက်လုပ်ပြီး ဆဋ္ဌသင်္ဂါယနာတင်ဟန်ဖြင့်ပါ ပူဇော်ကြရာ အထူးဆန်းသော သမိုင်းဝင် ပူဇော်မှုကြီး ဖြစ်သည်၊ သင်္ဂါယနာ အမေးအဖြေ ဆောင်ရွက်ကြသူများအနက် အရှင်တေဇနိယနှင့် အရှင်နန္ဒိယ (ပဓာနအနုနာယက) တို့ အတွဲမှာ အပီပြင်ဆုံး ဖြစ်သည်၊ အရှင်တေဇနိယအသံက မဟာစည်ဆရာတော်ကြီးအသံနှင့် တစ်ထပ်တည်းတူနေသလို အရှင်နန္ဒိယအသံကလည်း ဆရာတော် ငယ်စဉ်က အသံနှင့် တစ်ထပ်တည်းနီးပါး တူညီနေရာ ကြားနာရသူ ပရိသတ်များမှာ လွန်ခဲ့သော နှစ် ၃၀-ကျော်ကို ပြန်ရောက်သွားသလို ခံစားကြရသည်၊ ဆရာတော်ဘုရား ကိုယ်တိုင်လည်း ထိုအတိုင်းပင် ခံစားရဟန်ရှိသည်၊ အရှင်နန္ဒိယတို့ အမေးအဖြေပြုနေရာအရပ်သို့ မကြာခဏ လှမ်းလှမ်းကြည့်တော်မူသည်။

ဆရာတော်ဘုရား၏ စိန်ရတု မွေးနေ့အချိန်အခါ၌ တပည့်သံဃာဒကာ-ဒကာမများ၏ အကျဉ်းချုပ် တောင်းဆုကား– **“ဝဇိရံဝ ဝိသိဋ္ဌော ယံ၊ စိရာဘံ ဒေတု ဘူတလေ (စိန်ရတနာအသွင် ထူးခြားလှသော ဤဝိသိဋ္ဌအရှင်သည် မြေပထဗျာတခွင်၌ အရောင်အလင်းကို ကြာမြင့်စွာ ပေးတော်မူနိုင်ပါစေသတည်း)”** ဟူ၍ ဖြစ်ပေသည်။

## တိပိဋကအတွက် တပ်လှန့်ခြင်း

မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်ဖွင့်လှစ်၍ သက်တမ်း ၁၂-နှစ်ရှိလာသည့် ၁၃၅၂-ခုနှစ်အရောက်တွင် ကျောင်းတိုက်ကြီးမှ ပိဋကနှစ်ပုံခွဲအောင် ၁-ပါး (အရှင်ဝါယာမိန္ဒာဘိဝံသ) နှင့် ပိဋကနှစ်ပုံအောင် ၁-ပါး (အရှင်သီလက္ခန္ဓာဘိဝံသ) တို့သာ ပေါ်ထွက်သေးသည်ကို အားမလိုအားမရ ဖြစ်တော်မူသဖြင့် “တပည့်တော် တိပိဋကဓရအတွက် ကြိုးစားခဲ့တာ ၄-နှစ်ပဲ ကြာတယ်၊ အခု ဒီကျောင်းတိုက်ကြီး

http://www.dhammadownload.com



တည်ခဲ့တာ ၄-နှစ် ၃-လီ ရှိခဲ့ပြီဆိုတော့ ဦးပဥ္စင်းတို့အထဲက တစ်ပါး လောက်တော့ တိပိဋကဓရ ဖြစ်ဖို့ကောင်းပြီ၊ ဒီမှာက ပိဋကနှစ်ပုံခွဲအောင် ၁-ပါး၊ ပိဋကနှစ်ပုံအောင် ၁-ပါးဆိုတော့ အင်မတန် နည်းလွန်းနေသေး တယ်၊ ဆရာဝန်ကြီးဦးသာလှက မိခင်စိတ်နဲ့ဆိုတော့ ကျေနပ်ချင် ကျေနပ် နေလိမ့်မယ်၊ တပည့်တော်ကတော့ ဖခင်စိတ်နဲ့ ပြောရမယ်ဆိုရင် သိပ် အားမရသေးဘူး"ဟု ပိုမို ကြိုးစားကြရေးအတွက် တပ်လှန့်စကား မိန့် ကြားတော်မူခဲ့လေသည်။

(ထိုစဉ်က တိပိဋကဓရ တစ်ပါးမှ မပေါ်ထွက်သေး၍ အားမလို အားမရဖြစ်ခဲ့သော ဆရာတော်ဘုရားသည် ယခုအခါ မိမိ၏ကျောင်း တိုက်မှ တိပိဋကဓရ ၇-ပါးအထိ အောင်မြင်ပေါ်ထွက်လာသည်ကိုသာ တွေ့မြင်သိရှိရမည်ဆိုပါက မည်မျှလောက် ဝမ်းသာအားရ ဖြစ်တော်မူ လိုက်မလဲ-ဆိုသည်ကို တွေးတောကြည့်ရင်း ဆရာတော်ဘုရားကြီးကို အထူးတလည် လွမ်းဆွတ်သတိရမိပါတော့သည်။)

## အဘိဓမ္မာအသင်းအား အားပေး

ဆရာတော်ကြီးသည် သာသနာပြုပုဂ္ဂိုလ်များ, သာသနာပြုအသင်း အဖွဲ့များအား အမြဲမပြတ် အားပေးတော်မူလေ့ရှိရာ ဆူးလေ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီးမှ ဒါယကာကြီးများအား မိန့်ကြားတော်မူခဲ့သည့် အားပေးဩဝါဒစကားတစ်ခုမှာ-

"အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဘင်္ဂေါနုတာ သုဝေ သုဝေ။

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ = မိမိတို့၏ကိုယ်ခန္ဓာမှာ အမှန်တကယ်ရှိတဲ့ ရုပ် နာမ်ဓမ္မ သင်္ခါရတရားတွေဟာ တစ်နေရာရာမှာ ဖြစ်ပြီးတော့ ဒီနေရာမှာ လာဖြစ်တဲ့သဘောမျိုး မဟုတ်ဘူး၊ နဂိုက မဖြစ်ကြသေးဘဲနဲ့ ဝတ္ထုအာရုံ စတဲ့ အကြောင်းတွေ ပေါင်းဆုံလာလို့ ဖြစ်ပေါ်လာကြခြင်း ဖြစ်တယ်။

http://www.dhammadownload.com



ဉပ္ပန္နာ စ နိရုဇ္ဈရေ = ဖြစ်ပြီးပြန်တော့လဲ အမြဲမတည်ဘဲ ခဏငယ် သုံးချက် သူ့အသက် ပြည့်သွားရင် ဘယ်သူမှ ဆွဲထား-တားထားလို့ မရပါဘူး ချုပ်ပျောက်သွားကြရပါတယ်၊ သင်္ခါရနယ်ပယ်မှာ ဘယ်ရုပ်နာမ်မှ နိစ္စထာဝရ တည်တံ့တာရယ်လို့ မရှိပါဘူး။

နိစ္စံ နဝါဝ သင်္ခါရာ= ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ အမြဲတမ်း အသစ် အသစ် ဖြစ်ချုပ်-ဖြစ်ချုပ် အဲဒီလို တည်နေတာ ဖြစ်ပါတယ်-တဲ့၊ အလွန် ကောင်းတဲ့ သဘာဝဒေသနာပါဘဲ။

သုဝေ သုဝေ - နက်ဖြန်ခေါ်၍ နောက်နောက်နေ့သို့ ရွှေ့ရွှေ့သက် ပိုင်း ရောက်လေတိုင်းမှာပင်၊ ဘင်္ဂေါ်နတာ - ပျက်ရန်ဖန်တီး ဘင်ခရီးသို့ နီး၍နီး၍ လာကြလေကုန်ပြီ၊ နောက်နေ့နောက်နေ့ ရောက်တိုင်းရောက် တိုင်း တစ်ရက်လွန်သွားရင် ဒို့သူငါဟာ သေဖို့ရန် တစ်ရက်ပိုနီးသွားပြီ၊ လောကဉပမာအားဖြင့် နွားသတ်ရုံသို့ အဆွဲခံရသောနွား ခြေတစ်လှမ်း လှမ်းလိုက်ရင် သေဖို့ တစ်လှမ်းနီးသွားပြီလို့ ဆိုသလိုဘဲ။ ဤအပိုင်းက သံဝေဂအပိုင်း။

နီတိဆရာများက- တရားနှလုံး ကျင့်သုံးတဲ့အခါမှာ ကွေးတဲ့လက် မဆန့်ခင်, ဆန့်တဲ့လက် မကွေးခင် ငါသည် အချိန်မရွေး သေနိုင်တယ်၊ အဲဒီသတိကို ထားပြီးတော့ တရားနှလုံး ကျင့်သုံးပါတဲ့၊ လောကမှာ ဉစ္စာ စီးပွားရှာရင် သေခြင်းတရားကို မတွက်ပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် မသေအံ့ သကဲ့သို့ သဘောထားပြီးတော့ ဉစ္စာစီးပွား ရှာပါ၊ သေမှာသိသော်လဲဘဲ အဲဒီသေမှာသိတဲ့ မရဏသတိကို ဘေးဖယ်ထားပြီးတော့ ဉစ္စာစီးပွား ရှာပါ၊ ဒါမှ ဉစ္စာစီးပွားဟာ ဖြစ်နိုင်တယ်-လို့ နီတိသြဝါဒရှိတယ်။

အဲဒီနီတိသြဝါဒအတိုင်း မိမိတို့က ပညာဉစ္စာ ရတနာကို ဆည်းပူး နေတာ ဖြစ်ပါတယ် (အဘိဓမ္မာ ပို့ချ-သင်ယူနေသည်ကို ဆိုလိုသည်၊)

http://www.dhammadownload.com



ဒီပညာဥစ္စာလောက် မမြတ်တဲ့ လောကစီးပွား ရှာတာတောင် သေခြင်းတရား ဘေးချိတ်ထားပြီးတော့ မသေအံ့သော ယောကျ်ားကဲ့သို့ စီးပွားရှာရမယ်၊ အဲဒီလို ပြောပါတယ်။ ဥစ္စာတကာထဲတွင် အမြတ်ဆုံးဖြစ်တဲ့ အဘိဓမ္မာပညာဥစ္စာကို ရှာဖွေနေကြတဲ့အခါမှာတော့ ခုတင်ကပြောတဲ့ 'ဘဂ္ဂေါနတာ သုဝေ သုဝေ' ကို အသာလေး မိမိအိပ်ရာဝင်မှ နှလုံးသွင်းဆင်ခြင်ဖို့ထား၊ အဘိဓမ္မာစာပေကို လေ့လာသင်ကြား ပို့ချတဲ့အခါမှာ သင်ကြားပို့ချနေတုန်းပဲ သမ္မုတိမရဏ အချိန်ကျလို့ သေချင်သေသွားပါစေ၊ မိမိတို့အနေနဲ့ကတော့ အဲဒီတရားကို မစဉ်းစားပါနဲ့" ဟူ၍ ဖြစ်ပေသည်။ (လောကီစီးပွားဥစ္စာ ရှာဖွေရာနှင့် လောကုတ္တရာတရား ရှာဖွေရာတို့၌ ဆင်ခြင်စဉ်းစားရပုံနှင့် ကျင့်သုံးရပုံ ခြားနားချက်မှာ သတိပြုစရာ ကောင်းလှသည်။)

## ဓမ္မသံဝေဂ ပွားများတော်မူ

၁၃၅၃-ခုနှစ် နယုန်လပြည့်နေ့တွင် တိပိဋကရေညီတော် ဖြစ်သော ပခုက္ကူဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူသွားရာ ဈာပနပွဲသို့ ဆရာတော်ဘုရားကြီး ကြွရောက်၍ ဓမ္မသံဝေဂဉာဏ် ပွားများတော်မူသည်။ ဆရာတော်ဘုရားကြီးသည် ယခုလို ဒုမင်္ဂလပွဲမျိုးကို ဂရုတစိုက်ကြွရောက်၍ ကွယ်လွန်သူများကို နောက်ဆုံးအနေဖြင့် ချီးမြှောက်တော်မူလေ့ ရှိသလို ဓမ္မသံဝေဂဉာဏ်လည်း ပွားများတော်မူလေ့ရှိပေသည်။

အထူးအားဖြင့် ၁၂၉၉-ခုနှစ်က ပျံလွန်တော်မူသွားသော ဓမ္မနာဒ ဆရာတော်ဘုရား, ၁၃၁၆-ခုနှစ်က ပျံလွန်တော်မူသွားသော ဆဋ္ဌသင်္ဂါယနာဥက္ကဋ္ဌ အဘိဓဇ ညောင်ရမ်းဆရာတော်ဘုရားကြီး, ၁၃၂၃-ခုနှစ်က

http://www.dhammadownload.com



ကွယ်လွန်သွားသော မယ်တော်ကြီးဒေါ်ဆင်, ၁၃၃၃-ခုနှစ်က ကွယ်လွန်သွားသော ဆရာကြီး ဒေါ်ဓမ္မစာရီ, ၁၃၃၇-ခုနှစ်က ပျံလွန်တော်မူသွားသော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး, ၁၃၃၉-ခုနှစ်က ပျံလွန်တော်မူသွားသော အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး, ၁၃၄၄-ခုနှစ်က ပျံလွန်တော်မူသွားသော မဟာစည်ဆရာတော်ဘုရားကြီး, ၁၃၄၅-ခုနှစ်က ပျံလွန်တော်မူသွားသော ဓမ္မနာဒ တိုက်အုပ်ဆရာတော်ဘုရားနှင့် ယခု ပျံလွန်တော်မူသွားသည့် ပခုက္ကူတိပိဋကဓရဆရာတော်တို့၏ ဈာပနပွဲများတွင် သာသနာတော်အတွက်, မိမိဘဝအတွက် အလွန်ကြီးမားသော နစ်နာဆုံးရှုံးမှုကြီးများဖြစ်သဖြင့် သေမင်း၏ မျက်နှာကြီးငယ် မလိုက်ပုံ, သေခြင်းတရား၏ လျှင်မြန်လှပုံ, အသက်၏ အစိုးမရပုံ, သင်္ခါရတရားတို့၏ ထိတ်လန့်စရာကောင်းပုံ ဓမ္မသံဝေဂဉာဏ်များကို အထူး ပွားများတော်မူခဲ့လေသည်။

## ပတ္တမြားရတုနှင့် အဘိဓမ္မာစာဝါ

၁၃၅၃-ခုနှစ်တွင် ဆရာတော်ဘုရားကြီး သက်တော် ၈၀-ပြည့်မည်ဖြစ်သဖြင့် ပတ္တမြားရတုဝိဇာတပူဇာပွဲ ဆင်နွှဲပူဇော်ကြမည်ဖြစ်ရာ ပတ္တမြားရတု အထိမ်းအမှတ်အဖြစ် တိ-နိ ကျောင်းတိုက် အတွင်းဝယ် **တိပိဋကနိကာယစာချကျောင်းတော်** ဟူသော ကျောင်းတော်ကြီးကို (၁၃၅၂-ခုနှစ်ကပင် ကြိုတင်၍) ဒကာ-ဒကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ကြသည်၊ ၁၃၅၃-ခုနှစ် ဝါဆိုဦးတွင် ထိုစာချကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသွားသဖြင့် ဝါဆိုလကွယ်နေ့တွင် တိ-နိ သံဃာတော်အားလုံးကို စုဝေးစေကာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စာဝါများ ပို့ချပေးမည် ဖြစ်ကြောင်း မိန့်ကြားတော်မူသည်၊ ဆရာတော်ဘုရားကြီးနှင့်အတူ မန္တလေးမြို့မှ မြတောင်တိုက် သမ္မတစာချကျောင်းဆရာတော်, ဇန်းမော်

http://www.dhammadownload.com



ဆရာတော်, မစိုးရိမ်တိုက်သစ် ဦးဝိစိတ္တာဘိဝံသ, ဦးဥ ယျဓမ္မာဘိဝံသ တို့ကလည်း စာဝါများ ကူညီပို့ချပေးကြမည် ဖြစ်ကြောင်း လျှောက်ထား ကြသည်။

ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးကျွမ်းဝင်၍ "စာဝါများ ကူညီပို့ချ ပေးမည်ဖြစ်ကြောင်း" ဝန်ခံထားခဲ့သူ မန္တလေးမြို့ ဘုရားကြီးတိုက် ဓမ္မာ ဂါရကျောင်းဆရာတော်မှာမူ မကြာသေးမီကမှ ရုတ်တရက် ဘဝနတ်ထံ ပျံလွန်တော်မူသွားသဖြင့် သင်္ခါရတရားတို့၏ ဖြစ်ပျက်မြန်ပုံကို နှလုံးသွင်း ဆင်ခြင်ကြရန်လည်း ဓမ္မသံဝေဂစကား မိန့်ကြားတော်မူသည်၊ "ဗန်းမော် ဆရာတော် ဦးကုမာရ (ယခုလက်ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ) သည် ဓမ္မဝိနယ၌ တည်သည့်နေရာတွင် စံပြုရသူ ဖြစ်ကြောင်း" မိန့်ကြားပြီး ဗန်းမော်ဆရာတော်ကို တိ-နိ ကျောင်းတိုက် စာချနာယက ချုပ်အဖြစ် တာဝန်ပေးအပ်တော်မူသည်။

ဗန်းမော်ဆရာတော်ဘုရားအား ချီးမွမ်းစကား မိန့်ကြားတော်မူရင်း တစ်ဖက်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ထိပ်တန်းပုဂ္ဂိုလ်ကြီး များ အဓမ္မ-အဝိနယ-လဇ္ဇိဂ္ဂါဟ အမှု ပြုလုပ်လုပ်ကြပုံကို ပြောမိသွားရာ ထိုကာယကံရှင်ဆရာတော်သည် မခံမရပ်နိုင်ဖြစ်ပြီး "ဒီကိုယ်တော်ကြီးက သေခါနီးမှ ဘာ သူများမကောင်းကြောင်းတွေ လျှောက်ပြောနေတာလဲ" ဟု ရင့်ရင့်သီးသီးပင် ရန်တွေ့စကားပြောလာသည်၊ ဆရာတော်ဘုရား ကြီးသည် ထိုဆရာတော်ကို စိတ်မဆိုးဘဲ "တပည့်တော် အမှန်အတိုင်း ပြောမိတာ ခွင့်လွှတ်ပါ" ဟု တောင်းပန်ရာ ထိုဆရာတော်မှာ ဘာပြန် ပြောရမှန်းမသိ ဖြစ်သွားတော့သည်၊ ထူးခြားသော တောင်းပန်စကားပါ တည်း။ (မိမိစကား မမှားပါ၊ ကာယကံရှင် မကျေနပ်၍သာ တောင်းပန် ခြင်း ဖြစ်ပါသည်-ဟူလို။)

http://www.dhammadownload.com



## ဝါဆိုဝါခေါင် တစ်ရက်ရှောင်

နောက်တစ်နေ့ဖြစ်သော ဝါခေါင်လဆန်း ၁-ရက်နေ့တွင် စာဝါများ စတင်ပို့ချမည်ဖြစ်ကြောင်း မန္တလေးဆရာတော်များက လျှောက်ထားကြသောအခါ "မနက်ဖြန်သည် ဝါခေါင်လဆန်း ၁-ရက်နေ့ ဖြစ်နေ၍ စာဝါများ မစကြရန်၊ 'ဝါဆို ဝါခေါင် တစ်ရက်ရှောင်' ဟူသော ရှေးလူကြီးသူမတို့၏စကားအရ လဆန်း ၁-ရက်ကို ရှောင်၍ ၂-ရက်နေ့ကျမှ စတင်ပို့ချကြရန်" မိန့်ကြားတော်မူသည်ကိုလည်း ဗဟုသုတဖြစ်ဖွယ် နာကြားကြရသည်။

(ဝါဆို ဝါခေါင် တစ်ရက်ရှောင်၊ တော်သလင်း သီတင်းကျွတ် နှစ်ရက်လွှတ်၊ တန်ဆောင်မုန်း နတ်တော် သုံးရက်ကျော်၊ ပြာသို တပို့တွဲ လေးရက်လွှဲ၊ တပေါင်း တန်ခူး ငါးရက်ကြူး၊ ကဆုန် နယုန် ခြောက်ရက်ခုန်-ဟူသော မဟာရက်ကြမ်း မီးနှင့်ရမ်း-ဆောင်ပုဒ်အတိုင်း မိန့်ခြင်းဖြစ်သည်၊ လုပ်ငန်းကြီးများ အစမပြုသင့်သော ရက်များတည်း။)

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကမူ ဝါခေါင်လဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့တွင် အဘိဓမ္မာ အဋ္ဌသာလိနီအဋ္ဌကထာ မူလဋီကာ အနုဋီကာ စာဝါများကို စတင်ပို့ချတော်မူသည်၊ ဗန်းမော်ဆရာတော်နှင့် မစိုးရိမ်တိုက်သစ် ဦးဧ ယျမဝွာဘိဝံသတို့ပါ တိ-နိ သံဃာတော်များနှင့်အတူ စာလိုက်ကြသည်၊ ထိုစာဝါ၌ အရှင်သီလက္ခန္ဓာဘိဝံသ (ယခု-သတ္တမ တိပိဋကဓရဆရာတော်)က စာဆိုသူအဖြစ်ဖြင့် စာဆိုရသည်၊ သက်တော် ၈၀-ပြည့်ခါနီးမှ ပို့ချတော်မူသည့် ကြုံတောင့်ကြုံခဲ စာဝါပင် ဖြစ်သည်။

အရှင်သီလက္ခန္ဓာဘိဝံသ စာဆိုပုံကို သဘောကျသဖြင့် ဆရာတော်ဘုရားကြီးသည် မိမိငယ်စဉ်က အသုံးပြုခဲ့သည့် အဘိဓမ္မာအဖွင့် မဓု

http://www.dhammadownload.com



ဋီကာပါ၌ စာအုပ် ၂-အုပ် ချီးမြှင့်တော်မူခဲ့ရာ ရှေးဟောင်းပစ္စည်း အစုအဆောင်း အသိမ်းအဆည်း ဝါသနာပါသူ အရှင်သီလက္ခန္ဓာဘိဝံသ ကလည်း ခေတ္တခဏသာ အသုံးပြုပြီး သမိုင်းဝင်ပစ္စည်းတစ်ခုအနေဖြင့် တရိုတသေပင် ဆက်လက်သိမ်းဆည်းထားခဲ့လေသည်။

သက်တော် ၈၀-ပြည့် ပတ္တမြားရတု ပူဇော်ပွဲကြီးကို ရန်ကုန်မြို့၌ ၁၃၅၃-ခု တန်ဆောင်မုန်းလဆန်း ၃-၄-၅-ရက်တို့တွင်လည်းကောင်း, မင်းကွန်း မိုးမိတ်ကုန်းမြေ၌ တန်ဆောင်မုန်းလဆန်း ၉-၁၀-၁၁-ရက်နေ့တို့တွင်လည်းကောင်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပူဇော်ခဲ့ကြသည်၊ စိန်ရတုပူဇာပွဲတုန်းကလိုပင် အကျဉ်းချုပ် ဆုတောင်းစကားအဖြစ် **"ပသာဒကော မဏိဝါယံ၊ စိရာဘံ ဒေတု ဘူတလေ"** ဟု ရွတ်ဆိုဆုတောင်းခဲ့ကြသည်၊ အဓိပ္ပါယ်မှာ- **"ရေပြင်နေ‌ာက်ကျူ၊ ကြည်အောင်ပြုသား၊ လူ့မင်းတရား၊ စက္ကဝတ်ဖျား၏၊ ပတ္တမြားအသွင်၊ များလူရှင်အား၊ ကြည်လင်စေတတ်၊ ထိုထေရ်မြတ်လည်း၊ လောကဓာတ်အတွင်း၊ ဉာဏ်ရောင်လင်းကို၊ လွန်မင်းရှည်ထွေ၊ ပေးနိုင်ပါစေသတည်း"** ဟူ၍ ဖြစ်ပေသည်။

## အဘိဇဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်အစိုးရသည် ၁၃၅၃-ခုနှစ်တွင် ဘွဲ့တံဆိပ်တော် အသစ်များ တီထွင်၍ ဗုဒ္ဓသာသနာရောင် ထွန်းပြောင်အောင် ထူးထူးခြားခြား ရွက်ဆောင်သယ်ပိုးတော်မူကြသော သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများအား အဆင့်အမြင့်ဆုံး သာသနာပြု "အဘိဇဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ မင်းကွန်းဆရာတော်ဘုရားကြီးသည် ထိုပထမဆုံးနှစ်မှာပင် အဆိုပါ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်၊ ၁၃၇၂-ခုနှစ်အထိ ဆရာတော်ကြီး

http://www.dhammadownload.com



၇၁-ပါးတို့အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီးဖြစ်ရာ မင်းကွန်း ဆရာတော်ဘုရားကြီးသည် ၂-ပါးမြောက် ဆရာတော် ဖြစ်လေသည်။ (နံပါတ် ၁ ဆရာတော်မှာ- မဟာန ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီး ဖြစ်သည်။)

## ကျန်းမာရေး ချွတ်ယွင်းစ ပြုလာ

သက်တော် ၈၀-ပြည့်ပြီးချိန်မှစ၍ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေမှာ တဖြေးဖြေးကျဆင်းလာသည်၊ အစားအသောက် ပျက်, အပူအအေးဒဏ် မခံနိုင်, အလုပ်ပင်ပန်း မခံနိုင်, တရားတာရှည် မဟောနိုင် ဖြစ်လာသည်၊ ရင်ကြပ် ချောင်းဆိုး ဖြစ်ကာ မောလာသည့် အတွက် အသံသဲ့သဲ့မျှသာ ထွက်သည်၊ သို့ဖြစ်၍ ၁၉၉၂-ခုနှစ် စက်တင်ဘာလတွင် မန္တလေး ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ တက်ကာ ၇-ရက်ကြာမျှ ဆေးကုသမှု ခံယူတော်မူခဲ့ရသည်၊ ဆေးရုံမှ ဆင်းလာပြီး နောက် အားနည်းတော်မူလျက်ပင် အောက်တိုဘာလ ၁၂-ရက်နေ့တွင် ဇာတိမြင်းခြံမြို့သို့ ကြွရောက်ကထိန်ခင်းသည်၊ မြင်းခြံမှအပြန် ရန်ကုန် သို့ ကြွရောက်ပြီး တိပိဋကကျောင်းတော်၌ ရက်သတ္တ ၂-ပတ်ကျော်ကြာ ဆေးကုသမှု ခံယူခဲ့ရပြန်သည်၊ သို့သော် ရောဂါအခြေအနေမှာ သိသိ သာသာ တိုးတက်မလာ၊ တိပိဋကကျောင်းတော်၌ကျင်းပသည့် ၈၁-နှစ် ပြည့် မွေးနေ့အကြို ပူဇော်ပွဲသို့ အဖူးမြော်ခံရန် ခေတ္တမျှသာ ကြွရောက် နိုင်သည်။

၁၃၅၄-ခုနှစ် တန်ဆောင်မုန်းလဆန်း၊ ဆရာတော်ဘုရားကြီး၏သက် တော်မှာ ၈၁-နှစ် ပြည့်ခါနီးပြီ၊ တိပိဋကဓရဆရာတော်ဘဝဖြင့် စာချ- တရားဟော စသော သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ထမ်း ဆောင်တော်မူခဲ့တာသည်ပင် နှစ်ပေါင်း ၄၀-ခန့် ရှိခဲ့ပေပြီ။

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဖြစ်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာလည်း ၁၂-နှစ်ကျော်၍ ၁၃-နှစ်ထဲသို့ ရောက်ခဲ့ပေပြီ။

ဆရာတော်ဘုရားကြီး တည်ထောင်ဖွင့်လှစ်ထားသည့် မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးမှလည်း တိပိဋကဓရအရှင်မြတ်များ ပေါ်ထွက်ရန် တာစူနေကြပြီ၊ ဆရာတော်ဘုရားကြီး ဦးစီး၍ တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၌လည်း ပြည်တွင်းပြည်ပ သာသနာပြုအရှင်မြတ်တို့ တက္ကသိုလ်ပညာများ သင်ကြားအားထုတ်၍ နေကြပြီ၊ ဆရာတော်ဘုရားကြီး၏ အစီအမံဖြင့် တည်ထောင်ဖွင့်လှစ်ထားသည့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများမှလည်း အဆင့်မြင့် ကျောင်းထိုင်ဘုန်းတော်ကြီးများကို အမြောက်အများ မွေးထုတ်ပေးလျက် ရှိနေပြီ။

ဆရာတော်ဘုရားကြီးပြုစုစိုက်ပျိုးထားသော သာသနာ့ပန်းဥယျာဉ်များအတွင်းဝယ် ပန်းပေါင်းစုံတို့ အဆင်အသွေးမျိုးစုံ ရနံ့မျိုးစုံဖြင့် လှပသင်းပျံ့ ကြိုင်လှိုင်၍နေချိန်မှာပင် ဥယျာဉ်မှူး ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေမှာ ချွတ်ယွင်းစ ပြုလာတော့သည်၊ နေ့မအား ညမနား လုပ်ဆောင်ခဲ့သည့် သာသနာပြုလုပ်ငန်းများကြောင့် ခန္ဓာကိုယ်စက်ကြီးမှာ ပျက်စီးမည့် အရိပ်အရောင်များ ပေါ်လာသည်၊ ခြေဖမိုးလေးများ အနည်းငယ် မို့လာသည်ကို ပြ၍ **"သစ်ပင်တစ်ပင်မှာ အမြစ်ခြောက်သွားပြီဆိုရင် ပင်စည်က ဘယ်လောက်ပဲ စိမ်းလန်းနေနေ မကြာခင်သေရမှာပဲ၊ အခု ဘုန်းကြီးလဲ အမြစ်ခြောက်တဲ့သစ်ပင်လို ဖြစ်နေပြီ"** ဟု မိန့်ကြားတော်မူသဖြင့် ကြားရသူ ဒကာ-ဒကာမများမှာ စိတ်လက်မချမ်းမသာ ဖြစ်ပြီး ကြိတ်၍ငိုကြွေးကြရလေသည်။

http://www.dhammadownload.com



## ဗိုလ်ချုပ်မှူးကြီးအား တရားဂါထာ မိန့်ကြား

ထိုအချိန် ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ သီတင်းသုံးတော်မူ ခိုက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက်ဖူးမြော် စဉ် ဆုံးမဩဝါဒစကား အနည်းငယ် မိန့်ကြားပြီးနောက် တရားဂါထာ တစ်ပုဒ် ရွတ်ပြတော်မူလိုက်သည်–

**နာဟံ ဒါသော ဘဋော တုယှံ၊ နာဟံ ပေါသေမိ ဒါနိ တံ။**
**တံယေဝ ပေါသေန္တော စိရံ၊ သံသာရေ သံသရိံ အဟံ။**

(ဟဲ့ ခန္ဓာကိုယ်၊ ငါဟာ သင်ခန္ဓာကိုယ်ကြီးရဲ့ ကျေးကျွန်လဲ မဟုတ်ဖူး၊ သူရင်းငှါးလဲ မဟုတ်ဖူး၊ ငါဟာ ယခုက နောက် သင်ခန္ဓာကိုယ်ကြီးကို ပြုစုလုပ်ကျွေးတော့မည်မဟုတ်၊ သင်ခန္ဓာကိုယ်ကြီးကိုဘဲ ပြုစုလုပ်ကျွေး နေရတဲ့အတွက် ငါဟာ သံသရာထဲမှာ အကြာကြီး ကျင်လည်ခဲ့ရလေပြီ-ဟု ဆိုလိုသည်၊ ဤစကားမှာ မိမိကိုယ်မိမိ ရဟန္တာဖြစ်ပြီးပြီ-ဟု ညွှန်ပြသော စကားတည်း-ဟု ပညာရှိများက ယူဆကြလေသည်။)

## ရောဂါဝေဒနာ စွဲကပ်လာ

ထို့နောက်ပိုင်းတွင် ကျန်းမာရေးမှာ တစတစ ပိုမို၍ဆိုးဝါးလာသည်၊ နိုင်ငံတော်အစိုးရနှင့် တကွ တပည့် ဒကာ-ဒကာမများက ရန်ကုန်မြို့မှာ ဆေးကုသခံယူဖို့ရန် လျှောက်ထားကြသော်လည်း မိမိ ကျိန်းသေ ပျံလွန် တော်မူရတော့မည်ကို သိနေသော ဆရာတော်ဘုရားကြီးက လက်မခံပဲ သီတင်းသုံးရာ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့သာ ပြန်လည်ကြွချီ တော်မူခဲ့သည်၊ "ဘုန်းကြီး ရန်ကုန်တို့ မန္တလေးတို့မှာ ပျံလွန်တော်မူရင် မင်းကွန်းက ဒကာ-ဒကာမတွေ လာလို့ရမှာ မဟုတ်ဖူး၊ မင်းကွန်းမှာ ပျံလွန်တော်မူရင်တော့ မြို့က ဒကာ-ဒကာမတွေ မင်းကွန်းကို အလွယ်

http://www.dhammadownload.com



တကူ လာလို့ရနိုင်တယ်”ဟုလည်း မိန့်ကြားတော်မူသည်၊ မင်းကွန်းမြေကို ဤမျှအထိ ငဲ့ညှာသော ဆရာတော်ဘုရားကြီးပါပေတည်း။

နိုင်ငံတော်အကြီးအကဲများနှင့် ဆရာဝန်ကြီးများ, ဒကာ-ဒကာမများသည် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်ကို ဖွတ်မဆန့်ကျင်ကြဘဲ မင်းကွန်းသို့ ပြန်ကြွနိုင်အောင် စီစဉ်ပေးခဲ့ကြသည်၊ ၂-၁၁-၉၂ နေ့ကား ဆရာတော်ဘုရားကြီး ရန်ကုန်၌ နောက်ဆုံးသီတင်းသုံးခဲ့သောနေ့တည်း၊ မင်းကွန်းပြန်ရောက်သည့်အခါ အပူဒဏ်မခံနိုင်၍ ဧကစီချွတ်ကာ လေအေးစက်ဖြင့် အအေးခံရာ အအေးပတ်သည်၊ အဆုတ်ရောဂါအခံရှိရာတွင် အအေးထပ်မိသောကြောင့် နေမကောင်း ဖြစ်ပြန်သည်၊ သလိပ်ထရင်ကြပ်၍ ချောင်း မပြတ်ဆိုးလာသည်၊ မခံမရပ်နိုင်လောက်အောင် ရင်ဘတ်တစ်ခြမ်း အောင့်လာသည်။

သို့အတွက် မိုးမိတ်ကုန်းမြေ၌ ကျင်းပသည့် ၈၁-နှစ်ပြည့် မွေးနေ့ပူဇော်ပွဲသို့ မကြွရောက်နိုင်ဘဲ မန္တလေး ဇီဝိတဒါနဆေးရုံကြီးသို့ တက်ရောက်ကုသရပြန်သည်၊ ဆေးရုံမှ ဆင်းလာပြီးနောက် ရင်ဘတ်အောင့်ရောဂါကို ဆိုးဝါးစွာ ခံစားလာရသဖြင့် မန္တလေးမြို့ ရွှေဟင်္သာတိပိဋကကျောင်းတော်၌ ဆေးကုသမှုခံယူရပြန်သည်၊ ဆေးကုသရာဝယ် ရောဂါမှာ တက်လိုက်-ကျလိုက် ဖြစ်နေသည်၊ ဆရာတော်ကြီးမှာ အာဟာရများ မဘုဉ်းပေးတော့သဖြင့် နှာခေါင်းပိုက်ဖြင့် အစာနှင့် ဆေးဝါးများ သွင်းပေးကြရသည်။

“ဘုန်းကြီးအတွက် စိုးရိမ်ကြောင့်ကြများပြီး သိပ္ပံအမြင် သိပ္ပံအစွမ်းများဖြင့် ဖွတ်မလုပ်ဖို့ တားပါတယ်၊ သိပ္ပံအမြင်ကို လက်ခံသော်လည်း အဘိဓမ္မာအမြင်နှင့် ယှဉ်ကြည့်ပါက အဘိဓမ္မာဘက်ကို ဘုန်းကြီး လိုက်ရမှာပါ။ ဘုန်းကြီးကို အမြင်ကပ်စရာ ဖြစ်နေတတ်တယ်၊ ခေါင်းမာတယ်

http://www.dhammadownload.com



လက်ပေါက်ကပ်တယ် ထင်မှာစိုးလို့ ဘုန်းကြီးစိတ်နဲ့ ဘုန်းကြီးကိုယ် ပြောခြင်းမဟုတ်ဘဲ အဘိဓမ္မာအမြင်အရ ပြောတာကို နားလည်ကြပါ" ဟု မိန့်ကြားတော်မူသည်၊ ၂၀-၁၁-၉၂ နေ့တွင်မူ ဆရာတော်ကြီး၏ ဆန္ဒအရ မင်းကွန်းသို့ ပြန်ပို့ပေးရသည်၊ ဓမ္မနာဒကျောင်းတိုက်ကိုသာ ဆေးရုံတစ်ရုံ၏အင်္ဂါရပ်နှင့် ညီညွှတ်အောင် လူအင်အား ဆေးဝါးပစ္စည်း ကိရိယာမှ စ၍ အဖက်ဖက်က လိုလေသေးမရှိရအောင် ပေးပို့ပေးထား သည်၊ ဓမ္မနာဒပြန်ရောက်မှ ကျန်းမာရေးအခြေအနေ ကောင်းသလို ဖြစ် လာပြီး တပည့်သံဃာတော်များအား–

"ဆရာဝန်တွေကတော့ ဆရာဝန်အမြင် သိပ္ပံအမြင်နဲ့ ပြောမှာဘဲ၊ တပည့်တော်တို့ကတော့ ဓမ္မအမြင်နဲ့ ကြည့်ကြရမယ်၊ ကွေးသောလက် မဆန့်ခင်, ဆန့်သောလက် မကွေးခင် အချိန်မရွေး သေနိုင်တယ်၊ တပည့် တော်အတွက် မပူနဲ့၊ ကာယဂတာသတိ ၃၂-ကောဋ္ဌာသကို အပုံလိုက် အစုလိုက် အသေးစိတ် ပိုင်းပိုင်း သုံးသပ်တယ်၊ အားလုံး ရှင်းသွားပြီ" ဟု မိန့်ကြားတော်မူသည်။

"ဦးဇင်းတို့ ...တပည့်တော်ရဲ့ ဒီခန္ဓာကိုယ်ကြီးကို ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းအမြင်ပေါက်အောင် သတိနဲ့ ကြည့်ကြ" ဟုလည်း သတိပေး တော်မူသည်၊ မိုးကုတ်ဆရာတော်ကြီး ပျံလွန်တော်မူခါနီးဝယ် "ခန္ဓာ ရထားတဲ့သူတိုင်း တွေ့ကြုံရမယ့် ဒုက္ခတွေကို မြင်အောင်ကြည့်ထားကြ" ဟု မိမိခန္ဓာကိုယ်ကို ညွှန်ပြမိန့်ကြားတော်မူသလို ဖြစ်တော့သည်။

## ဈာပနပူဇော် မှာတမ်းတော်

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် ညီတော်အာနန္ဒာ မေးလျှောက်ချက်အရ မိမိ၏ ဥတုဇရုပ်အလောင်းတော်ကို ဈာပနပူဇာ

http://www.dhammadownload.com



ထေရုပ္ပတ္တိပြတိုက်ကြီး (တိ-နိကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ)

http://www.dhammadownload.com

http://www.dhammadownload.com



ကျင်းပပူဇော်ရန် အစီအစဉ်များကို မိန့်ကြားတော်မူခဲ့သည်၊ ဆရာတော်ဘုရားကြီးကလည်း မိမိပျံလွန်တော်မူသည့်အခါ ဈာပနပွဲ ကျင်းပပူဇော်ကြရန်အစီအစဉ်ကို (မမေးလျှောက်ပဲ) မိန့်ကြားတော်မူသည်၊ မိမိပျံလွန်သွားလျှင် ရုပ်အလောင်းတော်ကို ဓမ္မနာဒကျောင်းတိုက်တွင်းရှိ မန်ကျည်းပင်ကြီးအောက်တွင် ပြင်ဆင်ထားရှိကာ ၃-ရက်သာ ထားပြီး မီးသင်္ဂြိုဟ်ပူဇော်ရန်, ထို့နောက် အရိုးနှင့် ပြာများကို ဧရာဝတီမြစ်အတွင်း မျှော၍ ပူဇော်ကြရန် ဖြစ်ပေသည်၊ မှာတမ်းတစ်ခုအဖြစ် မှတ်သားထားကြရသော်လည်း ကြားရသူ တပည့်များမှာမူ မျက်ရည် မဆည်နိုင်အောင်ပင် ဖြစ်ကြရလေသည်။

## သွေးအန်ဝေဒနာ ဖြစ်ရှာ

၆-၁-၉၃ နေ့ နေ့လယ်ပိုင်းတွင် အသက်ရှူမရ ဖြစ်လာ၍ စစ်ဆေးကြည့်ရာ လည်ချောင်းတွင်း၌ သွေးခဲများ တစ်ဆို့နေကြောင်း သိရသဖြင့် ဆရာဝန်ကြီး ဦးထွန်းသင်က သွေးခဲများကို ညှပ်ဖြင့်ဆွဲထုတ်ရာမှ သွေးခဲများသာမက သွေးများပါ ဒလဟော ယိုစီးကျလာသည်၊ သွေးများ ယိုစီးနေသည်နှင့်အမျှ သွေးပေါင်လည်း တရိပ်ရိပ်ကျလာရာ နေ့ ၂-နာရီအချိန်၌ကား အထက်သွေး ၆၀, အောက်သွေး သုညအထိ ဖြစ်သွားတော့သည်၊ သွေးများကား မတိတ်သေး၊ ဆရာတော်ကြီးကား မငြီးမငြူ သတိမလစ်ပဲ မျက်လုံးဖွင့်လျက် ဝေဒနာကို သည်းခံတော်မူနေရှာသည်၊ ညနေ ၃-နာရီခွဲခန့်တွင် ခြေထောက်မှ သွေးသွင်းပေးရာ ၄-နာရီကျမှ တဖြေးဖြေး သွေးပေါင်ပြန်တက်လာသည်၊ သို့ရာတွင် သွေးကား ယိုစီးနေဆဲပင်၊ ည ၉-နာရီကျော်ကျော်တွင် နားနှာခေါင်းလည်ချောင်း အထူးကုဆရာဝန်ကြီး ဦးခင်မောင်ဆွေက ဆရာတော်ကြီး၏ နှာခေါင်းတွင်းသို့ ဂွမ်းတောင့်များ ရာဘာပိုက်များ ထည့်လိုက်သည့်အချိန်ကျမှ သွေးတိတ်

http://www.dhammadownload.com



သွားပြီး သွေးပေါင်လည်း တက်လာသည်၊ အခြားသူများ အောက်သွေး သုညဆိုလျှင် သိပ်မကြာခင် သေတတ်သော်လည်း ဆရာတော်ကြီးကား အောက်သွေးသုညဖြင့် ၂-နာရီတိုင်တိုင် သတိပင် မလစ်ပဲ ရှိခဲ့သည်မှာ အံ့ဩစရာ ကောင်းလှတော့သည်။

ဆရာတော်ဘုရားကြီး၏ သီလ သမာဓိ ပညာဂုဏ်, တိပိဋကဓရ ဂုဏ်, သာသနာပြုဂုဏ်တော်များနှင့် နှိုင်းစာလိုက်လျှင် ဤလိုရောဂါဝေဒနာမျိုး ခံစားရဖို့ မသင့်-ဟု ယူဆရန် ရှိသော်လည်း သုံးလူ့ထွဋ်ထား မြတ်ဘုရားနှင့် လက်ျာတော်ရံအဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးစသော အရိယာသူတော်ကောင်းကြီးများပင် ပရိနိဗ္ဗာန် စံတော်မူခါနီးဝယ် ဝမ်းတော်လားခြင်း (ဝမ်းသွားခြင်း), သွေးအန်ခြင်း စသော ဝေဒနာများကို ခံစားတော်မူခဲ့ကြရသေးသဖြင့် "ဘဝနိဂုံး အဆုံးသတ် ခါနီး နောက်ဆုံးအချိန်ဝယ် ဤသို့ ဖြစ်ရသည်မှာ ဓမ္မတာတရားတစ်ခုပေတည်း၊ ထိုပုဂ္ဂိုလ်ကြီးများနှင့် နှိုင်းစာလိုက်လျှင် နဲနဲတော့ တော်ပါသေးသည်" ဟု ကြံဖန်ဖြေသိမ့်ကြရတော့သည်။

ဆရာတော်ကြီးသည် ထိုသို့ သွေးအန်ပြီးသည့်အချိန်မှစ၍ နောက်ပိုင်းတွင် မလှုပ်မယှက် ငြိမ်သက်စွာ ကုသမှုမှန်သမျှကို သည်းခံတော်မူသည်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် နွားထိုးကြီးမြို့နယ် အောင်သာရွာမှ အသက် ၉၁-နှစ်ရှိ အကြောပြင်ဆရာကြီး ဦးတင်ကို ပင့်ခေါ်၍ ဆရာဝန်ကြီး ဦးထွန်းသင်၏ ခွင့်ပြုချက်ဖြင့် ကုသစေသည်၊ ဆရာကြီးဦးတင် နှိပ်ပေးလိုက်သည့်အခါ ဆရာတော်ကြီး၏ ပိတ်နေသောမျက်လုံးများ ပွင့်လာသည်၊ လျှာသိမ်းနိုင်လာသည်၊ လက်ဖျားများ အနည်းငယ် လှုပ်နိုင်လာသည်၊ သို့ရာတွင် အားရကျေနပ်လောက်သည့် အနေအထားသို့ကား ရောက်မလာ။

http://www.dhammadownload.com



## နည်းမျိုးစုံဖြင့် ကုသပေးကြ

သက်တော် ၈၁-နှစ်ပြည့် မွေးနေ့တော်အပြီး ၁၃၅၄-ခု တန်ဆောင်မုန်းလပြည့်ကျော်မှ စ၍ တပို့တွဲလပြည့်ကျော်အထိ ၃-လခန့် ခန္ဓာကိုယ်ဝယ် စွဲကပ်လာသော ရောဂါဝေဒနာအမျိုးမျိုးကို ဆရာတော်ဘုရားကြီးသည် ဖလသမာပတ် ဝင်စားနေသည့် ရဟန္တာမထေရ်မြတ်ပမာ မတုန်မလှုပ် မငြီးမငြူ ငြိမ်သက်စွာ သည်းခံတော်မူသည်။

နိုင်ငံတော်အစိုးရ၏ လိုလေသေးမရှိ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးမှုဖြင့် သမားတော်ကြီးဦးထွန်းသင်, ဦးခင်မောင်ဆွေ (နားနှာခေါင်း), ဦးတင်ဦး (ဦးကျောက်နှင့် အာရုံကြော), ဒု-ဗိုလ်မှူးကြီးရဲသွေး (မင်္ဂလာဒုံစစ်ဆေးရုံ), အကြောပြင်ဆရာကြီးဦးတင် အစရှိသော ဆရာဝန်ကြီးများအဖွဲ့က သိပ္ပံဆေးပညာ နည်းအမျိုးမျိုးဖြင့် ကြိုးစားကုသပေးကြသလို တိပိဋကနိကာယကျောင်းတိုက် သံဃာတော်များကလည်း နေ့စဉ်နေ့စဉ်ဆရာတော်ဘုရားကြီးအနီးသို့ သွားရောက်၍ ဗောဇ္ဈင်သုတ်ပရိတ်တော်ရွတ်ဖတ်ပေးခြင်း, ဆုတောင်းမေတ္တာပို့သခြင်း စသော ဗုဒ္ဓဒေသနာနည်းများဖြင့် ကုသပေးတော်မူကြသည်၊ ဆရာတော်ဘုရားကြီး ကျန်းမာရေးကျဆင်းလာနေသည့် အကြောင်း ကြားသိရသူ အနယ်နယ် အရပ်ရပ်မှ ဒကာ-ဒကာမများကလည်း ဆရာတော်များ၏ ဦးဆောင်မှုဖြင့် "ဆရာတော်ဘုရားကြီး ကျန်းမာရေးကောင်း၍ သက်တော်ရာကျော်ရှည်ပါစေကြောင်း" စုပေါင်းကုသိုလ်ပြု မေတ္တာပို့ဆုတောင်းပွဲများ ကျင်းပပြုလုပ်ကြသည်။

ဤသို့ နည်းမျိုးစုံဖြင့် ကုသပေးချက်အရ တပို့တွဲလပြည့်ကျော် ၃-ရက်နေ့အရောက်တွင် ဆရာတော်ဘုရားကြီး၏ကျန်းမာရေးအခြေအနေမှာ အတော်လေး ကောင်းမွန်လာသည်၊ ဦးဆောင်ကုသပေးနေသော

http://www.dhammadownload.com



သမားတော်ကြီးဦးထွန်းသင်နှင့် ဆရာဝန်ကြီးများ၏ မျက်နှာဝယ် အားရကျေနပ်သည့် အရိပ်အရောင်များကို သိသိသာသာ တွေ့လာကြရသည်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း လွန်ခဲ့သည့် ၂-ရက်ကပင် ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော်ရင်း "ကျန်းမာရေး အတော်အတန်ကောင်းမွန်လာလျှင် ရန်ကုန်သို့ပင့်၍ ဆေးကုသကြမည်ဖြစ်ကြောင်း" ဆရာဝန်ကြီးများအား မိန့်ကြားသွားသည်။

## တစ်ဘဝဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူပြီ

'ကျန်းမာရေး အတော်အတန်ကောင်းမွန်လာလျှင် ရန်ကုန်သို့ပင့်၍ ဆက်လက်ကုသကြမည်၊ ဆက်လက်ကုသလိုက်လျှင် ကျန်းမာရေးအခြေအနေ များစွာ ကောင်းမွန်လာနိုင်သည်' ဟူသော မျှော်လင့်ချက်ဖြင့် တပည့် ရဟန်းသံဃာ ဒကာ-ဒကာမများ၏ မျက်နှာဝယ် အပြုံးရိပ်များ ကိုယ်စီယှက်သန်းနေကြသည်၊ ဤသို့ အပြုံးရိပ်များ ကိုယ်စီယှက်သန်း၍ ဝမ်းသာအားရ ဖြစ်နေကြချိန်မှာပင် ညနေ ၄-နာရီတွင် အမောဖောက်လာသည်၊ ချွဲစုပ်စက်ဖြင့် ချွဲများစုပ်ထုတ်ပြီး အောက်စီဂျင်ပေးရန် ပြင်ဆင်ကြရသည်၊ ချွေးများ မပြတ်ထွက်နေသဖြင့် ချွေးသုတ်ပေးနေရသည်၊ မိုးမိတ် တိ-နိ သံဃာတော်များက ပရိတ်ရွတ်ပေးနေကြသည်၊ ၄-နာရီခွဲကျော်ကျော်တွင် အသက်ရှူပြင်းလာကာ အမောဖောက်လာပြီးနောက် အသက်ကယ်ဆေးထိုးပေးသော်လည်း မရတော့ဘဲ တပို့တွဲလပြည့်ကျော် ၃-ရက် (၉-၂-၉၃) အင်္ဂါနေ့ ညနေ ၄-နာရီ ၄၀-မိနစ်အချိန် (သက်တော် ၈၂၊ ဝါတော် ၆၂ အရ) တွင် သီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်၌ပင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များပင် မလွန်ဆန်နိုင်သော အနိစ္စသဘောသို့ လိုက်ပါရ၍

http://www.dhammadownload.com



ပြုလက်စ သာသနာပြုလုပ်ငန်းများနှင့် တပည့်တပန်း ရဟန်းသံဃာ ဒကာ-ဒကာမများကို ထားရစ်ခဲ့ကာ တစ်ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့လေသည်။

## ကမ္ဘာပျက်သည့်ပမာ

"ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ"ဟု ကြားသိလိုက်ရလျှင်ပင် ဓမ္မနာဒကျောင်းတိုက်, တိပိဋကနိကာယကျောင်းတိုက်, မင်းကွန်းဒေသ နှင့် မင်းကွန်းတောင်ရိုးတစ်ခွင်လုံးတွင် ဝမ်းနည်းပူဆွေး ငိုကြွေးတမ်းတသံများဖြင့် ဖုံးလွှမ်းသွားတော့သည်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထိုနေ့ည ၈-နာရီသတင်းတွင် ကြေညာပေးလိုက်၍ သိရှိသွားချိန်၌ကား တစ်နိုင်ငံလုံး အုံးအုံးကြွက်ကြွက် ရတက်မအေး ငိုကြွေးတမ်းတ ပူဆွေးကြရရာ ကမ္ဘာပျက်သည့်အလား ထင်မှတ်မှားရလောက်သည်အထိ ဖြစ်ခဲ့ရလေသည်။

သက်တော် ၉၇-နှစ်ရှိနေပြီဖြစ်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင်ကြွရောက်၍ ဓမ္မသံဝေဂ ပွားများတော်မူသလို အခြား သက်တော်ရှည်ဆရာတော်ကြီးများလည်း ကြွရောက်၍ ဓမ္မသံဝေဂ ပွားတော်မူကြသည်၊ ပညာရှိပုဂ္ဂိုလ်အသီးသီးကလည်း **"သာသနာတော်အတွက် အစားထိုး မရသော နစ်နာဆုံးရှုံးမှုကြီးတစ်ရပ်"** အဖြစ် မှတ်တမ်းများ ရေးထိုးခဲ့ကြသည်၊ ဤရက်ပိုင်းအတွင်း မြန်မာ့အသံမှလည်း ဆဋ္ဌသင်္ဂါယနာ တင်စဉ်က ဆရာတော်ဘုရားကြီး ဖြေကြားလျှောက်ထားခဲ့သည့် သင်္ဂါယနာအဖြေ တရားတော်များကို အသံလွှင့်ပေးသဖြင့် တရားနာရင်း အလွမ်းဖြေကြရသည်၊ ဗုဒ္ဓဘာသာဝင်များသာမက ဘာသာခြားများကပါ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ဆက်ကပ်ခဲ့ကြသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ အန္တိမဈာပနပူဇာ ပွဲတော်၌ အမှတ်တရ ရေးသားစပ်ဆို ပူဇော်ခဲ့ကြသည့် ကဗျာ လင်္ကာ စာတိုပေစများထဲတွင် စာဆိုရှင် 'ကျောက်မဲအလင်္ကာ'၏ "တစ်ဆူကွယ် တူတယ်လေ့ ထေရ် ဘုရား၊ ချိုး-ချဲ့ မလုံ-မကုန်မို့ ဂုဏ်တော်ကို ပုံဖော်တဲ့အတိုင်း နှိုင်းရ မယ်လား" ဆိုသော ကဗျာလေးမှာ ပရိသတ်ကြား အထင်ရှားဆုံး ဖြစ်ခဲ့ သည်၊ "မင်းကွန်းဆရာတော်ကြီးသည် ဘုရားတစ်ဆူနှင့် တူပါသည်၊ ဂုဏ် တော်များကို အကျဉ်းချုံးကြည့်သော်လည်း မလုံနိုင်ပါ၊ အကျယ်ချဲ့ကြည့် သော်လည်း မကုန်နိုင်ပါ" ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး၏ ဈာပနပူဇာ မှတ်တမ်းတော်ကို သိရှိကြ၍ လိုက်နာလိုသော်လည်း ဤမျှလောက် ကမ္ဘာကျော်ကြား ထင်ရှားသည့် ဆရာတော်ဘုရားကြီးကို ဤမျှဖြင့်သာ ပူဇော်ရမည်ကို အားမရနိုင်ကြ သဖြင့် နိုင်ငံတော်အစိုးရဦးဆောင်သော တိုင်းသူပြည်သား တပည့်အများ တို့က လောင်တိုက်, ပြာသာဒ်, မဏ္ဍပ်ကြီးငယ် အသွယ်သွယ်, ပူဇော်ဖွယ် နည်းအမျိုးမျိုးတို့ဖြင့် အန္တိမဈာပနပွဲကြီး ဆင်နွှဲကျင်းပ၍ ပူဇော်ခဲ့ကြရာ နိုင်ငံတော်တွင် အထူးခြားဆုံး အစည်ကားဆုံးနှင့် အခမ်းနားဆုံးသော ဈာပနပွဲကြီးအဖြစ် မှတ်တမ်းတင်ကြရလေသည်။

အန္တိမဈာပန ကျင်းပပူဇော်ကြပြီးနောက် ကြွင်းကျန်ရစ်သော အရိုး တော်နှင့် ပြာများကိုမူ ဆရာတော်ဘုရားကြီး မှာကြားတော်မူခဲ့သည့် အတိုင်း ဧရာဝတီမြစ်အတွင်း မျှောချပူဇော်ခဲ့ကြသည်၊ မေခနှင့် မလိခတို့ ပေါင်းဆုံမိရာမှ ဧရာဝတီဟု စတင်အမည်တွင်ခဲ့သော မြစ်ကြီးဧရာဝတီ သည် ကချင်ပြည်နယ်, စစ်ကိုင်းတိုင်း, မန္တလေးတိုင်း, မကွေးတိုင်း, ပဲခူး တိုင်း, ဧရာဝတီတိုင်းတို့ အပါအဝင် တစ်နိုင်ငံလုံးအား သောက်ရေ, သုံး ရေ, မြေဆီမြေလွှာ မြေဩဇာ, စိုက်ပျိုးရေ, ရေလမ်းခရီး အသွင်သဏ္ဌာန်

http://www.dhammadownload.com



အမျိုးမျိုးဖြင့် ကျေးဇူးပြုနေသကဲ့သို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြီး၏ မေတ္တာတော် ရေအလျဉ်သည်လည်း မြစ်မင်းဧရာဝတီအသွင် တသွင်သွင်စီးဆင်း၍ နိုင်ငံသူ-နိုင်ငံသားများကိုသာမက ကမ္ဘာသူကမ္ဘာ သား အားလုံးကိုပါ အအေးဓာတ် အငြိမ်းဓာတ် စိတ်ကောင်းစိတ်မြတ် များ ဖြစ်ပေါ်အောင် ရွက်ဆောင်ပေးနေလိမ့်မည် ဖြစ်ပါသတည်း။

## စာကျက်နည်းများ မေးလျှောက်ထား

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မေးမြန်း လျှောက်ထားဖြစ်ခဲ့သော တိပိဋကနှင့်ပတ်သက်သည့် မှတ်သားဖွယ် အချက်အလက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်–

"ဆရာတော်ကြီး တိပိဋကရေစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့စဉ်က တစ်နေ့ စာ ဘယ်နှမျက်နှာရအောင် ကျက်နိုင်ခဲ့ပါသလဲဘုရား"

"စောတုန်းက တစ်ဘာဏဝါရ (စာမျက်နှာ ၁၆-မျက်နှာ) လောက် ရတယ်၊ ဘာဏဝါရ-ဆိုတာက သင်္ဂီတိဝေါဟာရ ဖြစ်တယ်၊ တိပိဋကရေ ဝင်ဖို့ ဝိနည်းမကျက်ခင် ဗြဟ္မဇာလသုတ်ကို အရင်ကျက်ကြည့်တယ်၊ ဗြဟ္မဇာလသုတ်ကို ကျက်ကြည့်တော့ ၃-ရက်ပေါ့ပေါ့နဲ့ ရတယ်၊ ဗြဟ္မ ဇာလသုတ်က ၃-ဘာဏဝါရ ရှိတယ်။ အဲ - ကိုယ်တိုင်ကျက်လာတဲ့အခါ ကျတော့ ပါရာဇိကဏ်တို့ ပါစိတ်တို့ တစ်နေ့ တစ်ဘာဏဝါရ ရအောင် ကျက်နိုင်ခဲ့တယ်။

ပရိဝါကျတော့ တစ်နေ့ကို တစ်ဘာဏဝါရ မရတတ်တော့ဘူး၊ ပရိ ဝါကျတော့ စာကျက်ရတာဟာ သံချောင်းကို ကြွက်ကိုက်ရသလိုဘဲကွယ်၊ ဥပမာပြောရရင် သားက မိဘကို ပေးတဲ့အခါ ရေးတဲ့စာမှာ အကြောင်း အရာတွေဟာ တစ်ခုနဲ့တစ်ခု ရှေ့နဲ့နောက် အဆက်အသွယ်ရှိတယ်၊

http://www.dhammadownload.com



ဒါ့မျိုးကျက်ရတော့ လွယ်တယ်၊ ဇာတိပ္ပိုလ်, လေးညှင်းစတဲ့ ဆေးနည်းစာမျိုးကျတော့ စာကြောင်းရေ နည်းပေမယ့် ကျက်ရတာ ခက်တယ်၊ တော်တော်နဲ့ မရချင်တတ်ဘူး၊ ပရိဝါကျက်ရတာလဲ ဇာတိပ္ပိုလ်,လေးညှင်းစတဲ့ ဆေးနည်းစာကျက်ရသလိုဘဲ ကျက်ရတာ ခက်တယ်"

"ဆရာတော်ကြီး တိပိဋကဓရ စာမေးပွဲ ဝင်ရောက် ဖြေဆိုခဲ့စဉ်က တစ်နေ့ စာပြန်ချိန် ဘယ်နှနာရီ ထားခဲ့ပါသလဲဘုရား"


"စာမေးပွဲမှာ နှုတ်မဆိတ် ပြန်ရတာက တစ်နေ့ ၄-နာရီ ကြာတယ်၊ ဒါ့ကြောင့် မိမိကျောင်းမှာ နေ့စဉ် နှုတ်မဆိတ် အပြန်လေ့ကျင့်တော့ တစ်နေ့ ၅-နာရီ လေ့ကျင့်ထားတယ်၊ အမောခံနိုင်အောင်ပေါ့၊ စာပြန်တော့ နာရီဝက်လောက် ပြန်လိုက်, နာရီဝက်လောက် နားလိုက် လုပ်တယ်၊ နားတဲ့အချိန်ဟာ အဋ္ဌကထာ ဋီကာ ကြည့်တဲ့အချိန်ဘဲ" (ဆရာတော်ကြီး မည်မျှဉာဏ်ထက်ကြောင်း ဤအဖြေဖြင့် သိသာထင်ရှားသည်)။

## စိတ်တံခါးကို ပိတ်ထား

မေးမြန်းလျှောက်ထားခြင်း မရှိဘဲ နည်းပေးလို၍ မိန့်ကြားတော်မူသဖြင့် သိခဲ့ရသော နည်းတစ်ခုမှာ–

"တပည့်တော် စာကျက်တဲ့အခါ ကျောင်းတံခါးကို ပိတ်ထားတယ်၊ ဧည့်သည်ရောက်လာရင် တံခါးဖွင့်ပေးပြီး ခေတ္တခဏဘဲ စကားပြောတယ် အကြာကြီး မပြောဘူး၊ ပြီးလို့ ဧည့်သည်ပြန်သွားပြီဆိုရင် ကျောင်းတံခါး ပြန်ပိတ်လိုက်တယ်၊ ကျောင်းတံခါး ပိတ်လိုက်တာဟာ စိတ်တံခါးကိုလဲ ပိတ်လိုက်တဲ့သဘောဘဲ၊ 'လူက ကျောင်းထဲမှာ ကျန်ခဲ့သလို စိတ်ကလဲ ကျောင်းထဲမှာဘဲ ကျန်ခဲ့ရမယ်၊ ဧည့်သည်ဆိုတဲ့ အာရုံနောက်ကို လိုက်မသွားရဘူး' ဆိုပြီး ကိုယ့်စိတ်ကို ချုပ်လိုက်တဲ့သဘောဘဲ၊ နောက် ကာမ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ဝိတက် စသည်တို့အတွက်လဲ 'မင်းတို့ ကျောင်းအပြင်မှာဘဲ နေခဲ့ကြ၊ ကျောင်းထဲ မဝင်ခဲ့ကြနဲ့' လို့ နယ်မြေသတ်မှတ်လိုက်တဲ့သဘောဘဲ။

အဲဒီလို စိတ်တံခါးကိုရော ကျောင်းတံခါးကိုရော လုံလုံခြုံခြုံ ပိတ်ထားနိုင်မှ ဣန္ဒြိယသံဝရသီလနဲ့လဲ ပြည့်စုံ, သမာဓိလဲ အားကောင်းပြီး ကိုယ့်ရဲ့ လုပ်ငန်းတွေ အောင်မြင်နိုင်မယ်" ဟူ၍ ဖြစ်ပေသည်၊ အလွန်မှတ်သားလိုက်နာ နည်းယူစရာကောင်းသော နည်းလမ်းပါတည်း။

## နိကာယ်ထဲမှာ စိတ်ကိုထား

"အရှင်ဥပါလိမထေရ် မိန့်ကြားခဲ့တဲ့ ဂါထာလေး ရှိတယ်–

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။

ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော-တဲ့၊ အင်မတန် အားကျအတုယူဖို့ ကောင်းတယ်၊ ဒါကို နမူနာယူပြီး တိပိဋက နိကာယ် ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ–

**နိကာယော အာသယော မယှံ၊ နိကာယော ဌာနစင်္ကမံ။**

**ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော**-လို့ ထပ်တလဲလဲ ရွတ်ပေးပြီး ရွတ်တဲ့အတိုင်း တကယ်ဖြစ်အောင်လဲ ကိုယ်ကျက်မှတ်လေ့လာနေတဲ့ တိပိဋက-နိကာယ် စာပေထဲမှာဘဲ ကိုယ့်စိတ်ကို နှစ်မြှုပ်ထားကြရမယ်" ဟုလည်း နမူနာယူဖွယ် မိန့်ကြားတော်မူခဲ့ပေသည်။

## အသက်ရှည်ရန် နည်းတစ်တန်

"ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးလို့ကော ကောင်းပါရဲ့လား ဘုရား" ဟု မေးမြန်းလျှောက်ထားကြည့်ရာ–

"သင့်ပါတယ်၊ ဒါပေမယ့် အစားနဲ့ပတ်သက်လို့ 'ကိုယ်နဲ့ သင့်တော်

http://www.dhammadownload.com



**တာကို လျှော့စား**’ဆိုတဲ့ဆောင်ပုဒ်ကို အမြဲသတိထားပါတယ်၊ ဆွမ်းစားတဲ့နေရာမှာ–

စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။

အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော-ဆိုတဲ့ ဂါထာလေးကို သတိရပြီး ဆွမ်းလေးငါးလုတ်တော့ လျှော့စားပါတယ်၊ ဒါဟာ အသက်ရှည်တဲ့ စားနည်းဘဲ” ဟုလည်း ဖြေကြားနည်းပေးတော်မူသည်။ (သောကကို ရှောင်၊ ဝအောင် မစား၊ လှုပ်ရှားကိုယ်လက်၊ ဤသုံးချက်၊ အသက်ရှည်ကြောင်းတည်း-ဆိုသော နည်းလမ်း ၃-ခုထဲမှ ၁-ခု ဖြစ်သည်။)

## ရဟန္တာမြသာနာ

ဆရာတော်ကြီးကို လူအများက ‘ရဟန္တာ’ ဟု ယုံကြည်ထားကြရာ ဆရာတော်ကြီးက မိမိ ရဟန္တာ မဟုတ်ကြောင်း ထင်ရှားပြခဲ့သည့်ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့သည်၊ ရောဝတီတိုင်း မြန်အောင်မြို့သို့ တရားဟောကြွရောက်စဉ်က မြန်အောင်မြို့၌ မြင်းခြံဇာတိ ပရိက္ခရာကုန်သည် ဦးရွှေလှိုင်ဆိုသူ ဒကာကြီးတစ်ဦးသည် မိမိတိုက်သို့ ရဟန္တာအရှင်မြတ်တစ်ပါး ကြွလာကြောင်း ကြိုတင်၍ အိပ်မက်မြင်မက်ထားရာ ဆရာတော်ကြီး မြန်အောင်မြို့သို့ရောက်၍ ဖူးတွေ့ရလျှင်ပင် ‘ဤအရှင်မြတ်သည် ငါ၏ အိပ်မက်ထဲ၌ ဖူးတွေ့ခဲ့ရသော ရဟန္တာပါပေတည်း’ ဟု ပီတိသောမနဿ အထပ်ထပ်ပွားပြီးလျှင် “ဆရာတော်ဘုရားကြီးဟာ ရဟန္တာ အရှင်မြတ်ပါဘဲဘုရား၊ တပည့်တော်ကို သမ္မာဒေဝနတ်များက ကြိုတင်၍အိပ်မက်ပေးထားပါသည်ဘုရား” ဟု နှုတ်မှထုတ်၍ပင် လျှောက်ထားမိလေသည်။

ဤတွင် ဆရာတော်ကြီးက ပြုံး၍ “ဒကာကြီး၊ ဘုန်းကြီး ရဟန္တာ မဟုတ်ပါဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဖူး ဒကာကြီး” ဟု

http://www.dhammadownload.com



ဘွင်းဘွင်းရှင်းရှင်း ပြင်းဆိုတော်မူသည်၊ ဦးရွှေလှိုင်ကမူ "အရှင်ဘုရား ဘယ်သို့ပင် ပြင်းစေကာမူ အရှင်ဘုရားဟာ ရဟန္တာအစစ်ပါဘဲဘုရား" ဟု ဇွတ်အတင်းထပ်၍ လျှောက်ထားနေသဖြင့် နောက်ပါ တပည့်ဖြစ်သူထံ မိမိသောက်နေကျ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို တောင်းယူ၍ ဆောင့်ကြောင့်ထိုင်လျက် လက်တစ်ဖက်က ဆေးလိပ်ခွက်ကို ခံကာ မီးခြစ်ကို ရှဲကနဲချစ်ပြီး ဆေးလိပ်မီးညှိ၍ အားရပါးရ နှစ်ဖွာသုံးဖွာမျှ ရှူရှိုက်တော်မူပြီးလျှင် "ဒကာကြီး၊ ဒါလားဗျ ရဟန္တာ၊ ရဟန္တာဆိုတာ ဒီလိုပလိဘောဓတွေ မရှိတော့ဘူး" ဟု ဟန်ဆောင်မှုကင်းစွာ မိန့်ကြားတော်မူလေသည်။ (သက်တော် ၇၀-အတွင်း ဆေးလိပ်သောက်စဉ်က မိန့်ကြားတော်မူခဲ့သောစကား ဖြစ်ပါသည်။)

## ဆေးလိပ်သောက်ရခြင်းအကြောင်း

ဆရာတော်ကြီးထံ အဖူးအမြော် ရောက်ရှိချိန်တွင် ဆရာတော်ကြီးသည် သူ၏ခေါင်းရင်း၌ ချိတ်ထားသော မိခင် ဒေါ်ဆင်၏ ဓာတ်ပုံကို လက်ညှိုးထိုးပြပြီးလျှင် —

"ဟောဒါ အမေဗျ အမေ၊ အမေဖြစ်တဲ့ ဟောဒီ ဒကာမကြီးဟာ ဆေးလိပ်လိပ်တဲ့နေရာမှာ အင်မတန်ထူးချွန်တယ်၊ သူများတွေထက် နှစ်ဆ-သုံးဆလောက် ပိုပြီးအောင် လိပ်နိုင်တယ်၊ တကယ့်ပါရမီရှင်၊ ဒါ့ကြောင့် ဘုန်းကြီးကလဲ အမေကို ဂုဏ်ပြုရင်းနဲ့ ဆေးလိပ်သောက်ဖြစ်သွားတာ၊ ဆရာဝန်တွေက ဆေးလိပ်မသောက်ဖို့ လျှောက်ကြတယ်၊ ဘုန်းကြီးကလဲ ဆေးလိပ်သောက်တာကိုက အမေကို ဂုဏ်ပြုတဲ့အနေနဲ့ သောက်တာဆိုတော့ မဖြတ်ချင်ပဲ ဖြစ်နေတယ်၊ 'ဆရာတော် အသက်ရှည်ချင်သေးရင် ဆေးလိပ် မသောက်ပါနဲ့ဘုရား' လို့ လျှောက်ကြတော့မှ 'ဒါဖြင့်လဲ ဖြတ်ပါ့မယ်ဗျာ' ဆိုပြီး ဖြတ်လိုက်ရတယ်" ဟု မိန့်ကြားတော်မူသည်။

http://www.dhammadownload.com



(ဆေးလိပ်ဖြတ်သည်-ဆိုသော်လည်း လွယ်လွယ်ကူကူနှင့် ဖြတ်နိုင်ခဲ့သည်တော့ မဟုတ်၊ အကျင့်ပါနေသော အလုပ်တစ်ခုကို ဖြတ်ရသည်မှာ မလွယ်ကူလှ၊ တရားဟောနေရင်း ခေတ္တနားသည့်အချိန်လေးမှာပင် ဆေးလိပ်သောက်၍သာ အပန်းဖြေတော်မူခဲ့သော ဆရာတော်ဘုရားကြီးသည် "ယောက်ျားဘဲ၊ တကယ်လုပ်ရင် တကယ်ဖြစ်ရမှာပေါ့၊ ဘာလို့ မဖြစ်ရမှာလဲ"ဟု ကြုံးဝါးကာ အားတင်းပြီး ကြိုးစား၍ ဖြတ်ခဲ့ရခြင်းဖြစ်သည်၊ ဆေးလိပ်ဖြတ်ပြီ-ဆိုသည်နှင့် ဆေးလိပ်နှင့် ပတ်သက်သမျှသော ဆေးလိပ်ခွက်-စသည့်ပစ္စည်းများကို အပြီးအပြတ် ရှင်းလင်းဖျက်ဆီးပစ်လိုက်သည်။)

## ပွဲလမ်းသဘင် ကြည့်မှု

ဆရာတော်ဘုရားကြီးသည် ရှင်ငယ်-ရဟန်းငယ်များ ပွဲလမ်းသဘင်ကြည့်မှုအတွက် လူပုဂ္ဂိုလ်များက အပြစ်တင်စကားပြောတတ်ကြသည်ကို နှစ်သက်တော်မမူပေ၊ တစ်ခါသော် "မြို့ကြီး ပြကြီးများက ကိုယ်တော်လေးတွေ အငြိမ့်ဇာတ်သဘင် ရုပ်ရှင်ဘောလုံးပွဲ နေရာတကာ သူတို့ပါနေ၍ မကြည်ညိုနိုင်ပါကြောင်း၊ တောထဲတောင်ထဲဝယ် အေးအေးလူလူ သီတင်းသုံးနေတော်မူသော ဆရာတော်ဘုရားကိုသာ ကြည်ညိုပါကြောင်း" မြို့မှ ဒါယကာတစ်ဦးက လျှောက်ထားရာ ဆရာတော်ကြီးက–

"ဒကာကြီး၊ အဖိုးတန်တဲ့ ကျွန်းသစ်တို့၊ ရှားပင်တို့မယ် အကာရယ် အနှစ်ရယ်လို့ နှစ်မျိုး ရှိကြရာမှာ အနှစ်က ပိုပြီး အဖိုးတန်တာတော့ မှန်တယ်၊ သို့သော် ဒီလိုအနှစ်ပြည့်ဝလာဖို့ရာ နှစ်ပေါင်းများစွာကြာအောင် မွေးယူရတယ်၊ အနှစ်မပြည့်သေးတဲ့ အပင်နုလေးတွေကို အနှစ်မရှိရပါ့ မလားလို့ မမွေးပဲ ခုတ်လှဲသတ်ပစ်လိုက်မယ်ဆိုရင် အနှစ်ရှိတဲ့ ကျွန်းပင် ရှားပင်ကို ရနိုင်ပါဦးမလား?၊ ဒီလိုပဲ မြို့က ကိုယ်တော်လေးတွေ အနှစ်

http://www.dhammadownload.com



မပြည့်မီ ပွဲကြည့်ကြဦးမှာဘဲ၊ အနှစ်ပြည့်လာတဲ့အခါ ဒကာကြီးများက 'ဘောလုံးပွဲ ရုပ်ရှင်ပွဲ ကြည့်ရအောင် ကြွတော်မူကြပါဘုရား' လို့ ကားနဲ့ သွားပင့်တောင် မလိုက်တော့ဘူး၊ အခုနေ နုနုငယ်ငယ် အနှစ်ထည့်နေ ခိုက်မှာ အနှစ်မပြည့်ရပ့ါမလားလို့ မကြည်ညို မလေးစားဘဲ ခုတ်လှဲပစ် လိုက်မယ်ဆိုရင် တန်ဖိုးရှိတဲ့ သီလ-သမာဓိ-ပညာ အနှစ်တရားတွေ ပြည့်ဝလာနိုင်တော့မှာ မဟုတ်ဖူး ဒကာကြီး" ဟု မှတ်သားဖွယ် မိန့်ကြား တော်မူလိုက်လေသည်။ (ရှင်ငယ် ရဟန်းငယ်များအား အပြစ်ပြောချင် သူတွေ သတိပြုဖွယ်ကောင်းလှသည်။)

## သိက္ခာထပ်ကိစ္စ

ဆရာတော်ကြီးသည် လယ်တီဆရာတော်ဘုရားကြီးအား "လူဝတ် ကြောင်များကို အဘိဓမ္မာမျက်စိ ဖွင့်ပေးတော်မူသွားသူ" အဖြစ် လွန်စွာ ကြည်ညိုလေးစားတော်မူသည်၊ လယ်တီဆရာတော်ဘုရားကြီး၏ သံခိပ် လင်္ကာများကို အမြတ်တနိုးထား ရွတ်ဆိုပြီး တရားပွဲများ၌ အကျယ်ချဲ့ ထွင်၍ ဟောကြားတော်မူလေ့ရှိသည်၊ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်လင်္ကာများကို စကားပြေ ရေးသားဖွင့်ပြပြီး **"ပရမတ္ထသံခိပ် အဖြေ စကားပြေကျမ်း"** ကို စီရင်တော်မူသည်။

လယ်တီဆရာတော်ဘုရားကြီးကို ဤမျှလောက် ကြည်ညိုလေးစား သော မင်းကွန်းဆရာတော်ကြီးသည် လယ်တီဆရာတော်ဘုရားကြီး၏ မူတစ်ခုကိုမူ မယူဘဲ ထားသည်ကို အံ့သြဘွယ်ရာ တွေ့ကြရသည်။

လယ်တီ ဆရာတော်ဘုရားကြီးက 'ရဟန်းတော်များအား သိက္ခာ ထပ်ပေးသည်မှာ မြတ်ဗုဒ္ဓ၏ အာဏာဒေသနာ ကမ္မဝါစာဖြင့် ဝိုင်းဝန်း ရွတ်ဖတ်မန်းမှုတ်ပေးခြင်းဖြစ်၍ သိက္ခာထပ်ခံရသူ ရဟန်းတော်အတွက်

http://www.dhammadownload.com



ရဟန်းတို့ဆိုင်ရာ ဘုန်းတန်ခိုးအာနုဘော်များ တိုးတက်စေတတ်သဖြင့် လွန်စွာ အကျိုးများသည်' ဟု ယူဆပြီး မိမိကျောင်းတိုက်ရှိ ရဟန်းတော်များအား သိက္ခာထပ်စေတော်မူသည်၊ သိက္ခာထပ်ပေးမည့် ဒကာ-ဒကာမ မရှိလျှင် ကိုယ်တော်တိုင်ပင် သက်န်းသပိတ် ပရိက္ခရာများ လှူဒါန်း၍ သိက္ခာထပ်ပေးတော်မူသည် (အဘိဓဇ သပြေကန်ဆရာတော်ဘုရားကြီး မိန့်ကြားချက်)။

မင်းကွန်းဆရာတော်ကြီးသည် ဤအချက်တစ်ခုကို မယူခဲ့ပေ၊ မိမိအား သိက္ခာထပ်လိုကြောင်း လျှောက်ထားလာသူများအနက် သာသနာတော်အား ကျေးဇူးများသူ သုံးလေးဦးမှတပါး အားလုံးကိုပင် ငြင်းပယ်၍ ထိုသူတို့မှာ ပရိက္ခာရဒါနဖြစ်စေရန် သက်န်းသပိတ် ပရိက္ခရာမျှကိုသာ အလှူခံတော်မူခဲ့လေသည်။

## ရဟန်းလောင်းဆုံးမမှု

ဆရာတော်ကြီးသည် သိမ်သမုတ်နှင့်ရဟန်းခံ ကိစ္စနှစ်ခုကို လွန်စွာ အလေးထား၍ ဆောင်ရွက်တော်မူသည်၊ ရဟန်းခံကိစ္စများတွင် ရဟန်းလောင်းကို ချီးမြှောက်သောအားဖြင့် ကိုယ်တော်တိုင် ရဟန်းလောင်းဆုံးမလေ့ရှိရာ ဆုံးမတိုင်းပင် ထိုင်၍သာ ဆုံးမတော်မူသည်၊ ကိုယ်တော်တိုင်သာ ထိုင်၍ဆုံးမသည်မဟုတ်ဘဲ ဆရာတော်ကြီးပါဝင်သည့် ရဟန်းခံပွဲများတွင် အခြားဆရာတော်များ ဆုံးမလျှင်လည်း ထိုင်၍သာ ဆုံးမစေတော်မူသည်။

ဆရာတော်ကြီးပါဝင်သည့် ရဟန်းခံပွဲတစ်ခုတွင် ဗန်းမော်ဆရာတော် (ဘဒ္ဒန္တကုမာရာဘိဝံသ)က ရဟန်းလောင်းဆုံးမရာ မတ်တတ်ရပ်၍ ဆုံးမမည်အပြုတွင် ဆရာတော်ကြီးက—

http://www.dhammadownload.com



"ဦးကုမာရ..၊ မရပ်နဲ့ ထိုင်ထိုင်၊ 'အမုမှိ ဩကာသေ တိဋ္ဌာဟိ' မှာ 'ဋ္ဌာ = ဂတိနိဝတ္တိမှိ' ဆိုတာ မတ်တတ်ရပ်ရမယ်လို့ ဆိုလိုတာ မဟုတ်ဖူး၊ ရှေ့ဆက်မသွားနဲ့တော့လို့ ဆိုလိုတာ၊ 'ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ' စတဲ့ မဟာသတိပဋ္ဌာနသုတ်တော်များမှာလို ဣရိယာပုထ် ၄-ပါးလုံးနဲ့ ဆိုင်တဲ့နေရာမျိုးကျမှ ရပ်ခြင်းအနက်ကို ယူရတာ" ဟု မှတ်သားဖွယ် မိန့်ကြားတော်မူလေသည်။

(ဆရာတော်ကြီး၏မိန့်ကြားချက်သည် နစ္စဂီတသိက္ခာပုဒ် **အနာပတ္တိ အာရာမေ ဌိတာ ပဿတိ ဝါ သုဏာတိ ဝါ-**အတွက် သာရတ္ထဋီကာ၏ ဖွင့်ဆိုချက်နှင့် အလွန်ညီညွတ်သည်၊ ကြည်ညိုဖွယ်လည်း ဖြစ်သည်၊ ဆရာတပည့် နှစ်ဦးလုံးအတွက် သက်တောင့်သက်သာလည်း ရှိသည်၊ သို့ရာတွင် ယခုခေတ်ရဟန်းခံပွဲများ၌ကား ရပ်၍သာဆုံးမနေကြသည်ကို တွေ့ရပေသည်။)

## သာသနာ့ဝန်ထမ်း ဖြစ်ပါစေ

ဆရာတော်ကြီး၏ ထူးခြားသောဩဝါဒတစ်ခုမှာ– "သာသနာတော်ရဲ့အရိပ်ကို ဝင်ရောက်ခိုလှုံလာပြီဆိုရင် သာသနာတော်ကြီးရဲ့တာဝန်ကို တတ်နိုင်သမျှ ထမ်းရွက်တော်မူကြပါ။ သာသနာ့တာဝန်ကို ထမ်းဆောင်တဲ့ **"သာသနာ့ဝန်ထမ်းများ"** ဖြစ်ကြပါစေ၊ သာသနာတော်ကြီးက ထမ်းရွက်ထားရတဲ့ **'သာသနာ့ထမ်းဝန်များ (သာသနာတော်ရဲ့ ဝန်ထုပ်ဝန်ပိုးများ)'** မဖြစ်ကြပါစေနဲ့၊ ကိုယ်က ထမ်းရွက်ရမယ့် သာသနာတော်ကြီးကို မထမ်းရွက်ပဲ ခိုစီးနေကြမယ်ဆိုရင် ဝန်လေးလို့ တိုးတက်သင့်သလောက် မတိုးတက်ဘဲ ရှိနိုင်ပါတယ်ဘုရား" ဟု ဖြစ်သည်၊ **"ငါသည် သာသနာတော်အတွက် ဖြစ်စေရမည်၊ သာသနာတော်သည် ငါ့အတွက် မဖြစ်စေရ"**

http://www.dhammadownload.com



ဟူသော ခံယူချက်ကို ခိုင်ခိုင်မာမာ ခံယူကျင့်သုံးကြရန် မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

## ပဋိပတ်ပါသော အောင်မြင်မှု

"စာပေကိုလည်း ကြိုးစားကြပါ၊ အကျင့်ပဋိပတ်ကိုလည်း တတ်နိုင်သမျှ ကျင့်သုံးကြပါ၊ 'အကျင့်မပါသော စာအောင်ခြင်း' မဖြစ်ပါစေနဲ့၊ ဘာ့ကြောင့်လဲဆိုတော့ စာမေးပွဲဆိုတာ ကြိုးစားဖြေနေရင် တစ်ချိန်ချိန်တော့ အောင်မြင်လာမှာပါ၊ အကျင့်ပါသော အောင်မြင်မှုသာ ဖြစ်ပါစေ၊ အကျင့်ပဋိပတ် မပါဘူးဆိုရင် အောင်မြင်မှုအပေါ် မှာ ယစ်မူးပြီး မြွေဖမ်းဆရာ ဥပမာလို ဖြစ်တတ်ပါတယ်ဘုရား" ဟုလည်း အကျင့်ပဋိပတ်နှင့် မကင်းကွာဖို့ သတိပေးဆုံးမတော်မူခဲ့ပေသည်။

တစ်ဆက်တည်း ကိုယ်တွေ့ဖြစ်ရပ်တစ်ခုနှင့် ယှဉ်ပြီး မိန့်ကြားတော်မူသွားသည်မှာ–

"တပည့်တော် တိပိဋကဓရဖြစ်ပြီးစက ကိစ္စလေးရှိလို့ မန္တလေးဘက်ကူးခဲ့ပါတယ်၊ ကမ်းနားမှာပါ၊ တပည့်တော်ကို တချို့က တိပိဋကဆရာတော်-ဆိုတာ မသိကြပါဘူး၊ လူကလဲ ပိန်ပိန်မို့ အိုစာနေတော့ ပိုဆိုးပါတယ်၊ မြစ်ကမ်းနားကနေ ကားရှိရာဘက် ခြေကျင်သွားပါတယ်၊ အဲဒီမှာ ဘာတွေ့ရလဲဆိုတော့ ကားသမားတွေက 'ဦးဇင်းကြီး ကားငှါးမလား'တဲ့၊ 'ဘယ်သွားမှာလဲ'တဲ့၊ ဆိုက်ကားဆရာတွေကလဲ 'ဘယ်ပို့ပေးရမလဲ'တဲ့၊ သမညဘုန်းကြီးတစ်ပါးတွေလို့ မေးတဲ့ပုံစံမျိုး မေးကြပါတယ်၊ အထမ်းသမားတစ်ယောက်ကဆို ပစ္စည်းတွေသယ်ရင်း တပည့်တော်ကို တိုက်သွားပါတယ်၊ နောက်မှ 'ဦးဇင်းကြီး မတော်လို့နော်'တဲ့၊ နောက်တစ်ယောက်က 'ကိုယ်တော်ကြီး ဖယ် ဖယ် တိုက်မိမယ်'တဲ့ ပြောသွားကြတာ

http://www.dhammadownload.com



ဆက်ဆံသွားကြတာ၊ ဒီလိုဖြစ်တဲ့ကိစ္စမှာ သူတို့အပြစ်မရှိပါဘူး၊ သူတို့ အလုပ် သူတို့လုပ်နေကြတာကိုးဘုရား၊ တပည့်တော်ကိုလဲ ဘယ်လိုဘုန်းကြီး, ဘာစာမေးပွဲ အောင်ထားတာဆိုတာ သူတို့ စိတ်မဝင်စားနိုင်ကြဘူးလေ။

ဒီမှာ တပည့်တော် ဘာစဉ်းစားမိသလဲဆိုတော့ 'ဩော် - ငါအောင်ထားတဲ့ စာမေးပွဲဟာ အောင်ကြောင်းသိတဲ့သူတွေထဲသာ အသုံးဝင်တာပါလား၊ ပူဇော်ပွဲအခမ်းအနားမှာသာ တန်ဖိုးရှိတာပါလား၊ ငါ့ကို ကာကွယ်စောင့်ရှောက်မပေးကြပါလား၊ သိသူထဲရော မသိသူတွေကြားမှာပါ အသုံးဝင်တာက အကျင့်ပဋိပတ်ပါလား၊ ငါကိုယ်တိုင်ကျင့်ထားတဲ့ သီလသမာဓိပညာတွေကသာ ငါ့ကို အမှန်တကယ် ပစ္စုပ္ပန်-သံသရာ စောင့်ရှောက်မှာပါလား' စသည်ဖြင့် စဉ်းစားမိတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်ဟာ တိပိဋကစာမေးပွဲကြီး အောင်ထားပေမယ့်လဲ မာန်မာနတွေ ဖယ်ရှားလို့ 'သူများတွေလဲ လုပ်ရင် အောင်နိုင်တာဘဲ' ဆိုတဲ့အတွေးကို တွေးပြီး သီလသမာဓိပညာ သင်္ဘောကြီးသုံးစင်းနဲ့ ဘဝပင်လယ်ကြီးကို ကူးခတ်နေတာပါ။ အရှင်ဘုရားတို့လဲ တပည့်တော်ရဲ့ဘဝအတွေ့အကြုံကို နည်းယူပြီး အကျင့်ပဋိပတ်ပါသော စာအောင်ခြင်းဖြစ်အောင် ကြိုးစားအားထုတ်တော်မူကြပါဘုရား"။

## ဓမ္မနာဒသဘော

မိမိသီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက်နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ မိန့်ကြားတော်မူသည်မှာ—

"ဤကျောင်းတိုက်ဟာ တရားတော်ကို အခါမလပ် ရင့်ကျူး ဟိန်းဟောက်ရာ ကျောင်းတိုက်-ဆိုသောအဓိပ္ပါယ်နဲ့ ဓမ္မနာဒ ဟူသောအမည်

http://www.dhammadownload.com



ကို မှည့်တာ၊ ဓမ္မနာဒ ဟူသောအမည်ဟာ ယနေ့ သာသနာ ဘယ်မှာမှ မရှိဘူး၊ ထူးထူးချွန်ချွန် မျှော်လင့်ချက်ကြီးစွာဖြင့် ဆရာတော်က (အရှင်ပညာစက္ကကို ဆိုလိုသည်) သူ့တိုက်ကို နာမည်မှည့်ခဲ့တယ်။

ဒီနေရာမှာ ခဏရပ်ထားပြီးတော့ ဆရာတော် ပျံတော်မူပြီးခါစက ကွယ်လွန်သွားသော ဒကာကြီး ဦးလှတင် ပြောသောစကားကို အမှတ်ရတယ်၊ ဒကာကြီး ဦးလှတင်က ဘာပြောသလဲဆိုတော့-

'ဦးပဥ္စင်း ...၊ ဆရာတော်က 'ဓမ္မနာဒ' ဆိုတာ ဒီတိုက်မှာ စာသံပေသံ မတိတ်ဆိတ်အောင်ဆိုပြီးတော့ အမြတ်တနိုးမှည့်ထားခဲ့တဲ့နာမည်ပါတဲ့၊ အဲဒီ ဓမ္မနာဒမှာ ဦးပဥ္စင်းဆောင်ရွက်ဖို့ဟာကဖြင့် ဓမ္မနာဒဆိုတဲ့ နာမည်နဲ့ လိုက်အောင် စာသံပေသံ မတိတ်ဆိတ်အောင် ဆောင်ရွက်ပါ။ ဆောင်ရွက်ရင် မတိုးတက်သော်လဲ မယုတ်လျော့ပါဘူး၊ အကယ်၍ ဤတိုက်မှာ စာသံပေသံ တိတ်ဆိတ်သွားလျှင်ဖြင့် 'နာဒ' ပျောက်ပြီးတော့ 'ဓမ္မ' ချည်းပဲ ကျန်လိမ့်မယ်၊ အဲဒီလို နာဒ-ပျောက်ပြီးတော့ ဓမ္မ-သာကျန်တဲ့အဖြစ်မျိုး အဖြစ်မခံပါနဲ့၊ ဓမ္မနာဒ-ဆိုတဲ့ ဒီနှစ်လုံးကို အသက်ပေးပြီးတော့ 'မဟာဓမ္မနာဒ' ဖြစ်အောင် လုပ်နိုင်ရင် လုပ်ပါ' လို့

ဒကာကြီး ဦးလှတင် ပြောတာကို အမှတ်ရတယ်၊ မိမိ ပုဂ္ဂလိကအနေနဲ့တော့ မဟာဓမ္မနာဒလို့ ခေါ်ဆိုရအောင် အသက်ကိုပေးပြီးတော့ တရားတော်ကို ရင့်ကျူးခဲ့ပါပြီ၊ ငါ့ရှင်တို့တာဝန်ဘဲ ရှိပါတော့တယ်"။

(ဓမ္မနာဒကျောင်းတိုက်ရှိ တပည့် ရဟန်း သာမဏေများ ဓမ္မနာဒဟူသော ဂုဏ်ရည်နှင့်လိုက်အောင် တရားတော်ကို (စာကို) အမြဲမပြတ် ရွတ်အံသရဇ္ဈာယ်၍သာ နေထိုင်သီတင်းသုံးကြဖို့ ဩဝါဒပေးတော်မူခြင်း ဖြစ်သည်။)

http://www.dhammadownload.com



## အသက်ပေး၍ ရင့်ကျူး

"အသက်ကိုပေးပြီးတော့ တရားတော်ကို ရင့်ကျူးခဲ့ပါပြီ" ဟူသော စကားတော်နှင့် ပတ်သက်၍ အသက်ပေးပြီး ရင့်ကျူးခဲ့ပုံ အဖြစ်အပျက် တစ်ခုမှာ—

၁၃၁၄-ခုနှစ် တိပိဋကရေစာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်း ကျမ်းကြီးများကို ပြန်ဆိုနေစဉ်က ဖြစ်၏၊ အဘိဓမ္မာနောက်ပိုင်း ယမိုက် ပဋ္ဌာန်းကျမ်းကြီးများမှာ စာအုပ်ပေါင်း ၈-အုပ်, စာမျက်နှာပေါင်း ၃၅၉၈-မျက်နှာရှိ၍ ၁၈-ရက်တိုင်တိုင် ပြန်ဆိုရ၏၊ အာဂုံပြန်ပွဲရက် အစမှ အဆုံးထိ ဖြစ်၏၊ အဘိဓမ္မာနောက်ပိုင်း ပြန်ဆိုသူများ အလွန်ပင်ပန်းနွမ်းနယ်ကြ၏၊ ဆရာတော် အဘိဓမ္မာနောက်ပိုင်းကို ပြန်ဆိုနေစဉ် အထွေထွေ သာသနာ့အကျိုးဆောင် မင်္ဂလာဦးအောင်မြင့်နှင့် ဦးစန်းမောင်တို့ အနား တွင် ရှိနေကြ၏၊ ထိုစဉ် ဆရာတော့်နှုတ်တော်မှ အမှုန်ကလေးများထွက် နေသည်ကို မသင်္ကာဖွယ်ရာ တွေ့မြင်နေကြရ၏၊ သို့အတွက် စက္ကူဖြူ တစ်ရွက်ယူ၍ ဆရာတော့် နှုတ်ခမ်းအနီး၌ ထားကြည့်ရာ သွေးမှုံ သွေး စက်ကလေးများ ဖြစ်နေသည်ကို တွေ့ရ၏၊ ထိုအကြောင်း နာယကကြီး ဆာဦးသွင်အား တင်ပြရာ နာယကကြီးက ဆရာတော့်အား 'သုံးရက်ခန့် အနားယူပြီးမှ ဆက်လက်ပြန်ဆိုရန် လျှောက်ထားခဲ့သော်လည်း ဆရာ တော်က လက်မခံဘဲ ပြီးဆုံးအောင် ဆက်လက်ပြန်ဆိုခဲ့လေသည်။

## လက်နှိပ်စက်ရိုက်၍ စာဖြေ

ဆရာတော် တိပိဋကရေ ဖြေဆိုခဲ့ရာ၌ ဝိနယပိဋက ဖြေဆိုစဉ်သာ ဘာသာရပ်တူ ဖြေဆိုသူများရှိ၍ လက်ရေးဖြင့် ရေးသားဖြေဆိုခဲ့သည်၊ ဘာသာရပ်တူ ဖြေဆိုသူ မရှိသော အဘိဓမ္မပိဋကနှင့် သုတ္တန္တပိဋကတို့ကို

http://www.dhammadownload.com



ဖြေဆိုရာ၌ကား လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ဖြေဆိုတော်မူသည်၊ စာမေးပွဲ ဖြေဆိုရာ၌ လက်နှိပ်စက်ရိုက်၍ ဖြေဆိုသည်ကို မမြင်ဖူးကြသူတို့သည် ဆရာတော် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ဖြေကြားနေသည်ကို တအံ့တသြ ကြည့်ရှုကြကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူကြသည်၊ လက်နှိပ်စက် ရိုက်ဖြေရာ၌ ဆရာတော်သည် ပြင်ရာ, ဖျက်ရာ မပါ၊ အပို-အလို မရှိ၊ အစိပ်အကျဲ အထားအသိုမှစ၍ လှပသေသပ်စွာ ရိုက်နှိပ်ဖြေကြားတော် မူသည်၊ ကြီးကြပ်ရေးဆရာတော်များက "လက်နှိပ်စက်ကို လက်ချောင်း နှစ်ချောင်းတည်းနဲ့ အလွန်မြန်အောင် ရိုက်နိုင်သကိုး" ဟု ချီးမွမ်းကြရာ "ဒါက ဆင်းရဲသားရိုက် ခေါ်ပါတယ်ဘုရား" ဟု ဆရာတော်က ပြန်လည် လျှောက်ထားသဖြင့် အားလုံး ရယ်မောကြရသေးသည်။

## ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး

ကမ္ဘာပေါ်တွင် သူတကာထက် ထူးခြားစွာ ဆောင်ရွက်နိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ထူးများအကြောင်း စုပေါင်းမှတ်တမ်းတင်ထားသည့် စာအုပ်ကြီးကို **"ဂင်းနစ်မှတ်တမ်း"** ဟု ခေါ်သည်၊ အလှာပေါင်းစုံမှ လူပေါင်းစုံတို့၏ လုပ်ငန်းမျိုးစုံ ပါဝင်ပြီး ဆိုင်ရာဆိုင်ရာလုပ်ငန်း၌ ထူးချွန်စွာ ဆောင်ရွက် နိုင်သူများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်၊ အများအတွက် အကျိုး ရှိမည့် လုပ်ငန်းများလည်း ပါသည်၊ အကျိုးမရှိမည့် လုပ်ငန်းများလည်း ပါသည်၊ အကျိုးရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထူးထူးခြားခြားဆိုလျှင် အားလုံးကို မှတ်တမ်းတင်ထားသည့်သဘောပင် ဖြစ်သည်၊ ထိုမှတ်တမ်း စာအုပ်၌ ဆရာတော်ကြီးသည် **"ကမ္ဘာ့ မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ် ကြီး"** အဖြစ် ၂-နေရာတိုင်တိုင် မှတ်တမ်းတင်ခံရလေသည်။

မှတ်တမ်းတင်ခံရလောက်အောင်လည်း မှတ်ဉာဏ်ကောင်းကြောင်း လက်တွေ့သိခဲ့ကြရသည့်အချက်တစ်ခုမှာ– သတင်းစာထဲမှ နာမည်ပေါင်း

http://www.dhammadownload.com



များစွာ, နေရပ်, ဆွေမျိုးမိတ်သင်္ဂဟ များစွာ, ဂုဏ်ထူးဝိသေသ များစွာ ပါသည့် မင်္ဂလာဆောင်ကြော်ငြာရှည်ကြီးကို တစ်ခေါက် ကြည့်၍ ဖတ်ပြလိုက်ပြီးနောက် အမှားအယွင်းမရှိ အလွတ်တစ်ခေါက် ပြန်ရွတ်ပြတော်မူနိုင်သည်ကို အံ့ဩဖွယ် တွေ့ကြရလေသည်။

## မိခင်ကြီးကို ဂရုစိုက်ပုံ

ဆရာတော်သည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဟောစဉ် တရားနာပရိသတ်ထဲ၌ မိမိ၏မိခင်ကြီး ဒေါ်ဆင်နှင့် သက်တူရွယ်တူ အမျိုးသမီးများ ပါ၍ သူတို့ဝတ်ထားသော အဝတ်အစားကလည်း မိခင်ကြီးနှင့် လိုက်ဖက်မည် ထင်လျှင် "သည်အဝတ်အစား နာမည် ဘယ်လိုခေါ်ကြောင်း၊ ဘယ်နေရာတွင် ဝယ်၍ရနိုင်ကြောင်း" စသည်ကို အခြားသူများ မသိစေဘဲ မိမိတပည့်များကို ထိုအမျိုးသမီးများထံ တိုးတိုးတိတ်တိတ် သွားရောက်မေးမြန်းစေသည်၊ ထို့နောက် ကျောင်းပြန်ရောက်သည့်အခါ တပည့်များကို ထိုအဝတ်အထည်မျိုး အဝယ်ခိုင်းပြီး မိခင်ကြီးအား ပေးတော်မူသည်၊ မိခင်ကြီးနှစ်သက်သည့် အစားအစာ စသည်ကိုလည်း ဂရုတစိုက် ပေးကာ ကျွေးကာ, နေစရာ နေအိမ် ဆောက်လုပ်ပေးကာ, သင့်တော်မည့်တရားများလည်း ဟောကြားပြသပေးကာဖြင့် အလောင်းတော်မြတ် ဗောဓိသတ်ပမာ မာတုပေါသကလုပ်ငန်းကို ဝမ်းမြောက်စွာ ဆောင်ရွက်တော်မူလေသည်။

မိခင်ကြီးကို ပြုစုလုပ်ကျွေးပုံနှင့် ပတ်သက်၍ ဆရာတော်ဘုရား၏ မိန့်ကြားချက်တစ်ခုမှာ—

"ဘုန်းကြီးများ ရဟန်း ၄-ဝါလောက်အရ သက္ကသီဟ စာသင်တန်း စာချတန်း အောင်တဲ့နှစ်မှာ မှတ်မှတ်ရရ မန္တလေး မင်းကြီးတိုက် သီရိ

http://www.dhammadownload.com



ဝေပုလ္လဆရာတော် (ဦးဇာဂရ) က 'မင်း ကံကောင်းလို့ မွေးသမိခင်ကို ပြုစုစောင့်ရှောက်ခွင့်ရတယ်၊ ကြိုးစားပြီး ပြုစုကွယ်' လို့ ဆုံးမတယ်။

ဆုံးမတဲ့အချိန်ကစပြီးတော့ မွေးသမိခင်ကို ပြုစုခဲ့တာ၊ ဖြူတာကို မည်းတယ်လို့ သူကပြောလဲပဲ ဆန့်ကျင်ဘက် မပြောခဲ့ဘူး၊ ရယ်ပြီးတော့ နေခဲ့တယ်၊ မည်းတာကို ဖြူတယ်လို့ ပြောရင်လဲပဲ သူ့ကို ဆန့်ကျင်ဘက် မပြောဘူး၊ ရယ်ပြီးတော့ဘဲ နေခဲ့တယ်။

ပြီးတော့ ဘုန်းကြီးများရဲ့ မိခင်က အင်မတန် လောဘနည်းတယ်၊ သူ့ကို ဘုန်းကြီးများက တစ်လ တစ်ဆယ်လောက် ထောက်ရင် သူ ပြုံးပြုံး ပြုံးပြုံးနဲ့ သဘောကျနေတယ်၊ တစ်ခါတလေတော့ အကြောင်းညီညွတ်လို့ နှစ်ဆယ်လောက် သုံးဆယ်လောက် ထောက်လိုက်ရင် ဘာပြောတယ် မှတ်လဲ၊ 'လူကို ဒုမြတိုက်ခံရအောင် လုပ်တာလား' တဲ့၊ နှစ်ဆယ်သုံးဆယ် လောက်ဆိုရင် အင်မတန်များပြီး ဒုမြတိုက်ခံရမှာ ကြောက်တဲ့သဘောက ဒီလိုဖြစ်နေတယ်။ (ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်-ဟု ဆိုရပါမည်၊ ယခုခေတ် ငွေကြေးတန်ဖိုးနှင့် ဆိုလျှင်ကား တကယ့်ကို ရယ်စရာ ဖြစ်နေပေလိမ့်မည်။)

ထို့အတူ ဘုန်းကြီးများ ရန်ကုန်မြို့ လာတဲ့အခါ ဒိပြင် ဘယ်မှမဝင် ပေမယ်လို့ စာပေဝါသနာပါတော့ စာရွက်စက္ကူ ရောင်းတဲ့ဆိုင်တော့ ဝင် တယ်၊ အဲ သိမ်ကြီးဈေးဘက် အထည်ဆိုင်နားရောက်ရင် ကြည့်ပြီးတော့ 'ဩော်- ဒီအဆင်တော့ ငါ့အမေနဲ့ သင့်တော်တဲ့ အဆင်ဘဲ' ဆိုပြီးတော့ ခါးဝတ်တစ်ထည် အင်္ကျီလေးတစ်စုံ ဒီလိုယူပြီး ကပ္ပိပြီးတော့ သူ့ကိုပေး ရင် သူ့စိတ်ထဲမှာ ကျေနပ်တယ်၊ တစ်ခါတလေ မိမိစိတ်ထဲမှာ 'ဩော်- ဒီအဆင်ဟာဖြင့် ငါ့မိခင်နဲ့ သိပ်တော်တဲ့အဆင်ဘဲ' ဆိုပြီးတော့ ခါးဝတ်

http://www.dhammadownload.com



နှစ်ထည် အင်္ကျီနှစ်ထည် နှစ်စုံယူသွားရင် ဘာပြောသလဲ၊ 'ဒီလောက် များများကြီး ဒကာမကြီး ဘယ့်နှယ်လုပ် ဝတ်နိုင်မှာတုန်း' သူက ပြော တယ်"။

## မိဘကို မသေခင် လုပ်ကျွေး

ဆရာတော်သည် ၁၃၁၇-ခုနှစ်ခန့်တွင် မိခင်ကြီး ဒေါ်ဆင်အတွက် သဲဖြူဝရွာ၌ အိမ်ကြီးတစ်လုံး ဆောက်ပေးရာ ၁၃၂၅ ကုန်ကျခဲ့သည်၊ တစ်ရပ်တစ်ရွာတွင် နေထိုင်သူ ညီ-ဦးဘသင်ကိုလည်း ထိုအိမ်အတွက် ကုသိုလ်ပါဝင်စေလိုသည်၊ (ဆရာတော်၏ညီ ဦးဘသင်သည် ပဲခူးတိုင်း ကဝမြို့နယ် သပြေကန်ရွာ၌ နေထိုင်သည့် လယ်ပိုင်ရှင်တစ်ဦး ဖြစ်သည်) သို့ဖြစ်၍ ညီဖြစ်သူအား ပြောပြရာ ဦးဘသင်က အိမ်ဆောက်သည့်အထဲ ကုသိုလ်မပါဝင်ဘဲ မိခင်ကြီးအား ငွေ ၁၀ဝ သီးသန့်ပေးပို့သည်။

၁၃၂၃-ခုနှစ် မိခင်ကြီးဒေါ်ဆင် ကွယ်လွန်သွားချိန်တွင် ဦးဘသင် ရောက်လာပြီး မိခင်ကြီး၏ ရုပ်ကလာပ်ကို ကြည့်ကာ ရှိုက်ကြီးတငင် ငို ကြွေးလေရာ ဆရာတော်သည် ညီဖြစ်သူ ဦးဘသင်အား–

"ငိုရမှာပေါ့ကွာ၊ အေး - မင်းက အခုမှ နောင်တရပြီး ငိုကြွေးနေ တာ၊ အမေ အသက်ရှိစဉ်က မင်းဟာ အမေ့ကို ထောက်ပံ့ရမှန်း ကျွေး မွေးရမှန်း မသိဘူး၊ မင်းရဲ့ ပူဆွေးသောကဟာ နောက်ကျသွားပြီ၊ ငါက တော့ တစ်သက်လုံး မငိုရအောင် လုပ်ခဲ့တယ်၊ မင်းလို ငိုကြွေးစရာ ပူပင် သောက ရောက်စရာမလိုတော့ဘူး၊ ငါကတော့ မငိုပါဘူး၊ မိခင်အပေါ် လိုသည်ထက် ပိုပြီး ပြုစုထားတာဖြစ်လို့ ငါ ငိုဖို့မလိုဘူး၊ မင်းကတော့ နဝကမ္မ ၁၀၀ ဆိုပြီး ပို့တဲ့လူဆိုတော့ ငိုပေတော့ပေါ့ကွာ၊ ငိုကွ ငိုကွ"ဟု ကရုဏာဒေါသောဖြင့် မိန့်ကြားတော်မူသည်။ (ညီအရင်းဖြစ်၍ ဤသို့

http://www.dhammadownload.com



အားမလိုအားမရ မိန့်ကြားခြင်း ဖြစ်သည်၊ အခြားသူများကိုကား ယခုလို တစ်ကြိမ်မှ ရင့်ရင့်သီးသီး မပြောကြားခဲ့ဖူးပေ။)

ဦးဘသင်ကို အကြောင်းပြုပြီး သိကျွမ်းရသည့် ဒေါက်တာနေလင်း ဆိုသူ လူငယ်ဆရာဝန်လေးအား မိန့်ကြားသည့် ဩဝါဒတစ်ခုမှာ–

"ကိုရင်..မိဘကို လုပ်ကျွေးဗျား၊ ဘုန်းကြီးအသက် ၂၄-နှစ်အရွယ် တုန်းက ဘုန်းကြီးအကျိုးလိုလားတဲ့ ဆရာတော်တစ်ပါးက ဆုံးမဖူးတယ် 'ဦးဇင်း မိဘကို ရိုရိုသေသေ လုပ်ကျွေး၊ မိဘက ဖြူတယ်ဆိုရင် ဖြူလိုက်၊ မည်းတယ်ဆိုရင် မည်းလိုက်၊ ကိုယ်က ဝါးလုံးလို့ သိရက်သားနဲ့ မိဘက ဝါးခြမ်းဆိုရင် ခြမ်းလိုက်ဗျာ' လို့ ဩဝါဒပေးခဲ့တယ်၊ ဘုန်းကြီးလဲ အသက် ၂၄-နှစ်ကတည်းက မယ်တော်ကြီးကွယ်လွန်သည်အထိ ဒီအဆုံးအမ အတိုင်း လိုက်နာခဲ့တယ်၊ ယခုလဲ ကိုရင် မိဘကို လုပ်ကျွေးဗျာ၊ ကိုရင် အသက်ရှည်မှာပါ" ဟူ၍ ဖြစ်ပေသည်။

## ဘာသာရေးအတွက် မိန့်ကြားချက်

တစ်ချိန်က မိမိကျောင်းတိုက်မှ ရဟန်းငယ်များ ဘာသာခြားဆိုင်မှ ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူလာသည်ကို သိရှိရသဖြင့် "ဘာဖြစ်လို့ ဒီဆိုင်က ဝယ်လာရသလဲ ?" မေးတော်မူရာ "ဒီဆိုင်က ဈေးလည်း သက်သာ၊ ဆက်ဆံရေးလည်း ကောင်း၍ ဝယ်လာရခြင်းဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာ ဆိုင်များမှာ ဈေးလည်း ကြီး၍ ဆက်ဆံရေးလည်း ညံ့လှပါကြောင်း" လျှောက်ထားကြသည့်အခါ ဆရာတော်ကြီးက "အေး - ဗုဒ္ဓဘာသာဆိုင်က တစ်ဆယ်အမြတ်ယူပြီး ဘာသာခြားဆိုင်က တစ်ကျပ်ပဲ အမြတ်ယူတယ်ဆိုရင်တောင် ဦးဇင်းတို့ ဗုဒ္ဓဘာသာဆိုင်မှာဘဲ ဈေးဝယ်ရမယ်၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီ ဗုဒ္ဓဘာသာ ဈေးဆိုင်တွေ ယူလိုက်တဲ့

http://www.dhammadownload.com



အမြတ်တစ်ဆယ်က ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်တွေဆီကိုဘဲ ပြန်ရောက်မှာ၊ ဘာသာခြားတွေ ယူလိုက်တဲ့ အမြတ်တစ်ကျပ်ကျတော့ ဦးဇင်းတို့လည်းပင်းကို ကြိုးကွင်းစွပ်မယ့်နေရာ ရောက်သွားမှာ"ဟု မိန့်ကြားတော်မူလေသည်၊ ဗုဒ္ဓဘာသာဝင်အားလုံး အထူးသတိထား၍ လိုက်နာကျင့်ဆောင်သင့်သော လမ်းညွှန်ဩဝါဒစကား ဖြစ်ပေသည်။

## စိတ်ဓာတ်ကိုမြှင့် မြတ်အောင်ကျင့်

မိမိတို့၏စိတ်ဓာတ်ကို မြင့်မြင့်မြတ်မြတ်ဖြစ်အောင် ထားရှိကြဖို့နှင့် ပတ်သက်၍ မိန့်ကြားသွားသည့် ဩဝါဒတော်တစ်ခုမှာ—

"မိမိတို့စိတ် ညံ့ဖျင်းနေတာကို ပြင်ရင်ရတယ်၊ ဘယ် - စိတ်ဆိုတာ အမိမွေးကတည်းက ပကတိ ဘယ်ကောင်းမလဲ၊ ပုထုဇဉ်စိတ်ဆိုတာ ဟိုတောင်ပေါ်က ရေ တောင်အောက်ကျဖို့ရာ ဘာမှ စက်တွေ ဘာတွေ မလိုဘူး၊ သူ့အလိုလို လျှောကျသွားတယ်၊ အဲဒီလိုဘဲ ညံ့တဲ့အပိုင်းကို စိတ်ဟာ အင်မတန် ဆင်းလွယ်တယ်၊ အဲဒီတော့ သတိပြု တကယ့်အမျိုးကောင်းသားပီပီ ဦးဇင်းတို့ကို နိုင်ငံတော်အစိုးရနဲ့တကွ တိုင်းပြည်လူထုက 'မြင့်မြတ်တဲ့စိတ်ဓာတ် ရှိတဲ့ပုဂ္ဂိုလ်တွေဘဲ' လို့ ဒီလို အသိအမှတ်ပြုတယ်။

သူတို့ပြုတဲ့ အသိအမှတ်နဲ့လဲ လိုက်လျောအောင်, ကိုယ်ရည်ရွယ်တဲ့ ဥပမိဝိဝေကဖြစ်တဲ့ နိဗ္ဗာန်ကိုလဲဘဲ မျက်မှောက်ပြုနိုင်အောင် ဦးဇင်းတို့စိတ်ထဲမှာ မဟုတ်တရုတ် အကုသိုလ်စိတ်တွေ မဝင်အောင် ကျင့်ဆောင်ကြ၊ စိတ်ဓာတ်ကို မြှင့်၍ မြှင့်၍ မြတ်အောင်ကျင့်ကြ၊ ကိုယ့်စိတ်ဓာတ်ကို မြင့်မြတ်အောင် ပြုလုပ်ရတာကတော့ ဟို - အောက်မြေပြင်က ရေကို တောင်ပေါ်တင်ရတာနဲ့တူတယ်၊ အောက်မြေပြင်က ရေကို တောင်ပေါ်

http://www.dhammadownload.com



တင်ချင်ရင် စက်အားကောင်းကောင်းနဲ့ တင်ပေးရတယ်၊ အဲဒါလိုဘဲ နှလုံးသွင်းကောင်းကောင်း ယောနိသောမနသိကာရ စက်အားကောင်းကောင်းနဲ့ တင်ပေးလိုက်ရင် တကတည်း အသက်မရှိတဲ့ ရေတောင်မှ အသက်မရှိတဲ့ စက်ကို အကြောင်းပြုပြီးတော့ နည်းလမ်းမှန်ရင် တက်သေးတာဘဲ၊ အခု မိမိတို့မှာ အသက်ရှိတဲ့ ဉပါဒိန္နကခန္ဓာအစဉ် ဘာလို့ မဖြစ်ပဲ ရှိရမှာလဲ" စသည်ဖြင့် ဖြစ်လေသည်။

## ခြင်္သေ့ကြီးမှ ဆေးပေးစန်းသို့

ဓမ္မနာဒကျောင်းတိုက် အဝင်ပေါက် တစ်ဖက်တစ်ချက်တွင် သေးငယ်သော ခြင်္သေ့ရုပ်နှစ်ခု ရှိသည်၊ ကျောင်းတိုက်သို့လာနေကျ ကျောင်းဒါယကာကြီးဦးဘိုးမှီ+ကျောင်းဒါယိကာမကြီး သုဓမ္မသိင်္ဂီဒေါ်ရွှေညွန့် (ရွှေရတုတိပိဋကဓရ မြင်းမူဆရာတော်၏ မူလရဟန်းဒါယကာ) တို့က ထိုခြင်္သေ့ရုပ်ကလေးများကို မြင်ရတိုင်း 'အမြင်မတော် ဆင်တော်နှင့် ခလောက်' ဆိုသလို အမြင်မတော်ရှိလှ၍ ၁၃၂၂-ခုနှစ် ဋီကာသင်္ဂါယနာ ပထမသန္နိပါတမှ ပြန်ကြွလာသော ဆရာတော်အား "အရပ်ဆယ်တောင်လောက် မြင့်သည့် ခြင်္သေ့ရုပ်ကြီး ၂-ရုပ် လက်ရာကောင်း မုံရွာဆရာမြကို လုပ်ခိုင်း၍ လှူဒါန်းမည့်အကြောင်း" လျှောက်ထားကြသည်။

ဦးဘိုးမှီနှင့် ဒေါ်ရွှေညွန့်တို့မှာ ဆရာတော်နှင့် မိဘတမျှ ရင်းနှီးကြသူများ ဖြစ်သဖြင့် ဆရာတော်က ပွင့်ပွင့်လင်းလင်းပင် မိန့်ကြားတော်မူသည်–

"ဒကာကြီး၊ ခြင်္သေ့ကြီးနှစ်ကောင်က ငွေကုန်ကြေးကျများပြီး လူအများကောင်းကျိုးကို ပြုနိုင်မှာမဟုတ်ဖူး၊ လူအများ ကောင်းကျိုးရှိမည့် အလှူကိုသာ လှူသင့်တယ်"

http://www.dhammadownload.com



"တပည့်တော်တို့ ဘာလှူရမလဲဘုရား" ဟု ဦးဘိုးမှီက ပြန်လျှောက်ရာ ဆရာတော်က–

"မင်းကွန်းကျေးရွာ ဆေးပေးခန်းကလေးမှာ အလျား ၃-ခန်း, အနံ ၂-ခန်း အလွန်ကျဉ်းမြောင်းပါတယ်၊ မျောတိုင် ထရံကာ သက္ကယ်မိုး ဆိုတော့ မကြာခင် ခြစာဖြစ်မှာဘဲ၊ ရွာက ဆင်းရဲတော့ ဒီ့ထက်လဲ တတ်နိုင်မှာမဟုတ်ဖူး၊ အဲဒီနေရာမှာ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတဲ့အတိုင်း စံချိန်မှီ ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အဦး ဆောက်လှူလိုက်လျှင် လူအများ လက်တွေ့အကျိုးများမှာဘဲ" ဟု မိန့်သည်၊ ဦးဘိုးမှီ+ဒေါ်ရွှေညွှန့်တို့ကလည်း ဆရာတော်ညွှန်ကြားသည့်အတိုင်း အခိုင်အမာ သွပ်မိုး အုတ်နံကပ် စံချိန်မှီဆေးပေးခန်းကို ဆောက်လုပ်လှူဒါန်းသည်၊ ဆရာတော်ကိုယ်တိုင်ကလည်း အခြားလိုအပ်သည့် ကျန်းမာရေးမှူး နေအိမ်, အမှုထမ်းများနေထိုင်ရန် တန်းလျား, သောက်သုံးရေကန်စသည် ပြည့်ပြည့်စုံစုံ စီမံပေးတော်မူလေသည်။

## ဓမ္မနာဒမှ ရွှေရေးဆောင်သို့

ပုထုဇဉ်တို့သဘာဝ မိမိထံရောက်လာသော လာဘ်ကို မိမိလက်မခံဘဲ တခြားသင့်တော်ရာသို့ ညွှန်ကြားနိုင်ဖို့ အတော်ခက်သည်၊ လိုသည်ဖြစ်စေ မလိုသည်ဖြစ်စေ ရသမျှ လက်ခံထားလေ့ရှိသည်၊ အလှူရှင်များကလည်း တော်သည်-မတော်သည် အရှည်မစဉ်းစားကြတော့ဘဲ သဒ္ဒါပေါက်သည်ဆိုလျှင် မဆင်မခြင် လှူဒါန်းတတ်ကြသည်၊ နောင် မိမိတို့ လှူဒါန်းထားသည့်ပစ္စည်း သာသနာအတွက် မဖြစ်ပဲ ပျက်စီးသွားမှ နှလုံးမသာမယာ ဖြစ်ကြရသည်၊ မင်းကွန်းတိပိဋကဆရာတော်ကား ထိုသို့မဟုတ်၊ မိမိထံ ရောက်လာသော လာဘ်ကို တခြားသင့်တော်သည့်နေရာသို့ ညွှန်ကြားတော်မူသည်။

http://www.dhammadownload.com



ဆရာတော်၏ တရားဓမ္မများကို နာကြားရ၍ သဒ္ဓါတရားပေါက်နေသော မန္တလေးမြို့ ဒါးတန်း မဟာဇန္ဒုလသက်န်းတိုက်ပိုင်ရှင် ဦးဆိုင်+ဒေါ်စောတင်တို့ ဆရာတော့်ထံ ရောက်လာပြီး ဓမ္မနာဒတိုက်မှာ ခမ်းခမ်းနားနား တိုက်ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်းလိုပါကြောင်း၊ ငွေကြေးကုန်ကျမှု ဂရုမစိုက်ဘဲ ဆရာတော့်စိတ်ကြိုက် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်က ရှင်းပြသည် "ဒကာကြီး၊ ဒီဓမ္မနာဒကျောင်းတိုက်မှာ ဘုန်းကြီးမို့ သံဃာဒီလောက်များများ လက်ခံထားနိုင်တာ၊ မှီခိုနေရတာက မင်းကွန်းရွာကလေးကို မှီနေရတာ၊ ဒီရွာလေးကလဲ ခုံဖိနပ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ရွာကလေးဖြစ်တယ်၊ တခြားဘုန်းကြီးဆိုရင် ဘယ်နည်းနဲ့မှ သံဃာဒီလောက်များများ မထားနိုင်ဘူး၊ သံဃာမရှိရင်လဲ အဆောက်အဦး ဘယ်လောက်ကောင်းကောင်း မကြာမီပျက်စီးမှာဘဲ၊ သာသနာအအား အကျိုးမများလို့ ဒီမှာမဆောက်ပါနဲ့၊ မန္တလေးမြို့မှာ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးနေတဲ့ ကျောင်းတိုက်ကြီးများကို ပြုပြင်ဆောက်လုပ်ပေးပါ၊ မန္တလေးမြို့ကြီးဆိုတော့ မှီရာပစ္စည်းလေးပါးရလွယ်လို့ စာချဆရာတော် တစ်ပါးမဟုတ်တစ်ပါး ပေါ်မှာပါ၊ မန္တလေးမှာ ဆောက်ရင်တော့ ဒကာကြီးကျောင်းဟာ အစဉ်ထာဝရ သာသနာအကျိုးပြုမှာ ဖြစ်ပါတယ်၊ မန္တလေးမြို့ကြီးမှာသာ ဆောက်ပါ ဒကာကြီး၊ ဒီမှာ မဆောက်ပါနဲ့"။

ဆရာတော်၏ညွှန်ပြချက်ကို သဘောပေါက်၍ ဇန္ဒုလဦးဆိုင်+ဒေါ်စောတင်တို့ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် အလယ်တိုက်ကျောင်းကြီးကို ပြင်ဆင်ဆောက်လုပ်လှူဒါန်းသည်၊ အလျား ၁၇-ခန်း၊ အနံ ၁၃-ခန်းရှိသည့် တိုက်ကျောင်းကြီးကို မူလပုံစံ မပျက်စေဘဲ ဆောက်

http://www.dhammadownload.com



လုပ်လှူဒါန်းပြီး သံဃာတော်များအတွက် ရေလောင်းကုဋီ အဝီစိရေတွင်း ရေစက်-ရေစင် စသည်ဖြင့် လိုလေသေးမရှိ ဖြည့်ဆည်းလှူဒါန်းကြသည်။

ထိုကျောင်းကြီးပေါ်၌ ဘဒ္ဒန္တပဏ္ဍဝဆရာတော်ဘုရားကြီး ရာပေါင်း များစွာသော တပည့်သံဃာတော်တို့အား စာပေပို့ချနေသည်ကို တွေ့မြင် ရသဖြင့် ကျောင်းဒကာ-ဒကာမကြီးများမှာ ဝမ်းမြောက်ဝမ်းသာ အပရ စေတနာ ပွားကြရပြန်သည်။ ဆရာတော်ကား ပုထုဇဉ်တိုင်းမှာ ရှိတတ် သည့် လ္လာဿာ-မစ္ဆရိယတရားဆိုးများ အထူးကင်းစင်တော်မူသည့် ပုဂ္ဂိုလ် ထူး-ပုဂ္ဂိုလ်မြတ်ကြီးပါတည်း။

အကျိုးများအောင် ညွှန်ကြားပေးသည့် တိပိဋကဓရဆရာတော်အား တိုး၍ကြည်ညိုကာ 'ဓမ္မနာဒကျောင်းတိုက်မှာလည်း ဓမ္မာရုံကြီးတစ်လုံး ဆောက်လုပ်လှူဒါန်းခွင့် ပြုပါရန်' အတန်တန် တောင်းပန်နေ၍ ခွင့်ပြု လိုက်ရသည်၊ ဂန္ဓကုဋီအုတ်ပြာသာဒ်ကြီးနှင့်တကွ အလျား ၁၀-ခန်း, အနံ ၆-ခန်းရှိ ဓမ္မာရုံကြီးကို ခမ်းခမ်းနားနား ဆောက်လုပ်လှူဒါန်းပြန်သည်၊ ဆွမ်းစားကျောင်း၊ သံမဏ္ဍပ်၊ ဆွမ်းချက်ဆောင်၊ လှူအိမ်သာ၊ ရေချိုးခန်း စသည်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ဆောက်လုပ်လှူဒါန်းကြလေသည်။

## ဘုန်းကြီးမို့ ဘုန်းကြီးအလုပ် လုပ်တာ

တစ်ချိန်က ဆရာတော် တရားပွဲတွေများလွန်း၍ ဟောရပြောရတာ ပင်ပန်းလွန်းသည်ကို သိရှိသဖြင့် အလင်္ကာကျော်စွာ စာရေးဆရာကြီး ဦးသုခက "ဆရာတော်ဘုရားရဲ့ ကျန်းမာရေးကို ငဲ့ညှာပြီး တရားဟော လျှော့သင့်တယ်ထင်ပါသည်ဘုရား" ဟု လျှောက်ထားရာ ဆရာတော်က "ဒကာကြီးနှယ် ဘုန်းကြီးမို့ ဘုန်းကြီးအလုပ် လုပ်နေတာ ဘာ လာပြီး ကန့်ကွက်နေရတာလဲ၊ ဂန္ထဓုရ ဝိပဿနာဓုရတဲ့ ဘုန်းကြီးလုပ်ရမှာ ဒီနှစ်ခု

http://www.dhammadownload.com



ရှိတယ်၊ ဒကာကြီးတို့ လူတွေ လူ့ကိစ္စလုပ်ရင်း ဖျားနာသေကြတာမဟုတ်လား၊ ဖျားနာသေချင်လဲ သေပေါ့၊ အလုပ်လက်မဲ့ဘုန်းကြီးတော့ အဖြစ်မခံနိုင်ပါဘူး၊ သုခ-ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင် လုပ်စမ်းပါဦး" ဟု မိန့်ကြားတော်မူလေသည်။ (တစ်ဦးနှင့်တစ်ဦး အလွန်ရင်းနှီး၍ လျှောက်ကြ-ပြောကြခြင်း ဖြစ်ပါသည်၊ ဆရာတော်ကြီးနှင့် ဆရာကြီးတို့သည် စာပေသမားချင်းဖြစ်၍ အချင်းချင်း အလွန်လေးစားမြတ်နိုးကြပါသည်။)

## ရောင်းကောင်းလို့ စိတ်ပျက်သလား

ဆရာတော်၏ မိခင်အရင်းလို ဖြစ်နေသူ မြင်းခြံမှ ဒါယိကာမကြီး ဒေါ်အိုကလည်း ဆရာတော်ကို 'တရားလျှော့ဟောဖို့' လျှောက်ဖူးသည်၊ ဆရာတော်က ပြန်မေးသည်-

"ဒကာမကြီးဆေးရောင်းတုန်းက ရောင်းလို့အလွန်ကောင်းတဲ့အခါ မရှိဘူးလား"

"ရှိပါတယ်ဘုရား၊ တစ်ခါတစ်ခါ လက်မလယ်အောင် ရောင်းရပါတယ်"

"အဲဒီလိုအခါ စားချိန်-သောက်ချိန် ထမင်းမှန်း-ဟင်းမှန်း သိသေးသလား"

"ထမင်းစားဖို့ အချိန်မရလို့ နေ့စာ နဲ့ ညစာ ပေါင်းစားလိုက်ရတဲ့ အခါမျိုးလဲ ရှိပါတယ်ဘုရား"

"ဒီလို လက်မလယ်အောင် ရောင်းရလို့ စိတ်ကောပျက်သေးလား"

"အရှင်ဘုရားနှယ် ကြုံကြုံဖန်ဖန် ဈေးရောင်းကောင်းလို့ စိတ်ပျက်ပါ့မလား၊ ပျော်တောင် ပျော်သေးတာပေါ့"

http://www.dhammadownload.com



"ဒကာမကြီး တစ်ဘဝစာ လောကီစီးပွားရေးကိုတောင် ထမင်းမှန်းမသိ ဟင်းမှန်းမသိ လုပ်သေးတာ၊ ဦးဇင်း သံသရာရေး ဓမ္မရေးမှာ ပိုပြီးမလုပ်သင့်ဘူးလား"

ဤသို့ ပြောလိုက်ရာ ဒကာမကြီးမှာ ဘာမှ ဆက်မလျှောက်တတ်တော့ဘဲ လက်မြှောက်အရှုံးပေးခဲ့ရလေသည်။

## အလုပ်များများလုပ်မှ ကျန်းမာ

၁၃၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက် အမျိုးသားနေ့တွင် ရန်ကုန် နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၏ နိကာယ်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပိဋကဘာသာပြန်အသင်း ဥက္ကဋ္ဌကြီး (နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း) ဦးနု တက်ရောက်ကြည်ညိုသည်၊ အခမ်းအနားမစမီ ဆရာတော့်ထံ လာရောက်၍ ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထားပြီးနောက်– "တရားဟောရပြောရတာ မပင်ပန်းသေးဘူးလားဘုရား" ဟု မေးရာ ဆရာတော်က "ခုထိအောင် ဦးဇင်းတော့ မောတယ်-ပန်းတယ်ဆိုတာ မသိသေးပါဘူး" ဟု ပြန်ပြောသည်။

"ဆရာတော်က အလုပ်များများလုပ်ရမှ စိတ်ရွှင်လန်းပြီး ကျန်းမာတဲ့ ဆရာတော်မျိုးဆိုတော့ သာသနာအတွက် အလုပ်များများသာ လုပ်ပါဘုရား"ဟု ဆရာတော့်စိတ်ကြိုက် လျှောက်ထားရာ ဆရာတော်က ပြုံးပြီး "ဟုတ်တယ် ဒကာကြီး" ဟု ပြန်ပြောလေသည်။

## အဓိပတိတာပ်ပြီး အလုပ်လုပ်

"လက်နှိပ်စက်ကလေး တချောက်ချောက်ရိုက်ပြီး သာသနာပြုသွားတဲ့ ဆရာတော်ကြီးရဲ့ သာသနာပြုစံနှုန်းကို ကွန်ပျူတာတွေ အင်တာနက်

http://www.dhammadownload.com



တွေ အသုံးပြုရတဲ့ နှောင်းခေတ် ကွန်ပျူတာ-အင်တာနက် သာသနာပြု ပုဂ္ဂိုလ်တွေက ဘာဖြစ်လို့ လိုက်မမှီနိုင်ရတာလဲ"ဟူသော မေးခွန်းတစ်ခု ပေါ်ခဲ့ဖူးသည်၊ အကျဉ်းချုပ်အဖြေကား- အဓိပတိတပ်မှုချင်း ကွာခြားသောကြောင့် ဖြစ်သည်၊ ဆရာတော်ကြီးက မိမိလုပ်ငန်းအပေါ် အပြည့်အဝ စိတ်စိုက်ပြီး အဓိပတိတပ်၍ အလုပ်လုပ်တော်မူသည်၊

အာဓိပစ္စေန သံယုတ္တော၊ ယာနိ ကမ္မာနိ စေ ကရေ။

တာနေ'ကန္တေန သိဇ္ဈန္တိ၊ ဧသော လောကဿ ဓမ္မတာ (အဓိပတိတပ်ပြီးလုပ်ဆောင်သော လုပ်ငန်းကိစ္စမှန်သမျှ ပြီးစီးအောင်မြင်ရမည်မှာ လောကဓမ္မတာပင် ဖြစ်သည်) ဟူသော ဆိုရိုးစကားအရ အဓိပတိတပ်ပြီး လုပ်ဆောင်၍ အောင်မြင်ခဲ့ခြင်းဖြစ်သည်၊ ကွန်ပျူတာအင်တာနက်သမားတွေက ဆရာတော်ကြီးလောက် အဓိပတိမတပ်ကြ၊ မိမိတို့၏ ကွန်ပျူတာ အင်တာနက်များကို အားကိုးလွန်းကြသည်၊ ထို့ကြောင့်ပင် သာသနာပြု စံနှုန်းချင်း ကွာခြားသွားတာ ဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ အဓိပတိတပ်ပုံအနေအထားကို လေ့လာကြည့်ညိုကြည့်မည်ဆိုလျှင်– တိပိဋက ကျက်မှတ်ဖြေဆိုနေစဉ်က ဆရာတော်၏နှုတ်ဖျားမှ 'တိပိဋက တိပိဋက' ဟူသော အသံများသာ ကြိမ်ဖန်များစွာ ထွက်ပေါ်ခဲ့သလို ဆဋ္ဌသင်္ဂါယနာတင်ချိန်၌လည်း 'သင်္ဂါယနာ သင်္ဂါယနာ' ဟူသောအသံများသာ များစွာထွက်ပေါ်ခဲ့သည်၊ မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုနေချိန်တွင် အချိန်ရှိသရွေ့ 'မဟာဗုဒ္ဓဝင် မဟာဗုဒ္ဓဝင်' အသံများ လွှမ်းမိုးနေသလို တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်နေချိန်၌ 'တိ-နိ တိ-နိ' အသံများ, နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်သည့်အချိန်၌ 'တက္ကသိုလ် တက္ကသိုလ်' အသံများ လွှမ်းမိုး၍နေပြန်သည်၊ ဤသည်မှာ မိမိလုပ်ဆောင်နေသည့်

http://www.dhammadownload.com



လုပ်ငန်းအပေါ် အပြည့်အဝ စိတ်စိုက်၍ နှစ်မြှုပ်ထားသည်-ဆိုသည်ကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

အထူးသဖြင့်- နောက်ဆုံးသာသနာပြုလုပ်ငန်းဖြစ်သည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ပေးသည့်လုပ်ငန်းတွင် နိုင်ငံတော်အဆင့်ဖြစ်၍ လုပ်ငန်းပမာဏ ကြီးမားလှခြင်း, မိမိ၏အသက် တော်ကလည်း ၈၀-ပြည့်ခါနီး၍ အရွယ်တော်ကြီးရင့်နေခြင်းတို့ကြောင့် အမြန်ဆုံးပြီးစီးနိုင်အောင် ပိုမိုအာရုံစူးစိုက် ဆောင်ရွက်တော်မူခဲ့သည်၊ 'ဝိနယော အာသယော မယှံ' စသော အရှင်ဥပါလိ၏ ဂါထာကိုပင် ပြင် ဆင်ကာ "တက္ကသိုလ် အာသယော မယှံ၊ တက္ကသိုလ် မမ ဂေါစရော" စသည်ဖြင့် နှုတ်မှ ထုတ်ဖော်ရွတ်ဆိုတော်မူနေလေ့ရှိသည်၊ စားလည်း တက္ကသိုလ်, သွားလည်း တက္ကသိုလ် ဆိုရလောက်အောင်ပင် စိတ်ထဲ၌ အထူးစွဲမြဲတော်မူသည်။

မည်မျှအထိ စွဲမြဲသနည်းဆိုလျှင် ကျိန်းစက်အနားယူနေသည့်အချိန် ၌ပင် တက္ကသိုလ်ကြီးများတည်ဆောက်ရေး ရေစက်ချတရားများကို ယောင်ယမ်း၍ ဟောတော်မူသည်အထိ ဖြစ်သည်၊ ယောင်ယမ်း၍ဟော သည်မှာလည်း အခြားသူတွေလို တစ်လုံးစ နှစ်လုံးစ ယောင်ယမ်းခြင်း မဟုတ်၊ တရားပွဲကြီးတစ်ပွဲ ဟောသလို အစ-အဆုံး (ရေစက်ချပြီးသည် အထိ) ဟောခြင်းဖြစ်သည်၊ ယောင်ယမ်းနေသည်နှင့်မတူ တကယ့်တရား ဟောနေသလို တရားသားအစစ်ကိုသာ အမှားအယွင်းမရှိ ဟောနေခြင်း ဖြစ်သည်၊ ဤသို့ ယောင်ယမ်းတရားဟောသည်ကို တပည့်များ လေးငါး ကြိမ်မက ကြုံကြရသည်၊ "သြော် - စိတ်ထဲမှာ ဒါလောက်စွဲမြဲထားလို့လဲ ဒီလို အောင်မြင်တော်မူတာဘဲကိုး" ဟု တွေးမြင်သိရှိကာ ကြည်ညိုမဆုံး ဖြစ်ကြရလေသည်။

http://www.dhammadownload.com



## ကိုယ်နားမလည်သောအလုပ်ကို မလုပ်

ဆရာတော်ကြီးသည် ကိုယ်နားလည်ကျွမ်းကျင်သော အလုပ်ကို ကြိုးစားပမ်းစား မနားမနေ လုပ်ဆောင်တော်မူသလောက် ကိုယ်မကျွမ်းကျင်သော အလုပ်ကိုမူ လုပ်ဆောင်လေ့မရှိပေ၊ သံဃာ့အဖွဲ့အစည်းများ စတင်ဖွဲ့စည်းခါနီးအချိန်က ဝန်ဆောင်ဆရာတော်များ ရွေးချယ်ရာတွင် စစ်ကိုင်းအခြေခံဒေသမှ ဝန်ဆောင်ဆရာတော် ၂-ပါးရရှိရာ ဆရာတော် အရွေးမခံသဖြင့် မေးမြန်းလျှောက်ထားကြည့်သည့်အခါ "တပည့်တော်က အကြောင်းအကျိုး ဘာမှမသိရသေးဘဲ 'ဝန်ဆောင်' ဆိုရုံနဲ့ ဘာဝန်ဆောင်ရမှန်းမသိလို့ လက်မခံလိုက်တာပါ" ဟု မိန့်ကြားတော်မူသည်။

၁၉၈၈-ခုနှစ် ဒီမိုကရေစီအရေးအခင်းကြီးတွင်လည်း ပါဝင်ပေးရန် တောင်းဆိုလာကြသည့်အခါ–

"ဘုန်းကြီးသည် ရှေးကစ၍ ယခုအချိန်အထိ ဘယ်နိုင်ငံရေးအဖွဲ့မှာမှ မပါဝင်ခဲ့ဖူးပါ။ နောင်လဲ ပါဝင်မည်မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံရေးကိစ္စ နားမလည်ပါ။ ဗဟုသုတမရှိပါ။ နိုင်ငံရေး လောကီရေးနှင့် ပတ်သက်သော စကားတို့ကို နားလည်းမလည်, ပြောလည်း မပြောတတ်ပါ။

နားမလည်ပဲ, ပြောလည်း မပြောတတ်ပဲနှင့် နိုင်ငံရေးနှင့်ပတ်သက်သော စကားတို့ကို ပြောကြားလျှင် ပြောမှားဆိုမှား ဖြစ်မည်ကို အလွန်စိုးရိမ်ကြောက်ရွံ့လှပါသည်။

ထို့ကြောင့်ပင် ဘုန်းကြီးသည် သာမဏေဘဝ ၁၉-နှစ်သားက စ၍ တောအရပ်၌သာ နေခဲ့သူပီပီ ယခုအခါမှာလည်း နိုင်ငံရေး၌ ပြောဆို-ပါဝင်မှု လုံးဝမပြုဘဲ တောအရပ်၌နေကာ မေတ္တာတရား ပွားများနေပါမည်၊ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ" ဟု ပြန်လည်မိန့်ကြားပြီး ငြင်းပယ်တော်မူခဲ့လေသည်။

http://www.dhammadownload.com



## နိဿရဏတ္ထပရိယတ္တိ ဖြစ်ပါစေ

တပည့်တော်တို့နဲ့ဆိုင်တဲ့ ပရိယတ္တိက မကောင်းတဲ့ပရိယတ္တိတစ်မျိုး ကောင်းတဲ့ပရိယတ္တိ တစ်မျိုး၊ ဒီနှစ်မျိုးမှာ- "သီလဟောတဲ့သုတ္တန်ကို မိမိ လေ့လာတယ်ဆို ထိုစာက လာတဲ့သီလ ငါ့ကိုယ်ရောက်စေမယ်၊ သမာဓိ ဟောတဲ့သုတ္တန် ရောက်တဲ့အခါ သုတ္တန်က သမာဓိ ငါ့ကိုယ်ရောက်စေ မယ်၊ ပညာဟောတဲ့သုတ္တန် ရွတ်အံ့ကြံကြည့်ရင် သုတ္တန်က လာတဲ့ပညာ ငါ့ကိုယ်ရောက်စေမယ်" လို့ အဒီလိုနှလုံးသွင်းပြီးတော့ စာကျက်-စာအံ- စာကြည့် ပရိယတ္တိအလုပ်ကို ပြုလုပ်ရင် အရှင်တို့ရဲ့ စာဖပပရိယတ္တိဟာ သံသရာမှ ကျွတ်လွတ်ခြင်း နိဿရဏအကျိုးရတဲ့ ပရိယတ္တိ၊ ကောင်းတဲ့ ပရိယတ္တိ ဖြစ်ပါပြီ၊ အဲဒီလိုဖြစ်အောင် ကြိုးစားကြ၊ မကောင်းတဲ့ အလ ဂဒ္ဒူပမ ပရိယတ္တိမျိုး မဖြစ်စေနဲ့-ဟုလည်း သတိပေးစကား မိန့်ကြားတော် မူသည်။

## မအပ်စပ်သောပစ္စည်း လက်မခံ

၁၃၅၂ (၁၉၉၀)-ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ကိုယ်တိုင် မင်းကွန်းသို့ လာ ရောက်၍ ဆရာတော်ကြီးအား ရုပ်မြင်သံကြားစက်တစ်လုံး လှူဒါန်း သည်၊ မအပ်စပ်သောပစ္စည်းဖြစ်၍ ဆရာတော်ကြီးက လက်မခံ အတန် တန် ငြင်းပယ်သည်၊ "ရဟန်းတော်များနှင့် မအပ်စပ်ကြောင်း" ရှင်းပြ သည်၊ ဗိုလ်ချုပ်မှူးကြီးက အလျှော့မပေး၊ "မဟုတ်ပါဘူးဘုရား၊ ဆရာ တော်ကြီး သတင်းလေးဘာလေး ကြည့်ရအောင်လို့ပါဘုရား" ဟု အတင်း အကြပ် လျှောက်ထားသည်၊ မလှူရ မနေသည့်ပုံစံ ဖြစ်လာသည်။

ဘယ်လိုမှ ငြင်းပယ်၍ မရတော့သည့်အဆုံး၌ ဆရာတော်ကြီးက "ဒကာကြီး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှာ သံဃာ

http://www.dhammadownload.com



တွေ အများကြီးရှိတယ်၊ အဲဒါလဲ ဘုန်းကြီးရဲ့ကျောင်းတိုက်ပါဘဲ၊ အဲဒီမှာ လှူထားခဲ့ပါ”ဟု မိန့်ကြားတော်မူလိုက်လေသည်။ (မအပ်စပ်သောပစ္စည်း ဖြစ်ပြီး လှူဒါန်းသူကလည်း အာဏာပိုင်ပုဂ္ဂိုလ် ဖြစ်နေသဖြင့် မလွှဲသာ မရှောင်သာ စီမံလိုက်ရခြင်း ဖြစ်ဟန်တူသည်၊ ဝန်ကြီးချုပ်ဦးနု လှူဒါန်း သော မော်တော်ကားကို ရအောင်ငြင်းပယ်ခဲ့သည့် ဆရာတော်ကြီးသည် စစ်ဦးဘီလူးလို ဖြစ်နေသည့် အာဏာရှင်ကိုမူ ဇွတ်မဆန့်ကျင်လိုသဖြင့် ဤသို့ စီမံလိုက်ခြင်း ဖြစ်ပါလိမ့်မည်။)

## ပြည်တွင်း၌သာ သာသနာပြု

ဆရာတော်သည် ‘နိုင်ငံခြားသို့ ကြွရောက်သာသနာပြုဖို့’ လျှောက် ထားလာမှု မှန်သမျှကို ငြင်းပယ်တော်မူခဲ့သည်ချည်း ဖြစ်သည်၊ “တခြား စွမ်းနိုင်တဲ့ဆရာတော်တွေ ကြွကြပါလိမ့်မယ်၊ ဘုန်းကြီးကတော့ ကိုယ့် ပြည်တွင်းမှာတောင် နှံ့အောင် သာသနာမပြုရသေးဘူး”ဟု မိန့်ကြား၍ နိုင်ငံရပ်ခြားသို့ တစ်ခါမှ ကြွတော်မမူခဲ့ပေ၊ ဗုဒ္ဓဂယာသို့ပင် ဘုရားဖူး မကြွခဲ့၊ “ဘုန်းကြီးတို့ အထွဋ်အမြတ်ထားတဲ့ နေရာမှာ ဘာသာခြားတွေ မတော်တရော် လုပ်နေတာတွေ့ရရင် အလကားနေရင်း အကုသိုလ်ဖြစ် နေပါ့မယ်”ဟု အမိန့်ရှိတော်မူသည်။ ပစ္စည်းများ အသုံးပြုရာတွင်လည်း နိုင်ငံခြားဖြစ်ကို သိပ်အသုံးမပြုခဲ့။ တစ်ချိန်က ဆရာတော်အား ဒါယကာ များက နိုင်ငံခြားဖြစ် စက္ကူထုပ်များ လှူဒါန်းကြရာ ဆရာတော်က–

“ဘုန်းကြီးကတော့ ဒေလီကို မသုံးဘူး၊ ရေနီကိုဘဲ သုံးတယ်”ဟု အမိန့်ရှိတော်မူသည်။ (ဒေလီ-ဆိုသည်မှာ နယူးဒေလီ = နိုင်ငံခြားဖြစ် စက္ကူကို ဆိုလိုသည်၊ ရေနီ-ဆိုသည်မှာကား ရေနီစက္ကူစက်ရုံမှ ထုတ် လုပ်သည့် ပြည်တွင်းဖြစ်စက္ကူကို ဆိုခြင်း ဖြစ်သည်၊) ‘ပြည်တွင်းဖြစ်ကို

မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး၏ သက်တော် - ၈၀ ပတ္တမြားရတု အထိမ်းအမှတ်

တိပိဋက နိကာယ စာချကျောင်းတော်




http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



**အားပေးပါ' ဆိုသော ယနေ့ခေတ် ကြွေးကြော်သံကို ဆရာတော်ကြီးက စောစောကပင် လိုက်နာကျင့်သုံးခဲ့ပြီး ဖြစ်လေသည်။**

## ပေါ်များလျှင် အဖိုးမတန်

နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ထောင်ပြီး ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များကို မွေးထုတ်ကာ ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာတော် ပြန့်ပွားသွားအောင် ဆောင်ရွက်မည့်အကြောင်း ကြားသိရသော ရဟန်းငယ်တစ်ပါးသည် ဆရာတော်ကြီးထံ လာရောက်၍ "ယခုအခါ ကမ္ဘာအရပ်ရပ်၌ ဘာသာခြားများ အလွန့်အလွန် ပေါများပြီး ဗုဒ္ဓဘာသာဝင်ဦးရေ နည်းပါးလှသဖြင့် ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်ဖို့ကိစ္စ လွယ်ပါမည်လားဘုရား" လျှောက်ထားရာ ဆရာတော်ကြီးက **"အဖိုးတန်သောပစ္စည်းဆိုသည်မှာ နည်းနည်းသာ ရှိတတ်ကြောင်း၊ ပေါ်များလျှင်လည်း အဖိုးမတန်တတ်ကြောင်း"** ပြန်လည်မိန့်ကြားတော်မူလေသည်။

## ဘုရားထက် ပိုတတ်ချင်သူ

၁၃၄၅-ခုနှစ် ကမ္ဘာအေးကုန်းမြေ အပရဂေါယာန ကျောင်းဆောင်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ ဆရာအဖြစ် တာဝန်ယူကြမည့် ဆရာတော်များအား ၆-လ မွမ်းမံသင်တန်းပေးခဲ့စဉ်က ဖြစ်သည်၊ သင်တန်းတက်ရောက်သူ ဆရာတော်များအတွက် ဆွမ်းကွမ်းကိစ္စကို မင်းကွန်းဆရာတော်ကြီး ဦးဆောင်သော တိ-နိ သာသနာပြုအဖွဲ့က တာဝန်ယူရသည်၊ ဆွမ်းကပ်သည့်အခါ ဆရာတော်များအား ဇွန်း-ခက်ရင်းတို့ဖြင့် စီစဉ်ဆက်ကပ်သည်ကို သာသနာရေးဦးစီးဌာနမှ ပညာရှိ လူပြန်တော် အရာရှိကြီးတစ်ဦးသည် လုံးဝ သည်းမခံနိုင် ဖြစ်နေ

http://www.dhammadownload.com



သည်၊ 'ထိုသို့ ဇွန်း-ခက်ရင်းများဖြင့် မကပ်ရန်' တိ-နိ အဖွဲ့ကို ပြောသည့်အခါ 'ဆရာတော်ကြီး၏ အစီအမံအတိုင်း ဆက်ကပ်ခြင်းဖြစ်ကြောင်း' ပြန်ပြောသဖြင့် ထိုအရာရှိကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးထံ သွားရောက်၍ "မင်းကွန်းဆရာတော်က မွမ်းမံသင်တန်းသား ဆရာတော်များကို ဇွန်း-ခက်ရင်းတို့ဖြင့် ဆွမ်းကပ်ခိုင်းနေသဖြင့် မင်းကွန်းဆရာတော်အား ပြောဆိုဆုံးမပေးပါရန်" လျှောက်ထားရာ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးက–

**"ဟေ့ကောင် ---၊ မင်းက ဘုရားထက် ပိုတတ်ချင်တဲ့အကောင်ဘဲ၊ မင်းကွန်းဆရာတော်က ခိုင်းတာကို ဘာဖြစ်လို့ ပြန်ဝေဖန်နေရတာလဲ၊ ခိုင်းရင် ခိုင်းတဲ့အတိုင်း လုပ်ပေးလိုက်ပါလား"** ဟု ငေါက်ငမ်း မိန့်ကြားတော်မူလိုက်လေသည်။ (မင်းကွန်းဆရာတော်ကြီးကို ဘုရားဟု တင်စားလိုက်ခြင်း ဖြစ်သည်၊ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် အကျိုးတော်ဆောင် မင်းကွန်းတိပိဋကဓရဆရာတော်အား ဂုဏပဋိမာနနအနေဖြင့် လွန်စွာ လေးစားမြတ်နိုးတော်မူလေသည်။)

ထိုကိစ္စနှင့်ပတ်သက်၍ မင်းကွန်းဆရာတော်ကြီးနှင့် ထိုအရာရှိကြီးတို့ တိုက်ရိုက်တွေ့ဆုံ၍လည်း လျှောက်ထားပြောကြားဖြစ်ခဲ့သည်၊ ဆရာတော်ကြီးက နားဝင်အောင် ရှင်းပြသော်လည်း နားမဝင်နိုင်ဘဲ ထိုအရာရှိကြီးသည် မာန်မာနခက်ထန်သူပီပီ "ဘုန်းကြီးတွေ ဇွန်း-ခက်ရင်းနဲ့ ဆွမ်းစားရမယ်လို့ ဘယ်ဘုရားက ဟောခဲ့လို့လဲ" ဟု မေးရာ ဆရာတော်ကြီးက "အေး - ဒါဆိုရင် ဇွန်း-ခက်ရင်းနဲ့ ဆွမ်းမစားရဘူးလို့ရော ဘယ်ဘုရားက ဟောခဲ့လို့လဲ" ဟု ပြန်မေးတော်မူသည်။

ရဟန်းများ ဇွန်း-ခက်ရင်းတို့ဖြင့် ဆွမ်းစားဖို့-မစားဖို့ကို တိုက်ရိုက်ပညတ်ချက်မရှိ၊ ထိုသို့ တိုက်ရိုက်ပညတ်ချက် မရှိသည့်နေရာ၌ ဤလုပ်

http://www.dhammadownload.com



ငန်းသည် အပ်စပ်ဖို့ အကြောင်းရှိသည် (ကပ္ပိယာနုလောမ ဖြစ်နိုင်သည်၊ ရဟန်းများလုပ်လျှင် အပြစ်မဖြစ်နိုင်) ဆိုလျှင် ထိုအလုပ်မျိုးကို ရှေးရှေး ဆရာတော်ကြီးများလည်း လုပ်လေ့ရှိခဲ့ရာ မင်းကွန်းဆရာတော်ကြီးက လည်း ဤအတိုင်းပင် ယူဆ၍ စီမံပေးတော်မူခြင်း ဖြစ်ပေသည်၊ ဖွန်း-ခက်ရင်းတို့ဖြင့် ဆွမ်းကပ်လျှင် လက်ဆေးရေ၊ ဆပ်ပြာခွက်, ထွေးခံ စသည် တို့ကို ထားပေးနေစရာ မလို၊ ညစ်ပတ်ပေရေမှုလည်း မရှိနိုင်၊ ထို့ပြင် ကမ္ဘာကို သာသနာပြုဖို့ ကြိုးစားနေသော ဤအခါမျိုးဝယ် တစ်ကမ္ဘာလုံး လိုလိုက ကျင့်သုံးနေသောမှုနှင့်လည်း ကိုက်ညီသည်-ဟူသော မြော်မြင် ချက်တို့ဖြင့် စီမံဆောင်ရွက်တော်မူခြင်း ဖြစ်ပေသည်။

(ဆရာတော်ကြီးကို ယခုလို ကြမ်းကြမ်းတမ်းတမ်း ပြန်ပြောရဲသော ထိုအရာရှိကြီးသည် ဆရာတော် တိပိဋကဓရ အောင်မြင်ခါစကလည်း သူက ရဟန်းငယ်ဘဝဖြင့် "အလကားပါ၊ ဆာဦးသွင်ရဟန်းမို့ အအောင် ပေးနေတာပါ၊ အထင်ကြီးစရာ မရှိပါဘူး" ဟု စွပ်စွဲပုတ်ခတ်ခဲ့ဖူးသည်။)

ဆရာတော်ကြီးသည် ဤကဲ့သို့ လျှော့ပေါ့၍ရသော လုပ်ငန်းများ၌ လျှော့ပေါ့၍ စီမံခဲ့သော်လည်း လျှော့၍မရသော ဂရုကသိက္ခာပဒပဋိ-သံယုတ္တကိစ္စများ၌မူ မလျှော့ပေါ့ဘဲ ဂရုတစိုက် စီမံတော်မူခဲ့သည်ကို တွေ့ရသည်၊ နမူနာတစ်ခုမှာ–

၁၉၆၄-ခုနှစ် တစ်နေ့တွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံကြီး၌ တရားဟောရန် လက်ခံထားပြီးမှ တရားပွဲကို ဖျက်သိမ်းပြီး မင်းကွန်းသို့ အရေးတကြီး ပြန်ကြွသွားသည်၊ တရားနာပရိသတ်များ လာသည့်အခါ တရားပွဲက မရှိတော့၊ ဤကိစ္စမှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စ ဖြစ်သည်၊ ဆရာ တော်ကြီးသည် တရားပွဲကို ဖျက်သည်ဟု သိပ်မရှိတတ်၊ ကျန်းမာရေး မကောင်းလျှင်ပင် အိပ်ရာထဲ လဲမနေသမျှ ဟောဖြစ်အောင် ဟောတတ်

http://www.dhammadownload.com



သည်၊ သို့ပါလျက် ယခု တရားပွဲဖျက်ပြီး အရေးတကြီး ပြန်ကြွသွားသည် ဆိုသောအခါ ဒကာ-ဒကာမများ စိတ်ပူကြသည်၊ အကြောင်းမသိသော သာသနာ့ဒါယိကာမကြီးတစ်ဦးက ပြန်မကြွဖို့ တားမိသည်၊ "ဘုန်းကြီးကို ဘုန်းကြီးလို ကြည်ညိုနေချင်ရင် ဘုန်းကြီးကို မတားနဲ့"ဟု တိုပြတ်ပြတ် မိန့်ကြားတော်မူသွားသည်။

နောက် ၁၀-ရက်ခန့်ကြာမှ တက္ကသိုလ်ဓမ္မာရုံသို့ ကြွရောက်တရား ဟောသည်၊ တရားပွဲအပြီး လူရှင်းသွားချိန် ဆရာကြီးဦးသုခက အကျိုး အကြောင်း သွားရောက်မေးမြန်းလျှောက်ထားကြည့်ရာ-

"အရေးတကြီးဆို မပြန်မဖြစ်လို့ ပြန်ရတာ ဒကာကြီးရဲ့၊ အကြောင်း က ဒီလို ..၊ အဲဒီနေ့က အစိုးရက တစ်ရာတန်နဲ့ ငါးဆယ်တန် ငွေစက္ကူ တွေ တရားမဝင်တော့ဘူး၊ သတ်မှတ်တဲ့ နှုန်းထားနဲ့ အမြန်ဆုံး လဲလှယ် ခွင့်ပြုမယ်လို့ ကြေညာလိုက်တယ်မဟုတ်လား၊ အဲဒါ ဘုန်းကြီးကျောင်း မှာ ဒကာ-ဒကာမများက သူတို့ငွေကို ရဟန်းတွေရဲ့ငွေ အလုပ်ခိုင်း, ရဟန်းငယ်တွေက သူတို့ငွေကလေးများ ရှိကြလို့ ဒကာ-မကာမရဲ့ငွေ အလုပ်ခိုင်း ဖြစ်ကုန်ကြရင် ရဟန်းငယ်တွေ ပါရာဇိကကျကုန်မှာ၊ ဗုဒ္ဓရဲ့ ဒုတိယသိက္ခာပုဒ်တော်ကြီးကို ကြည့်၊ ဒါ့ကြောင့် အုပ်မိ ဆိုင်းမိအောင် မြန်မြန်ပြန်စစ်ရတာ၊ တော်ပါသေးရဲ့ အပြစ်အနာအဆာ အများအယွင်း မရှိကြလို့"ဟု ရှင်းပြမိန့်ကြားတော်မူလေသည်။

(မိမိတပည့်များ ပါရာဇိက ကျသွားနိုင်သည့် အရေးကြောင့် တရား ပွဲကိုဖျက်ပြီး ကမန်းကတန်း ပြန်ကြွတော်မူခဲ့သည်၊ တိုင်းသူပြည်သားတို့ ဘဝတွင် ငွေစက္ကူ တရားမဝင်ကြေညာမှုကို ပထမဆုံး ကြုံတွေ့လိုက်ရ ခြင်း ဖြစ်သည်၊ ၁၉၈၅, ၁၉၈၇-ခုနှစ်များ၌ ဒုတိယအကြိမ်နှင့် တတိယ အကြိမ် ထပ်မံ ကြုံတွေ့ကြရပြန်လေသည်။)

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



## ခက်တာဘဲ ခက်တာဘဲ

ဆရာတော့်ဘဝတွင် ဖြေရှင်းပေးခဲ့ရသော ပြဿနာ အများအပြား ရှိခဲ့သည့်အနက် အချို့ပြဿနာများတွင် မည်သူ့ဘက်က လွန်သည်ဟု ယတိပြတ် ဆုံးဖြတ်၍ရသော်လည်း နှစ်ဘက်စလုံး လွန်နေသဖြင့် (သို့ မဟုတ်) နှစ်ဘက်စလုံးက မှန်နေသဖြင့် တိတိကျကျ မဆုံးဖြတ်လိုသော ပြဿနာအချို့လည်း ရှိခဲ့ရာ ထိုအခါမျိုးဝယ် ဆရာတော်သည် မည်သူ မှန်သည်-မည်သူ မှားသည်ဟု မဆုံးဖြတ်ဘဲ "ခက်တာဘဲ ခက်တာဘဲ" ဟုသာ ညည်းညူတော်မူလေ့ရှိသည်၊ ထို 'ခက်တာဘဲ' များအနက် အချို့ မှာ—

၁။ သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်ခါစ သာသနာသန့်ရှင်းရေး ကာလတွင် အန္တိမပြစ်မှုကြီးများ လွန်ကျူးထားသူများကို အာဏာစက် ဖြင့် ဖော်ထုတ်အရေးယူခဲ့ရာ အတော်များများမှာ တကယ်ပင် အပြစ်ရှိ သူများ ဖြစ်ကြသော်လည်း အချို့အပြစ်မရှိသူများလည်း ရောယောင်ပြီး ပါသွားတာ ရှိသည်၊ အပြစ်မရှိသူများ အရေးယူ (လူဝတ်လဲ) ခံရသဖြင့် သာသနာတော် ထိခိုက်နစ်နာရသည့်အကြောင်းကို ဆရာတော်ကြီးအား ဝိုင်းဝန်းလျှောက်ထားကြသည့်အခါ ဆရာတော်ကြီးသည် အတတ်နိုင်ဆုံး ပြန်လည်စီစစ်ကြည့်ပြီးနောက် "ခက်တာဘဲ ခက်တာဘဲ"ဟု ညည်းညူ တော်မူသည်။ (ထိုအချိန်က အရေးယူခံရသူ အများစုမှာ မာတုဂါမမှု ဖြင့် အရေးယူခံရခြင်း ဖြစ်ရာ ရဟန်းများကလည်း အမျိုးသမီးများနှင့် သံသယဖြစ်လောက်အောင် ရင်းရင်းနှီးနှီး ဆက်ဆံနေကြ၍ အထောက် အထားများအရ ဟုတ်သလိုလို ရှိနေပြီး ကာယကံရှင်က မဟုတ်ကြောင်း ငြင်းဆိုနေသည်၊ သို့ဖြစ်၍ သံဃဝိနိစ္ဆယရုံးက ဝိနည်းနှင့်အညီ နေဝသုဒ္ဓ နာသုဒ္ဓဟု ဆုံးဖြတ်သည်၊ နေဝသုဒ္ဓနာသုဒ္ဓ-ဆိုသည်နှင့် လူဝတ်လဲခိုင်း

http://www.dhammadownload.com



ရမည်-ဆိုသည့်မူကို နိုင်ငံတော်က ချမှတ်ပေးထားရာ နေဝသုဒ္ဓနာသုဒ္ဓများမှာ လူဝတ်လဲကြရတော့သည်၊ ကာယကံရှင်များကိုလည်း မယုံရဲ၊ အာဏာပိုင်များ၏ လုပ်ပုံကိုလည်း သဘောမကျသဖြင့် 'ခက်တာဘဲ'ဟု သာ ညည်းတော်မူရတော့သည်။)

၂။ မိမိတည်ထောင်ထားသည့် မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်တွင် သံဃာတစ်ပါးက စာကျက်နေစဉ် တစ်ပါးက ကက်ဆက်ဖွင့်မိသည်၊ စာကျက်နေသူက စာကျက်၍မရ အနှောင့်အယှက် ဖြစ်သဖြင့် အရေးယူပေးပါရန် ဆရာတော်ကြီးထံ စာရေးတိုင်ကြားသည်၊ ဆရာတော်ကြီးသည် စာကိုဖတ်ပြီး "ခက်တာဘဲ ခက်တာဘဲ"ဟု ညည်းတော်မူသည်၊ စာကျက်သူနှင့် ကက်ဆက်ဖွင့်သူ ဖြစ်၍ ကက်ဆက်ဖွင့်သူကို အရေးယူလိုက်ရန် ဖြစ်သော်လည်း စာရေးတိုင်ကြားသူမှာ ပြဿနာမရှိ ပြဿနာရှာတတ်သူတစ်ဦး ဖြစ်ကြောင်း သိထားသဖြင့် ယခုလို ညည်းတော်မူခြင်း ဖြစ်သည်။

၃။ ၁၉၉၀-ပြည့်နှစ် ရှစ်လေးလုံး ၂-နှစ်ပြည့်ချိန်တွင် ဆွမ်းလောင်းပွဲသို့ ကြွလာသည့် သံဃာတော်များနှင့် လုံခြုံရေးစစ်သားများ ပဋိပက္ခဖြစ်ရာမှ သံဃာတော်များက အစိုးရကို သပိတ်မှောက်သည်အထိ ကျယ်ပြန့်သွားသည်တွင် ဆရာတော်ကြီးသည် "ခက်တာဘဲ ခက်တာဘဲ"ဟု ညည်းတော်မူသည်၊ အစိုးရဘက်ကရော သံဃာတော်များဘက်ကရော နှစ်ဘက်စလုံး မှန်သည်ဟု သဘောရသဖြင့် ညည်းတော်မူခြင်းဖြစ်မည်ထင်သည်၊ ဆွမ်းလောင်းသောကြောင့် သံဃာတော်များက အလှူခံကြွသည်၊ အပြစ်မရှိ၊ အစိုးရအနေနှင့်ကလည်း 'ပြဿနာတစ်ခုခု ဖြစ်လေမည်လား စိုးရိမ်ပြီး တားဆီးခြင်းဖြစ်၍ အပြစ်မရှိ'ဟု ငြင်းခဲ့သည်၊ ထိုအခါ ဆရာတော်ကြီးလည်း ညည်းရုံသာ ညည်းနိုင်တော့သည်။

http://www.dhammadownload.com



## ရှေးထုံးကို မပယ်

ဆရာတော်ကြီးသည် ရှေးလူကြီးသူမတို့ သတ်မှတ်ထားခဲ့သည့် ထုံးတမ်းစဉ်လာများကို မပယ်ရှားခဲ့၊ တစ်ဖက်သတ် အယူသီးမှုလည်း မရှိ၊ ငြင်းပယ်သည့်သဘောလည်း မပါဘဲ မျှတစွာ ကျင့်သုံးတော်မူခဲ့သည်ကို တွေ့ရသည်။

နမူနာများမှာ- ၁၂၉၉-ခုနှစ်၌ ဥပဇ္ဈာယ်ဖြစ်သူ ဓမ္မနာဒဆရာတော်ဘုရား ပျံလွန်တော်မူသွားသည်၊ အဂ္ဂိစျာပနပွဲ ပြီးသည့်အခါ ဆရာကြီး ဒေါ်ဓမ္မစာရီက "ဓမ္မနာဒဆရာတော်သည် မြတ်စွာဘုရားကို အင်မတန် ကြည်ညိုသူ ဖြစ်သဖြင့် ဆရာတော်၏ အရိုးတော်များကို စက်တော်ရာ စေတီ တစ်ဆူဆူ၏ အောက်၌ ထားရှိပူဇော်လိုကြောင်း" လျှောက်ထားသည်၊ မယ်တော်ကြီးစကားကို ငြင်းပယ်ရန် မသင့်သဖြင့် ဓမ္မနာဒတိုက် အတွင်း၌ စက်တော်ရာ အရိုးအိုးစေတီတစ်ဆူ တည်ပေးခဲ့သော်လည်း ဆရာတော် အရှင်ပညာစက္က၏ အရိုးတော်တို့ကိုမူ ထိုအောက်၌ မထားရှိခဲ့ပေ၊ စေတီတည်သည့် ပန်းရံဆရာတို့အား ညအချိန်တွင် မယ်တော်ကြီး မသိအောင် မြစ်တွင်းသို့ မျှောချပူဇော်စေခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော်ကို ကြည်ညိုလေးစားသော်လည်း ကျောင်းတိုက်အတွင်း၌ အရိုးအိုးဂူပုထိုးများရှိက ထိုကျောင်းတိုက် မကြီးပွား မတိုးတက်-ဟု ရှေးဆရာတော်ကြီးများ ယူဆကြသောကြောင့် ဖြစ်လေသည်။ (မယ်တော်ကြီးကမူ ထိုအကြောင်းကို မသိသဖြင့် ထိုစက်တော်ရာစေတီတော်၏အောက်၌ ဆရာတော်ဦးပညာစက္က၏ အရိုးတော်များ ရှိသည်-ဟုသာ တစ်သက်လုံး မှတ်ယူသွားလေသည်။)

၁၃၅၂-ခုနှစ် တိပိဋကနိကာယ စာချကျောင်းတော်ကြီး ဆောက်လုပ်သည့်အခါ အနောက်မြောက်ထောင့်သည် မိမိ၏ ဘုမ္မိအရပ် ဖြစ်၍

http://www.dhammadownload.com



ကုဋီနှင့် ရေချိုးခန်းကို ထိုထောင့်၌ ထားရှိဖို့ရန် အမိန့်ရှိတော်မူသည်။ (ပရိဝါရ နေထမျှော်ရှု အာယုရပ်တွင် နံပင်စိုက်ကောင်း တစ်ကြောင်းနဂရ တည်ထမြို့ရှာ ဘုမ္မိမှာမူ ထားရာ သုသာန်-စသော လက်ာလေးကိုလည်း ရွတ်ပြတော်မူသည်။)

၁၃၅၃-ခုနှစ် ဝါခေါင်လ တိ-နိ သံဃာတော်များအား စာဝါများ စတင်ပို့ချမည်ပြုသောအခါ 'ဝါဆိုဝါခေါင် တစ်ရက်ရှောင်' ဟူသော ရှေး လူကြီးသူမတို့ စကားအတိုင်း ဝါခေါင်လဆန်း ၁-ရက်နေ့သည် မဟာ ရက်ကြမ်း ဖြစ်နေ၍ စာဝါများ မစကြဘဲ ၂-ရက်နေ့ကျမှ စတင်ပို့ချကြ ဖို့ရန် မိန့်ကြားတော်မူသည်။

## အနုဋ္ဌရတနာ စာတမ်းလွှာ

ဆရာတော်သည် တရားဒေသနာ များစွာကို ဟောကြားသွားသော် လည်း ပြီးပြီးရောဟူ၍ ဟောကြားသောတရား တစ်ပုဒ်မျှမရှိ၊ ပါဠိတော် အဋ္ဌကထာဋီကာ အာဂုံရွတ်ဆို၍ ခံ့ခံ့ညားညား ဟောကြားခဲ့သည်ချည်း ဖြစ်သည်၊ တရားတစ်ပွဲဟောချိန် အနည်းဆုံး သုံးနာရီကျော် ကြာသည်၊ ဆရာတော့်ကျန်းမာရေးကို စိုးရိမ်ကြသော ဒကာ-ဒကာမများက တရား ဟောချိန်ကို လျှော့ရန် လျှောက်ထားကြသောအခါ ဆရာတော် ရဟန်း ပြုကာနီးက ဆရာကြီးဒေါ်ဓမ္မစာရီ ဆက်ကပ်ခဲ့သည့် ယောကျ်ားမြတ်တို့ လမ်းစဉ်ပြ အနုဋ္ဌရတနာစာတမ်းလေးကို အထောက်အထားပြု၍ ငြင်း ပယ်တော်မူသည်—

"ဘုန်းကြီး၏ အရင်ဘဝက ရရှိခဲ့သော လျှာနှင့်အသံတို့ကို လိမ်ညာ ပြောခြင်း ဂုံးတိုက်ခြင်း ဆဲရေးခြင်း အပြိန်အဖျင်းပြောခြင်းဆိုတဲ့ ဝစီ ဒုစရိုက်လုပ်ငန်းများအတွက်သာ အသုံးချခဲ့ရသည်၊ ယခုဘဝရရှိသည့်

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



လျှာနှင့်အသံတို့ကိုကား ဗုဒ္ဓပါဝစန ဘုရားရှင့်စကားတော်တို့ကို ရွတ်အံ သရဇ္ဈာယ်ခြင်းဖြင့်သာ အသုံးပြုတော့မည်၊ အသက်နှင့် ခန္ဓာကိုယ်ကို သုံးဖြာသော သာသနာတော်ကြီးအား အပ်နှင်းပြီးဖြစ်၍ တရားဟော နေစဉ် တရားပလ္လင်ပေါ်၌ သေရသော်လည်း သံယုတ်ပါဠိတော်လာ သမဏနတ်သားကို စံနမူနာထားပြီး သာသနာ့အလုပ်ခွင်၌ သေရသည် ဖြစ်၍ ဝမ်းနည်းစရာမဟုတ်ပါ" (ဤသို့ မိန့်ကြားပြီးလျှင် ရဟန်းခံကာနီး တုန်းက ဆရာကြီးဒေါ်ဓမ္မစာရီ ဆက်ကပ်ခဲ့သည့် အနဂ္ဃရတနာစာတမ်း ကလေးကို ရွတ်ပြတော်မူသည်—)

အတိပိယံ မိမံ ကာယံ၊ သုတ္တမင်္ဂ သဇီဝိတံ။
နိယျာတယာမိ ယောဓဿ၊ ဇိနဿ ဝိဇိတာဝိနော။

ဘန္တေ - ရှေ့ဘုန်းတော်နေလ ထိန်ထိန်ပတော်မူပါသော မြတ်စွာ ဘုရား၊ အတိပိယံ - အလွန်ချစ်အပ်စွာသော၊ သုတ္တမင်္ဂံ = (သဉတ္တမင်္ဂံ)- မြတ်သောဦးခေါင်းနှင့် တကွဖြစ်သော၊ သဇီဝိတံ - အသက်နှင့်တကွ ဖြစ် သော၊ ဣမံ ကာယံ - ဤခန္ဓာကိုယ်ကြီးကို၊ ဝိဇိတာဝိနော - မကြွင်းလုံးစုံ အကုန်အောင်အပ်ပြီးသော စစ်မြေပြင်ရှိတော်မူသော၊ ယောဓဿ - သုံး ဆူလောက ဟူသမျှ၌ တုပမည့်သူ မပြုမရှိ အဓိပတိသူရဲကောင်းကြီး ဖြစ်တော်မူသော၊ ဇိနဿ-မြတ်စွာဘုရားအား၊ နိယျာတယာမိ-အပ်နှင်း စွန့်လှူ ပူဇော်ပါ၏ဘုရား။

(အလွန်ချစ်ခင်မြတ်နိုးအပ်၍ ဦးခေါင်း-အသက်တို့နှင့် တကွဖြစ်သော ဤခန္ဓာကိုယ်ကို စစ်မြေပြင်အောင်မြင်ပြီး သူရဲကောင်းကြီးဖြစ်တော်မူသော မြတ်စွာဘုရားအား အပ်နှင်းစွန့်လှူ ပူဇော်ပါ၏။)

ကိုရင်၊ ရှေးက မြတ်စွာဘုရားသာသနာတော်၌ လွန်စွာ သက်ဝင် ကြည်ညိုကြသည့် ဩကပ္ပနသဒ္ဓါ ရှိကြကုန်သော အဖိုးထိုက်တန် အမျိုး

http://www.dhammadownload.com



မှန်လည်း ဖြစ်ကြကုန်သော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ ရာဇကုမာရစသော ပုဂ္ဂိုလ်တို့သည် ဤအထက်ပါဂါထာ၏ အဓိပ္ပါယ်အတိုင်း ဘုရားရှင်အား အထူးညွတ်ကိုင်း ရည်စူးသမှု ဥဒ္ဒိဿပြုလျက် အသက်နှင့် ခန္ဓာကို အပ်နှင်းစွန့်လှူ ပူဇော်၍ သာသနာတော်ထမ်း ရဟန်းတော်အဖြစ်ရောက် ကမ်းတစ်ဖက် အရဟတ္တဖိုလ်တိုင် ပေါက်မြောက်တော်မူကြသတဲ့။

ကိုရင်လည်း ရှေးရှေးသော သူတော်ကောင်းများနည်းတူ သဘောထားပြီး ရဟန်းတက်လုခါနီးမှာ သဒ္ဓါတရားကို တဖွားဖွားဖြစ်စေလျက် အသက်နှင့် ခန္ဓာကိုယ်ကို သာသနာတော်အား တစ်ခါတည်း အပ်နှင်းစွန့်လှူ ပူဇော်လိုက်စေလိုပါကြောင်း ရိုသေစွာ စာရေး၍လျှောက်ထားပါသည် ကိုရင်။

ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ဤစာတမ်းလေးသည် ဆရာတော့်အဖို့ မိမိအသက်နှင့်ခန္ဓာကိုယ်ကို သာသနာတော်အတွက် အပြည့်အဝ အသုံးချရန် အဓိဋ္ဌာန်ပြုခြင်း၏ ကြီးမားသောအထောက်အပံ့တစ်ခုပင် ဖြစ်၏၊ မိမိအသက်နှင့် ခန္ဓာကိုယ်ကို ကာမဂုဏ်အတွက် အသုံးချနေကြသည့် ကာမဘောဂီ လောကီလူသား တပည့်သာဝကများအား အကောင်းဆုံး ဩဝါဒတစ်ခုကို ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

## ပညာနောက်သို့ သဒ္ဓါလိုက်

ဆရာတော်ကြီးသည် ကျေးဇူးတရား ထောက်ထားရာ၌ ထူးခြားလှသလို သဒ္ဓါဖြင့် ပညာကို ထိန်းရာ၌လည်း ထူးခြားလှသည်၊ ဆရာတော်ကြီးသည် ဉာဏ်ပညာ အလွန်ထက်မြက်သူဖြစ်ကြောင်း အားလုံးသိကြပြီးဖြစ်သည်၊ ဉာဏ်ပညာထက်မြက်သူများမှာ ထိုပညာနှင့် ညီမျှသော သဒ္ဓါ

http://www.dhammadownload.com



တရား မရှိလျှင် အယူအဆများ လွဲမှားကာ စဉ်းလဲကောက်ကျစ်တတ်ကြသည်၊ သာသနာတော်ကိုရော လောကကြီးကိုပါ ကမောက်ကမ ဖြစ်အောင် လုပ်ပစ်တတ်ကြသည်၊ **"ဉာဏ်ရှိယောက်ျား၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့"** ဟု ဆိုသည့်အတိုင်း ပညာရှိများ မှားပြီဆိုလျှင် ဆေးလွန်သွားသော အနာ အကုရ ခက်သလို မည်သူမှ ပြောဆိုဆုံးမ၍ မရတော့သည့် အခြေအနေသို့ ရောက်သွားတတ်သည်၊ ထိုသို့ဖြစ်သွားသူတွေလည်း အများအပြား ရှိသည်။

ဆရာတော်ဘုရားကြီးကား ထိုသို့မဟုတ်၊ ပညာကို သဒ္ဓါဖြင့် နိုင်နိုင်နင်းနင်း ထိန်းထားနိုင်သဖြင့် မကောက်မကျစ် အယူမလွဲသည့် ဥဇုကပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသည်၊ ထို့ကြောင့်ပင် မြန်မာစာပညာရှိ ဆရာကြီး ဦးဆန်းထွန်းက "အသဌော သော အမာယာဝီ၊ သုဟုဇုတိ စ မာနိတော (မင်းကွန်းဆရာတော်သည် မကောက်ကျစ်တတ် မလှည့်ပတ်တတ် အလွန်ဖြောင့်မတ်သူ ဖြစ်သည်)" ဟု ချီးမွမ်းခဲ့ခြင်း ဖြစ်ပေသည်။

## အပြစ်မရှာ ထေရ်ဆရာ

အချို့ပုဂ္ဂိုလ်များ မိမိက အနေအထိုင် ကောင်းသည်, သီလ ပြည့်စုံသည်, စာ ကြိုးစားသည်, စာမေးပွဲ အောင်သည်, ဂုဏ်ရှိသည် ဆိုလျှင် သူတပါးကို အပြစ်ရှာတတ်သည် အပြစ်လည်း မြင်တတ်သည်၊ 'ငါနှင့်ငါသာ နှိုင်းစရာ' ဆိုသော မာနမျိုးလည်း ဝင်တတ်သည်၊ ဆရာတော်ကြီးမှာကား 'တစ်မိုးအောက် တစ်ယောက်' ဆိုရလောက်အောင် ဂုဏ်ပေါင်းစုံခ-နေသော်လည်း မာန်မာန လုံးဝမထား၊ သူတပါးကိုလည်း ဘယ်သောအခါမှ အပြစ်မရှာ၊ တစ်ဖက်သား၏ ကောင်းကွက်ကိုသာ အမြဲ ကြည့်တော်မူသည်၊ ထိုအချက်မှာ လွန်စွာထူးခြားလှသဖြင့် မြန်မာစာပညာရှိ

http://www.dhammadownload.com



**ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)** က အောက်ပါအတိုင်း မှတ်တမ်းတင် ဂုဏ်ပြုခဲ့လေသည်—

**သဗ္ဗတ္ထ ဗဟုဿုတောပိ၊ နေသော ရန္ဓဂဝေသကော။**
**ဘဒြာနုပဿီ သဗ္ဗတ္ထ၊ ဧသော ဓမ္မဂဝေသကော။**

ဧသော-အဆိုပါအကျော် ထိုဆရာတော်သည်၊ သဗ္ဗတ္ထ-အရာရာ၌၊ ဗဟုဿုတောပိ-ဗဟုဿုတ လွန်ကဲလှသော်လည်း၊ န ရန္ဓဂဝေသကော-အကျကောက်၍ အပေါက်ရှာတတ်သောပုဂ္ဂိုလ် မဟုတ်ပါပေ။ သဗ္ဗတ္ထ-အရာရာ၌၊ ဘဒြာနုပဿီ-အကောင်းမြင်ဝါဒ ရှိတော်မူသည်ဖြစ်၍၊ ဧသော-အဆိုပါအကျော် ထိုဆရာတော်သည်၊ ဓမ္မဂဝေသကော-ဇတဒဂ်ဝင် အရှင်သုဘူတိအလား တရားသဘောကိုသာ ရှာတတ်သော ပုဂ္ဂိုလ်ပါတည်း။

## အတတ်စုံလင် တတ်ကျွမ်းကျင်

သဗ္ဗတ္ထ ဗဟုဿုတော-ဟု ဆရာကြီးဦးဆန်းထွန်း ချီးမွမ်းရလောက်အောင် ဆရာတော်ကြီးသည် ဓမ္မစာပေဘက်၌သာမက အခြားပညာရပ်များကိုလည်း တတ်မြောက်ကျွမ်းကျင်တော်မူသည်၊ ကဗျာလင်္ကာ ဖွဲ့သီရာ၌ ထူးချွန်သလို ဗေဒဝိဇ္ဇာပညာကိုလည်း တတ်ကျွမ်းသည်၊ ဂီတအနုပညာ, မဟာဝင် ရာဇဝင် သမိုင်းဘက်၌လည်း ကျွမ်းကျင်ပိုင်နိုင်သည်၊ ကျောင်း-အိမ် အဆောက်အဦး ဆောက်လုပ်မှု၌လည်း စုံစုံစေ့စေ့ သိနားလည်သည်၊ အဆောက်အဦးပုံစံ မြင်လိုက်သည်နှင့် သံ-သွပ်-သစ်စသည် ဘယ်လောက်ကုန်မည်ကို အတိအကျ သိသည်၊ ဘီရို, စားပွဲ, ကုလားထိုင်, ကုလားထိုင်ခင်း, စကော, စကာ, တံမြက်စည်း, ဖျာကြမ်း, သင်ဖျူးဖျာ, ခမောက် စသည် အကုန်ပြုလုပ်တတ်သည်၊ သက်န်းချုပ်တတ်သည်၊ ထိုသို့ ပြုလုပ်နေသော်လည်း စာကြည့်မပျက်၊ ချိုင်းကြားထဲ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



တံမြက်စည်းထိုးနေရင်း တစ်ဖက်တွင် စာကြည့်နေသည်၊ လက်က ကြိမ် သပ်နေရင်း မျက်လုံးက စာကြည့်နေသည်၊ တကယ်ထူးချွန်၍ မ-ကာရ လောပ (မသိတာ မတတ်တာ မရှိ၊ မ-အက္ခရာ ကျေသည်) ခေါ်ဆိုရ လောက်သည့် ပုဂ္ဂိုလ်ထူးကြီးပါတည်း။

## တပေါသုခ ရအောင်ယူ

နေသော ရန္တဂဝေသကော-အရ ဆရာတော်သည် မိမိကိုယ်တိုင် မည်သူ့ကိုမျှ အပြစ်မရှာခဲ့သလို အခြားသူများကိုလည်း ဂစ်ဦးနှင့်တစ်ဦး အပြစ်မမြင်ကြရန် ဩဝါဒစကား မိန့်ကြားတော်မူခဲ့သည်—

"တပည့်တော်တို့ ယနေ့ လူ့ဘဝသက်တမ်းမှာ အလုပ်လုပ်နိုင်တဲ့ နှစ်ပိုင်းကို တွက်ရင် ၄၀-နှစ်ကစပြီး ၇၀-နှစ်အထိ ဒီနှစ်ပေါင်း ၃၀-ဘဲ တပည့်တော်တို့ လုပ်သက်ရှိပါတယ်၊ တာဝတိံသာနတ်သက်နဲ့ ရေတွက် ရင် တစ်နာရီလောက်ပဲ ရှိမယ်၊ ဒီအချိန်တိုကလေးအတွင်းမှာ တစ်ဦးနဲ့ တစ်ဦး ဆန့်ကျင်ဘက် မညီမညွတ် ဖြစ်နေကြရင် တပေါသုခကို ရမှာ မဟုတ်ဘူး၊ ဒီတော့ ဘာဘဲပြောပြော ဒီအချိန်တိုကလေးအတွင်းမှာ တပေါသုခကို ရအောင်ယူမယ်၊ ယူတဲ့နေရာမှာ မိမိထက် ကြီးတဲ့ပုဂ္ဂိုလ် ဘဲဖြစ်ဖြစ်, မိမိအောက် ငယ်တဲ့ပုဂ္ဂိုလ်ကဘဲဖြစ်ဖြစ် မိမိအား ဆန့်ကျင် စကား ပြောကြားလာရင် အဲဒီကြီးတဲ့ပုဂ္ဂိုလ်ကို တိုက်ရိုက်တဲ့တိုး လက် အုပ်ချီမိုး ရှိခိုးပြီး 'သည်းခံတော်မူပါဘုရား' လို့ တောင်းပန်စကား လျှောက် ထားလိုက်မယ်၊ တောင်းပန်ရင် အတောင်းပန်ခံရတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ တစ်ခါတည်း ကျေနပ်သွားလိမ့်မယ်။

အကယ်၍ မိမိရဲ့ဆန့်ကျင်ဘက်ပုဂ္ဂိုလ်သည် မိမိအောက် အသက် ငယ်သူဖြစ်ရင် တပည့်တော်တို့ ဒေသနာကြားတဲ့အခါ ထေရ်ကြီးက

http://www.dhammadownload.com



ထေရ်ငယ်အား တိုက်ရိုက်လက်အုပ်မချီဘဲ လွှဲပြီးလက်အုပ်ချီ၍ ဒေသနာကြားသလို လက်အုပ်ကို လွှဲချီပြီး 'အရှင်ဘုရား၊ တပည့်တော် မှားတာရှိရင် သည်းခံတော်မူပါ' လို့ တောင်းပန်လိုက်မယ်-လို့ ဆောက်တည်ထားတယ်ဘုရား၊ အကယ်၍ ဆန့်ကျင်ဘက် တွေ့ရင်လဲဘဲ ထိုအတိုင်းကျင့်ပါတယ်"။

ဆရာတော်သည် မိမိဩဝါဒအတိုင်း လိုက်နာကျင့်ဆောင်ခဲ့သဖြင့် ဆောင်ရွက်သမျှ ကိစ္စတိုင်းလိုလို အောင်မြင်မှု ရခဲ့လေသည်။

## အလုပ်လုပ်နိုင်တုံး ကြိုးစားလုပ်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် နိုင်ငံတစ်ဝန်းလုံးသို့ လှည့်လည်ရေစက်ချပေးနေချိန်တွင် ဆရာတော်ကြီး၏ သက်တော်မှာ ၇၉-နှစ် ရှိခဲ့ပြီ၊ ၇၉-နှစ်ဆိုသော အရွယ်သည် အလွန်အိုမင်းသော ဇရာအရွယ် ဖြစ်သည်၊ မျက်စိမှုန်ခြင်း, သွားကျိုးခြင်း, အရေတွန့်ခြင်း, တုန်ချိခြင်းစသော ဇရာ၏လက္ခဏာများကို ဆရာတော်ကြီး၏ ခန္ဓာကိုယ်တော်တွင် ထင်ထင်ရှားရှား တွေ့လာရပြီ ဖြစ်သည်၊ နဂိုကပင် ပိန်ချုံးသည့် ခန္ဓာကိုယ်တော်မှာ ပိန်သထက်ပိန်လာသည်၊ အစားနည်းသဖြင့် အားအင်များလည်း နည်းပါးဆုတ်ယုတ်လာသည်၊ (အခြား ဇရာလက္ခဏာများ ထင်ရှားလာသော်လည်း ဆံပင်များမှာမူ လုံးဝမဖြူဘဲ နက်မှောင်၍နေသည်ကို တအံ့တဩ တွေ့ကြရသည်။)

ဆရာတော်ကြီးကို အလွန်ကြည်ညိုကြသော ဒကာ-ဒကာမများက "ဆရာတော် အသက်ကြီးလှပြီ၊ အိုမင်းရင့်ရော်ခဲ့ပြီ၊ ငြိမ်းချမ်းစွာ အားမွေးပြီး အေးအေးနေစေချင်ပါသည်"ဟု ဝိုင်းဝန်းလျှောက်ထားကြသည်၊ ထိုအခါ ဆရာတော်ကြီး မိန့်ကြားသည့် ဩဝါဒတော်မှာ–

http://www.dhammadownload.com



"လူ့ဘဝ သက်တမ်းတစ်ရာကို ကျမ်းများက ဆယ်နှစ်စီခွဲပြီး ဒသက ဆယ်ပါးရယ်လို့ ပြထားတယ်၊ ပထမအရွယ်က မန္ဒဒသကတဲ့၊ တစ်နှစ်သားက ဆယ်နှစ်သားအထိ၊ ဒီအရွယ်ဟာ ကုသိုလ် အကုသိုလ်ရယ်လို့ ဘာမှ ပိုင်ပိုင်နိုင်နိုင် မသိတတ်သေးဘူး၊ အလွန်နုံ့နဲ့တဲ့ အရွယ်ပေါ့၊ ကိုယ်စွမ်းကိုယ်စ ဘာမှ မတတ်နိုင်တဲ့အရွယ် ဖြစ်တယ်။

ဒီက တစ်ဆင့်တက်လိုက်တော့ ခိဍ္ဍာဒသကအရွယ်တဲ့၊ ၁၁-နှစ်သားက အသက် ၂၀-အထိပေါ့၊ ဒီအရွယ်မှာ ခန္ဓာကိုယ်တွင်းက အသားအသွေးတွေ အလွန်တိုးလာတယ်၊ အသားအသွေးတွေ အမြဲလှုပ်ရှားနေရတယ်၊ ကစားပျော်ပါးနေရတယ်၊ ဒါ့ကြောင့် ခိဍ္ဍာဒသကလို့ ခေါ်ရတယ်။

ခိဍ္ဍာဒသကမှ တစ်ဆင့်တက်လိုက်တော့ ဝဏ္ဏဒသကတဲ့၊ အရောင်အဆင်း လှပပြည့်ဖြိုးတဲ့အရွယ်၊ ဒီအရွယ်မှာ မှန်ကြည့်လိုက် သနပ်ခါးလိမ်းလိုက် ပန်းပန်လိုက် အဝတ်အစားအသစ်တွေ လဲလိုက်နဲ့ ကိုယ့်ကိုယ်ကိုယ် အလွန် အလှကြည့်နေတဲ့အရွယ်ပေါ့။

ဝဏ္ဏဒသကမှ တစ်ဆင့်တက်လိုက်တော့ ဗလဒသက အားကောင်းတဲ့အရွယ်၊ အသက် ၃၀-မှ ၄၀-အတွင်းပေါ့၊ အဲဒီအရွယ်မှာ ခွန်အားတွေ တိုးလာလို့ 'ဘယ်သူ့ ဘာထင်ရမှာလဲ' လို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့အရွယ်။

ကဲ - မွေးလာတဲ့အချိန်က စပြီး တွက်စစ်ခဲ့တာ အခု အသက် ၄၀-ရောက်ခဲ့ပြီ၊ ဒီအသက် ၄၀-အတွင်းမှာ သဘာဝကျကျ ကုသိုလ်အလုပ်ကို မလုပ်နိုင်ဘူး၊ မန္ဒအရွယ်က နုံ့နဲ့လွန်းလို့ မလုပ်နိုင်ခဲ့ဘူး၊ ခိဍ္ဍာအရွယ်ရောက်တော့ ကစားရတာနဲ့ အချိန်ကုန်တယ်၊ ဝဏ္ဏအရွယ်ကျတော့ အလှရှာနေရတာနဲ့ ကုသိုလ်မလုပ်အားဘူး၊ ဗလအရွယ်ကျပြန်တော့လဲ ငါလို လူစား ရှိသေးရဲ့လား-လို့ အတ္တအားကြီးနေရတာနဲ့ ကုသိုလ်အလုပ်ကို

http://www.dhammadownload.com



မလုပ်အားဘူး၊ ဟော - အသက် ၄၀ ရှိသွားပြီ၊ ကုသိုလ်အလုပ် လုပ်ဖို့ အချိန်မရသေးဘူး။

တစ်ခါ နောက်ဆုံးဒသကကို ကြည့်စမ်း သယနဒသကတဲ့၊ ဘယ်မှ မသွားမလာနိုင်လို့ အိပ်ရာထဲ လဲနေရတဲ့ အသက် ၉၀-က တစ်ရာအထိ အရွယ်ကြီး၊ ဒီအရွယ်ကြီးကျမှ ဘာကုသိုလ်လုပ်လို့ ဖြစ်အုံးမှာလဲ၊ ဘာ ကုသိုလ်မှ မလုပ်နိုင်တော့တဲ့ ဆန်ကုန်မြေလေးအရွယ်ကြီး ဖြစ်နေပြီ။

အဲဒီက ပြန်ဆုတ်လိုက်၊ အသက် ၈၀-က ၉၀-အတွင်း အရွယ်အို ကြီး၊ ခါးကို စန့်စန့်မထားနိုင်လို့ ကုန်းနေရှာပြီ၊ ဝင်္ကဒသကတဲ့၊ ဒီ ၈၀, ၉၀ အရွယ်ကြီးကကော ဘာကုသိုလ်အတွက် လှုပ်လှုပ်ရွရွ လုပ်နိုင်အုံး မှာလဲ။

အဲဒီတော့ တွက်ကြည့်လေ၊ အသက်တစ်နှစ်က ၄၀-အထိ ကုသိုလ် အလုပ် မလုပ်နိုင်ဘူး၊ အသက် ၈၀-က တစ်ရာအတွင်းမှာလဲ ကုသိုလ် အလုပ် မလုပ်နိုင်ဘူး၊ ကုသိုလ်ရေးအတွက် လှုပ်လှုပ်ရှားရှား လုပ်ကိုင် သွားလာနိုင်တာက ပညာဒသကဆိုတဲ့ အသက် ၄၀-အရွယ်က အသက် ၈၀-အထိမျှသာ ရှိတယ်၊ အဲဒီအရွယ်ဟာ သာသနာတော် ကြီးပွားစည် ကားဖို့ တကယ့် ကုသိုလ်စိတ်ဖြင့် လှုပ်ရှားသွားလာနိုင်တဲ့အရွယ် ဖြစ် တယ်၊ ဒီသဘောကို စဉ်းစားမိလို့ ဘုန်းကြီးဟာ သာသနာရေးအတွက် မနေမနား သွားလာလှုပ်ရှားနေခြင်း ဖြစ်တယ်" ။

## မပူအောင်နေ

မင်းကွန်းတောင်ရိုးမှ ရန်ကင်းချောင်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓါနုဿတိဘာဝနာကို အစဉ်အမြဲ အားထုတ်နေသည့် ဆရာတော်ကြီး ဖြစ်သည်၊ ရန်ကင်းချောင်ဝယ် လေးပင်-နှစ်ပင် သွပ်မိုးကျောင်းကလေး၌

http://www.dhammadownload.com



သီတင်းသုံးတော်မူရာ နွေရာသီ နေ့လယ်ပိုင်းတစ်ချိန်က ထိုဆရာတော်ကြီးအား တိပိဋကဓရဆရာတော်က သွားရောက်ဖူးမြော်၍ အာလာပ-သလ္လာပစကား ပြောရင်း "ဆရာတော်၊ ဒီကျောင်းကလေးပေါ် နေရတာ မပူဘူးလားဘုရား"ဟု လျှောက်ထားသည့်အခါ ရန်ကင်းဆရာတော်ကြီးက "မပူအောင် နေရတာပေါ့လေ"ဟု မိန့်တော်မူသည်။

ထိုအခါ တိပိဋကဆရာတော်က "မပူအောင် ဘယ်လိုနေပါသလဲဘုရား"ဟု ထပ်မံလျှောက်ထားရာ **"ဘုန်းကြီးတော့ အလွန်အေးမြတဲ့ ပဒုမ္မာကြာ ရေကန်ကြီးထဲ ဆင်းနေရသလို မှတ်ထင်လိုက်တာဘဲ"**ဟု မိန့်တော်မူလေသည်၊ ရန်ကင်းဆရာတော်ကြီး၏ စကားမှာ အဓိပ္ပါယ်လေးနက်လှသည်၊ ဆရာတော်ကြီးကား အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံသူသူတော်ကောင်းကြီးတည်း၊ ထိုဆရာတော်ကြီးစကား နာကြားလိုက်ရပြီးနောက် တိပိဋကဆရာတော်သည် ထိုအတိုင်း နှလုံးသွင်းနေထိုင်တော်မူခဲ့သည်၊ တိ-နိ သံဃာတော်များအားလည်း ရာသီဥတု ပူပြင်းချိန်ဝယ် ရန်ကင်းဆရာတော်ကြီး၏ နည်းအတိုင်း 'အလွန်အေးမြတဲ့ ပဒုမ္မာကြာရေကန်ကြီးထဲ ဆင်းနေရသလို မှတ်ထင်နေထိုင်ကြဖို့ရန်' ဩဝါဒပေးတော်မူလေသည်။

## ခွက်ထိုးစံစဏ္ဍာလ မဖြစ်လို

ဆရာတော်ကြီးသည် တရားပွဲများစွာ ဟောကြား၍ သာသနာပြုလုပ်ငန်းများစွာ လုပ်ဆောင်သွားသော်လည်း မိမိတရားပွဲထဲ၌ ငွေဖလားကြီးဖြင့် ထိုး၍ အလှူခံမှုကို အထူးတားမြစ်တော်မူသည်၊ တစ်ခါတရံ ဒါယကာများက တရားပွဲထဲ လိုက်အလှူခံရန် ပြောနေသည်ကို ကြားရလျှင် ထိုသို့ မလုပ်ဖို့ရန်နှင့် ရန်ပုံငွေ ဘယ်လောက်ရှာပေးပါ-ဆိုလျှင် တခြားနည်းဖြင့် ရှာပေးမည်ဖြစ်ကြောင်း၊ **အရှင်အာဒိစ္စဝံသ** ရေးခဲ့သလို

http://www.dhammadownload.com



"ခွက်ထိုးခံစဏ္ဍာလ"ဖြစ်သွားမှာကို သိပ်ရှက်ကြောင်း မိန့်ကြားပြီး မိမိအား ပကာသနီယကံ ပြုရာ၌ ဦးဆောင်ခဲ့သူတစ်စုကို အရှင်အာဒိစ္စဝံသ ပြန်ပြောသည့် တေးထပ်ကို ရွတ်ပြတော်မူသည်—

ထီး-မ ဟန် နှစ်ကိန်းရ ငစိမ်းက လှုံ့ဆော်၊
ငဖိုးဘ မာန်တက်ချော်တယ် ရန်မျက်ပေါ် ပုပ်သိုး၊
ရေဝတ်မိုက် သီလကြောင် ရှင်တုယောင် ရောလိုက်မြှောက်ထိုး၊
ကာဏာရိင့် အတွင်းမြှောင် ငလင်းကောင် ငှက်ဆိုး၊
ငရွှေဖီ နောက်ပိုးနဲ့ ငဖိုးဝ ရောကျော်
ခွက်ထိုးခံ စဏ္ဍာလ ဥ ယျနှင့် ပေါင်းစပ်ကြသော်၊
သာသနာ့ရွှေတောင်ပေါ် ထေရ်ပြောင်ကျော် နေမျိုးသို့
ဖလံပိုး မီးပုံတွင် ဆင်းကြသို့သွင်၊
အဌာရိ ပြိတ္တာတွင် ရိက္ခာဝင် လုပွဲတဲ့လေး။

(ဤ၌ ဥ ယျ-ဆိုသည်မှာ နိုင်ငံကျော်မဗ္ဗကထိက သာယာဝတီ ဦးဥ ယျကို ဆိုခြင်းဖြစ်သည်၊ တရားပွဲထဲ၌ ငွေဖလားကြီးဖြင့် အလှူခံ တတ်သည့်အတွက် သူ့ကို "ခွက်ထိုးခံ စဏ္ဍာလ"ဟု အရှင်အာဒိစ္စဝံသက နာမည်ပေးလိုက်ခြင်း ဖြစ်သည်။)

## နေမကောင်းစဉ် သံဝေဂလင်္ကာစီရင်

၁၃၁၉-ခုနှစ် အဌကထာ သင်္ဂါယနာတင်နေချိန်က ဆရာတော်မှာ မမြှော်လင့်ဘဲ ရောဂါဝေဒနာတစ်ခုဖြစ်၍ အလူးအလဲ ခံစားနေရသည်၊ တရားဆင်ခြင်၍ ရောဂါဒဏ်ကို သည်းခံနေစဉ်မှာပင် တစုံတစ်ယောက်က ပြောလိုက်သလို ထင်ထင်ရှားရှား အသံတစ်ခုကို ကြားလိုက်ရသည် "နောက် ၂-နာရီလောက်ဆို ဇီဝိတသန္တတိ အစဉ် ပြတ်တော့မည်" တဲ့၊ နောက် ၂-နာရီလောက်ဆိုလျှင် သေတော့မည်-ဟု ဆိုလိုခြင်း ဖြစ်သည်၊

http://www.dhammadownload.com



သာမန်လူဆို အလွန် တုန်လှုပ်သွားစရာကောင်းသော အသံ ဖြစ်သည်၊ ဆရာတော်ကား မကြောက်လန့်ဘဲ သံဝေဂဉာဏ်ပွား၍ စကား ၃-ခွန်း အမြတ်အစွန်းပင် ရလိုက်ပါသေးသည်—

၁၊ မမေ့မလျော့ကြနဲ့၊

၂၊ ဒို့မှာ သေမင်းနဲ့ အချိန်းအချက် မရှိဘူး၊

၃၊ ပြုသင့်တဲ့ လောကကိစ္စ ဓမ္မကိစ္စများကို ကြိုကြိုတင်တင် ပြု ထားကြ-ဟူ၍ ဖြစ်သည်။

အဖိုးတန်လှသည့် ဤစကား ၃-ခွန်းကို အမြတ် ရလိုက်ပြီးနောက် ဆရာတော့်မှာ အကြံဖြစ်လာသည် "ဤစကားမှာ မြန်မာစကားပြေ ဖြစ်၍ ကြာလျှင် ပျောက်ပျက်သွားမည်၊ ရွတ်လို့ဆိုလို့လွယ်သည့် ဓမ္မလင်္ကာ အဖြစ် ရေးထားရလျှင် ကြာရှည်တည်တံ့နိုင်သည်" ဟူ၍ ဖြစ်သည်၊ ထို သို့ အကြံဖြစ်ပြီးနောက် ဓမ္မသံဝေဂလင်္ကာ ရေးသားရာ လွယ်လွယ်ကူကူ ပင် ရေး၍ရခဲ့သည်—

ရုပ်နာမ်ဓမ္မ၊ သခ်ီရတို့၊ ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလည်း၊ တဖုံ ဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍-

-ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
-ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
-ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမှ၊ မရှိကြဘူး၊ 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ'၊ ဘုရား့စကား၊ လိုက်နာပွားသည်၊ တရား လက်မလွတ်စေနှင့်။

http://www.dhammadownload.com



## အပ္ပမာဒ ဓမ္မဂါထာ

ဤလင်္ကာလေးမျှဖြင့် ဓမ္မနယ်ပယ် ပါဠိစာပေနယ်ပယ်သို့ မဝင်နိုင်သေးသဖြင့် စာပေနယ်ပယ်သို့ ဝင်နိုင်ရန် အပ္ပမာဒ ဓမ္မဂါထာတစ်ပုဒ်ကို ရေးသားတော်မူခဲ့ပြန်သည်—

**အပ္ပမတ္တာ သဒါ ဟောထ၊ ဉ တွာ သခီရဓမ္မတံ။**
**သကိစ္စ ’မနုယုဥ္စေ့ါ၊ နတ္ထိ နော မစ္စုသင်္ဂရံ။**

သာဓဝေါ - နှလုံးပျော့ပျောင်း အို - သူတော်ကောင်းတို့၊ သာဓဝေါ - ကိုယ်ကျိုးသူကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း အို - သူတော်ကောင်းတို့၊ သခီရဓမ္မတံ - ကိုယ်က ဤပုံ ဖြစ်လိုတုံလည်း တဖုံဆင်ကွဲ သူတနဲဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်ဓမ္မ သခီရတို့၏ ဓမ္မတာကို၊ ဉ တွာ ။ ဇာနာထ - ယခုပင်လျှင် မအိုခင်က, ယခုပင်လျှင် မနာခင်က, ယခုပင်လျှင် မသေခင်က ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော၊ ဉ တွာ-ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပြီးလျှင်၊ အပ္ပမတ္တာ-အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်၊ အပ္ပမတ္တာ-ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်၊ အပ္ပမတ္တာ-

မမျှော်လင့်ဘဲ သူ၏နဲ့ အိုလဲအိုနေ၏၊
မမျှော်လင့်ဘဲ ဖြုန်းကနဲ ရောက်စွဲနာဗျာဓိ၊
မမျှော်လင့်ဘဲ ဖြုန်းကနဲ ဖောက်လွဲသေနိုင်၏-ဟု သတိလိုက်လှဲ့ စိတ်ဝယ်စွဲကြကုန်သည်၊ ဟောထ-မြေလက်ခတ်နဲ မလွဲဧကန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော။

နော-တဏှာမာရ်ညွှတ် ခန္ဓာဝဋ်မှ ကျွတ်ဆုရည်ဆွေ ဒို့တတွေအား၊ နော -တဏှာတည်းဟူသော မာရ်မင်း၏ညွှတ်ကွင်း, ခန္ဓာတည်းဟူသော

http://www.dhammadownload.com



ဆရာတော်စာကျက်မှတ်ပြန်ဆိုခဲ့ရာ ကျိုက်လတ်ဇရပ် (ဓမ္မနာဒကျောင်းတိုက်၏ အနောက်ဘက်တွင်ရှိသည်)

http://www.dhammadownload.com

http://www.dhammadownload.com



သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်ရည်ထွေ ဒို့တတွေအား၊ မစ္ဆုသင်္ဂရဲ-မစ္ဆုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကျိတ်ပူး မိတ်ရည်လူး၍ နှစ်ဦးနှစ်ဖက် ချိတ်အဆက်ဖြင့်-

ဤရက်ခါမှု သေအံ့ဟူ၍လည်းကောင်း၊

ဤလခါမှု သေအံ့ဟူ၍လည်းကောင်း၊

ဤနှစ်ခါမှု သေအံ့ဟူ၍လည်းကောင်း သဘောတူ ချိန်းအချက် စာချုပ်စာတန်း စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုး ထိုး၍ထားခြင်းသည်၊ နတ္ထိ-လူတိုင်းဧကန် မရှိမှန်ပေ၏။ တသွာ-ထို့ကြောင့်၊ သကိစ္စ-ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောက်နှောင်း တောက်လျှောက်ကောင်းဖို့ ရွယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောက-ဓမ္မစီးပွား ကိုယ့်ကိစ္စများကို၊ အနုယုဥ္ဇေ-လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော၊ (ဝါ) သကိစ္စ'မနုယုဥ္ဇေ-ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ပဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝသူ့ညာဉ်ကို သမ္မဇဉ်နှိုင်းညှိ အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောက-ဓမ္မစီးပွား ကိုယ့်ကိစ္စများကိုဖြင့် ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာကြိုးကုတ် ပြည့်စုံအောင်အားထုတ်ကြပါကုန်လော။

## လေးကောင်ဓာတ်မြွေ

- ကံမင်းတရား၊ လူခိုးသားကို၊ သုံးပါးဝဋ်နှောင်၊ ဘဝထောင်၌၊ လေးကောင်ဓာတ်မြွေ၊ နှင်းအပ်ပေ၏၊

- ပရမေ ဗုဒ္ဓ၊ မိတ်ကောင်း မ-၍၊ ဘဝဝဋ်ထောင်၊ မြွေလေးကောင်မှ၊ လွတ်အောင်ရှန်းထွက်၊ ပြေးပါလျက်လည်း၊ လက်နက်ကိုယ်စီ၊ စွဲပိုက်ချီ၍၊ လောကီခန္ဓာ၊ ငါးဖြာဟူသား၊ လူသတ်များနှင့်၊ ထံပါးကပ်ကာ၊ သတ်ခွင့်ရှာသည့်၊ တဏှာခေါ်မှတ်၊ တွင်းလူသတ်တို့၊ ထက်ကြပ်မကွာ၊ ကပ်လျက်ပါ၏။

http://www.dhammadownload.com



- ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်ကား၊ ကိုးကွယ်မရ၊ ဆိတ်သုဉ်းလှ ခဲ့။ ဒမြတပ်သား၊ နောက်ဆက်ပွားသည်၊ ခြောက်ပါးအာယတန၊ သောင်းကျန်း လှ၏၊

- ဩယလေးသွယ်၊ မြစ်ပြင်ကျယ်၏၊ ဤဝဲယ်ဘက်ကျ၊ သက္ကာယကား၊ များလှဘေးဘျမ်း၊ ရန်သူပွမ်း၏။

- ရှစ်ခန်းသောမဂ်၊ ဖောင်ဖွဲ့ယှက်၍၊ ခြေ-လက် ဝီရိယ၊ ကူးခတ်မှလျှင်၊ ဘဝမှာကမ်း၊ နိဗ္ဗူနန်းသို့၊ ကူးသန်းထုတ်ချောက်၊ ဘေးလွတ်မြောက်မည်၊ ကြိုးထောက်သင့်လှပြီတကား။

## တစ်ရာနှင့် တစ်ရက်

အနှစ် တစ်ရာ၊ သက်ရှည်ကြာလည်း၊ ခေမာ အမတ၊ မမြင်ရက၊ ဘဝ ဤဇာတ်၊ ကယ်မမြတ်ဖူး၊ ဝိပဿနာ၊ အခြေပါ၍၊ လေးဖြာမဂ်စု၊ ဉာဏ်စက္ခု ဖြင့်၊ ခုဝကေန်၊ နေရဟာန်ကို၊ ဝေဖန်မြင်က၊ တစ်ရက်မျှပင်၊ ဇီဝရှည်လျှင်း၊ တည်နေခြင်းက၊ လွန်မင်းသာစွ၊ မြတ်ထွဋ်လှဟု၊ ဇိနဘုရား၊ ဟောမိန့်ကြား သည်၊ တရား ကြိုးသင့်ပြီတကား။ (နေရဟာန်-ဆိုသည်မှာ နိဗ္ဗာန်ကိုပင် ဆို ခြင်း ဖြစ်သည်။)

### အဘိဓာရာဟုလောဝါဒ

- မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေ မတ္တညု။
- ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
- ပါတိမောက္ခ၊ သံဝရ၊ သီလ လုံစေမှု။
- တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့ပြု။
- သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
- သုဘနိမိတ်၊ ခွါရှောင်ဆိတ်၊ စျာန်စိတ်ပိုင်အောင်ရှု။
- အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ပြု။

http://www.dhammadownload.com



- ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်ပြီဟု။
- ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြားနေ့နေ့မှူ။

## သမဏသုခ ၈-ပါး

- ဥစ္စာစပါး၊ သိမ်းမထား၊ ရှေ့ဖျားသမဏ မြတ်သုခ။
- အပြစ်ကင်းကွာ၊ ဆွမ်းကိုရှာ၊ ဤမှာသမဏ မြတ်သုခ။
- ဆင်ခြင်ဉာဏ်ရှေး၊ ဆွမ်းတော်အေး၊ ဘုဉ်းပေးသမဏ မြတ်သုခ။
- ပြည်ပိုင်စိုးမင်း၊ ခွန်တုပ်ညှင်း၊ လွတ်ကင်းသမဏ မြတ်သုခ။
- အဆောက်အဦ၊ ငါ့ဟာဟူ၍၊ လူနှယ်နှိုင်းစက်၊ မတပ်မက်၊
  မှတ်ချက်သမဏ မြတ်သုခ။
- ခိုးသူလုယက်၊ ဘေးနှိပ်စက်၊ လွတ်ထွက်သမဏ မြတ်သုခ။
- မှူးမတ်စိုးမင်း၊ ရောယှက်ကင်း၊ ငြိမ်းခြင်းသမဏ မြတ်သုခ။
- လေးမျက်နှာရပ် မတားအပ် လွတ်လပ်သမဏ မြတ်သုခ။

## ပရိတ်ရွတ်သူ၏အင်္ဂါ

- သဒ္ဒါ-အနက်၊ ယိုယွင်းကွက်၊ ပျက်ဘိ ပယောဂ။
- စိတ်နေယွင်းကွက်၊ လာဘ်ကိုမက်၊ ပျက်ဘိ အာသယ။
- သဒ္ဒါ-နက်ပုံ၊ နှုတ်အာဂုံ၊ ပြည့်စုံ ပယောဂ။
- လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံ အာသယ။
- ပရိတ်ရွတ်သူ၊ အင်္ဂါဟူ၊ မှတ်ယူပဏ္ဍိတ။

## မြေလှူပ်ကြောင်း ၈-ပါး

ဓာတ်ချောက်ချားအင်၊ တန်ခိုးရှင်တို့၊ ဘိညာဉ်စွမ်းအား၊ ဈာန်ကစားနှင့်၊ မြတ်ဖျားစိန္တေ၊ ပရမေတို့၊ သန္ဓေယူခါ၊ ဖွားရာတလစ်၊ ဘုရားဖြစ်တည့်၊ မိန့်လှစ်

http://www.dhammadownload.com



ဓမ္မစက်၊ တစ်ချက်အာယု၊ စွန့်လွှတ်မှုက၊ အနုပါဒီ၊ နိဗ္ဗာန်မှီ၊ ရှစ်လီ မြေကြီး လှုပ်ကြောင်းတည်း။

## ချမ်းသာကြောင်းတရား

- အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဇ္ဈိမ။
- မမြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။
- သုခနှစ်ပါး၊ ညဏ်ပိုင်းခြား၊ ပွားများ အဖွဲ့တွ။
- မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။
- မလျှင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွ။
- အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါးအရဏ။

## အောင်ခြင်းရှစ်ပါး

♣ ဗောဓိညောင်နန်း အောင်ခန်းရိပ်သာ
တစ်ထောင်လက်ရုံး စက်ဘုန်းလျှံဖြာ၊
မာရ်နတ်မင်းနှင့် သင်းပင်းဗိုလ်ပါ
ဒို့ဘုရား တရားတော်ဖြင့်သာ
အခေါင်နင်း အောင်ခြင်း လက်ဦးစွာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

♣ အာဠဝက ယက္ခယုတ်မာ
ညဥ့်သုံးယံလုံး အုံးအုံးကြွက်ညာ၊
လက်နက်မိုးဖြင့် ထစ်ကြိုးတိုက်လာ
ခန္တီထုံး ကျင့်သုံး ဒို့မြတ်စွာ
အခေါင်နင်း အောင်ခြင်း ဒုတိယာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

http://www.dhammadownload.com



♣ နာဠာဂိရိ မည်ရှိထင်စွာ
တောမီးမိုးကြိုး စက်မျိုးပမာ၊
ကြမ်းခက်ရုန့်ရင်း မုန်ဆင်းဆင်သတ္တာ
မေတ္တာမိုး ဖွေဖြိုး ဒို့မြတ်စွာ
အခေါင်နင်း အောင်ခြင်း တတိယာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

♣ လက်ညှိုးစုံပန်း ဆင်မြန်းလျက်သာ
အင်္ဂုလိမာလ စောရ လူစွာ၊
သတ်မည်ကောဟု လျှင်ဆောလိုက်လာ
တန်ခိုးစွမ်း ဖန်ဆန်း ဒို့မြတ်စွာ
အခေါင်နင်း အောင်ခြင်း စတုတ္ထာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

♣ ကိုယ်ဝန်စွဲပိုက် ဝမ်းတိုက်တူစွာ
သစ်သားကိုလုပ် မိယုတ်စိဉ္စာ၊
ပရိသတ်ထဲ စွပ်စွဲလေရာ
သာယာညှင်း မိန့်လျှင်း ဒို့မြတ်စွာ
အခေါင်နင်း အောင်ခြင်း ပဥ္စမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

♣ အမှန်ပယ်ရှား အမှားကိုသာ
ဝါဒမှန်ကင်း ထောင်လွှင်းစိုက်ကာ၊
လူပရိဗိုဇ် အမိုက်သစ္စကာ
ပညာမီး ညှိသီး ဒို့မြတ်စွာ
အခေါင်နင်း အောင်ခြင်း ဆဋ္ဌမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

http://www.dhammadownload.com



♣ မဟာနန္ဒော မာန်ပြောထူစွာ
နဂါးရန်ကြီး ဖျက်ဆီးစိမ့်ငှါ၊
ဝဲရံထေရ်အား မခြားချိန်ခါ
လှူထိပ်မိုး တန်ခိုးညွှန်ပြကာ
အခေါင်နှင်း အောင်ခြင်း သတ္တမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

♣ အယူဖောက်လွဲ မြွေခဲလက်မှာ
တန်ခိုးရှိန်အား ကြီးမားထင်စွာ၊
ဗြဟ္မာဗက ဗာလယုတ်မာ
ဉာဏ်တော်ဆေး တိုက်ကျွေး ဒို့မြတ်စွာ
အခေါင်နှင်း အောင်ခြင်း အဋ္ဌမာ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ။

(မင်းကွန်း အာဒိစ္စရံသကာထေရ်-ဟူသော ကလောင်နာမည်ဖြင့် ရေးသားခဲ့သည့် ရှစ်လုံးဖွဲ့ကဗျာ ဖြစ်ပါသည်။)

## အကျဉ်းချုပ် မေတ္တာပွား

အမျိုးသမီးများကို တွေ့လျှင်—

-ငါ့မိခင်ဟောင်း၊ ညီမဟောင်း၊ အပေါင်းကိုယ်စိတ် ချမ်းသာစေ။

-ဥပဒ် ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ- ဟု မေတ္တာပွားရ၍ အမျိုးသားများကို တွေ့လျှင်—

-ငါ့ဖခင်ဟောင်း၊ နောင်ညီဟောင်း၊ အပေါင်းကိုယ်စိတ် ချမ်းသာစေ။

-ဥပဒ် ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ- ဟု မေတ္တာပွားရမည်၊ ကလေးငယ်များကို တွေ့လျှင်—

http://www.dhammadownload.com



**-ငါ့သားသမီးဟောင်း၊ မြေးမြစ်ဟောင်း၊ အပေါင်းကိုယ်စိတ်**
**ချမ်းသာစေ၊**

-ဥပဒ် ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ- ဟု မေတ္တာပွားရန် နည်းပေးတော်မူသည်။

## သံဝေဂဂါထာ

**ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ အနိစ္စာဝ သခ်တာ။**
**ဟာ ဥပ္ပန္နာ စ ဘဂ်န္တာ၊ ဟာ ဟာ သင်္ခါရဓမ္မတာ။**

သံယောဂါ - ဆရာ ဒကာ မိတ်သဟာနှင့် ဆွေညာရင်းနှီး သားသမီးက ဇနီးမောင်နှံ ဆက်ဆံတူကွ ပေါင်းဆုံရခြင်းဟူသမျှတို့သည်၊ ဝိယော-ဂန္တာ - ဒေသဝေးခြား ရပ်တပါးသို့ ပြောင်းသွားကွေကွင်းရခြြင်း, ဘဝခြားကာ ကွဲကွာကွေကွင်းရခြင်းတည်းဟူသော သေကွဲ ရှင်ကွဲ ဤနှစ်ကွဲလျှင် မလွဲနိုင်ဘိ အဆုံးရှိကုန်ရကား၊ ဟာ - သောက ပရိဒေဝ စရှိ ထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင် - ကြောက်လန့်ဖွယ်တို့ပါပေ။ သခ်တာ - ကံ စိတ်ဥဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သမျှ သခ်တ တရားအစုတို့သည်၊ အနိစ္စာဝ - အစိုင်အခဲ အမြဲမတည် အခွန့်မရှည်ကြ ကုန်သည် ဖြစ်၍သာလျှင်၊ ဟာ - သောက ပရိဒေဝ စရှိ ထွေထွေ ဒုက္ခ ပေါင်း ပင်လယ်ဝေ ဟင် - ကြောက်လန့်ဖွယ်တို့ပါပေ။ ဥပ္ပန္နာ စ - ဥပါဒ် မကင်း ဖြစ်ပေါ်ခြင်းရှိကြသည့် မြင်သမျှအလုံးစုံ သင်္ခါရအဖုံဖုံတို့သည် လည်း၊ ဘဂ်န္တာ - ပြိုခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းလျှင် မငြင်းနိုင် ဘိ အဆုံးရှိကုန်ရကား၊ ဟာ - သောက ပရိဒေဝ စရှိ ထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင် - ကြောက်လန့်ဖွယ်တို့ပါပေ။ သင်္ခါရဓမ္မတာ - ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်း အရာ သဘောတံထွာ ဓမ္မတာလမ်းရိုးကြီးသည်၊ ဟာ ဟာ - ဒုက္ခသမုတ်

http://www.dhammadownload.com



ဝဲဇလုပ်ဝယ် နစ်မြုပ်စေတတ် အကြောင်းရင်းကေန် အခြေခံမှန်လတ် သဖြင့် ဆတ်ဆတ်ပုံသေ ဟင်ဟင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ပေတကား။

## အရှုံးသမား

မြတ်စွာဘုရား၊ ဟောဖော်ကြားသည့်၊ တရားတော်လျှဉ်၊ ဒေသနာစဉ် ဟူ၊ ဘောဇဉ် မြိုက်ခဲ၊ ဓမ္မပွဲလျှင်၊ လက်ထဲပုံသေ၊ ဆိုက်ရောက်နေလျက်၊ ရှောင်သွေနှလုံး၊ ကိုယ်မသုံးသော်၊ အရှုံး ကိုယ့်ပြင် ရှိချမ့်လော။

## ဝိပဿနာဓမ္မလင်္ကာ

ဤကိုယ် ကာယ၊ တစ်လံမျှ၌၊ နှစ်ဝ နာမ် ရုပ်၊ ဖြစ်၍ ချုပ်၏၊ နာမ် ရုပ် တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ-အနတ္တာ၊ မှန်လှစွာ၏၊ ငါ ငါ့ဥစ္စာ၊ ငါ့ လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။

ဆရာတော်ဘုရားကြီး၏လက်ရာ ဓမ္မဂါထာလင်္ကာများထဲမှ အနည်း ငယ်မျှသာ ဖြစ်ပါသည်၊ ဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့သော ဂါထာလင်္ကာ ရတုကဗျာများမှာ အလွန်များသဖြင့် ဤနေရာတွင် ပြည့် စုံအောင် မဖော်ပြနိုင်ပါ၊ ငယ်ရွယ်စဉ် ၁၄-နှစ်သားမှစ၍ ရေးသားခဲ့သမျှ ဓမ္မဂီတိ အမျိုးမျိုးကို စုပေါင်းကာ "တိပိဋကဓရကာဗျမာလာ" ဟူသော စာအုပ်တစ်အုပ် သီးသန့်ထုတ်ဝေထားပြီး ဖြစ်ပါသည်၊ ဤနေရာ၌ကား ဆရာတော်ကြီးလက်ရာကို သိသာရုံ အမြွက်မျှ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်၊ မြတ်ဗုဒ္ဓဒေသနာတော်များကို ဒကာ-ဒကာမများ၏ နားထဲ နှလုံးသားထဲ ရောက်အောင် နည်းမျိုးစုံဖြင့် ကြံဆောင်ထည့်သွင်းပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် ပထမတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏



သက်တော်ရာပြည့် ဓမ္မဗိမာန်တော်ကြီး (တိပိဋက ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



ကျောင်းရာဌာပွတ် ဘဝဇာတ်ကို ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန ပွဲတော်၌ တပည့်အများတို့ နောက်ဆုံးရွတ်ဆို ပူဇော်ပွားများခဲ့ကြသော ကိသာဂေါတမီ မျက်ရည်သိမ်းလင်္ကာဖြင့် နိဂုံးချုပ်လိုက်ပါပြီတည်း။

## ကိသာဂေါတမီ မျက်ရည်သိမ်းလင်္ကာ

ရုပ်-နာမ် နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤ သင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ်မြို့ ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သင်းသီးသန့်ထား၊ တကန့်သား၍၊ ဖြစ်ပွားလေ့သာ၊ မဟုတ်ပါဘူး၊ ပြဟ္မာ လူ နတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ် စ-လျှင်၊ ဋီသို့ ဝင်၍၊ ဘင်္ဂက္ခဏ၊ မရဏ ဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်၊

အရိုး အနိစ္စပါတကား၊

အရိုး ဒုက္ခပါတကား၊

အရိုး အနတ္တပါတကား။

(အရိုး-ဆိုသည်မှာ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းလှသော သင်္ခါရ တရားတို့၏ သဘောမမှန်တာကို တွေ့မြင်သိရှိလိုက်ရ၍ ထွက်ပေါ်လာသော စကား ဖြစ်ပါသည်။)

မဟာတိပိဋကော ထေရော၊ ဝိစိတ္တော စိတ္တကထိကော။
ဇောတယိတွာန သဒ္ဓမ္မံ၊ နိဗ္ဗာယိ သော နိရာလယော-တိ။

http://www.dhammadownload.com

http://www.dhammadownload.com

# နောက်ဆက်တွဲ

## ကျေးဇူးရှင်များ

မင်းကွန်းဆရာတော်ဘုရားကြီး၏ ဘဝတစ်သက်တာတွင် ကျေးဇူးကြီးမားသည့် ကျေးဇူးရှင်များ အများအပြားရှိခဲ့ရာ ထိုအထဲမှ ထင်ရှားသော ကျေးဇူးရှင်အချို့မှာ—

## ခမည်းတော် ဦးဆုံ

ကျည်းပင်ရွာ ရွာသူကြီး ဖြစ်သည်၊ ဆရာတော်လောင်းလျာ ၄-နှစ်သားအရွယ် ၁၂၇၇-ခုနှစ်တွင် ကွယ်လွန်သည်၊ သူကြီးပီပီ ရပ်ရွာငြိမ်ဝပ်ပိပြားရေး ကိစ္စများကို မိုက်မိုက်ကန်းကန်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သဖြင့် မကျေနပ်သော ဒမြအဖွဲ့က လုပ်ကြံသတ်ဖြတ်လိုက်ခြင်း ဖြစ်သည်၊ ကွယ်လွန်ချိန်တွင် အသက် ၃၀-ကျော်သာ ရှိသေးသည်ဟု ဆိုသည်၊ ခုနှစ်သက္ကရာဇ် အတိအကျ မသိရချေ။

## မယ်တော် ဒေါ်ဆင်

ဆရာတော် တိပိဋကဓရ ဖြစ်ပြီး, သင်္ဂါယနာတင်ပြီး မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုနေချိန် ၁၃၂၃-ခုနှစ် နတ်တော်လဆန်း ၁၁-ရက်နေ့တွင် ကွယ်လွန်သည်၊ ကွယ်လွန်ချိန်တွင် အသက် ၇၄-နှစ်ရှိပြီဟု ဆိုသဖြင့် ၁၂၄၉-ခုဖွား ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်၊ တိပိဋကဓရဆရာတော်၏ မယ်တော်ကြီးအဖြစ်ဖြင့် တင့်တင့်တယ်တယ် နေသွားရသည်၊ ဆရာတော်၏ အဆိုအရ မယ်တော်ကြီးသည် အင်မတန် လောဘနည်းသူ, အလွန်အေးဆေးတည်ငြိမ်သူ, ဆေးလိပ်လိပ်ရာ၌ အင်မတန်ထူးချွန်သူ ပါရမီရှင်ဖြစ်ကြောင်း သိရသည်။

http://www.dhammadownload.com



## အဖိုး ဆရာကြီးဦးချယ်

ဆရာတော့်အား ငယ်စဉ်မှစ၍ ပြုစုစောင့်ရှောက်ကာ အခြေခံစာ စသင်ပေးခဲ့သူ၊ ကျောင်းသွား-ကျောင်းပြန် ပခုံးနှင့်ထမ်း၍ အကြို-အပို့ လုပ်ပေးခဲ့သူ မြန်မာဆေးဆရာကြီး ဖြစ်သည်၊ သျှောင်ထုံးနှင့်ဖြစ်၍ နှုတ်ခမ်းမွေး မပါ၊ ခေါင်းပေါင်းလည်း ပေါင်းလေ့မရှိ၊ ဆေးကုရာတွင် အဖိုးသားနား မယူ၊ မေတ္တာစေတနာဖြင့်သာ ကုပေးသည်၊ ကုရ်ရလောက်သူကိုမှလည်း ဆေးကုသည်၊ "ဆီးသော် ဝါ-ချုပ်၊ အစာယုတ်၍၊ ငုတ်တုတ် မထိုင်၊ ခါးဆိုင် ရင်စပ်၊ အောင့်၍ ကြပ်မူ၊ ထိုသူကေန်၊ သေလိမ့်မှန်၏" ဟူသော လင်္ကာဖြင့် ဆေးကု၍မရနိုင်လောက်သော လူနာ၏ လက္ခဏာကို စစ်ဆေးကြည့်လေ့ရှိသည်။

တစ်ခါသော် - တရုပ်မန်ကျည်းစုရပ်မှ လူနာလာပင့်၍ လိုက်သွားရာ လမ်းတွင် ဓာတ်ပျက်၍ လူနာကို ကြည့်ရှုစစ်ဆေးကုသပေးပြီးသော် "လူနာ စိတ်ချရပြီ၊ ငါ့မှာသာ စိုးရိမ်စရာရှိလို့ ငါ့ကို ငါ့ညီအိမ် ပို့"ဟု ဆိုသဖြင့် ထိုရွာရှိ ဆရာချယ်၏ညီ ဦးနောက်အိမ်သို့ ပို့ပေးကြရာ ထိုအိမ်မှာပင် ဓာတ်ပျက် ဝမ်းပျက်သော ရောဂါဖြင့် ဆုံးပါးကွယ်လွန်ခဲ့သည်၊ ဖွားသက္ကရာဇ်၊ ကွယ်လွန်သက္ကရာဇ် အတိအကျ မသိရချေ။

## ဆရာတော် ဦးသာသန

ဆရာတော်၏ ငယ်ဆရာ ကျည်းပင်ကျောင်းဆရာတော် ဖြစ်သည်၊ "နမော ဗုဒ္ဓါယ သိဒ္ဓမ်"မှ စ၍ သင်ပေးသော ငယ်ဆရာဖြစ်၍ 'ကန့်ကူ လက်လှည့်ဆရာ' ဟု ဆရာတော်က အမြတ်တနိုး ကင်ပွန်းတပ်တော်မူသည်၊ ၁၂၃၄-ခုနှစ်တွင် ဖွားမြင်ပြီး သက်တော် ၈၀-ကျော် ၉၀-အတွင်းတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

http://www.dhammadownload.com

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဗိမာန်တော်



http://www.dhammadownload.com

http://www.dhammadownload.com



## ဆရာတော် ဦးသောဘိတ

မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်းဆရာတော် ဖြစ်သည်၊ ဆရာတော်လောင်းလျာသည် ထိုဆရာတော့်ထံတွင် အသက် ၇-နှစ်သားမှစ၍ ရောက်ရှိခိုလှုံ ပညာသင်ကြားခဲ့သည်၊ ရှင်သာမဏေဘဝ ဥပဇ္ဈာယ်ဆရာ ဖြစ်ပြီး "ရှင်ဝိစိတ္တသာရ" ဟူသော ဘွဲ့တော်ကို ဤဆရာတော်က ပေးခဲ့ခြင်း ဖြစ်သည်။

## ဆရာတော် ဦးပညာစက္က

မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ကြီးကို စတင်တည်ထောင်သွားသူ အာရာမသမုဋ္ဌာပက, တိပိဋကဓရဆရာတော်လောင်းလျာကို နည်းမျိုးစုံဖြင့် စောင့်ရှောက်ချီးမြှောက်သွားသည့် ဥပဇ္ဈာယ်ဆရာတော် ဖြစ်သည်၊ မြင်းခြံမြို့ သပြေပင်ရပ်၌ ၁၂၇၇-ခုနှစ် (သီပေါမင်း ပါတော်မူသည့်နှစ်) တွင် ဖွားမြင်ပြီး ၁၂၉၉-ခုနှစ် တော်သလင်းလဆုတ် ၉-ရက်နေ့တွင် ပျံလွန်တော်မူသည်၊ ဓာတ်ခြောက်ပါး သိမ်းဆည်းပုံ, နေတ္တိလက်ာ စသောကျမ်းများကို ပြုစုသွားသည့်ပြင် ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၄၀-ကို အခေါက်ပေါင်း ၄၀-ကျော် ရွတ်ဖတ်ပူဇော်သွားခဲ့သည့် ထူးထူးခြားခြား ဆရာတော်တစ်ပါး ဖြစ်သည်။

## ဆရာကြီး ဒေါ်ဓမ္မစာရီ

ဆရာတော် ဓမ္မနာဒကျောင်းတိုက်ရောက်ရှိချိန်မှစ၍ မွေးစားမိခင်ပမာ အစစအရာရာ ပြုစုစောင့်ရှောက်ခဲ့သူ, နည်းလမ်းညွှန်ပြပေးခဲ့သူ ဖြစ်သည်၊ မန္တလေးမြို့၌ ၁၂၄၀-ပြည့်နှစ်တွင် ဖွားမြင်သည် (အဘိဓဇမစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် အသက်တူ)၊ ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသော်လည်း တရားဓမ္မနှင့် ပျော်မွေ့သဖြင့် ငယ်စဉ်

http://www.dhammadownload.com



၁၆-နှစ်သမီးကပင် သီလရှင်ဝတ်ကာ ကောမာရဗြဟ္မစာရိနီ အကျင့်ဖြင့် နေထိုင်သွားသည့် အမျိုးသမီးအာဇာနည် ဖြစ်သည်၊ ပညာရှိဆရာသမားတို့ထံ၌ ပညာသင်ကြားခွင့် ရရှိခဲ့သဖြင့် ပိဋကတ်ကျမ်းဂန်၏တို့ကို ကြည့်ရှုချောက်ချားနိုင်သည့် အမျိုးသမီးလူရည်ချွန်လည်း ဖြစ်သည်၊ မင်းကွန်းဂူကလေးချောင်၌ သီတင်းသုံးနေထိုင်ပြီး ဓမ္မနာဒတိုက်ကို ကျောင်းရာမြေမှစ၍ စတည်ပြုစုခဲ့သူလည်း ဖြစ်သည်၊ ပါဠိဘာသာဖြင့် ပြောနိုင်-ရေးနိုင်ရုံမက သစ္စဝါဒီဋီကာကိုပင် ပြုစုနိုင်ခဲ့သူ ဖြစ်သည်၊ ၁၃၃၃-ခုနှစ် ဝါခေါင်လဆုတ် ၆-ရက်နေ့ (အသက် ၉၃-နှစ်အရွယ်) တွင် ကွယ်လွန်သည်။

## သူဌေးကြီး ဆာဦးသွင်

ဆရာတော်၏ရဟန်းဒါယကာကြီး ဖြစ်သည်၊ ၁၂၄၀-ခု နတ်တော်လဆုတ် ၅-ရက်နေ့တွင် မော်လမြိုင်မြို့၌ ဖွားမြင်သည်၊ သာသနာရေး, ဘာသာရေး, ပညာရေး, ဝံသာနု စသည့် လုပ်ငန်းမျိုးစုံကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး သစ္စာ-သမာဓိနှင့် အထူးပြည့်စုံခြင်း, အဂတိလေးပါးမလိုက်စားခြင်း စသည်တို့ကြောင့် အင်္ဂလိပ်အစိုးရက ဆာ-ဘွဲ့ဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့ကောင်စီ, တိပိဋကရေရွေးချယ်ရေးအဖွဲ့, ဆဋ္ဌသင်္ဂါယနာ ဖြစ်မြောက်ရေးအဖွဲ့ စသည်တို့၌ ပါဝင်ဆောင်ရွက်ခဲ့သည်၊ ၁၉၅၀-ပြည့်နှစ် လွတ်လပ်ရေး ဒုတိယနှစ်ပတ်လည်နေ့တွင် "သတိုးသီရိသုဓမ္မ"ဘွဲ့ကို ရရှိခဲ့ပြီး ၁၃၂၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဆာဦးသွင်သည် အလှူအတန်း ရက်ရောသူ ဖြစ်၍ 'သဒ္ဓါဓိက' ဟု ထင်ရှားခဲ့သည်၊ (ထိုစဉ်က ဆာဦးသွင်ကို 'သဒ္ဓါဓိက' ဟုလည်းကောင်း,

http://www.dhammadownload.com



နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိန်းမောင်ကို 'ပညာမိက'ဟုလည်းကောင်း သတ်မှတ်ခဲ့ကြသည်၊ ဆာဦးသွင်သည် မိမိထံသို့ ဧည့်သည်လာလျှင် လက်ဆောင်ပစ္စည်းတစ်ခုခု ပေးလိုက်လေ့ရှိသည်၊ ဦးသိန်းမောင်ကမူ ဧည့်သည်လာလျှင် ဆုံးမစကား ပြောလွှတ်လိုက်လေ့ရှိသည်၊ ထိုဧည့်သည်များ နောက်တစ်ကြိမ် လာသည့်အခါ ဆာဦးသွင်ထံသွားလျှင် လက်ဆောင်ပစ္စည်းတစ်ခုခု ယူသွားလေ့ရှိပြီး ဦးသိန်းမောင်ထံသွားလျှင်ကား လက်ချည်းသက်သက် သွားလေ့ရှိကြောင်း ဆိုကြသည်၊ လောကကြီးသည် ဓမ္မပဋိသန္ထာရထက် အာမိသပဋိသန္ထာရကို ပိုမိုဦးစားပေးတတ်ကြောင်း, နေရာတိုင်းတွင် အသွား-အပြန် အတုံ့-အလှည့် ရှိတတ်ကြောင်း သိသာသည့်အချက်ပေတည်း။)

မိဘများမှာ ဦးဖန်နှင့် ဒေါ်ယဉ် ဖြစ်သဖြင့် ဆာဦးသွင်သည် မိဘများကို အမှတ်တရ ကျေးဇူးဆပ်သောအားဖြင့် 'ဖလ်ယဉ်ဓမ္မာရုံ'ဟူသော ဓမ္မာရုံတော်ကြီးကို မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဆောက်လုပ်လှူဒါန်းခဲ့ရာ ထိုဓမ္မာရုံတော်ကြီး၌ပင် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်ပေါင်းမှားစွာ ကျင်းပပြုလုပ်ခဲ့သည်။

## တိုက်အုပ်ဆရာတော် ဦးဥတ္တမသာဘိဝံသ

ဆရာတော် တိပိဋကဓရဖြစ်အောင်, ဆဋ္ဌသင်္ဂါယနာ မဟာဗုဒ္ဓဝင် တရားပေါ သာသနာပြုကိစ္စများ အစစအရာရာ အဆင်ပြေအောင်မြင်အောင် နောက်ပိုင်းမှနေ၍ တိုက်တာကိစ္စအပါအဝင် အောက်ခြေသိမ်းကိစ္စများကို လူမသိ သူမသိ လုပ်ကိုင်ဆောင်ရွက် ပါရမီဖြည့်ပေးခဲ့သည့် ဓမ္မနာဒတိုက် တိုက်အုပ်ဆရာတော် ဖြစ်သည်၊ ပဲခူးတိုင်း ရွှေတောင်မြို့နယ် ဒန်ပူစားရွာ၌ ၁၂၇၈-ခုနှစ် ကဆုန်လဆန်း ၆-ရက်နေ့တွင် ဖွားမြင်ပြီး ရဟန်းဖြစ်စ ၁၂၉၈-ခုနှစ်မှစ၍ မင်းကွန်းဓမ္မနာဒကျောင်းတိုက်သို့

http://www.dhammadownload.com



ရောက်ရှိခဲ့သည်၊ "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ, ပရိယတ္တိသာသန ဟိတ (သကျသီဟ) ဓမ္မာစရိယ" ဘွဲ့များကို ဓမ္မနာဒကျောင်းတိုက်မှပင် အောင်မြင်ခဲ့သည်။

ကိုယ်ကျင့်သီလ ပြည့်စုံမှု, စိတ်သဘောထား ပြည့်ဝဖြူစင်မှု, သည်းခံနိုင်မှု, စာပေကျွမ်းဂန် နှံ့စပ်ကျွမ်းကျင်မှု, မာနမထား မထောင်လွှားဘဲ ရိုးရိုးကုတ်ကုတ် နေတတ်မှု, ဝီရိယရှိမှု, ကဗျာလင်္ကာ ရေးစပ်သီကုံးနိုင်မှု စသည်တို့၌ ဆရာတော့်ကို အမှီလိုက်နိုင်သူဟု သတ်မှတ်ကြရသည်၊ ဆရာတော်၏ ညာလက်ရုံးတစ်ဆူ အားကိုးအားထားပြုရသူ တိုက်အုပ်ဆရာတော်သည် ၁၃၄၅-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရသည်၊ ပျံလွန်ချိန်တွင် သက်တော် ၆၇-နှစ်သာ ရှိသေးသည်။

## တိပိဋကကျေးဇူးရှင်များ (စာထောက်)

၁။ ဦးဥက္ကံသ (သိရိဓဇဆရာတော်)
၂။ ဦးကုန္ဒောဘာသ (ကျောင်းမြှောင်းဆရာတော်)
၃။ ဦးကုန္ဒာစာရ (ဟသ်ာတ မြို့ကွင်းဆရာတော်)
၄။ ဦးကောဏ္ဍည (တောင်ရင်း ရွှေဘုံသာဆရာတော်)
၅။ ဒေါ်ကုန္ဒစာရီ (ဖွားဖွားလေး)
၆။ ဒေါ်ကုန္ဒာသိရိ (ဒေါ်ကြီး)။

၎င်းတို့အနက် တောင်ရင်းရွှေဘုံသာဆရာတော် ဦးကောဏ္ဍညမှာ ဆရာတော်နှင့်အတူ တစ်ကျောင်းတည်းနေသဖြင့် ညတာဝန်ယူရသည်၊ လျှပ်စစ်မီး မရှိသေးသောကာလ ဖြစ်သဖြင့် ဖယောင်းတိုင်, မှန်အိမ်မီးခွက်ဖြင့် စာကြည့်ပေးရသည်၊ မျက်ခွက်ကို မီးရောင်မစူးစေရန် ဂျပ်စက္ကူ

http://www.dhammadownload.com



ကိုက်ပြီး အကော့လေး ပြုလုပ်ကာ ကြေးနန်းကြိုးဖြင့် မှန်အိမ်လည်ပင်း ဆွဲပြီး စာကြည့်ရသည်၊ အခြားပုဂ္ဂိုလ်များ အလှည့်ကျ တစ်နာရီစီ အချိန်ပိုင်းထားသော်လည်း ဦးကောဏ္ဍညကိုကား အချိန်မပိုင်းပေ၊ ဆရာတော်သည် ခန္ဓာမပင်ပန်း မနွမ်းနယ်သမျှ ည သန်းခေါင်ကျော်အထိ စာပြန်သည့်အခါ ပြန်သည်၊ ခန္ဓာပင်ပန်းနွမ်းနယ်လျှင် ည ၁၀-နာရီ၊ ၁၁-နာရီအထိ ပြန်သည်၊ ဘုန်းကြီးဦးကောဏ္ဍညလည်း ဆရာတော် စာပြန်သမျှ ကြည့်ပေးသည်၊ ဆရာတော် စာကျက်-စာပြန်ဟန်ကို ဦးကောဏ္ဍညက ဤသို့ အကျဉ်းချုပ် မှတ်တမ်းတင်ခဲ့လေသည်—

- ♣ တိပိဋကဓရ၊ လမ်းမဂ္ဂ၊ ထွင်ရ မြတ်ဆရာ။
- ♣ တောကြီးရှုပ်ရှုပ်၊ အတင်းခုတ်၊ ထွင်လုပ်တော့သည်သာ။
- ♣ ပုဒ်နေ ပုဒ်ထား၊ ဝါကျများ၊ ရှင်းသွား မြတ်ဆရာ။

## အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး

ထိုပုဂ္ဂိုလ်များနည်းတူ တိပိဋကကျေးဇူးရှင်အဖြစ် မှတ်တမ်းတင်ရမည့်သူမှာ **မင်းကွန်း အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိန္ဒမ** ဖြစ်သည်၊ ဆရာတော် တိပိဋကပြန်ဆိုခဲ့သည့် ၄-နှစ်တာကာလပတ်လုံး မဂ္ဂင်ဆရာတော်ကြီးသည် ရန်ကုန်အထိ လိုက်ပါစောင့်ရှောက်ပေးတော်မူသည်၊ စာချတန်း အားထုတ်နေဆဲဖြစ်သူ တောင်ရင်းဆရာတော် ဦးကောဏ္ဍညအားလည်း “မင်းလဲ စာမေးပွဲ နားထားအုံး၊ ငါလဲ သူ တိပိဋကဓရ မဖြစ်မချင်း လိုက်စောင့်ရှောက်မယ်” ဟု အမိန့်ရှိကာ တကယ်လည်း စောင့်ရှောက်တော်မူခဲ့လေသည်။

တိပိဋကဓရဆရာတော်ကလည်း လျှုဖွယ်ပစ္စည်း ထူးထူးဆန်းဆန်းကလေးများ ရတိုင်း ရတိုင်း မိမိကို သားတပည့်အရင်းတစ်ယောက်ပမာ

http://www.dhammadownload.com



စောင့်ရှောက်ပေးတော်မူခဲ့သော မဂ္ဂင်ဆရာတော်ဘုရားကြီးအား ဦးဦးဖျားဖျား ထပ်ဆင့်လျှုဒါန်းလေ့ရှိသည်၊ မဂ္ဂင်ဆရာတော်ကြီး၏မိန့်စကားကိုလည်း အမြဲတမ်း ဦးထိပ်ထားလေ့ရှိသည်၊ တစ်ခါသော်- မိုးမိတ်ကုန်းမြေ တိ-နိ ကျောင်းတိုက် သာသနသောဘိဏီသိမ်သမုတ်ပွဲဝယ် သံဃာ့ပရိသတ်အလယ်၌ မင်းကွန်း ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ကြီးနှင့် မဂ္ဂင်ဆရာတော်ကြီးတို့ သိမ်နှင့်ပတ်သက်၍ အငြင်းပွားနေကြသည်တွင် တိပိဋကဓရ ဆရာတော်ဘုရားက လက်အုပ်ချီပြီး "တပည့်တော်တော့ ခြသေ့်ကြီးနှစ်စီးကြား ရောက်နေတဲ့ ယုန်သူငယ်လေး ဖြစ်နေပါပြီဘုရား" ဟု ရယ်မောလျှောက်ထားခဲ့လေသည်။

မဂ္ဂင်ဆရာတော်ဘုရားကြီးသည် ဆရာတော့်ကို တိပိဋကဓရ ဖြစ်အောင် စောင့်ရှောက်ခဲ့ရုံမက ဆရာတော်၏ သာသနာပြုလုပ်ငန်းများ၌လည်း ကုသိုလ်ပါဝင်ခဲ့ရာ ဆရာတော် တည်ထောင်သည့် မိုးမိတ် တိ-နိ ကျောင်းတိုက်ကြီးတွင် အရိယမဂ္ဂင်ကျောင်းဆောင်, မုခ်ဦးပြာသာဒ်များ, စောင်းတန်းများ (မဂ္ဂင်မုခ်ဦး နိဗ္ဗာန်ကူး, မဂ္ဂင်စောင်းတန်း နိဗ္ဗာန်လမ်း), နာယကတံတား, ကျောက်စာတော်, စက်တော်ရာစေတီ (ထပ်မံပြုပြင်), ထာဝရပဒေသာပင်များ စသည်တို့အတွက် လှူဒါန်းခဲ့သလို မင်းကွန်းတိုက်နယ်ဆေးရုံ ဆေးလှူပွဲ, စာသင်ကျောင်းအလှူပွဲ စသည်တို့၌လည်း ကုသိုလ်ပါဝင်အားဖြည့် လှူဒါန်းတော်မူခဲ့သည်၊ ကုသိုလ်ကောင်းမှုများကို ရေစက်ချပေးရာတွင် "ငရဲသနင်း ယမမင်းအားလည်း အမျှပေးဝေပါကုန်၏" ဟု ဆိုပေးပြီးနောက် ရေစက်ချမှုကို ခေတ္တ ရပ်ကာ "သူ့လဲ လုပ်ထားအုံးမှကွ၊ မတော်တဆ ငရဲရောက်သွားရင် ဒါမှ သက်သာမှာ" ဟု ဟာသနှော၍ အမှန်သဘောကို မိန့်ကြားပြီးမှ ရေစက်ချကို ဆက်ဆိုပေးတတ်သည်။

http://www.dhammadownload.com



မဂ္ဂင်ဆရာတော်ဘုရားကြီးကို မကွေးတိုင်း မြိုင်မြို့နယ် ရွှေလင်းဆွဲ ခေါင်းကွဲရွာ၌ ၁၂၅၂-ခုနှစ် ဝါဆိုလဆန်း ၃-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပြီး ၁၂၇၈-ခုနှစ်မှစ၍ မင်းကွန်းတောင်ရိုးသို့ ကြွရောက်သီတင်းသုံးတော်မူခဲ့သည်၊ ဆဋ္ဌသင်္ဂါယနာသဘင်ကြီးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ပြီး ၁၃၁၈-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် ရရှိခဲ့သည်၊ ၁၃၄၇-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁-ရက် (သက်တော် ၉၆-နှစ်တွင်း ဝင်ခါစ) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## ရစနာ ၅-ဂါထာ

ဆရာတော် ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုပုံ ကောင်းလွန်းလှသဖြင့် စာထောက်ဆရာ ပါဠိပါရဂူ ဦးအောင်မိုး ရုတ်တရက် ရေးစပ်သီကုံး၍ ချီးကျူးခဲ့သော ရစနာဂါထာများ—

လဒ္ဓါ ဝဏ္ဏိသကာ ယတ္ထ၊ ရတနာပုဥ္ဇနာမကော။
သာသနမဏ္ဍပေ သဋ္ဌ-သုန္ဒ သုဒ္ဓံ ပဝါယတိ။

သာသနေ ပါကဋော ပဥ္စ၊ ပုဗ္ဗေ သင်္ဂီတိယော သုတာ။
တာယဋ္ဌ မေ ပဒီသန္တိ၊ အဟော ဝိစိတ္တဂါယနာ။

ကဒါ တေ ပစိတံ ပုညံ၊ ယော တွံ သက္ကောသိ ဂါယိတုံ။
သိဒံ သောဒိတံ ကတွာ၊ သီဃံ သ သဒ္ဒ သာဓိကံ။

ယထာ ပဥ္စသိခေါ ဝီဏံ၊ ဂီတသဒ္ဒေန ဂါယတိ။
ဧဝံ ဝိစိတ္တသာရာဘိ-ဝံသော ဝိနယပိဋကံ။

ယထာပိ ဇလ'မာကာသ-ဂင်္ဂါယ ပရိသန္ဒတိ။
ဧဝံ ဝိတ္ထာရတော တန္တိ၊ မုခတော ကဝိနန္ဒနံ။

http://www.dhammadownload.com



♣ မှတ်တမ်းများ၌ တွေ့ရသည့်အတိုင်း ဖော်ပြလိုက်ပါသည်၊ အချို့ ပုဒ်များ၌ ဘာဆိုလိုမှန်း မသိလောက်အောင် ဖြစ်နေသည်ကို တွေ့ကြရ ပါလိမ့်မည်၊ ရှေးပညာရှင်များ ပြန်ဆိုခဲ့သည့် မြန်မာပြန် အကျဉ်းမှာ—

၁။ မန္တလေး ရတနာပုံနေပြည်တော်တလွှား၌ ထင်ရှားကြေညာ ပရိယတ္တိ သကျသီဟ စာမေးပွဲသဘာ၌ ဝင်္ဂသကာ ဦးဆောက်ပန်းဖြင့် အနံ့တကြိုင်ကြိုင် သင်းပျံ့၍ လှိုင်တော်မူခဲ့သော ဆရာတော်ဘုရားပါ တကား။

၂။ ရှေးလွန်လေခါ သာသနာ၌ သင်္ဂါယနာ ၅-ကြိမ် ထင်ရှား ချိန်ကို ဉာဏ်ချိန်တွေးဆ ကြားရုံသာ ကြားခဲ့ရပြီး ဒိဋ္ဌယနေ့မူ ကိုယ်တွေ့ မျက်မြင် ဖြစ်ရပါပြီ၊ အရှင်ဝိစိတ္တထေရ်၏ ရွတ်ဆိုပုံကား အံ့ဩဘွယ်ရာ ကောင်းပါပေစွတကား။

၃။ ဘယ်ရှေးပုည ကံထောက်မ၍ နှုတ်ရအာဂုံ ပြန်ဆိုနိုင်ပုံကို ကြည်ယုံသဒ္ဓါ ရွတ်နိုင်ပါဟု ခါခါနှုတ်ဟ ချီးမွမ်းရသော ဆရာတော်မြတ် ပါတကား။

၄။ ပဥ္စသိခ စောင်းသံကြွသကဲ့သို့ နှုတ်ဟတွတ်တွတ် အလွတ် ဆောင်ပြီး ဝိနည်းပိဋကတ် ကျမ်းဂန်မြတ်ကို တတ်အပ်သေချာ ရွတ်နိုင် ပါသော ဆရာတော်ဘုရားပါတကား။

၅။ အာကာသဂင်္ဂါ မြစ်သမုဒ္ဒရာသို့ ဝဲယာစီးဝင် ရေလျဉ်မခြား အကျယ်အားဖြင့် နှုတ်ဖျားရွှရွ ရွတ်ဆိုပြနိုင်သော ထေရ်ဆရာတော်မြတ် ဘုရားပါတကား။ (ရေတံခွန်ခေါ်တွင် ကောင်းကင်မြစ်ကြီး သွင်သွင်စီး သကဲ့သို့ အရှင်ဝိစိတ္တသာရနှုတ်တော်မှ ပညာရှိတို့ နှစ်သက်လောက်ဖွယ် ပါဠိတော်အစဉ်အတန်း ရေပန်းရေအလျဉ်တို့ တသွင်သွင် တဖြောဖြော ဒလဟော စီးဆင်း၍ နေပါပေသည် တကား။)

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ


http://www.dhammadownload.com


http://www.dhammadownload.com




# ဆရာတော်ဘုရားကြီးဇာတာတော်

မွေးရက် ▸ မြန်မာ ၁၂၇၃ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊
ခရစ် ၁၉၁၁ခု ၊ နိုဝင်ဘာလ ၁ ရက်၊ မြန်မာစံတော်ချိန် ၁၅နာရီ ၊၂၀မိနစ် မွေးဖွားသည်။
φ = 21° 28′ N/S λ = 95° 24′ E/W ချိန် 88နစ် 24 တွက်ပါ။




| ဂြိုဟ် | ၁နွေ | ၂ကြာ | ၃ဂိ | ၄ဗုး | ၅တေး | ၆ကြာ | ၀နေ | ရာဟု | ကိတ် | လဂ် | ကမ္ဘ | အသာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီ | ၆ | ၁၀ | ၁ | ၆ | ၆ | ၅ | ၀ | ၀ | ၆ | ၁၁ | ၈ | ရာဟု |
| အံသာ | ၁၅ | ၈ | ၁၆ | ၂၀ | ၂၈ | ၁ | ၂၁ | ၇ | ၇ | ၄ | ၅ | ၁၅<br>၀ |
| လိတ္တာ | ၁၈ | ၅၁ | ၅၆ | ၃၈ | ၅၁ | ၂၆ | ၅၄ | ၄၈ | ၄၈ | ၉ | ၇ | ၁၈ |
| ဝိလိတ္တာ | ၃၆ | ၆ | ၄၆ | ၅၇ | ၄၆ | ၄၁ | ၅၈ | ၂၉ | ၂၉ | ၂၉ | ၂၉ | ၂ |

| ဘာဝ | တနု | ကုဋုမ္ဗ | သဟဇ | ဗန္ဓု | ပုတ္တ | အရိ | ပတ္တိနီ | မရဏ | သုဘ | ကမ္မ | လာဘ | ဗျာယ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီ | ၁၁ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| အံသာ | ၄ | ၄ | ၄ | ၅ | ၄ | ၄ | ၄ | ၄ | ၄ | ၅ | ၄ | ၄ |
| လိတ္တာ | ၉ | ၂၈ | ၄၈ | ၇ | ၄၈ | ၂၈ | ၉ | ၂၈ | ၄၈ | ၇ | ၄၈ | ၂၈ |
| ဝိလိတ္တာ | ၂၉ | ၄၉ | ၉ | ၂၉ | ၉ | ၄၉ | ၂၉ | ၄၉ | ၉ | ၂၉ | ၉ | ၄၉ |

| သန္ဓိ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီ | ၁၁ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| အံသာ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ |
| လိတ္တာ | ၁၉ | ၃၈ | ၅၇ | ၅၇ | ၃၈ | ၁၉ | ၁၉ | ၃၈ | ၅၇ | ၅၇ | ၃၈ | ၁၉ |
| ဝိလိတ္တာ | ၉ | ၂၉ | ၄၉ | ၄၉ | ၂၉ | ၉ | ၉ | ၂၉ | ၄၉ | ၄၉ | ၂၉ | ၉ |

(ဇောတိသဝေဒမဂ္ဂဇင်းမှ)

http://www.dhammadownload.com



## အံ့ဖွယ် ဝေဒပညာ

ဆရာတော်ဘုရားကြီးသည် ကမ္ဘာကျော်ကြား ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးဖြစ်၍ ဆရာတော်ကြီး၏ ရှေးဖြစ်-နှောင်းဖြစ်တို့ကို ဝေဒပညာရှင်များကလည်း တတ်စွမ်းသမျှ ဝေဒပညာဖြင့် ပူဇော်ဟောကြားခဲ့ကြသည်၊ ထိုအထဲမှ လက္ခဏာပညာရှင် ဂျူပီတာချမ်းမင်းသည် ဆရာတော်ကြီး၏ လက်ဝါးပြင်နှစ်ဖက်ရှိ လက္ခဏာတော်များကို သေချာစွာ စစ်ဆေးကြည့်ရှုကာ အတိတ်ဖြစ်ရပ်များကို ဟောဆိုပြီးနောက် "သက်တော် ၈၀-နှင့် ၈၂-နှစ်ကြားဝယ် ကျန်းမာရေးကျဆင်းပြီး ဘဝနတ်ထံ စံလွန်တော်မူရန် အကြောင်းရှိကြောင်း" ဟောခဲ့သည်၊ ထိုသို့ ဟောချိန်တွင် ဆရာတော်ကြီး၏ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည် ကောင်းမွန်နေပြီး တက္ကသိုလ်ကြီးများ တည်ထောင်ရန် တစ်နိုင်ငံလုံးသို့ လှည့်လည်တရားဟောနေချိန်ဖြစ်ရာ ထိုဆရာ၏ ဟောပြောချက်ကို မည်သူမှ ယုံကြည်ဟန် မပြကြ။

သို့ရာတွင် ထိုဆရာ ဟောသည့်အတိုင်း သက်တော် ၈၁-နှစ် ပြည့်ခါနီးတွင် ကျန်းမာရေး ရုတ်တရက် ကျဆင်းလာပြီး ၈၁-နှစ် ၃-လတွင် ဘဝနတ်ထံ စံလွန်တော်မူသွားခဲ့ရာ ဝေဒပညာ၏ အံ့ဖွယ်ကောင်းပုံကို တွေ့မြင်သိရှိကြရလေသည်။

ဂျူပီတာချမ်းမင်းသည် သူတွေ့မြင်သည့်အတိုင်း ဟောပြီးနောက် "မိမိခန့်မှန်းဟောကြားခဲ့သည့် သက်တော်ထက် ပိုရှည်စေရန် သာသနာစောင့် လောကစောင့် နတ်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း" ထပ်လောင်း၍ ဆန္ဒပြုခဲ့သည်၊ နတ်များ ကူညီကြမည်ကို သံသယဖြစ်ဖွယ် မရှိသော်လည်း ဆရာတော်ကြီးကား သူဟောသည့်နှစ်အပိုင်းအခြားအတွင်းမှာပင် ဘဝနတ်ထံ စံလွန်တော်မူခဲ့လေသည်။

http://www.dhammadownload.com



## စိတ်ဓာတ်အင်အား

သာသနာစောင့် ကမ္ဘာစောင့်နတ်များက ကူညီစောင့်ရှောက်ပေးကြပါလျက် ဘဝနတ်ထံ စံလွန်တော်မူရရာ၌ ဆရာတော်ကြီးကိုယ်တော်တိုင် စိတ်လျှော့လိုက်ခြင်းသည် အဓိကအကြောင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်၊ လူနာကို ဆေးကုသရာ၌ ထိုလူနာ၏ စိတ်အားတင်းထားမှု-စိတ်လျှော့ချလိုက်မှုသည် များစွာအဆုံးအဖြတ်ပေးသည်၊ စိတ်တင်းထားလျှင် ကိုယ့်ဘက် တစ်ဝက်လောက် ပါသည်-ဟု ဆရာဝန်များက ဆိုကြသည်၊ အလွန်မှန်သည့် အဆိုပင် ဖြစ်ပေသည်၊ ထို့ကြောင့် ဆရာတော်ကြီးအား ဆေးကုပေးနေစဉ် တစ်လျှောက်လုံးဝယ် ဆရာဝန်ကြီးများသည် "ဆရာတော်ကြီး စိတ်တင်းထားတော်မူပါဘုရား"ဟူသောစကားကို အကြိမ်ကြိမ် လျှောက်ထားခဲ့ကြသည်၊ သို့ရာတွင် ဆရာတော်ကြီးကား စိတ်မတင်းဘဲ လုံးဝ လျှော့ချလိုက်ဟန် တူသည်။

ထိုသို့ စိတ်လျှော့ချလိုက်ခြင်းမှာ အဓိကအားဖြင့် မိမိ၏သာသနာပြုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ သာသနာတော်အပေါ် တာဝန်ကျေပြီဟု ယူဆသောကြောင့် ဖြစ်နိုင်သည်၊ 'မိမိဘဝတစ်သက်တာဝယ် ဘယ်သောအခါမှ ကြုံတွေ့ရလိမ့်မည် မဟုတ်'ဟု ထင်မှတ်ထားခဲ့သော စိတ်မချမ်းမြေ့ဖွယ် ကိစ္စအချို့နှင့် ကြုံတွေ့ရခြင်းလည်း အကြောင်းတစ်ရပ်အနေဖြင့် ပါလိမ့်မည်ဟု ခန့်မှန်းရပေသည်။

♣ **စိတ်မချမ်းမြေ့ဖွယ် ကိစ္စအချို့** ဆိုသည်မှာ- မိမိ၏သာသနာပြုဖော်ဆရာဝန်ကြီး ဦးသာလှနှင့် ပတ်သက်၍ မကောင်းသတင်းများ ထွက်ပေါ်ခြင်း၊ ပဋ္ဌာန်းကျွန်းနပွဲကြီး ပေါ်ပေါက်လာခြင်း၊ ထိုပွဲ၌ အစိုးရက ပညာရှိဆရာတော်များကို ဖမ်းဆီးထိန်းသိမ်းပြီး နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်ခြင်း၊ မိမိ၏ မေတ္တာရပ်ခံချက်ကို အစိုးရက ဥပေက္ခာပြုထားခြင်း-စသည်တို့ ဖြစ်သည်။

http://www.dhammadownload.com



## ဘဝနတ်ထံ စံလွန်တော်မူပြီးနောက်

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူပြီးနောက် သီတင်းသုံးတော်မူခဲ့ရာ တိုက်တာနှင့် အဓိက သာသနာပြုလုပ်ငန်းကြီးများ၏ အခြေအနေမှာ—

## ဓမ္မနာဒကျောင်းတိုက်

သီတင်းသုံးခဲ့ရာ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ကြီးကို တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက တတိယမြောက် ဆရာတော်အဖြစ် ဆက်ခံသည်၊ အင်အားချင်း ကွာခြားလှသော်လည်း အတတ်နိုင်ဆုံး ကြိုးစားထိန်းသိမ်းသဖြင့် စာသံပေသံ တိတ်ဆိတ်ယိမ်းယိုင်သွားသည်အထိ ဖြစ်မသွားခဲ့ပေ၊ နောက်ပိုင်း မြင်းခြံတိပိဋကဓရဆရာတော်အား လွှဲအပ်လိုက်ပြီးသည့် နောက်တွင်ကား ကျောင်းတိုက်အခြေအနေမှာ ပြန်လည်တိုးတက်လာသည်၊ သာမဏေကျော်ကလေးများကို ပြုစုပျိုးထောင်ပေးပြီး အဆင့်မြင့် စာသင်တိုက်ကြီးတစ်တိုက် ဖြစ်လာအောင် မြင်းခြံဆရာတော်က အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်။

## တိပိဋကနိကာယကျောင်းတိုက်

တိပိဋကလောင်းလျာများ သီတင်းသုံး နေထိုင်ရာ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးမှာ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ၂-နှစ်ခန့် အနည်းငယ် ခြောက်ကပ်ကပ် ဖြစ်သွားသည်၊ ဆရာတော်ကြီးလည်း မရှိတော့, တိပိဋကဓရလည်း မပေါ်ထွက်သေးသဖြင့် ဒကာ-ဒကာမများမှာ အတော် အားလျော့သွားကြဟန် ရှိသည်၊ ၁၃၅၆-ခုနှစ် ရေစကြိုဆရာတော် တိပိဋကဓရအောင်မြင်ချိန်ကျမှ စိုစိုပြေပြေ ပြန်ဖြစ်လာသည်၊ ယခုအချိန်တွင်ကား ကျောင်းတိုက်ကြီးမှ တိပိဋကဓရ

http://www.dhammadownload.com



၇-ပါးအထိ အောင်မြင်လာခဲ့ပြီ ဖြစ်၍ အရည်အချင်းအနေဖြင့် များစွာ တိုးတက်လာသလို အရေအတွက်လည်း ပိုမိုများပြားလာသည်၊ ကျောင်း အဆောက်အဦးများ တိုးပွားလာသလို လှူဒါန်းသည့် ဒကာ-ဒကာမများ လည်း အလွန်များပြား၍ စည်ကားလာရာ အနာဂတ်တိပိဋကသာသနာ တော်အတွက် အားတက်ဖွယ်ရာပင် ဖြစ်ပေသည်။

## နိုင်ငံတော်ပရိယတ္တိသာသနဓဇတက္ကသိုလ်ကြီးများ

နိုင်ငံတော် ပရိယတ္တိသာသနဓဇတက္ကသိုလ်ကြီးများကို တည်ဆောက် ပေးပြီးနောက် ဆရာတော်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီအမံဖြင့် ပြည်တွင်း-ပြည်ပ သာသနာပြုအရှင်မြတ် အများအပြားကို မွေးထုတ်ပေးနေပြီ ဖြစ်သည်၊ မွေးထုတ်ပေးချက်အရ သာသနတက္ကသီလ ဓမ္မာစရိယ-နှင့် မဟာဓမ္မာစရိယ-ဘွဲ့ရ အရှင်မြတ် အများအပြားတို့ ပေါ် ထွက်လာ၍ ပြည်တွင်း-ပြည်ပ နေရာအနှံ့အပြား၌ သာသနာပြုနေကြပြီ ဖြစ်သည်၊ နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများနှင့် ဒကာ-ဒကာမများက ဆွမ်းကွမ်းကိစ္စ အဆင်ပြေအောင် တာဝန်ယူ လှူဒါန်းပေးနေကြသည်၊ ဆရာတော်ကြီး စိုက်ထူပေးထားခဲ့သည့် ပဒေသာပင်များလည်း အများ အပြား ရှိသည်။

## အမှတ်တရ ပူဇော်မှုများ

### မွေးနေ့နှင့် နှစ်ပတ်လည်

နှစ်စဉ် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့ ရောက်တိုင်း မွေးနေ့တော်ပူဇော်ပွဲကို မင်းကွန်း ဓမ္မနာဒကျောင်းတိုက်နှင့် ရန်ကုန်မြို့ တိပိဋကကျောင်းတော်တို့၌ ကျင်းပပူဇော်ကြသည်၊ တပို့တွဲလပြည့်ကျော်

http://www.dhammadownload.com



၃-ရက်နေ့ ရောက်တိုင်းလည်း ပျံလွန်တော်မူသည့် နှစ်ပတ်လည် ပူဇော်ပွဲကို ဓမ္မနာဒကျောင်းတိုက်၌ ကျင်းပပူဇော်ကြသည်၊ "**ကြာလည်း မမေ့၊ ရှာလည်း မတွေ့၊ ငါလည်း တစ်နေ့**" ဟူသော ကဗျာတိုကလေးအတိုင်း နှစ်ပရိစ္ဆေဒ ကြာညောင်းသော်လည်း ဂုဏ်တော်-ကျေးဇူးတော်များကို မမေ့သောအားဖြင့်လည်းကောင်း, ငါတို့လည်း တစ်နေ့နေ့ တစ်ချိန်ချိန် ဒီလမ်းကို လိုက်ကြရမှာဘဲ-ဟူသော မရဏာနုဿတိဘာဝနာတရားကို ပွားသောအားဖြင့်လည်းကောင်း ကျင်းပပူဇော်ကြခြင်း ဖြစ်ပေသည်။

## အထိမ်းအမှတ်ဗိမာန်တော်

မင်းကွန်း ပုထိုးတော်ကြီးနှင့် ခေါင်းလောင်းကြီး အကြား၌ ထူးခြားဆန်းကြယ်သော ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားသည်၊ အန္တိမဈာပန ပူဇာပွဲကြီးအတွက် ဒကာ-ဒကာမများ လှူဒါန်းထားသော ဝတ္ထုငွေများထဲမှ ပိုလျှံသောငွေများဖြင့် နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားတို့၏ စုပေါင်းကောင်းမှုအဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်၊ တ မ ခ (၃၃) မှ တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွတ် (ယခု-သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်) က ဦးစီးတည်ဆောက်ခဲ့သည်၊ ဗိမာန်တော်အတွင်း၌ ခန့်ညားသော မတ်ရပ်ကြေးသားရုပ်တုတော်ကြီးနှင့် ပုံတော်မျိုးစုံကို ပူဇော်ထားရှိသည်။

## မင်းကွန်းတိပိဋကဓရ လွမ်းစေတီ

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး အထွေထွေကို လွမ်းဆွတ် သတိရသောအားဖြင့် မန္တလေး တိ-နိ အဖွဲ့ဥက္ကဋ္ဌ ကျောင်းအမကြီး သုဓမ္မသိင်္ဂီ ဒေါ်ရွှေညွန့်က ဦးဆောင်ကာ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်အတွင်း၌ တည်ထားခဲ့သည်၊ ဆရာတော်ကြီး၏ ပျံလွန်တော်မူချိန်

http://www.dhammadownload.com



သက်တော် ၈၂-နှစ်ကို ရည်မှန်း၍ အမြင့် ၈၂-ပေ ထားရှိသည်၊ အတွင်းဘက်၌ လိုဏ်ပါရှိပြီး ဆရာတော်ကြီး၏ အကြောင်းအရာ ပန်းချီပုံတော်များ ပူဇော်ထားရှိသည်၊ နိုင်ငံတော်တလွှား၌ တွေ့ရခဲသော ဆန်းဆန်းကြယ်ကြယ် စေတီပုံစံတစ်မျိုး ဖြစ်သည်။

## ထေရုပ္ပတ္တိပြတိုက်

တိပိဋကနိကာယကျောင်းတိုက်အတွင်း တိပိဋကဓရလွှမ်းစေတီ၏ အနောက်ဖက်၌ ကျောင်းအမကြီး ဒေါ်ရွှေညွှန့်ကပင် ဦးစီးတည်ဆောက်ထားသည်၊ ပြတိုက်အတွင်း၌ ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်များကို နာမည်ကျော် ပန်းချီဆရာများက ပုံတူပန်းချီကားကြီးများ ရေးဆွဲပူဇော်ထားကြသည်မှာ လွန်စွာ အသက်ဝင်လှသည်။

## ဗုဒ္ဓဝင်ပြခန်း

ဓမ္မနာဒကျောင်းတိုက်အတွင်းမှ ဆရာတော်ကြီး ခန္ဓာဝန်ချသွားရာ ကျောင်းတော်သည် မဟာဗုဒ္ဓဝင်ကျောင်းတော် ဖြစ်သည်၊ (မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုရာကျောင်းတော် ဖြစ်၍ မဟာဗုဒ္ဓဝင်ကျောင်း ခေါ်သည်၊) ထိုခန္ဓာဝန်ချသွားရာ နေရာ၌ ဆရာတော်ကြီး စာကြည့်နေဟန် ရုပ်တုတော်နှင့် ဆင်စွယ်ယပ်ဝန်းတော် အပါအဝင် ဘွဲ့တံဆိပ်တော်အမျိုးမျိုး, ဘွဲ့လက်မှတ် နှင့် သာသနာ့အောင်လံတော် အမျိုးမျိုး, အသုံးအဆောင်ပစ္စည်းအမျိုးမျိုး, ဓာတ်ပုံအမျိုးမျိုးကို ပြခန်းလုပ်၍ တခမ်းတနား ပြသထားသည်၊ အိပ်ရာခုတင်ပေါ်၌ စာကြည့်နေဟန် ဆရာတော်ကြီးရုပ်တုတော်သည် အသက်ဝင်လှသဖြင့် ရုတ်တရက် ကြည့်လိုက်သည့်အခါ ဆရာတော်ကြီးကိုယ်တိုင်ပင် သီတင်းသုံးနေလေသလားဟု ထင်မှားကြရသည်။

http://www.dhammadownload.com



## ရွှေရတု ငွေရတု ပူဇော်ပွဲ

ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် ၁၃၁၅-ခုနှစ်က "တိပိဋက ဓရ" ဘွဲ့ ရရှိတော်မူခဲ့ရာ ၁၃၆၅-ခုနှစ်တွင် နှစ် ၅၀-ပြည့်မြောက်ခဲ့သည်၊ ၁၃၄၀-ခုနှစ် ဝါဆိုဦးက ဆရာတော်ကြီး တည်ထောင်ခဲ့သော မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်ကြီးကား ၁၃၆၅-ခုနှစ်တွင် ၂၅-နှစ်ပြည့် မြောက်ခဲ့သည်၊ ထို့ကြောင့် ရွှေရတု ငွေရတု ပူဇော်ပွဲကြီးကို မိုးမိတ်ကုန်း မြေ တိပိဋကနိကာယကျောင်းတိုက်၌ ၁၃၆၅-ခုနှစ် ဝါဆိုလဆန်း ၃-ရက်မှ ၈-ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြသည်၊ ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာ စေတီတော်တို့အား ရွှေထီးတော်အသစ်များ တင်လှူပူဇော်ခြင်း, တိ-နိ ကျောင်းတိုက်အတွင်း၌ ရွှေရတု ငွေရတု သုံးထပ်ကျောင်းဆောင်တော် ဆောက်လုပ်လှူဒါန်းခြင်း, ရန်ကုန်မြို့ တိပိဋကကျောင်းတော်အတွင်း၌ တိပိဋက တိုးချဲ့ ၆-ထပ်ကျောင်းဆောင်တော်ကြီး ဆောက်လုပ်လှူဒါန်း ခြင်း, ရွှေရတု ငွေရတု အထိမ်းအမှတ်စာအုပ် ထုတ်ဝေခြင်း လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

## ထေရုပ္ပတ္တိဇာတ်လမ်းများ

ကမ္ဘာကျော်ကြား၍ ထူးခြားလှသည့် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး၏ ဂုဏ်တော်များကို ဂီတအနုပညာရှင်များကလည်း တတ်နိုင် သလောက် ပုံဖော်လိုသဖြင့် ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိဇာတ်လမ်းများ ရိုက်ကူးပူဇော်ခဲ့ကြသည်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ရုပ်ရှင် ဒါရိုက်တာ အကယ်ဒမီ ဦးကြည်စိုးထွန်းက ပထမအကြိမ် ရိုက်ကူးခဲ့ပြီး ရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင် ကြည်သာ (ပွဲကြိုက်ခင်) က ဒုတိယ

http://www.dhammadownload.com



အကြိမ် ရိုက်ကူးခဲ့သည်၊ ဆရာတော်ကြီးကိုယ်တိုင်၏ လှုပ်ရှားမှုပုံရိပ်များ, သရုပ်ဆောင်များ၏ သရုပ်ဆောင်ကွက်များ, အကျိုး-အကြောင်း ပြောပြသူများ၏ ပြောပြချက်များဖြင့် ဖြစ်နိုင်သမျှ ကြိုးစား၍ ရိုက်ကူးတင်ဆက်ခဲ့ကြသည်၊ ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်ကို အကုန်အစင် မတင်ပြနိုင်သော်ငြားလည်း မိမိတို့၏ အနုပညာစွမ်းအားဖြင့် အတော်အတန် ပီပြင်အောင်ကား တင်ပြမှတ်တမ်းရေးထိုး ပူဇော်နိုင်ခဲ့ကြသည်။

## သက်တော်တစ်ရာ ပြည့်ချိန်ခါ

၁၃၇၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့တွင် ဆရာတော်ကြီး၏ သက်တော်တစ်ရာ ပြည့်တော့မည်ဖြစ်၍ ရာပြည့်ပူဇော်ပွဲကြီးကို တခမ်းတနား ကျင်းပပူဇော်ကြရန် တပည့်အများ စိတ်အားထက်သန်စွာ စီမံစိုင်းပြင်းနေကြသည်၊ သီတင်းသုံးခဲ့ရာ တိပိဋကဓမ္မနာဒကျောင်းတိုက်အတွင်း၌ ခမ်းနားကြီးကျယ်လှသည့် "ရာပြည့်ဓမ္မဗိမာန်တော်ကြီး" ကို လွန်ခဲ့သော တစ်နှစ်ခန့်ကပင် ကြိုတင်၍ဆောက်လုပ်ခဲ့ကြရာ ယခုအခါ ပြီးစီးလုနေပြီ ဖြစ်သည်၊ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များနှင့်လည်းကောင်း, ရာပြည့်ပွဲတော်ကြီးနှင့်လည်းကောင်း အလွန်လိုက်ဖက်သော ဓမ္မဗိမာန်တော်ကြီး ဖြစ်သည်။

ထို့ပြင် မိုးမိတ်စေတီတော်ကြီး နှင့် တိပိဋကဓရ လွမ်းစေတီတို့အား ရွှေသင်္ကန်းတော်များ ဆက်ကပ်ခြင်း, ရာပြည့်စာစောင် ဘဝဖြစ်တော်စဉ် သာသနာပြုလုပ်ငန်း ကျမ်းစာအုပ်များနှင့် ရာပြည့်ပြက္ခဒိန်တို့ကို အမှတ်တရ ထုတ်ဝေပူဇော်ခြင်းများ ဆောင်ရွက်ကြသည်၊ နိုင်ငံကျော်ဂီတစာဆို ဘိုကလေးတင့်အောင် အမှူးပြုသော ဂီတပညာရှင်များကလည်း မိမိတို့ တတ်စွမ်းသော ဂီတပညာဖြင့် ဆရာတော်ဘုရားကြီး၏ တစ်ဘဝဇာတ်အဋ္ဌုပ္ပတ်ကို သီချင်းများရေးစပ်၍ ပုံဖော်ကာ ပူဇော်ခဲ့ကြလေသည်။

http://www.dhammadownload.com




## သာသနာတပည့် တိပိဋကဓရ အရှင်မြတ်များ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများစွာအနက် တိပိဋကဓရအရှင်မြတ်များ အများအပြား ပေါ်ထွက်လာရေးလုပ်ငန်းမှာ အဓိကလုပ်ငန်းကြီးတစ်ခု ဖြစ်ပေသည်။

သာသနာ့နယ်ပယ်, လောကီနယ်ပယ် နယ်ပယ်အသီးသီး၌ ရေရှည်မျှော်ကြည့်တတ်သူ "ဒီဃဒဿီ"ပုဂ္ဂိုလ်ကြီးများသည် မိမိတို့၏ တာဝန်များကို လက်ဆင့်ကမ်း ပခုံးပြောင်း ထမ်းဆောင်ကြမည့် မျိုးဆက်သစ်များကို မရအရ ကြိုးစားရှာဖွေ၍ မွေးထုတ်ပေးထားခဲ့လေ့ရှိကြရာ 'ဒီဃဒဿီ'ပုဂ္ဂိုလ်မြတ်တစ်ဆူ ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးသည်လည်း မိမိ၏ သာသနာ့တာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်နိုင်ရန် မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်, ရန်ကုန် တိပိဋကကျောင်းတော်, ချောက်မြို့ ဝွေးချို တိပိဋကနိကာယကျောင်းတိုက်ခွဲ, ပြင်ဦးလွင်မြို့ အနီးစခမ်း တိပိဋကနိကာယကျောင်းတိုက်ခွဲများ တည်ထောင်ပြီး အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ဖြည့်ဆည်းကာ တိပိဋကဓရအရှင်မြတ်များကို ကြိုးစားပမ်းစား မွေးထုတ်ပေးတော်မူသွားသည်။

သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး၏ ကြောင်းရာဌ္ဌပွတ် ဘဝဇာတ်ကို ရေးသားပူဇော်ပြီးသည့်နောက်ဝယ် ဆရာတော်ဘုရားကြီး၏ တိပိဋကနိကာယ သာသနာ့ဉယျာဉ်တော်ကြီးအတွင်းမှ ငွါးငွါးစွင့်စွင့် ဖူးပွင့်လာခဲ့သည့် သာသနာ့ကျက်သရေဆောင် ကျောင်းတိုက်ကျက်သရေဆောင် ဂုဏ်ရောင်လျှမ်းတင့် တိပိဋကဓရ အလှပန်းပွင့်တို့ကို အဆင့်ဆင့် စီရရီထုတ်ဖော်ရွေးသီ၍ ပြလိုက်ရပါသည်။

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# တိ-နိ ကျောင်းတိုက်မှ ပထမဆုံး အောင်မြင်ခဲ့သည့် ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (နိုင်ငံတော်ဆဋ္ဌတိပိဋကဓရ)

(၁၃၁၆ - )

## ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ဖွားရာဇာတိ- | မကွေးတိုင်း ရေစကြိုမြို့နယ် ရွှေကျောင်းရွာ၊ |
| ဖွားသက္ကရာဇ်- | ၁၃၁၆-ခု တပေါင်းလပြည့်ကျော် ၈ (၁၆-၃-၁၉၅၅) ဗုဒ္ဓဟူးနေ့၊ |
| မိဘအမည်- | ဦးဘရီ+ဒေါ်အုံး၊ |
| မွေးချင်း- | ၂-ဦး (သားငယ်) |
| ရဟန်းဖြစ်ချိန်- | ၁၃၃၆-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀၊ |
| တိ-နိသို့ ရောက်ချိန်- | ၁၃၄၀-ခုနှစ်၊ |
| တိပိဋကဓရဖြစ်ချိန် သက်တော်- | ၄၀-နှစ်၊ |
| တိပိဋကစာမေးပွဲဝင် သက်တမ်း- | ၁၈-နှစ်၊ |
| အခြားဘွဲ့ထူးဂုဏ်ထူးများ- | သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာအကျော်၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဘိဓမ္မပါဠိပါရဂူ၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၏ နိကာယ်ဆိုင်ရာဘွဲ့များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ။ |

http://www.dhammadownload.com



**သာသနာပြုလုပ်ငန်းများ-** မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်၌ စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင်အဖြစ်ဖြင့် အုပ်ချုပ်၍ ၅-နှစ်တိုင်တိုင် စာပေပို့ချပေးခဲ့၊ တိပိဋက မဟာဂန္ထဝင် နိကာယ်စာသင်တိုက်, တိပိဋကသန္တာဝါသ စာသင်တိုက်များ တည်ထောင်၍ စာပေပို့ချပေး၊ တရားတော်များ ဟောကြား၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း, ဆူးလေ အဘိဓမ္မာပြန့်ပွားရေး အသင်း, ရန်ကုန်တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းစသည်တို့၏ ဩဝါဒါစရိယ။ တိပိဋကရေ ဩဝါဒါစရိယ၊

**ရေးသားပြုစု ကျမ်းစာ-** ပါရာဇိကဏ် ပါဠိအဋ္ဌကထာဋီကာ ပို့ချစဉ်ကျမ်း၊ ပါစိတ်ပါဠိအဋ္ဌကထာဋီကာ ပို့ချစဉ်ကျမ်း၊ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (ပဋ္ဌာန်းတရားတော်)၊ ရဲဝန့်ကြိုးပမ်း အောင်ဆုလှမ်း-စသော တရားစာအုပ်ငယ်များ။

**ထူးဆန်းအံ့ဩဖွယ်ရာများ-** ကိုရင်ဘဝဖြင့် ဓမ္မာစရိယအဂ္ဂမဟာအကျော်ဘွဲ့ရရှိခဲ့၊ သက်တော်အငယ်ဆုံး အဂ္ဂမဟာပဏ္ဍိတ၊ အဆိုးလောကဓံများကို ကြံ့ကြံ့ခံ သည်းခံ၊ ဖွားရာဇာတိမြေ၌ စေတီပုထိုးများ ပြုပြင်၊ ဘုန်းတော်ကြီးကျောင်း, စာသင်ကျောင်းစသည်တို့ ဆောက်လုပ်လှူဒါန်း၊ ရပ်ရွာရှိ ရှင်-ရဟန်း မပြုနိုင်သည့် ကလေးသူငယ် ၂၀၀-ကျော်တို့ကို ရှင်-ရဟန်း ပြုပေး။

http://www.dhammadownload.com




| | |
|---|---|
| **နမူနာယူစရာများ-** | အဆိုးလောကစံ ကြဲ့ကြဲ့ခံ၊ ဖွဲ့လုံ့လ ဝီရိယ ကြီးမား၊ ကိုယ့်မွေးရပ်မြေအား ကျေးဇူးပြန်ပြု။ |
| **ယခု သီတင်းသုံးရာဌာန-** | ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) တိပိဋက မဟာဂန္ထဝင် နိကာယ်စာသင်တိုက်နှင့် မန္တလေးမြို့ တိပိဋကသန္တာဝါသစာသင်တိုက်။ |

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# သတ္တမတိပိဋကဓရ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

(၁၃၂၅ - )

## ကိုယ်ရေးအကျဉ်း

ဖွားရာဇာတိ- ရောဝတီတိုင်း မော်ကျွန်းမြို့နယ် ပန်းတောစုရွာ၊

ဖွားသက္ကရာဇ်- ၁၃၂၅-ခု ပြာသိုလပြည့်ကျော် ၁၂ (၁၀-၁-၁၉၆၄) သောကြာနေ့၊

မိဘအမည်- ဦးထွန်းတင်+ဒေါ်သန်းရီ၊

မွေးချင်း- ၇-ဦး (သားဦး)

ရဟန်းဖြစ်ချိန်- ၁၃၄၅-ခု နတ်တော်လပြည့်ကျော် ၈၊

တိ-နိ သို့ ရောက်ချိန်- ၁၃၄၈-ခုနှစ်၊

တိပိဋကဓရဖြစ်ချိန် သက်တော်- ၃၆-နှစ်၊

တိပိဋကစာမေးပွဲဝင် သက်တမ်း- ၁၅-နှစ်၊

အခြားဘွဲ့ထူးဂုဏ်ထူးများ- သုဓမ္မာပရိယတ္တိဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါဋိပါရဂူ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ၊ ဒီဃနိကာယပါဠိပါရဂူ၊ အဘိဓမ္မပါဠိပါရဂူ၊ (တိပိဋကပါဠိပါရဂူ၊) နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏ နိကာယ်ဆိုင်ရာဘွဲ့များ၊ မစိုးရိမ်ဆရာတော်ကြီး, မင်းကွန်းဆရာတော်ကြီး,

http://www.dhammadownload.com



ခြောက်ထပ်ကြီးဆရာတော်ကြီးတို့၏ ထူးချွန်ဆု ၄-ဆု၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက။

**သာသနာပြုလုပ်ငန်းများ-** အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်, တောင်-ဒဂုံ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်တို့၌ စာဝါများ ပို့ချ၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် အဖြစ်ဖြင့် အုပ်ချုပ်၍ ၃-နှစ်တိုင်တိုင် စာပေပို့ချပေး၊ နိကာယ်သာသနာတော် ထွန်းကားရေး အသင်း, ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်း, မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း, ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်း, တောင်-ဒဂုံ အောင်ဗောဓိစေတီတော် စသည် တို့၏ ဩဝါဒါစရိယ၊ အခါအားလျော်စွာ တရားဟောကြား။

**ရေးသားပြုစု ကျမ်းစာ-** နည်းပြပါဠိပါရဂူ၊ ဝိနယပါဠိပါရဂူ၊ ပါရာဇိက ကဏ္ဍဋီကာသာရ၊ ပါစိတ္တိယဋီကာသာရ၊ မဟာဝဂ္ဂဋီကာသာရ၊ စူဠဝဂ္ဂဋီကာသာရ၊ ပရိဝါရဋီကာသာရ၊ ဓမ္မသင်္ဂဏီဋီကာသာရ၊ ဝိဘင်္ဂဋီကာသာရ၊ ဓာတုကထာဒိဋီကာသာရ၊ ယမက-ပဋ္ဌာနဋီကာသာရ၊ (သုတ္တန္တ) မဟာဝဂ္ဂဋီကာသာရ၊ ပါထိက ဝဂ္ဂဋီကာသာရ၊ တိပိဋကဓရပုစ္ဆာပေါင်းချုပ်များ၊ ဘဝနှင့်မှတ်တမ်းများ၊ သုတဗုဒ္ဓဝင်၊ ကမ္ဘာကျော် မင်းကွန်းထေရ်ရှင် နှင့် ပွားများထိုက်စွာ မေတ္တာဘာဝနာ-စသော တရားစာအုပ်ငယ်များ။

http://www.dhammadownload.com



**ထူးဆန်းအံ့ဩဖွယ်ရာများ-** ပါဠိပါရဂူဘွဲ့ အများဆုံး ရရှိ၊ ပိဋကသုံးပုံအနက် သုတ္တန္တ, အဘိဓမ္မ နှစ်ပုံကို ဂုဏ်ထူးဖြင့် ပြန်ဆို အောင်မြင်၊ ဖွားဇာတိမြေ၌ စေတီပုထိုး တည်၊ ဘုရားတန်ဆောင်း, စာသင်ကျောင်းများ, သင်ထောက်ကူ ပစ္စည်းများ, ကျန်းမာရေးဆေးခန်း, ချောင်းကူးတံတားများ ဆောက်လုပ်လှူဒါန်း၊ ရပ်ရွာဝန်းကျင်မှ ရှင်မပြုနိုင်သည့် ကလေးငယ် ၁၂၀-ကျော်အား ရှင်ပြုပေး၊ သက်ကြီးဘိုးဘွား များအား လှူဒါန်းပူဇော်၊ စစ်ကိုင်း-မင်းကွန်း ကားလမ်း ကတ္တရာခင်းမှု ညီနောင်တိပိဋကဓရ များနှင့် လက်တွဲဆောင်ရွက်၊ နာဂစ်မုန်တိုင်းကြီး တိုက်ခတ်စဉ်က ဒုက္ခသည်များအား ကူညီပံ့ပိုး ထောက်ပံ့၊ သမိုင်းဖြစ်ရပ်မှန် လေ့လာစုဆောင်း မှု, ဂီတအနုပညာနှင့် စစ်တုရင်ကစားမှု ဝါသနာ ပါ။ တောင်-ဒဂုံ နိကာယ်စာသင်တိုက်အတွင်း ရွှေရတု ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်လှစ်ပေး၊ ရွှေရတု ကုသိုလ်ဖြစ် ပညာဒါန စာသင်ကျောင်း ဖွင့်လှစ်။

**နမူနာယူစရာများ-** ဇွဲလုံ့လဝီရိယ ကြီးမား၊ ဗဟုသုတများအောင် ကြိုးစား၊ ပရဟိတလုပ်ငန်းများ စွမ်းနိုင်သလောက် လုပ်၊ ကိုယ့်မွေးရပ်မြေအား ကျေးဇူးပြန်ပြု။

**ယခု သီတင်းသုံးရာဌာန-** ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) ပိဋကသုံးပုံ နိကာယ်စာသင်တိုက်။

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ

http://www.dhammadownload.com



[illegible]

[illegible]

http://www.dhammadownload.com

# အဋ္ဌမတိပိဋကရေမြင်းမူဆရာတော်
# ဘဒ္ဒန္တဝံသပါလာလင်္ကာရ

(၁၃၂၇ - )

## ကိုယ်ရေးအကျဉ်း

ဖွားရာဇာတိ- စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ခွက်ခွင်းရွာ၊

ဖွားသက္ကရာဇ်- ၁၃၂၇-ခု တန်ဆောင်မုန်းလဆန်း ၁၀ (၃-၁၁-၁၉၆၅) ဗုဒ္ဓဟူးနေ့၊

မိဘအမည်- ဦးကျော်+ဒေါ်ကျင်မြိုင်၊

မွေးချင်း- ၆-ဦး (တတိယသား)

ရဟန်းဖြစ်ချိန်- ၁၃၄၆-ခု တပေါင်းလပြည့်နေ့၊

တိ-နိ သို့ ရောက်ချိန်- ၁၃၄၉-ခုနှစ်၊

တိပိဋကရေဖြစ်ချိန် သက်တော်- ၃၄-နှစ်၊

တိပိဋကစာမေးပွဲဝင် သက်တမ်း- ၁၅-နှစ်၊

အခြားဘွဲ့ထူးဂုဏ်ထူးများ- ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ သာသနဓဇ ဓမ္မာစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏ နိကာယ်ဆိုင်ရာ ဘွဲ့များ၊ ပြည်တိပိဋကရေဆရာတော်၏ ထူးချွန်ဆု၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက။

သာသနာပြုလုပ်ငန်းများ- မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက တွဲဖက်အကျိုးတော်

http://www.dhammadownload.com



ဆောင်, အကျိုးတော်ဆောင်အဖြစ်ဖြင့် အုပ်ချုပ်၍ တိပိဋကစာဝါများ ပို့ချပေး၊ ကျောင်းတိုက်နှင့် ပတ်သက်သည့် ရေစက်ချပွဲများ, တရားပွဲများ တာဝန်ယူဟောကြားပေး၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဟော၊ မန္တလေးမြို့ အရှေ့ခင်မကန်တိုက်အတွင်း၌ ရွှေရတုတိပိဋက ပဲခူးကျောင်းစာသင်တိုက်, ရန်ကုန် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ စံပြကျေးရွာ၌ တိပိဋက မိဘမေတ္တာ အောင်ရတနာကျောင်း တည်ထောင်ဖွင့်လှစ်၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း စသည်တို့၏ ဩဝါဒါစရိယ။

ထူးဆန်းအံ့ဩဖွယ်ရာများ- ကိုရင်ဘဝဖြင့် ဓမ္မာစရိယဘွဲ့ရ၊ သုတ္တန္တပိဋကကို ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်၊ မျက်စိတစ်ဖက် သိပ်မကောင်းလှဘဲ တိပိဋကရေပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့၊ ဖွားဇာတိမြေ၌ ဘုန်းတော်ကြီးကျောင်း, စာသင်ကျောင်းများ, သင်ထောက်ကူပြုပစ္စည်းများ, သီတဂူ တိပိဋက အာယုပါလ ဆေးရုံတော်ကြီး ဆောက်လုပ်လှူဒါန်း၊ ရွာလမ်းခင်းပေး၊ ရပ်ရွာ၌ လျှပ်စစ်မီး တယ်လီဖုန်းများ ရအောင် ဆောင်ရွက်ပေး၊ ရပ်ရွာဝန်းကျင်မှ ရှင်မပြုနိုင်သည့် ကလေးငယ် ၁၂၀-ကျော်အား ရှင်ပြုပေး၊ စစ်ကိုင်း-မင်းကွန်း ကားလမ်း ကတ္တရာလမ်းခင်းမှု ညီနောင်တိပိဋကရေများနှင့် လက်တွဲဆောင်ရွက်၊ ဂီတအနုပညာ ဝါသနာပါ၊ စိတ်သဘောထား နူးညံ့၍ ပြည့်ဝဖြူစင်၊ သူတပါးကို

http://www.dhammadownload.com



အပြစ်မမြင်တတ်၊ လူချစ်လူခင် ပေါများ၊ သီတင်းသုံးဖော် အချင်းချင်း ကြည်ညိုလေးစားခံရ။

**နမူနာယူစရာများ-** ရရှိသည့်အခြေအနေအတွင်းမှ အကောင်းဆုံးဖြစ်အောင် ကြိုးစား၊ စိတ်သဘောထား ပြည့်ဝဖြူစင်၊ သူတပါးကို အပြစ်မရှာတတ်၊ ပရဟိတလုပ်ငန်းများ စွမ်းနိုင်သလောက် လုပ်၊ ကိုယ့်မွေးရပ်မြေအား ကျေးဇူးပြန်ဆပ်။

**ယခု သီတင်းသုံးရာဌာန-** မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်။

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ

http://www.dhammadownload.com

http://www.dhammadownload.com

# နဝမတိပိဋကဓရမြင်းခြံဆရာတော်

# ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ

(၁၃၂၉ - )

## ကိုယ်ရေးအကျဉ်း

ဖွားရာဇာတိ- မန္တလေးတိုင်း မြင်းခြံမြို့နယ် လေးအိမ်တန်းရွာ၊

ဖွားသက္ကရာဇ်- ၁၃၂၉-ခု တပေါင်းလဆန်း ၆ (၄-၃-၁၉၆၈) တနင်္လာနေ့၊

မိဘအမည်- ဦးထင်ပေါ်+ဒေါ်ပွား၊

မွေးချင်း- ၄-ဦး (ဒုတိယသား)

ရဟန်းဖြစ်ချိန်- ၁၃၄၉-ခု ဝါဆိုလဆန်း ၈၊

တိ-နိ သို့ ရောက်ချိန်- ၁၃၅၀-ပြည့်နှစ်၊

တိပိဋကဓရဖြစ်ချိန် သက်တော်- ၃၃-နှစ်၊

တိပိဋကစာမေးပွဲဝင် သက်တမ်း- ၁၄-နှစ်၊

အခြားဘွဲ့ထူးဂုဏ်ထူးများ- ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ သာသနဓဇ ဓမ္မာစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏ နိကာယ်ဆိုင်ရာ ဘွဲ့များ၊ ပြည်တိပိဋကဓရဆရာတော်၏ ထူးချွန်ဆု၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက။

သာသနာပြုလုပ်ငန်းများ- မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက တွဲဖက်အကျိုးတော်

http://www.dhammadownload.com



ဆောင်, အကျိုးတော်ဆောင်အဖြစ်ဖြင့် အုပ်ချုပ်၍ တိပိဋကစာဝါများ ပို့ချပေး၊ ကျောင်းတိုက်နှင့် ပတ်သက်သည့် ရေစက်ချပွဲများ, တရားပွဲများ တာဝန်ယူဟောကြားပေး၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဟော၊ မင်းကွန်း တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်၌လည်း စာချပေး၊ တရားစခန်းများ ဖွင့်လှစ်ပေး၊ မန္တလေးမြို့ မဟ္တရာတိုက်အတွင်း၌ ရွှေစင်တိပိဋက စာသင်တိုက်, ရန်ကုန် မင်္ဂလာဒုံမြို့နယ်၌ မဟာအတုလဝေယံဘုံသာ တိပိဋက ရွှေပါရမီကျောင်းတိုက်များ တည်ထောင်ဖွင့်လှစ်ပေး၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း, မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း, ဂျပန်နိုင်ငံ နာဂိုယာမြို့ ဗြဟ္မဝိဟာရကျောင်း, အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် ပို့တလန်မြို့ သီရိမင်္ဂလာကျောင်း, အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဆီရယ်တယ် မြန်မာဗုဒ္ဓဘာသာအသင်းနှင့် တိပိဋကကျောင်း, တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့ ဗောဓိရိပ်သာတို့၏ ဩဝါဒါစရိယ။

**ထူးဆန်းအံ့ဩဖွယ်ရာများ-** ကိုရင်ဘဝဖြင့် ဓမ္မာစရိယဘွဲ့ရ၊ တိပိဋကစာမေးပွဲဝင် သက်တမ်းတစ်လျှောက်လုံး အကျအရှုံးမရှိခဲ့၊ မျက်စိအင်အား သိပ်မကောင်းလှဘဲ တိပိဋကစရပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့၊ ဖွားဇာတိမြေ၌ လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေး၊ စာသင်ကျောင်းများ, သင်ထောက်ကူပြုပစ္စည်းများ,

http://www.dhammadownload.com




ကျန်းမာရေးဆေးခန်းများ ဆောက်လုပ်လှူဒါန်း၊ ရွာဝန်းကျင်မှ ရှင်မပြုနိုင်သည့် ကလေးသူငယ် ၁၂၀-ကျော်အား ရှင်ပြုပေး၊ စစ်ကိုင်း-မင်းကွန်း ကားလမ်း ကတ္တရာလမ်းခင်းမှု ညီနောင်တိပိဋက ဓရများနှင့် လက်တွဲဆောင်ရွက်၊ မင်းကွန်း ဓမ္မ နာဒကျောင်းတိုက်၌ နှစ်စဉ် သင်္ကြန်တွင်း တရား စခန်းပွဲများ ကျင်းပပေး၊ ကိုယ်တိုင်လည်း တစ်ခါ တရံ ဝင်ရောက်တရားအားထုတ်၊ ကွန်ပျူတာ သင်တန်းများ ဖွင့်လှစ်ပေး၊ တိပိဋကဓရ ဆရာ တော်များ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆင်းရဲ ဒုက္ခ အမျိုးမျိုးခံကာ နိုင်ငံခြားသို့ ကြွရောက်၍ အင်္ဂလိပ်စာသင်ယူ။

**နမူနာယူစရာများ-** ရရှိသည့်အခြေအနေအတွင်းမှ အကောင်းဆုံး ဖြစ်အောင် ကြိုးစား၊ အဆိုးဘက်မှ အကောင်း ဘက်သို့ ရောက်အောင် ပြောင်းလဲယူ၊ သတ္တိရှိရှိ ပြတ်ပြတ်သားသား အလုပ်လုပ်၊ အများအတွက် အဆင်းရဲခံ၊ ပရဟိတလုပ်ငန်းများ လုပ်ဆောင်၊ မွေးရပ်မြေအား ကျေးဇူးပြန်ဆပ်။

**ယခု သီတင်းသုံးရာဌာန-** မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိ စာသင်တိုက်။

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဘဒ္ဒန္တဣန္ဒပါလ

http://www.dhammadownload.com

http://www.dhammadownload.com

# ကောဒသမတိပိဋကရေ ရမ္မာဝတီဆရာတော်
# ဘဒ္ဒန္တဉာဏ္ဍပါလ
## (၁၃၂၂ - )
## ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ဖွားရာဇာတိ- | ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မန်ကျည်းကျွန်းရွာ၊ |
| ဖွားသက္ကရာဇ်- | ၁၃၂၂-ခု ဝါဆိုလပြည့်ကျော် ၁၀ (၁၇-၇-၆၀) တနင်္ဂနွေနေ့၊ |
| မိဘအမည်- | ဦးငွေတင်အောင်+ဒေါ်ပဲစိန်၊ |
| မွေးချင်း- | ၄-ဦး (သားဦး) |
| ရဟန်းဖြစ်ချိန်- | ၁၃၄၂-ခု ကဆုန်လပြည့်ကျော် ၈၊ |
| တိ-နိ သို့ ရောက်ချိန်- | ၁၃၄၅-ခုနှစ်၊ |

တိပိဋကရေဖြစ်ချိန် သက်တော်- ၄၃-နှစ်၊

တိပိဋကစာမေးပွဲဝင် သက်တမ်း- ၂၁-နှစ်၊

| | |
|---|---|
| အခြားဘွဲ့ထူးဂုဏ်ထူးများ- | သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏ နိကာယ်ဆိုင်ရာဘွဲ့များ၊ ပြည်တိပိဋကရေဆရာတော်၏ ထူးချွန်ဆု၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက။ |
| သာသနာပြုလုပ်ငန်းများ- | မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက တွဲဖက်အကျိုးတော် |

http://www.dhammadownload.com



ဆောင်အဖြစ်ဖြင့် တိပိဋကစာသင်သားများအား စာပေပို့ချပေး၊ အနယ်နယ်အရပ်ရပ် လှည့်လည် တရားဟော၊ နိကာယ်သာသနာတော် ထွန်းကား ရေးအသင်း စသည်တို့၏ ဩဝါဒါစရိယ။


**ထူးဆန်းအံ့ဩဖွယ်ရာများ-** ကျွန်းမာရေး သိပ်မပြည့်စုံသည့်ကြားမှ တိပိဋက ပန်းတိုင်သို့ အရောက်လှမ်းတက်နိုင်ခဲ့၊ မန္တလေး မြို့၌ တိပိဋက ထိန်လင်း ပရိယတ္တိစာသင်တိုက် တည်ထောင်ဖွင့်လှစ်၊ ရမ်းဗြဲမြို့၌ ရမ္မာဝတီသဒ္ဓမ္မ ပါလစာမေးပွဲ ကျင်းပပေး၊ ကျေးရွာဆေးရုံကြီး ဆောက်လုပ်၍ ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်း ပံ့ပိုးပေး၊ အခြေခံပညာ မူလတန်း အလယ်တန်း ကျောင်းများ ဖြစ်လာအောင် ဆောင်ရွက်ပေး၊ စာသင်ဆောင်များ ဆောက်လုပ်လှူဒါန်း၊ ချောင်း ကူးတံတားများ တည်ဆောက်ပေး၊ ရန်ကုန်မြို့ ပုလဲမြို့သစ်၌ တိပိဋက ပုလဲရောင်ရှိန် စာသင် တိုက် တည်ထောင်ရန် ကြိုးပမ်းနေ။

**နမူနာယူစရာများ-** ကိုယ့်ရည်မှန်းချက် ပန်းတိုင်သို့ ရောက်အောင် ဇွဲကောင်းကောင်းဖြင့် ချီတက်၊ ဖွားရာဒေသအား ကျေးဇူးပြန်ပြု၊ အများကောင်းကျိုး တတ်နိုင် သလောက် သယ်ပိုး။

**ယခု သီတင်းသုံးရာဌာန-** မန္တလေးမြို့ တိပိဋကထိန်လင်း ပရိယတ္တိစာသင် တိုက်၊ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ ရန်ကုန် တိပိဋကကျောင်းတော်နှင့် ပုလဲမြို့သစ် တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်။

http://www.dhammadownload.com

http://www.dhammadownload.com



# တိပိဋကဓရ

# ဆရာတော် ဘဒ္ဒန္တဏ္ဏန္ဒာစရိယ

http://www.dhammadownload.com

# တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ
# ဘူတလင်ဆရာတော် ဘဒ္ဒန္တဏန္ဒာစရိယ


(၁၃၂၆ - )

## ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ဖွားရာဇာတိ- | စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မြူးတူးရွာ၊ |
| ဖွားသက္ကရာဇ်- | ၁၃၂၆-ခု နတ်တော်လပြည့်ကျော် ၈ (၂၇-၁၂-၆၄) တနင်္ဂနွေနေ့၊ |
| မိဘအမည်- | ဦးဘိုဟန်+ဒေါ်မြို့ကြည်၊ |
| ရဟန်းဖြစ်ချိန်- | ၁၃၄၆-ခု နှောင်းတန်ခူးလပြည့်ကျော် ၇-ရက်၊ |
| အခြားဘွဲ့ထူးဂုဏ်ထူးများ- | သာသနဓဇ ဓမ္မာစရိယ၊ နိကာယ်အသင်းများ၏ နိကာယ်ဆိုင်ရာဘွဲ့များ။ |
| သာသနာပြုလုပ်ငန်းများ- | တိပိဋကကောဝိဒ-ဘွဲ့တော် ရရှိနိုင်ရန် ယမိုက်-ပဋ္ဌာန်း ကျမ်းတော်ကြီးများ၏ ပါဠိ-အဋ္ဌကထာ-ဋီကာ-အရကောက် စသည်တို့ကို ကြည့်ရှု လေ့လာအားထုတ်နေ၊ တိ-နိ ဂုဏ်ထူးဆောင် မဟာနာယက။ |
| ယခု သီတင်းသုံးရာဌာန- | ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋက ကျောင်းတော်။ |

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ

# ဆရာတော် ဘဒ္ဒန္တဝိရိယာနန္ဒ

http://www.dhammadownload.com